
www.burmeseclassic.com



# လမင်းရိရိ

မြဲသောချစ်ကြိုး

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# လမင်းမိုမို

## မြဲသော ချစ်ကြိုး

စာမူခွင့်ပြုချက်အမှတ် - ၈၃၆/၂၀၀၃ (၆)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၇၃၇/၂၀၀၃ (၇)

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလ၊
ပထမအကြိမ်
တန်ဖိုး - ၃၀၀/-
အုပ်ရေ - ၅၀၀အုပ်

ထုတ်ဝေသူ . . . ဒေါ်ခင်ခင်စိန်(ချစ်မင်းလျှံစာပေ-၁၈၁၉)
အမှတ်-၄၃/က၊ မလိခလမ်း၊ ၇-မိုင်၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်း၊

ပုံနှိပ်သူ . . . ဦးကျော်လှိုင်(၅၅၇၃) စေတနာOFFSET
အမှတ်(၅၉)၊ (၁၉)လမ်း၊ ရန်ကုန်၊

BURMESE CLASSIC



**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေး ဦးတည်ချက် (၄) ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေး ဦးတည်ချက် (၄) ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com



# ၁

လမ်းမကြီးတစ်ခုရဲ့ ခြောက်ထပ်တိုက်ကြီးတစ်လုံးရှေ့မှာ ကြီးမားသော ကားကြီးနှစ်စင်းက ခေါင်းချင်းဆိုင်သဏ္ဍာန်နှင့် ရပ်လိုက်ကြပါသည်။ လမ်းရဲ့ ဟိုဘက်ထိပ်က ဝင်လာသော ကားကြီးကလည်း သူ့ယာဉ်ကျောအတိုင်း ရပ်လိုက်တာ ဖြစ်သလို လမ်းဒီဘက်ထိပ်က ဝင်လာသော ကားကြီးကတော့ ပြန်ကွေ့မနေတော့ဘဲ သူ့ယာဉ်ကျောကို သွေဖီ၍ ပစ္စည်းတွေ သယ်ချရမည့် တိုက်ရှေ့အနီးဆုံးဘက်ရောက်အောင် ထိုးဝင်ရပ်လိုက်တာ ဖြစ်ပါသည်။

"ဟဲ့ ... ဟိုဘက်က ဘာကားကြီးလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နန္ဒယ်တို့က ဒုတိယအလွှာဆိုတော့ သုံးထပ်မြောက် တိုက်ခန်းကို ဝယ်ယူကာ ဒီနေ့မှ ပြောင်းရွှေ့လာကြတာ ဖြစ်ပါသည်။ မြစိမ်းရောင်က ရှေ့ကားကြီးနား လျှောက်သွားကာ စိစဥ်ညွှန်ကြားနေသောသူကို ပြုံးပြလိုက်ရင်း ...

"အိမ်ပြောင်းလာတာ ထင်တယ်နော်"

"ဟုတ်ပါတယ် ခင်ဗျ"

"ဒါက အိမ်ရှင်လား မသိဘူး"

"မဟုတ်ဘူးခင်ဗျ ... အိမ်ရှင် မပါဘူး၊ ကျွန်တော်တို့က အိမ်ပြောင်းရွှေ့ပေးတဲ့ ကုမ္ပဏီပါ၊ အိမ်ရှင်တွေက နောက်မှ ရောက်လာပါမယ်"

"သြော် ...၊ ကျွန်မတို့လည်း သုံးလွှာကို ပြောင်းလာတာ အခုပဲ"

"ဟုတ်လား၊ သြော် ... ဟုတ်သားပဲ၊ ဟိုမှာ ပရိဘောဂတွေ တောင် ချနေကြပြီ၊ လုပ်ပါ လုပ်ပါ ... ကျွန်တော်တို့က လေးလွှာကို သယ်ပို့နေတာပါ၊ တတိယထပ်ပေါ့"

"အလုပ်သမားတွေ ရှုပ်ပြီး မှားကုန်မလား မသိဘူးနော်၊ ပြီးအောင် စောင့်နေဖို့ကလည်း ကျွန်မတို့က ဒီကားကို နောက်တစ်ခေါက် ပြန်လွှတ်သယ်ရဦးမှာ"





"သြော် ... ဟုတ်တာပေါ့၊ စောင့်နေဖို့တော့ ဘယ်ဖြစ်မလဲ၊ ဒီလိုပဲ တစ်ပြိုင်နက် သယ်တင်လိုက်ပါ၊ မှားစရာတော့ မရှိပါဘူး"

"ဒါဖြင့် ကျွန်မတို့လည်း သယ်တော့မယ်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

မြစိမ်းရောင်တို့မှာ ပါလာသော အလုပ်သမားတို့က များသောအားဖြင့် ဖေဖေ့ရုံးက အောက်ခြေဝန်ထမ်းများ ဖြစ်ပါသည်။

"ကဲ ... ကိုအောင်မြင့် ... ရှေ့ဆင့်နောက်ဆင့်သာ သယ်ပေတော့၊ ကျွန်မတို့က သုံးလွှာနော်၊ မြေညီပြီးရင် အပေါ် နှစ်ထပ်မြောက်"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

"အပေါ်မှာ ပိတုန်း ရှိနေတယ်နော်၊ အထပ်မမှားစေနဲ့"

"ဟုတ်ကဲ့ ... စိတ်ချပါ"

မနက်စောက ဘုရားစင်နှင့် ဆင်းတုများ အရင်ပင့်ဆောင်လာတာမို့ ညီမငယ် ပိတုန်းရောင်က ဘုရားစင်နေရာချ ပန်းကပ်၊ သောက်တော်ရေကပ်နှင့် အခန်းမှာ စောင့်ကျန်နေရစ်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးနေရောင် ဘက်က အမွေရသော အိမ်နှင့် ဒေါ်နုနွယ် ဘက်က အမွေရသောအိမ် အသီးသီးတို့ကို ရောင်းချပေါင်းစပ်ကာ နေရာကောင်းတစ်ခုမှာ ခြံမြေဝယ် တိုက်ဆောက်၍ အစဉ်အဆက် နိုင်ငံခြားသားကုမ္ပဏီတို့ကို အိမ်ငှားရမ်းကာ ရသည့်လခနှင့် မတောင့်မတ မကြောင့်မကြ ရပ်တည်ခဲ့ကြတာပင်။

ဤသို့ ပိုလျှံကြွယ်ဝ၍လည်း ဦးနေရောင်သည် အလုပ်ဌာနသို့ လာဘ်စားစရာမလို၊ တန်စိုးလက်ဆောင် ယူစရာမလို၊ ရိုးဖြောင့်သစ္စာရှိနိုင်ပေသည်။ စုဆောင်းခဲ့သောငွေနှင့် ဤတိုက်ခန်းကျယ်ကို ဝယ်ယူနိုင်ချိန်တွင် ဦးနေရောင်က နေထိုင်လက်စ အစိုးရအိမ်ခန်းကို ပြန်လည်၍ အပ်လိုက်ပါသည်။ သူ မနေလျှင် သူ့အစား အခြားအရာရှိတစ်ယောက်ကို နေခွင့်ပေးနိုင်၍ အကျိုးရှိသည်ဟု ယူဆကာ ဝယ်ထားသည့် ဤတိုက်ခန်းကြီးကို ပြင်ဆင်ပြီးသည်နှင့် ပြောင်းရွှေ့ခဲ့ကြတာပင်။

ဧည့်ခန်း၊ ထမင်းစားခန်း၊ ဘုရားခန်း၊ မိသားစုခန်း၊ အိပ်ခန်းသုံးခန်း၊ မီးဖို၊ ရေချိုးခန်းအိမ်သာ နှစ်စုံအပြင် အလုပ်





သမားနေရန် အခန်းငယ်ပါ အပိုပါသေးသော ဤတိုက်ခန်းကျယ်ကို တစ်မိသားစုလုံး စိတ်ကြိုက်ရွေးချယ်ခဲ့ပါသည်။

လမ်းမလည်း ကျယ်သည်။ နေရာအချက်အချာကျကာ ဈေးနီး ကားဂိတ်နီးသည်။ အနားတစ်ဝိုက်တွင် ပစ္စည်းမျိုးစုံ ရနိုင်သော ဆိုင်မျိုးစုံအပြင် ဆေးခန်းပါ နီးနီးနားနားရှိသေးသည်။ ဤသို့ စည်ကားသော်လည်း ရပ်ကွက်လည်း သန့်ပြန့်ပါသည်။ လူဗျောက်သောက် ရှုပ်ထွေးမှု မရှိ။

ဒေါ်နုနွယ်က နေရာချဖို့ ညွှန်ကြားနေသော ပိတုန်းရောင်ထံသို့ လျှောက်သွားကာ ...

"အပေါ်ထပ်ကိုလည်း အိမ်ပြောင်းနေကြတယ် သမီးရဲ့"

"ဟုတ်တယ် မေမေ၊ ပိတောင်းမှ ခုနက အိမ်ဝမှာရပ်နေရင်း အပေါ်ကို ဆက်သယ်သွားကြတာ မြင်တာနဲ့ ဒီထဲမှာ ဒီထဲမှာလို့ ခေါ်လိုက်မိသေးတာ၊ နောက်မှ တခြားအုပ်စုမှန်း သိတယ်၊ လှေကားမှာတော့ သယ်နေကြတဲ့ လူတွေကို ရှုပ်ယှက်ခတ်နေတာပဲ"

"သမီး ... အပြီးနေရာချမဲ့ နေရာတွေ ပြနော်"

"ဟုတ်ကဲ့ ... ပြတယ် မေမေ"



www.burmeseclassic.com

www.burmeseclassic.com



ထိုင်ကြည့်နေသည့် ပိတုန်းကို ကားနားကလူက ဖော်ရွေသလို လှမ်းပြုံးပြ၍ ပိတုန်းက သွက်လက်ချိုသာစွာ ...

"အစ်ကိုတို့က အပေါ်ထပ်ကို ပြောင်းလာတာလား"

"မဟုတ်ဘူး ... ကိုယ်တို့က အိမ်ရွှေ့ပြောင်းပေးတဲ့ ကုမ္ပဏီကပါ"

"သြော် ...၊ အစ်ကိုက စနစ်တကျ စီမံနေတော့ အိမ်ရှင်မှတ်လို့"

"ညီမက ခုန ဆံပင်ရှည်ရှည်နဲ့ ညီအစ်မထင်တယ်"

"ဟုတ်ကဲ့ ... ညီအစ်မပါ၊ အိမ်ရှင်တွေ မလာသေးဘူးလား"

"နောက်က ကားနဲ့ လိုက်လာလိမ့်မယ်၊ ဟင်း ... ဟင်း ... တိုက်တစ်တိုက်ထဲမှာ အိမ်တက်နှစ်ခု ပြိုင်နေတော့မှာပဲ"

"ဟုတ်တယ်နော်၊ ပိတို့က လာမဲ့တနင်္ဂနွေနေ့ အိမ်တက်လုပ်မယ်"

ကွန်တိန်နာလို ကားကြီးထဲမှာ ပစ္စည်းတွေကို အထပ်ထပ် ထည့်သယ်လာပုံက စနစ်ကျ ပညာသားပါလှ၍ အများကြီး တစ်ပြိုင်နက် ဆန့်ပါသည်။ အလုပ်သမားတွေ တစ်ခုချင်း ကြိုးဖြည်ချ ဖြုတ်ချ၍ သယ်ယူနေပုံကလည်း ဂရုတစိုက် ရှိကြပါပေသည်။





ပိတုန်းက သဘောတကျ ရူးစမ်းနေမိပါသည်။

"ဒီတစ်ခေါက်ပဲလား၊ နောက်တစ်ခေါက် သယ်ရဦးမလား အစ်ကို"

"ဒီတစ်ခေါက်ပဲ၊ တစ်ခေါက်နဲ့ အားလုံးဆန့်အောင် သယ်လာတာ၊ အိမ်ရှင်ကလည်း သားအမိနှစ်ယောက်တည်းဆိုတော့ ဝန်စည်စလယ် နည်းတာပေါ့"

"သြော်"

အိမ်နီးနားချင်းသစ်ဟာ သားအမိနှစ်ယောက်ပဲတဲ့။ ကိုယ်တိုင်က လူသစ်မို့ ကျန်အခန်းတွေ ပတ်ဝန်းကျင်တိုက်ဆွေနှင့် အားလုံး အိမ်နီးချင်းအသစ်ပဲ ဖြစ်ရမှာပေမဲ့ တစ်နေ့ဘည်း တစ်ချိန်တည်း အတူပြောင်းဖြစ်ကြသည့် အိမ်နီးနားချင်းသစ်ကိုတော့ ပိတုန်းက ပိုပြီး စိတ်ဝင်စားနေမိပါသေးသည်။

"ဟော ... အိမ်ရှင်ကား လာပြီ"

ထိုလူက ပြောလိုက်၍ ပိတုန်းက လမ်းထဲဝင်လာသော ကားတစ်စီးကို လှမ်းကြည့်လိုက်ပါသည်။ အပေါ်ပိုင်းကိုယ်ထည်အနက်ရောင်၊ အောက်နားပတ်လည် ငွေရောင်မက်တဲလ်နှင့် တိုယိုတာဗင်ကားဟာ ပိတုန်း မျက်စိထဲ တရင်းတနှီးအရိပ်ထင်လာလျှင် ပိတုန်းသည် ပါးစပ်လေး အဟောင်းသားဟ



www.burmeseclassic.com

www.burmeseclassic.com



လျက် ကြောင်အမ်းအမ်းလေး ဖြစ်ရာမှ ရင်တွေ ဒိန်းဒိုင်းမြည်အောင် ဆူညံခုန်ပေါက်လာပါတော့သည်။

ကားလေးက ကွန်တိန်နာကားကြီးနောက် ရပ်လိုက်၍ မြင်ကွင်းက ကွယ်သွားသည်။ ဟုတ်ပါတယ် အစစ်ပါ။ ၃/က ကိုလည်း တွေ့လိုက်ပါသည်။ ဆင်တူကားတွေ ရှိပါစေဦး ဒီကားကို ပိတုန်း မှားစရာအကြောင်း မရှိပါပေ။

ဘယ်လိုလုပ်ပြီးတော့ သူက ...။

ပိတုန်းသည် ရင်ဘတ်ရက် နာကြည်းဝမ်းနည်းဒေါသစိတ်နှင့် ထိုင်ရာမှထ,ပြေး ကိုယ်ရောင်ဖျောက်ဖို့ စဉ်းစားမိသေးပေမဲ့ ထိုစိတ်ကူးကို ပယ်လိုက်ပါသည်။ သူက ပိတုန်းတို့ အပေါ်ထပ်ကို ပြောင်းလာမှတော့ ဘယ်လိုပုန်းပုန်း တစ်နေ့မဟုတ်တစ်နေ့ တစ်ကွေ့မဟုတ် တစ်ကွေ့၊ အနေ့နေ့ အကွေ့ကွေ့ အမြဲလို ကြုံနေဆုံနေရတော့မှာပင်။

ပုန်းနေလို့ အပိုပဲ။ ပြီးတော့ ပုန်းရအောင် ကိုယ်က ဘာအပြစ်ရှိသူမို့လို့လဲ။ ခုနက ပြုံးကြည်နေသော ပိတုန်း မျက်နှာလေး တည်သွားကာ မှုန်တေတေ ဖြစ်လာသည်။ ကားပေါ်ကဆင်းလာကာ ပစ္စည်းသယ်ကုမ္ပဏီကလူနှင့် စကားပြောနေပြီဖြစ်သည့် "မြတ်လေးထင်"ကို ခပ်တင်းတင်းပဲ လှမ်းကြည့်နေလိုက်ပါသည်။





ခေါင်းလျှော်ထားလျှင် အင်မတန် ဖွာအုပ်အုပ်နိုင်သော သူ့ဆံပင်ဘုတ်သိုက်သိုက်ပုံစံ ခပ်တိုတိုသည် လမ်းလျှောက်လိုက်လျှင် လှုပ်ရှားလိုက်လျှင် ဖွားခနဲ ကားခနဲ ဖြစ်မြဲပင်။ ခုလည်း ခေါင်းဆတ် စကားပြောနေသော သူ့ဆံပင်တို့က လှုပ်ခတ်ခတ်။

ဪ ... ချစ်ရတဲ့သူ။ ချစ်သလောက်လည်း မုန်းတဲ့သူ။ ချစ်သူတွေ အဖြစ်က ပြစ်စဲခဲ့ကြတာ နှစ်လပဲ ရှိပါသေးတယ်။ ဒဏ်ရာတွေက ဟောင်းနွမ်းဆွေးမြည့် မသွားသေးပါဘူး။ သတ်လတ်ဆတ်ဆတ် နာကျင်ခံစားရတုန်း ရှိပါသေးတယ်။

ပိတုန်းဘက်က ဘာအပြစ် ဘာအားနည်းချက် ဘာအလွန်မှ မရှိဘဲ သူ့ဘက်က သစ္စာဖောက်ဖျက်မှုနှင့် လမ်းခွဲလိုက်ကြရတာ။ ဒီလူနှစ်ယောက် အပေါ်ထပ် အောက်ထပ် အိမ်နီးနားချင်းတွေအဖြစ် ဘယ်လိုလုပ်ပြီးတော့များ ရင်ဆိုင်ရပါ့မလဲ။

ပိုဆိုးတာက အိမ်ကမိသားစု။ စည်းကမ်းကလနားနှင့် ကြီးပြင်းခဲ့ရသော သမီးလိမ္မာပီပီ ချစ်သူတစ်ယောက် ထားမိသော အဖေ အမေ မိသားစုတို့ကို အသိပေး ခေါ်ပြထားခဲ့ပါသည်။ မြတ်လေးထင်ကို အကဲခတ်ပြီး ဖေဖေ့လို လူဖြောင့် လူမှန် တစ်ယောက်က လက်ခံသဘောကျနိုင်ခဲ့သည်ဆိုတာ နည်းနည်းနောနော မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေက ခွင့်ပြုတော့ မေမေလည်း အလိုလို ခွင့်ပြ
ပြီး ဖြစ်ခဲ့သည်။

"အေး ... အိမ်ကို ဝင်ထွက်ပါ၊ ဣန္ဒြေရရ လိမ်လိမ်မာမာ
နေကြပေါ့ကွာ၊ ကိုယ့်ရည်မှန်းချက် အထိုက်အလျောက်
ပြည့်စုံတဲ့အခါ လက်တွဲကြပေါ့၊ တစ်ဦးကိုတစ်ဦး သစ္စာ
ရှိရှိ နားလည်မှုရှိရှိနဲ့ မိကောင်းဖခင်သားသမီးတွေ ပီသစွာ
နေထိုင်ကြပေါ့၊ ခွင့်မပြုနိုင်စရာ မရှိပါဘူး"

ဖေဖေ ဒီလိုပြောတုန်းကများ သူလည်းပျော် ပိတုန်း
လည်းပျော်။ ဖေဖေ့ကို လူဖြောင့်လူမှန် သိက္ခာသမာဓိကြီးမြတ်သ
တစ်ယောက်အဖြစ် သူက လေးစားကြည်ညိုပြီးသားမို့ ဖေဖေ
ခွင့်ပြုစကားကို အတော်တန်ဖိုးထား ဝမ်းသာကြည်နူးခဲ့တာပါ။

အိမ်ကို မျက်စိမနောက်စေဖို့ ပိတုန်းက မှာထားတာ
မို့ မြတ်လေးထင်ကလည်း နှစ်လမှ တစ်ကြိမ်လောက်သာ လာ
ပါသည်။ အပြင်မှာတော့ ထုံးစံအတိုင်း အားလပ်ချိန် ညှိနှိုင်းတွေ
ဆုံမြဲပင်။ အိမ်အလာကျဲလို့လည်း ခုချိန်ထိ သူနဲ့ ပိတုန်း ပြတ်
ကြတာ အိမ်ကမသိ။

ပိတုန်းကလည်း ချစ်သူဖြစ်ကြတာကိုသာ ပြောဖြ
ခဲ့ပြီး ပြတ်စဲကြတာကိုတော့ မပြောဖြစ်ခဲ့ပါ။ ပြောလည်းမပြေ





ချင်။ ပြောမထွက်အောင်ႇ ရှက်ဝမ်းနည်းကာ ဆို့နင့်နေသည်။
ဖေဖေ့ထံတွင် သမီးချစ်သူဟာ သစ္စာမရှိတဲ့ လူတစ်ယောက်ပါလို့
ခွင့်ဟာဝန်ခံဖို့ ဝန်လေးလှသည်။

ပြတ်စဲနေကြကြောင်း မသိတဲ့ ပိတုန်းရဲ့ မိသားစု
ဟာ သူ့ကိုတွေ့လျှင် အရိုးခံ ဆက်ဆံကြမှာပင်။ ဤပြဿနာကို
ပိတုန်း မည်သို့ ဖြေရှင်းရပါအံ့။ တိုက်ဆိုင်ပုံကလည်း အိမ်ပြောင်း
ဖြစ်ကြတာချင်းတူတူ ရွေးချယ်ဝယ်ယူဖြစ်ခဲ့ကြတဲ့ တိုက်ခန်းချင်း
ကလည်း တစ်တိုက်တည်း အထက်အောက်တဲ့။

သေသာသေလိုက်ချင်တော့တာပဲ။

ပိတုန်းက သူ့ကားဆီ လှမ်းမျှော်ကာ သူ့အမေကို
တွေ့ရှာမိသည်။ မတွေ့ရပါ။ ဟိုလူကပြောတော့ သားအမိနှစ်
ယောက်တည်းတဲ့။ ပိတုန်း သိထားတာကတော့ မြတ်လေးထင်မှာ
အဖေလည်း ရှိပါသည်။ သူ့အဖေက နိုင်ငံခြားမှာရယ်လို့သာ သိ
ထားခဲ့တာပဲ။ ခုလည်း သူ့အဖေက နိုင်ငံခြားမှာပဲလား။

ပိတုန်းတို့အိမ်ကို မြတ်လေးထင် ဝင်ထွက်ကာ
ပိတုန်း မိသားစု၏ အသိအမှတ်ပြုမှုကို ရယူခဲ့ပေမဲ့ မြတ်လေးထင်
အိမ်ကိုတော့ ပိတုန်း တစ်ခါမှ မရောက်ဖူးပါ။ သူ့အမေနဲ့လည်း
တစ်ကြိမ်မှ မဆုံဖူးပါ။



www.burmeseclassic.com

www.burmeseclassic.com



"မေမေက ကိုယ့်လုပ်သမျှ ကိုယ့်သဘော ကိုယ့်ဆန္ဒ အား လုံးကို သဘောတူတယ်၊ ဘယ်တော့မှ မကန့်ကွက်ဘူး၊ သူ့ရဲ့သားဟာ မဟုတ်တာ မကောင်းတာ ဘာမှမလုပ်ဘူး ဆိုတာ ယုံကြည်လေးစားပြီးသား။ ပိပိနဲ့လည်း လုံးဝသဘော တူတာ သေချာတယ်၊ သဘောတူရုံ မကပါဘူး၊ ပိပိကို မြင်ရင် မေမေ ချစ်မှာပါ၊ မေမေက စိတ်ထားလည်း နူးညံ့ တယ်၊ ပိပိကို ချစ်မှာ အသေအချာပဲ၊ ဒါပေမဲ့ ပိပိကို ကိုယ် အိမ်ခေါ်မသွားဘူးနော်၊ ပိပိ အိမ် ကို ဒ်လာတာ ဘာမှကိစ္စမရှိပေမဲ့ ကိုယ့်အိမ် ပိပိ လာတာ ပိပိ အတွက် ဂုဏ်လျော့တယ်၊ လက်ထပ်ကြခါနီးမှ လူကြီးချင်း ကြောင်း လမ်းစကား ပြောပြီးတဲ့နောက်မှပဲ ပိပိကို အိမ်ကိုခေါ် မယ်"

မြတ်လေးထင် စကားကို ပိတုန်းက အပြုံးကလေးနှင့် ကျေနပ်နှစ်ခြိုက် သဘောကျခဲ့ရပါသည်။ ထို့ကြောင့်ပဲ သူ့အိမ် ပိတုန်း မရောက်ခဲ့ရ။ သူ့အမေကို မတွေ့ဖူးခဲ့ရ။ သူ့ကိုတော့ ပိတုန်း မိသားစုက သိကျွမ်းလက်ခံကာ တစ်ချိန်မှာ မိသားစုဝင် ဖြစ်လာမည့်သူအဖြစ် သတ်မှတ်ထားကြပြီးသား။

ဒီအခန်းကို ဖေဖေ အရင်ကြိုက်ကာ မေမေ့ကိုခေါ်





ပြ၊ မေမေလည်း ကျေနပ်နှစ်သက်ပြီဆိုမှ သမီးနှစ်ယောက်ကို ခေါ်ပြကာ အားလုံး သဘောတူစွာ နှစ်သက်စွာ ဆုံးဖြတ်ဝယ်ယူ ခဲ့ပေလို့ပဲ။ နို့မို့ မြတ်လေးထင်နှင့် နီးရာကို ပိတုန်းက ရွေးချယ် သည်ဟုပင် ထင်ခံရနိုင်သည်။

ခုလည်းပဲ သိပ်တော့မထူးပါ။ ပိတုန်းက ကိုယ်ဝယ် မဲ့အိမ်နေရာ မြတ်လေးထင်ကို ပြောပြ၍ အနီးကပ်မှာ ဝယ်ယူဖြစ် ဖို့ တမင်တကာ ကြိုးစားဖန်တီးကြသည်ဟု ထင်နိုင်ပါသည်။

တကယ်တော့ ... ဖေဖေ လွန်ခဲ့တဲ့ နှစ်လကျော်က အခန်းတစ်ခန်း ရှာနေတာ မြတ်လေးထင်ကို ပိတုန်း စကားမစပ် ဖြစ်ခဲ့ဘဲ မကြာခင် ပြတ်သွားကြတော့ ပြောဖို့အကြောင်း မရှိတော့ ပါ။ သူ ဘယ်တုန်းက အခန်းသစ် ရှာနေသလဲလည်း ပိတုန်း မသိခဲ့ရိုး အမှန်ပါ။

ဒါကို ဘယ်သူမှ ထင်မှာမဟုတ်။ နှစ်ယောက်တိုင် ပင်ပြီး နီးနီးနားနား တိုက်ဝယ်သည်ပဲ ထင်ဖို့သေချာနေပါသည်။ ဒီထက်ဆိုးတာက ကိုယ့်အပေါ် သစ္စာမရှိခဲ့တဲ့ ချစ်သူလက်ဟောင်း ကို လှေကားတက်ဆင်းတိုင်း တွေ့မြင်နေရတော့မှာ။

ပြတ်မဲ့ပြတ်လည်းပဲ မမြင်ချင် မဆုံချင်တော့ပါဘူး။ ပြန်နီးစပ်ဖို့မှ မရှိဘဲနဲ့။ သူ့မှာ ချစ်သူသစ် ဆရာဝန်မလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ရှိနေပြီပဲဟာကို။ ဒါကို အနီးကပ် လာမြင်နေရဖို့ဟာ ဝင့်ဆိုးကြီး သက်သက်ပါပဲ။

ခုနက ကုမ္ပဏီကလူသည် ရုတ်တရက် ပိတုန်းဘက် လှည့်ကာ ကြည့်ရင်း မြတ်လေးထင်ကို တစ်စုံတစ်ခု ပြောလိုက်ပါသည်။ အောက်ထပ်ကိုလည်း ဒီနေ့ပဲ လူသစ်ပြောင်းလာတဲ့ တိုက်ဆိုင်မှုအကြောင်း ပြောမှာပေါ့။ ရုတ်တရက် မြတ်လေးထင်က ပိတုန်းဘက် လှမ်းကြည့်လိုက်သည်။

"ဟာ"

သူ ပါးစပ်အဟောင်းသား ဟ,သွားကာ မျက်နှာက မည်းခနဲနေအောင် ပျက်ထွက်သွားပါသည်။ ဟားဟား ... ကြည့်လို့ကောင်းလိုက်တာ။ ဂရုမစိုက် အရေးမလုပ်တဲ့ပုံမျိုး သူ့ထံ၌ရှိမနေ။ အကြီးအကျယ် စိတ်လက်ရှုပ်ထွေးသွားတဲ့ပုံကို မြင်ရတာ အရသာတောင် ရှိနေပါသည်။

သူ့နဖူးကိုသူ ဖြန်းခနဲ လက်ဝါးနှင့်ရိုက်၍ ခေါင်းမော့ပစ်လိုက်ကာ ပိတုန်းကိုလည်း ချာခနဲ ကျောခိုင်းလိုက်ပါသည်။ ပိတုန်းသည် မုန်းသလောက်လည်း ချစ်နေဆဲမို့ ဝမ်းနည်းစိတ်က ရင်ထဲ တဆစ်ဆစ် တရစ်ရစ် ပတ်ချာလှည့်ကာ မျက်ရည်လည်ချင်သလို ဖြစ်လာသည်။





ပိတုန်းကို တွေ့လိုက်တာနဲ့ ဒီလောက်တောင် စိတ်ပျက်သွားတာ။ ပိတုန်းကလည်း ပျော်သွားတာ့သူ မဟုတ်ပါဘူး နော်။ မိသားစုကို ဘယ်လိုများ ဖြေရှင်းပြောပြရမည်ကို ခုထိ အကြံပေးရသေးဘဲ စိတ်အိုက် စိတ်ရှုပ် နေသူပါ။

"ဒီကောင်လေးကို ခေါ်မတွေ့ခင်ကတည်းက ငါ့သမီးတွေ ရွေးချယ်မဲ့ အမျိုးသားတစ်ယောက် ဆိုရင်တော့ လူပေါ့ လူညံ့ မဖြစ်နိုင်ဘူး၊ လူတော်လူကောင်းထဲက ဖြစ်ကိုဖြစ်ရမယ် ဆိုတာ ဖေဖေ သိပြီးသားပါ"

ဖေဖေ ပြောထားဖူးတဲ့ ဤစကားကြောင့်ရော ဖေဖေကိုယ်တိုင်က တည်ကြည်သစ္စာကြီးလှတဲ့ လူတစ်ယောက် ဖြစ်တာကြောင့်ရော မြတ်လေးထင်ဟာ သမီးကို သစ္စာဖောက်သွားပါတယ်လို့ ပြောရမှာ မျက်နှာငယ် ဂုဏ်ငယ်လှ၍ ကိုယ် လူရွေးညံ့ဖျင်းတော်ပြတ်ရာ ကျတာကိုလည်း ရှက်သည့်စိတ်က ပိတုန်း နှလုံးသားကို ပို၍ နာကြည်းစေသည်။



www.burmeseclassic.com

www.burmeseclassic.com



# ၂

ထင်းရှူးသေတ္တာတစ်လုံးကို ဖွင့်လိုက်ချိန်မှာ ပြဿနာက စတော့သည်။ အဲဒီအချိန်မတိုင်ခင်အထိ အပေါ်ထပ်ကို တစ်ပြိုင်နက် ပြောင်းရွှေ့လာသော လူသစ်တွေဟာ မြတ်လေးထင်တို့ သားအမိ ဆိုတာ ပိတုန်းတို့ မိသားစု မသိသေးပါ။ ပိတုန်းကလည်း မပြောဘဲ နှုတ်ပိတ်ထားပါသည်။

ညဘက်ကျမှ ထင်းရှူးသေတ္တာတွေဖွင့်ကာ ပန်းကန်ခွက်ယောက်တွေ ထုတ်ယူနေရာချဖို့ လုပ်ကိုင်ရင်း ထင်းရှူးသေတ္တာတစ်လုံးကို အဖွင့် ဖန်ခွက်တွေ ပန်းကန်လုံးတွေ ကရားတွေ ထွက်လာရမည့်အစား တိုလီမိုလီပစ္စည်းတွေနှင့်၊ ဆုတံဆိပ် ဆုဖလား ဆုကလပ်တွေ ထွက်လာတော့တာပင်။





"ဟင် ... ဒါ ဘာတွေတုန်း"

"ဟယ် ... အိမ်ကဟာတွေမှ မဟုတ်တာ၊ ဟိုအပေါ်ထပ်နဲ့ မှားပြီ မေမေ၊ သေချာတယ်"

မေမေနှင့် မမမြစိမ်းရောင်ရဲ့ အချီအချ စကားကို ကြားလျှင် ပိတုန်းရောင်သည် ခေါင်းကြီးသွားသလို ခံစားလိုက်ရပါသည်။ ဖေဖေကလည်း ထမင်းစားပွဲမှာ ထိုင်နေရာမှ ထင်းရှူးသေတ္တာထဲ ကဲ၍ကြည့်သည်။

ပန်းပုရုပ်လေးတွေ စင်ပေါ်အလှတင်သည့် တိုလီထွာလီ အလှအပလေးတွေ တစ်ပုံတစ်ခေါင်းပင်။ အဲဒီဟာတွေနှင့် ရောနှောနေသော ဆုတံဆိပ် ဆုကလပ်များ ...။

"ဟာ ... ဆုတွေ မနည်းပါလားကွ"

ဆုတွေကို မြင်တာမို့ ဖေဖေ စိတ်ဝင်စားသွားပုံရပါသည်။ ထိုးထိုးထောင်ထောင် ထွက်နေသော ဆုကလပ်ရှည်လမျောတစ်ခုကို လှမ်းယူလိုက်ကာ ဘာဆုလဲ စူးစမ်းကြည့်ရှုသည်။ ပိတုန်းသည် အသက်မရှူဝံ့ဘဲ အောင့်၍ ငြိမ်နေသည်။ ဆုတွေမှာ သူ့နာမည်သာ ပါလာရင် ဒုက္ခပဲ။ ချက်ချင်းတန်း၍ သိသွားတော့မှာပင်။



www.burmeseclassic.com

www.burmeseclassic.com



"တက္ကသိုလ် ကောလိပ်ပေါင်းစုံ တင်းနစ်စ်ပြိုင်ပွဲ တစ်ဦးချင်း ပထမဆုတဲ့၊ အောင်မာ ... တယ်ဟုတ်ပါလားကွ"

ဖေဖေက နောက်တစ်ခု ဆွဲထုတ်လိုက်ပြန်ကာ ...

"ဟာ ... မြို့တော်ဝန်ဖလား မာရသွန်ပြိုင်ပွဲ ပဥ္စမတဲ့၊ ဟာ ဒီလူ ဘယ်ဆိုးလို့လဲ၊ အပေါ်ထပ်မှာ အားကစားတော်တဲ့ သူတစ်ယောက်တော့ ရောက်နေပြီ"

ဖေဖေ ကောက်ယူဖတ်ကြည့်နေသမျှက ပွဲပြီးသည်နှင့် ချီးမြှင့်ရန် ကြိုတင်စီစဉ်ပြီးသော ဆုမျိုးများမို့ လူ့အမည် မပါသော ဆုတွေပါ။

"ဟ ... ဒီဆွဲပြားကလည်း (--)ကြိမ်မြောက် တပ်မတော်နေ့ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ ပထမဆုတဲ့၊ အားကစားချည်း တော်တာမဟုတ်ဘူးကွ၊ လူတော်တစ်ယောက်ပဲ"

ဟိုးငယ်ငယ်က ကျောင်းတွင်း ပညာရည်ချွန်ဆုတွေကိုများ ကောက်ယူကြည့်မိလျှင်တော့ အမည်ပါ ပါလာမှာမလွဲပေ။ ပိတုန်းက မဝံ့တဝံ့နှင့် ...

"တော်ပါတော့ ဖေဖေရ၊ တော်ကြာ သူတို့ဆီ ပြန်ရောက်ရင် အထဲက ပစ္စည်းတွေ ခြေရာလက်ရာ ပျက်တယ်ထင်နေဦးမယ်"





"အေး ... ဟုတ်တယ် ... ဟုတ်တယ်၊ သူ့ဆုတွေကလည်း တစ်ခုချင်းသာ ကြည့်နေရရင် တော်တော် အချိန်ပေးရမှာ၊ ကြည့်စမ်း၊ မနည်းပါလား ... တစ်ပုံကြီးပဲ၊ လူတစ်ယောက်တည်းက ရထားတဲ့ ဆုတွေဆိုရင်တော့ အတော် တော်တဲ့လူပဲ"

မြတ်လေးထင်ဟာ လူတော် တစ်ယောက်ပါပဲ။ ငယ်ငယ်ကတည်းက ကျောင်းမှာ ကျောင်းစာရော အားကစားရော ထူးချွန်ခဲ့ကာ ဆယ်တန်းအောင်တော့ မြန်မာပြည် တစ်ပြည်လုံး အဆင့်တစ်ဆယ်အတွင်း ဝင်ခဲ့တဲ့သူ။ သူစိတ်ပါဝင်စားသည့် အင်ဂျင်နီယာရင်းကို ရွေးချယ်ခဲ့ပြီး တက္ကသိုလ်မှာလည်း အစဉ်အဆက် ထူးချွန်ခဲ့တဲ့သူပါ။

အခါအခွင့် သင့်သလို ဝင်ရောက်ယှဉ်ပြိုင်နေသည့် အားကစား လှုပ်ရှားမှုတွေ၊ တခြား ယှဉ်ပြိုင်ပွဲတွေမှာ ဘယ်တော့မှ အောက်ဆင့်မကျ။ ဘာပဲလုပ်လုပ် သူများရှေ့က ထူးချွန်သည့် လူတော်တစ်ယောက်။ ဖေဖေ့စိတ်ကြိုက် စိတ်တိုင်းကျ လူစားမျိုး၊ ကိုယ်တိုင်ကလည်း ချစ်ခင်အထင်ကြီး လေးစားစွာ ရွေးချယ်ခဲ့ပြီးမှ သူက သစ္စာမဲ့သူတစ်ယောက် ဖြစ်နေတဲ့အခါ။



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းက ငြိမ်သက်ငိုင်ဆွေးနေမိပါသည်။

"ဒီမှာ ဒီသေတ္တာ ပါလာတယ်ဆိုရင် အပေါ်ကို ငါတို့ သေတ္တာတစ်လုံး ပါသွားပြီ ... သေချာတယ်၊ သွားလေ မှပဲ"

ဖမေ့ေစကား ဆုံးလျှင် မြစိမ်းရောင်က ပိတုန်းရောင်ဘက်သို့ ငဲ့ကြည့်ကာ ...

"သွား ... ပိပိ၊ ဖင်ပေါ့ပေါ့လေး ပြေးစမ်း၊ သေတ္တာများ သလား မေးစမ်း၊ သူတို့ဆီရော ဆုတံဆိပ်တွေပါတဲ့ သေတ္တာတစ်လုံး လိုသလားလို့"

"ဟုတ်မှာပါပဲ၊ သူတို့ဟာပဲ နေမှာပါ၊ တခြားများစရာမှ မရှိတာ၊ ဟဲ့ ... သမီးလေး ... သွားမေးချည်လေ"

"ဟာ ... ပိ အိမ်သာအရမ်းတက်ချင်လို့ ... မမပဲ သွားမေးလိုက်"

"ဟဲ့"

မြစိမ်းရောင် လှမ်းအော်ခိုက် ပိတုန်းက အိမ်သာဆီ ပြေးဝင်၍ တံခါးကို ပိတ်ချလိုက်ပါပြီ။

"မေမေ့ သမီးက ဖြစ်လိုက်ရင် အသည်းအသန်"





"ဒါဖြင့် သမီးကြီးပဲ သွားမေးလိုက်ပါတော့၊ သမီးကျတော့ လူကြီးလို ပြောတတ် ဆိုတတ်တော့ တစ်ခါတည်း မိတ်ဆက်ပြီးသားလည်း ဖြစ်တာပေါ့၊ ပိတုန်း ဆိုရင် တုံးတိတိနဲ့ သေတ္တာမှားလား ဆိုတာနဲ့ ပြီးသွားမှာ"

မြစိမ်းရောင်က ကြမ်းပေါ် ထိုင်နေရာက ထရင်း ...

"အဲဒီငပိဟာ ... ကလေးလို ပြေးပါဆိုမှ အိမ်သာက ရုတ်တရက် တက်ချင်ရသေးတယ်၊ သေတ္တာတော့ ဟုတ်မှပဲ သယ်တော့မယ်၊ လူချည်းပဲ အရင်တက်မေးဦးမယ် မေမေ"

မြစိမ်းရောင်က တံခါးဖွင့်ထွက်ကာ အပေါ်ထပ် လှေကားနှစ်ချိုးကို ကျွေ့တက်ခဲ့ပါသည်။ တစ်ထပ်စီအတွက် လှေကားတိုနှစ်ချိုး ပြန်ချိုးထား၍ အခန်းတိုင်းဟာ ညှော်ခန်းဝဋ္ဌ သာ ဝင်ပေါက်တံခါးမ ဖြစ်ပါသည်။

"ဒေါက် ဒေါက်"

ကျွန်းတံခါးမကြီးကို မြစိမ်းရောင်က ခေါက်လိုက်ချိန်တွင် အတွင်း၌ မြတ်လေးထင်သည် ပန်းကန်ခွက်ယောက်တွေ ထွက်လာသော သေတ္တာကြီး ရှေ့ချပြီး အကျပ်ရိုက်နေတုန်းတည်း။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ဦးစလုံးရဲ့ တူညီမှုက သေတ္တာကို သော့မခတ်ဘဲ ပတ္တာယှက်ပြီးတဲ့အခါ ချော့ကြိုးနှင့်သာ အထပ်ထပ်သော့ကွင်း၌ ချည်နှောင်ထားခဲ့ခြင်းပင်။ သေတ္တာတစ်လုံးလုံးကို လေးဖက်လေးတန် နိုင်လွန်ကြိုးကြီးဖြင့် တုတ်စည်းထားတာကလည်း အကြံတူနေသည်။

ဘယ်လောက်ထိ တူလည်းဆို နိုင်လွန်ကြိုးကို အပြာရောင်ရွေးချယ်ထားတာက အစ တူညီနေပါသည်။ ဒီတော့မှားလွယ်ပြီပေါ့။ နိုင်လွန်ကြိုးကိုဖြည်။ သော့ကွင်းထဲက ချော့ကြိုးကို ကတ်ကြေးနှင့် ညှပ်ဖြတ်လိုက်ပြီးသော် ဖွင့်လိုက်သည်နှင့် ကိုယ့်ထင်းရှူးသေတ္တာ မဟုတ်တာ သေချာပြီ။

ကိုယ့်ဟာမဟုတ်ရင် အောက်ထပ်ကဟာပဲ။ စိတ်များညစ်ပါရဲ့။ နေ့လယ်က ပိပိ ထင်းရှူးသေတ္တာတွေပေါ် ထိုင်နေတာ သူ မြင်ပါသည်။ သူလည်း အောက်မှာ ပိပိနှင့် ရင်ဆိုင်ပြီး မနေချင်တာနှင့် ခေါင်းကို ငုံ့လျှိုးလျှိုးနှင့်ပင် ကိုယ့်အိမ်ခန်းဆီ တက်လာကာ အိမ်ထဲပဲ နေလိုက်တော့သည်။

ဘယ်လိုနည်းနှင့် မှားမှန်းမသိလည်း ပစ္စည်းချင်းမှားတာကတော့ မှားခဲ့ပြီ။ လဲရတော့မည်။ ဒီအိမ်ခန်းကို နှစ်သက်ရွေးချယ်မိတာကိုက ကိုယ့်အမှား။ ဘယ်သူ့အမှားမှ မဟုတ်။ သူ





တစ်ယောက်တည်း သွားကြည့်၊ ကြိုက်နှစ်သက်ပြီး သူ့သဘောနှင့်ယ်တာ။

ဝယ်ပြီး ပြောင်းပြီးမှတော့ အောက်ထပ်မှာ ပိပိတို့ရှိနေတဲ့အတွက် ဒီအခန်းကို မြန်မြန်ပြန်ရောင်းပြီး အသစ်ထပ်ရှာယ်ပြောင်းဖို့ဆိုတာ မဖြစ်နိုင်လှပါ။ နေရတော့မှာ။ တွေ့နေရတော့ ပိပိရဲ့မိသားစုကို သူ မျက်နှာပူလှသည်။ ရင်ဆိုင်ဖို့ အရေး ရင်ထဲ လေးပင်နေပါသည်။

ခုတော့ ခရီးရောက်မဆိုက် ရင်ဆိုင်စရာ ဖြစ်ပြီ။ သေတ္တာချင်း မှားနေပြီလေ။ သေတ္တာကြီး ရှေ့ချပြီး အတော်သစ်နေတုန်း အိမ်ရှေ့က တံခါးခေါက်သံ ထွက်ပေါ်လာသည်။

မြတ်လေးထင်မှာ တုန်လှုပ်သွားပါသည်။ သူတို့ပဲပါရဲ့။ မကြားချင်ယောင် ဆောင်နေလို့လည်း မရ။ မေမေ ရှိခိုးနေသည်။ အနှောင့်အယှက် ဖြစ်သွားလိမ့်မည်။

မြတ်လေးထင်သည် စိတ်ပျက်လက်ပျက် ထလာပြီး ကြည့်ပေါက်ကပင် ကြည့်မနေတော့ဘဲ တံခါးကို ဖွင့်လိုက်သည်။ အပြင်မှာရပ်နေသူ ပိပိအစ်မ မြစိမ်းရောင်သည် ပါးစပ်အောင် အံ့သြသွားကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... မြတ်လေးထင်၊ ကိုလေး ပါလား၊ မင်းက !..."

"မမ"

သူလည်းပဲ အံ့သြယောင် ဆောင်လိုက်ရပါသည်။ တစ်ဖက်က အံ့သြနေတော့ သူ ရှိတာ မသိသေးလို့၊ ပိပိ မပြော လို့ပေါ့။ ဒီတော့လည်း သူက ပိပိ လက်နှင့်ရေးတာကို ခြေနှ မဖျက်လိုဘဲ တအံ့တသြ လုပ်လိုက်ရသည်။

"အေး၊ ဟယ် ... ကိုလေးတို့က ဘာလဲ ... ဒီအိမ်က ပြောင်းလာတာလား"

"ဟုတ်တယ်လေ မမ၊ ကျွန်တော်တို့ ဒီနေ့ ပြောင်းလာတာ ဘာဖြစ်လို့လဲ"

"ဟယ် ... ကြည့်စမ်း၊ ငပိ မသိသေးဘူး ... ဟား ဟာ အံ့သြစရာကြီး၊ ဖေဖေတို့တောင် အံ့သြမှာ၊ နေပါဦး၊ ထ တွေ ဒီမှာဝယ်မှန်း ပိပိ ပြောလို့ မင်းလည်း နီးနီးလို ဝယ်တာလား"

"ဟင့်အင်း ... ပိပိ ဘာမှ မပြောပါဘူး ... မမတို့က ဒီ ဝယ်လိုက်တယ် ဟုတ်လား"

"တို့လည်း ဒီနေ့ပဲ ပြောင်းလာတာဟဲ့၊ တိုက်တိုက်ဆ ဆိုင်ဟယ်၊ နေပါဦး ... မင်းတို့နှစ်ယောက်က ကိုယ်





ပြောင်းတဲ့ကိစ္စ အချင်းချင်း မပြောမိဘူးလား၊ ဖြစ်နိုင်ပါ့ မလား"

"ကျွန်တော်တို့ အလုပ်ရှုပ်ပြီး မတွေ့ဖြစ်တာ ကြာပြီ မမ"

"အေး ... ပိပိလည်း ပြောသား ... ခုတစ်လော မင်းနဲ့ မတွေ့ဘူးတဲ့၊ အံ့သြစရာကြီးပါလား၊ အပေါ်ထပ် အောက် ထပ် ပြောင်းလာမိတယ်လို့၊ ငပိ သိရင် အံ့တွေသြပြီး ဝမ်း သာနေတော့မယ်"

အင်း ... သူတို့ ပြုတ်ကြတာကိုလည်း အိမ်ကို ပိပိ မပြောပြရသေးဘူးပေါ့။ ဒီတော့သူလည်း ဝမ်းသာဟန် ဆောင် လိုက်ရပါသည်။

"အိမ်မှာ ထင်းရှူးသေတ္တာတစ်လုံး မှားလာလို့၊ ဆုတ်ဆိပ် တွေပါတယ်၊ တို့တွေသေတ္တာထဲမှာက ပန်းကန်ဖန်ခွက် တွေ၊ ကိုလေးဆီ အဲဒီသေတ္တာ ရောက်နေမယ် ထင်တယ်"

မြစိမ်းရောင်က အိမ်ခန်းထဲ ခေါင်းထိုးကြည့်သည်။

"ဟာ ... ဟုတ်တယ် မမ ... ကျွန်တော်လည်း ခုပဲ အဲဒီ သေတ္တာကြီးကြည့်ပြီး ဇဝေဇဝါ ဖြစ်နေတာ၊ ခုပဲ သေတ္တာ တွေဖြည် ပစ္စည်းတွေ နေရာချနေတာ၊ မမ အိမ်ထဲဝင် ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"မဝင်တော့ဘူး၊ နောက်မှလာတာပေါ့၊ ကိုလေးက မိသားစု လိုက် ပြောင်းလာတာလား"

"ဟုတ်ကဲ့၊ မမေ ပါတယ်လေ၊ ဘုရားရှိခိုးနေတယ် မမ"

"ဩော် ... အေး ... အေး ... နောက်မှ နှုတ်ဆက်မယ်၊ သေတ္တာတွေလည်း ဖြည်းဖြည်းချင်း လဲတာပေါ့၊ ပစ္စည်းတွေ ထုတ်သယ်ရမလားဟား မသိဘူး၊ နှစ်ယောက်လောက်သယ်လို့ နိုင်ပါ့မလား"

"ကျွန်တော်ရယ် ဒေါ်ရီရယ်ဖြစ်ဖြစ် နှစ်ဖက်မ,ရင် နိုင်ပါ တယ်"

"နှစ်ယောက်နိုင်နိုင်ရင် ခုပဲ တို့နဲ့ သယ်လိုက်တာပေါ့"

"မမ နိုင်ပါ့မလား"

"အမယ်လေ ရပါတယ်၊ နှစ်ခေါက်ပဲ သယ်ရမှာပဲဟာ၊ ဟိုသေတ္တာထဲက ဆုတွေက ကိုလေး ရတဲ့ ဆုတွေ လား"

"ဟုတ်ကဲ့"

"ဖေဖေကတောင် ဆုတွေအများကြီးတွေ့လို့ ချီးကျူးနေ တယ်၊ ကဲ ... သယ်လိုက်ရအောင်လား"





မြစိမ်းရောင်က အိမ်ထဲဝင်လာကာ မြတ်လေးထင်နှင့် နှစ်ယောက် သေတ္တာသယ်ဖို့ ပြင်သည်။ အပေါ်နှင့်အောက် အခန်းဖွဲ့စည်းပုံက အတူတူပင်။ ထမင်းစားခန်းနေရာက သေတ္တာ ဆီလာရင်း ဧည့်ခန်းအလွန် ကွေ့ကလေးက ဘုရားခန်းဝယ် သပ္ပာယ်သော ဘုရားစင်ရှေ့ ကော်ဇောငယ်လေး တစ်ချပ်ခင်း၍ ဒူတီးစိပ်နေသော ခပ်ပိန်ပိန် အမျိုးသမီးကြီးကို မြင်လျှင် မြစိမ်း ရောင်က ခပ်တိုးတိုးနှင့် ...

"ကိုလေး အမေလား"

"ဟုတ်ကဲ့မမ"

"ငယ်သေးတာပဲနော်၊ မေမေတို့ထက် အများကြီး ငယ်တာ ပဲ"

ပလတ်စတစ်ဖန်ချောင်း ခန်းဆီးလိုက်ကာလေးသာ ချထား၍ ဘုရားခန်းထဲ မြင်နေရသည်ဖြစ်ရာ မြစိမ်းရောင်က မမြင်ဖူးသေးသော မြတ်လေးထင် အမေကို စိတ်ဝင်တစား အကဲ ခတ်မိပါသည်။

ပါတိတ်လုံချည် တစ်ပတ်ရစ်နှင့် အပေါ်က အင်္ကျီ ဆေါ် ဆွယ်တာရင်စေ့ အသားရောင်လေး ထပ်ဝတ်ထားသည့် မြတ်လေးထင် အမေကို မျက်နှာမမြင်ရပေမဲ့ နုနယ်ငယ်ရွယ်သေး ကြောင်း မှန်းဆနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ပိန်လည်းပိန်တော့ အတော်နုမဲ့ပုံပဲနော်"

"မေမေက လေးဆယ့်ငါးနှစ်ပါ"

"ငယ်တာပေါ့၊ မေမေ့ထက် ရှစ်နှစ်ကျော် ငယ်မှာပဲ"

"မေမေက သိပ်နေမကောင်းဘူး မမ"

"ဟုတ်လား ... ဘာဖြစ်လို့လဲ"

"အဆုတ် ... အင်း ... အဆုတ်သိပ်မကောင်းတာရော အစုံပါပဲ၊ ချူချာတယ်"

"နောက်မှပဲ သတင်းမေးဦးမယ်"

နှစ်ယောက်သား စကားတိုးတိုးပြောကာ သေတ္တာကို မနိုင့်တနိုင်မ,၍ ထွက်လာသည်။ အခန်းတံခါးကို မြတ်လေးထင်က ပြန်ပိတ်ခဲ့ကာ သော့ယူလာပါသည်။ သေတ္တာက လေးပေမဲ့ မနိုင်လောက်အောင် မဟုတ်ပါ၊ ရှေ့ကဆင်းသူဆီ အလေးချိန် ပိုမှာမို့ မြတ်လေးထင်က ရှေ့ကဆင်းသည်။

"ဒေါ်ရီရေ ... လာပါဦး"

"ဟယ် ... တစ်ခါတည်း သယ်ခဲ့ပြီလား"

"သယ်ခဲ့ပြီ မေမေ၊ ဒီမှာ ဘယ်သူလဲ ကြည့်ဦးလေ"

ဒေါ်နုနွယ်နှင့် ဒေါ်ရီ ထွက်လာကာ ...

"ဟဲ့ ... ကိုလေးပါလား"





"သူတို့နှစ်ယောက် စကားမစပ်မိဘူးတဲ့လေ၊ အပေါ်ကို ပြောင်းလာတာ ကိုလေးတို့ သားအမိ"

"စကားမစပ်မိတာ ဟုတ်ပါ့မလားအေ"

ဒီလိုပဲ ထင်စရာ ဖြစ်နေပြီမို့ မြတ်လေးထင်က ပြုံးသာနေရပါသည်။ စိတ်ထဲကတော့ တအားအိုက်နေ၍ လူတစ်ကိုယ်လုံးချွေးပြိုက်ပြိုက် ရွဲကာနေသည်။ မျက်လုံးကိုလည်း ခိုးကာ ဇွေကာ ပိပိကို ရှာနေမိပါသည်။ လူရှေ့ သူရှေ့ကျတော့ စကားမပြောကြဘဲ နေလို့ကောင်းပါ့မလား။

ဤမိသားစုဟာ သူ အင်မတန် လေးစားအားကျ၍ နှစ်သက်သဘောကျမိသော နွေးထွေးသည့် မိသားစု။ အိမ်ထောင်ဦးစီးဖခင်မှစ၍ တစ်ဦးချင်းဟာ မိမိကဏ္ဍမှာ မိမိတာဝန်ကျေပွန်၍ စာရိတ္တ ဂုဏ်သိက္ခာ အင်မတန် မြင့်မြတ်တဲ့ မျိုးရိုးကောင်း မိသားစုပါ။

တစ်ဦးချင်းမှာ လက်ညှိုးထိုးစရာ မှဲ့ခွန်း ဘယ်သူ့မှာမှ မရှိ။ စိတ်ရင်းဖြောင့်မှန်ကြ၍ ကိုယ်ကျင့်တရား အလွန်ကောင်းကြပါသည်။ ယောက္ခမလောင်းဖြစ်သော ဦးနေရောင်ကို သူ အင်မတန် လေးစားကြည်ညိုခဲ့၍ ကိုယ့်ဖခင်ရင်းတစ်ဦးသဖွယ် စိတ်ထဲက တန်ဖိုးထားခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေ့အဆုံ နည်းပေမဲ့ စိတ်ထဲက သွေးရင်းသားရင်းလို ဖြစ်နေကာ ဒီမိသားစုဝင် ဖြစ်လာရမည့် ကိုယ့်ကိုယ်ကိုယ် ကျေနပ်ခဲ့ဖူးတာပါ။

"မြတ်လေးထင် ပိန်သွားသလိုပဲဟေ့"

အားလုံးက ပိပိခေါ်သလို သူ့ကို "ကိုလေး"ဟု လိုက်ခေါ်ကာ ဦးနေရောင်ကတော့ မြတ်လေးထင်ပဲ ခေါ်ပါသည်။

"ဟုတ်ပါတယ် အန်ကယ်၊ ခုတစ်လော ကျွန်တော် အတော်ပင်ပန်းလို့ပါ၊ အအိပ်အစားလည်း နည်းနည်းပျက်လို့ပါ"

"အအိပ်အစားက ဘာကြောင့် ပျက်ရတာလဲ"

"မေမေလည်း သိပ်နေမကောင်းလို့ပါ"

"ဩော် ...၊ ကျန်းမာရေး ဂရုစိုက်ကွ၊ သိပ်တော့ ထူးပြောဖို့ မလိုပါဘူး၊ မင်း ဆုတွေ ခုမှတွေ့တယ်၊ အားကစားလည်း မင်း လိုက်စားသားပဲ"

"ဟုတ်ကဲ့ အန်ကယ်၊ ဒီနောက်ပိုင်းတော့ အလုပ်လည်း မအားတော့ တစ်ခါတလေ ရေကူးဖြစ်တာလောက်အပြင် သိပ်မလုပ်ဖြစ်တော့ဘူးခင်ဗျ"





"မင်းတို့ကလည်း တိုက်တိုက်ဆိုင်ဆိုင်ကွာ၊ တစ်နေ့တည်း အိမ်ပြောင်း၊ သေတ္တာချင်းမှားကြ၊ နေပါဦး၊ မင်းတို့ကကော အရင်အိမ်က ဘာကြောင့် ပြောင်းဖြစ်တာလဲ မြတ်လေးထင်၊ မင်းတို့လမ်းထဲ အန်ကယ့်သူငယ်ချင်း တရားသူကြီးတစ်ယောက်ရှိတယ်၊ အန်ကယ်ဲ့သူ့ဆီ တစ်ကြိမ်ရောက်ဖူးတယ်၊ လမ်းလေးလည်း ကောင်းသားပဲ၊ တိတ်တိတ်ဆိတ်ဆိတ်ပဲ"

မြတ်လေးထင်က ခေါင်းကို အသာညိတ်လိုက်ရင်း ...

"နေလို့ ကောင်းပါတယ် အန်ကယ်၊ ဟိုရပ်ကွက်လေးမှာပဲ အသားကျနေတာပါ၊ အခုဟာကတော့ ..."

မြတ်လေးထင် နှုတ်လေးသွား၍ ဦးနေရောင်က မြတ်လေးထင်ကို အကဲခတ်သည်။

"ဟို ... ဟိုမှာက လုံးချင်းနှစ်ထပ်တိုက်လေ၊ ဒီဘက်မှာ ဒါကို ပြန်ဝယ်တော့ ငွေအပိုလည်း ထွက်လာပါတယ်"

"ဩော် ... အလုပ်ထဲ ငွေလေးဘာလေးထည့်ဖို့ ငွေပိုထွက်အောင် ချိန်းလိုက်တဲ့သဘော ဆိုပါတော့၊ ဒါဆိုရင်တော့ လုပ်သင့်ပါတယ်၊ ဒီလမ်း ဒီတိုက်လည်း ကောင်းတယ်ကွ၊ အန်ကယ် သဘောကျတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော့်သူငယ်ချင်း ဆောက်လုပ်ရေးထဲလည်း ရှယ်ယာနည်းနည်း ထပ်ထည့်လိုက်ပါတယ်"

"ကောင်းပါတယ်ကွာ"

တကယ်တော့ ငွေပိုကို ရှယ်ယာထပ်ထည့်ချင်လို့ လုံးချင်းနှစ်ထပ်တိုက်ကနေ တိုက်ခန်းဆီ ပြောင်းရတာ မဟုတ်ပါပေ။ လုံးချင်းတိုက်ကနေ တိုက်ခန်းဆီကို ပြောင်းလိုက်တဲ့အတွက် နေရင်းထိုင်ရင်း ငွေပိုထွက်လာလို့သာ အလုပ်ထဲ ထည့်လိုက်တာ ဖြစ်ပါသည်။

ဟိုမှာ မြေပိုရယ် ခြံရယ် မရှိပေမဲ့ ပေအစိတ် ပေ ခြောက်ဆယ်ပြည့် စမ်းချောင်းထဲက နှစ်ထပ်တိုက် သန့်သန့်လေး မျိုးဟာ ဝယ်ချင်သူ များပါသည်။ နေသားကျနေပါလျက် တမင် ရောင်းကာ တိုက်ခန်းသန့်သန့်တစ်ခုဆီ ပြောင်းလာဖြစ်ခဲ့တာပါ။

မြတ်လေးထင်သည် စိတ်ကျဉ်းကျပ်နေမိပါသည်။ ဘာမှ မသိသော ဒီမိသားစုကလည်း မြတ်လေးထင်ကို သူတို့ သမီးငယ်ရဲ့ ချစ်သူအဖြစ် အရင်တိုင်း တရင်းတနှီး ပြောဆိုနေကြ မြဲ။ ပိတုန်းရောင်ကို မျက်နှာချင်း ဆိုင်ပါလျက် မခေါ်ဘဲနေလို့ မျက်နှာလွှဲလို့ ရနိုင်ပါသည်။ ပိတုန်းရောင်ရဲ့ မိသားစုကိုတော့ ဤသို့ လုပ်ဖို့ခက်သည်။





သူ လေးစားခင်မင်သော ဤမိသားစုကို ခပ်စိမ်းစိမ်း ရိုင်းရိုင်း လုပ်ဖို့ရာ သူ အားနာသည်။ ရှေ့လျှောက် သူ့အတွက် အကျဉ်းအကျပ်ပဲ။

"ဟဲ့ ... ပိပိ တစ်ယောက် ဘယ်ရောက်နေလဲ"

"အိမ်သာထဲက ထွက်မလာသေးဘူး ထင်တယ်"

မြစိမ်းရောင်ရဲ့ မှတ်ချက်ကို ဒေါ်ရီက ဖြည့်စွက်၍...

"ရေပါဆက်ချိုးနေတယ် အစ်မ"

"ဟင် ... ဒီကောင်မလေးဟာ မပြောမဆိုနဲ့၊ ဒီမှာ ရှင်းလင်းတာတွေဖြင့် မပြီးသေးဘဲနဲ့ ရေပြေးချိုးနေပြီ"

ဒေါ်နုနွယ် စိတ်ထဲမှာတော့ ပိတုန်းနှင့် မြတ်လေးထင်တို့ တမင်တကာ နီးနီးနားနား ဖြစ်အောင် တိုင်ပင်၍ အပေါ်ထပ်ခန်းကို မြတ်လေးထင် လိုက်ဝယ်သည်ပဲ ထင်နေပါသည်။ ဒါကို မသိချင်ယောင်ဆောင်ဖို့ ပိတုန်း ပုန်းလျှိုးနေတာပဲဟု ယူဆသည်။

"သားရေ ... ကိုလေး၊ အန်တီတို့က တနင်္ဂနွေနေ့ အိမ်တက်နော်၊ ဒံပေါက်ထမင်းဖြစ်ဖြစ် ထောပတ်ထမင်းဖြစ်ဖြစ် တစ်ခုခု ကျွေးဖြစ်မယ်၊ သားအမေကိုတော့ နောက်မှ လာဖိတ်ဦးမယ်၊ ဘာပဲဖြစ်ဖြစ် ရပ်ကွက်အသစ်ထဲမှာ လူရင်းတွေ နီးနီးနေရတာ အားရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ အန်တီ"

"သားတို့ရော အိမ်တက် လုပ်ဖြစ်မလား"

"မေမေက သိပ်နေမကောင်းတော့ ကျွန်တော်တော့ အိမ်တက်မလုပ်ဖြစ်တော့ဘူးလားလို့ အန်တီ"

ဦးနေရောင်က ဝင်ကာ ...

"အေးပေါ့ ... မလုပ်လည်း ရတာပဲဟာ၊ ဒါတွေက အပိုပါ၊ အိမ်ကောင်းပေါ် လူကောင်းတက်ရင် အလိုလို မင်္ဂလာရှိပြီးသားပဲ၊ သားအမိနှစ်ယောက်တည်းက ကသီလင်တဖြစ်ပါတယ်၊ မလုပ်ပါနဲ့"

"ဟုတ်ကဲ့"

"သားအမေက ဘာရောဂါ ဖြစ်လို့လဲ ကိုလေး"

"မေမေက စုံနေတာပါပဲ၊ တီဘီဆန်ဆန်လည်း ဖြစ်နေတယ် အန်တီ၊ လူကလည်း နဂိုက ခပ်ပိန်ပိန် သွေးအားနည်းနည်းရယ်၊ အအိပ်အစားလည်း ပျက်တော့ ပိုဆိုးတာပေါ့၊ ပရက်ရှာလည်း ကျတတ်တယ်၊ ချူချာနေတာပါပဲ အန်တီ"

"တီဘီဆန်ဆန်ဆိုတော့ တီဘီဆေးတွေရော သောက်နေရလား"





"ဟုတ်ကဲ့ ... အဲဒီအတွက် မေမေ ကိုယ်တိုင်ကလည်း သူ့အားငယ်စိတ်နဲ့သူ ဘယ်မှ သိပ်မသွားဘူး အန်တီ၊ အလှူမင်္ဂလာတွေလည်း ရှောင်တယ်၊ လူကြားထဲ သိပ်မသွားဘူး"

"အို ... ကိစ္စမရှိပါဘူး၊ တီဘီဆိုတာ ခုခေတ်ကြီးထဲမှာ စနစ်တကျ ကုသနေထိုင် စားသောက်ရင် ပျောက်တဲ့ရောဂါပဲဟာ၊ ဘာမှလဲ ကြောက်စရာ စိုးရိမ်စရာမရှိဘူး၊ နေတတ်ထိုင်တတ်ရင် ဘေးလူလည်း တော်ရုံမကူးပါဘူး"

"အေးကွ ...၊ ဒီအတွက်တော့ အန်ကယ်တို့မိသားစုနဲ့ ပတ်သက်ပြီး အားနာစရာ မလာရဲ မဝင်ထွက်ရဲစရာ မရှိဘူးနော် မြတ်လေးထင်၊ အမေကိုလည်း အားပေးပါ"

"ဟုတ်ကဲ့ပါ အန်ကယ်"

မြတ်လေးထင်သည် ဦးနေရောင်နှင့် ဒေါ်နုနွယ်တို့ စကားများကြောင့် ဝမ်းနည်းဝမ်းသာသလို ရင်ထဲ သိမ့်သိမ့်ရှိန်းရှိန်း ဖြစ်မိပါသည်။ ဒီမိသားစုဟာ စိတ်ထားမြင့်မြတ် ကောင်းမွန်ကြတဲ့ မိသားစုမှန်း သူ သိပြီးသားပါ။

ဒီလို သူ ကိုယ်တိုင်က လေးစားအားကျတဲ့ မိသားစုထဲ ဝင်ရောက်ရမည့် အခြေအနေကနေ သူကိုယ်တိုင်ပဲ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဆုတ်နုတ်ထွက်ခဲ့တာပါ။ အဲသလို နုတ်ထွက်မိတဲ့ အတွက်လည်း သူဟာ ခုထိတိုင် ခံစားရဆဲပါ။ ခံစားရလည်းပဲ ခံစားရပါစေလေ။ သူ့ကောင်းမည်ထင်ရာကို သူ့ဘာသာ ဆုံးဖြတ်လုပ်ကိုင်ခဲ့တာပဲ။

သူ မှားတယ်လို့လည်း သူ မထင်ပါ။ သူ နောင်တလည်း မရပါ။ ပိတုန်းကို အမြဲမပြတ် အနီးကပ် ရင်ဆိုင်ဆုံတွေ့နေရမှာကိုပဲ ရင်နာမိပါသည်။





## ၃

"မေမေရေ ... ပိသွားတော့မယ်"

အိမ်ရှေ့တံခါးမကြီးကို ဖွင့်ဟထားပြီးမှ တံခါးဝမှာ ရပ်ကာ ကြိုးသိုင်းခေါက်ဖိနပ်ကို ကြိုးငုံ့တပ်နေရင်း မေမေ့ကို လှမ်းအော်နှုတ်ဆက်လိုက်ပါသည်။

အခုအိမ်သစ်ကနေ ပိတုန်း အလုပ်ဆင်းရသောဘက်ကို ဘတ်စ်ကားတစ်မှတ်တိုင်စာပဲ ရှိပါသည်။ ဒါကြောင့် ပိတုန်းက ညနေအပြန်ခေါက်သာ ဖယ်ရီစီးပါတော့သည်။ မနက်ကိုတော့ ဖယ်ရီကစော၍ ကိုယ့်ဟာကိုယ်သာ သွားတော့သည်။ လမ်းလျှောက်ချင်တဲ့အခါလျှောက် ဘတ်စ်ကားတစ်မှတ်တိုင် စီးလျှင်လည်းစီးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မမကလည်း သူ့ကျောင်းကို ဖယ်ရီနှင့် သွားသူမို့ အစောကြီးကတည်းက ထွက်သွားပြီ။ ဖေဖေလည်း ရုံးကပေးသော ကားနှင့် ရုံးသွားပြီ။ အိမ်မှာ လီမိတက်ဖင်လုံးကားဘစ်စီးရှိကာ ပိတုန်းတို့ ညီအစ်မနှစ်ယောက်လည်း မောင်းနိုင်ပေမဲ့ တော်တန်ရုံ လမ်း ကားယူမသွားဖြစ်ပါ။

"အေး ... အေး၊ နိမ်းမ်ပလိတ် ပါပြီလား ... မေ့ဦးမယ်"

"ပါပါပြီ မေမေ"

လှမ်းဖြေရင်း လှေကားမှ ခြေသံကြား၍ ခါးကိုင်းရာမှ ခေါင်းကိုမော့ပြီး စူးစမ်းကြည့်လိုက်မိပါသည်။ လှေကားမှ တက်လာသော မိန်းကလေးကလည်း ပိတုန်းကိုမြင်၍ အမှတ်တမဲ့ တစ်ချက်လှမ်းကြည့်သည်။

ဖြူဝင်းသွယ်လျသော အဆင်းသဏ္ဌာန်လေးက ကြည်စင်နေကာ ဆံပင်ရှည် ဖြောင့်ဖြောင့်လေးကလည်း ယဉ်ကျေးလှသည်။ သူမလက်ထဲ ကိုင်လာသော ဘူးပြားသည် မြင်သည်နှင့် ပီဇာဘူးမှန်း သိသာသည်။

ပီဇာ။ မြတ်လေးထင် ကြိုက်တဲ့ ပီဇာလေ။

သူမက ဖြတ်ကျော် ဆက်တက်သွားသော်လည်း ပိတုန်းက ခါးကို ဖြည်းဖြည်းချင်းဆန့်ကာ သူမနောက်ကျောကို





ငေးကြည့်နေလိုက်မိပါသေးသည်။ သူမက ကိုယ့်ကိုမသိပေမဲ့ ကိုယ်ကတော့ သူမကို သိတာကိုး။

မြတ်လေးထင်နဲ့ ခုတစ်လော သိပ်တွဲတဲ့ ဒေါက်တာ သွယ် ဆိုတာကို ကြားဖူးဖူးချင်းပင် မြင်ဖူးအောင် တကူးတက ချောင်းလိုက်ကြည့်ခဲ့ရတာ။ ကိုယ်လိုက်ကြည့်ခဲ့ရတာ သူမကတော့ ဘယ်သိမလဲ။ သူမရဲ့ နေမြဲတိုင်းပဲ ရှိနေတာပေါ့။

ပိတုန်းသာလျှင် ဒေါက်တာသွယ့်ကို မြင်တော့ ...နဲ့ ဖြစ်ရသည်။ ရှင်းသန့်သွယ်လျပြီး ကျက်သရေရှိနေတဲ့ ...ပုံစံလေးက သူမတွဲနေတဲ့လူမှာ ရည်းစားရှိမှန်း သိပုံမရပါဘူး။ ...န်းရဲ့ ရည်းစားကို သိသိနှင့် လုယူခဲ့သူလည်း မဟုတ်ပါ

...

ကရားခံက ဆရာဝန်မလေး မဟုတ်ပါ။ မြတ်လေး ...သာ။ ပိတုန်း သည် ကြောင်တက်တက် ဆက်ရပ်နေမိသည်။ ...ထဲမှာလည်း အောင့်၍နာလာပါသည်။ ဒီဒုက္ခကို အကြိမ်ကြိမ် ...နေရတော့မှာပဲ။

တံခါးခေါက်သံ တံခါးဖွင့်သံတို့ဟာ လှေကားအတိုင်း ...က်သို့ ဆင်းသက်လွင့်ပျံ့လာသည်။ အသံလွင်လွင်ကလေး

...



www.burmeseclassic.com

www.burmeseclassic.com



"ခုထိ ဘဲလ်မတပ်ရသေးဘူးလား ကိုလေးရဲ့"

ကိုလေး ဆိုတာ သူ့မေမေက သူ့ကိုခေါ်တဲ့ အမည် လို့ သိခဲ့ရ၍ ပိတုန်းကလည်း သူ့ကို ကိုလေးလို့ ခေါ်ခဲ့ပါသည် ခုတော့ ဒေါက်တာသွယ်ကလည်းပဲ ကိုလေးတဲ့။ သူတို့ ဘယ်တု ကမှ စတွေ့ကြလို့လဲ၊ ဘယ်လောက်များ ရင်းနှီးလို့လဲ။

ပိတုန်းထက် အရင်တွေ့ရင် မြတ်လေးထင်ဟ ပိတုန်းကို လာချစ်ရေးဆိုစရာ ဘာရှိလဲ။ ပိတုန်းရဲ့နောက် တွေ့ကြလို့သာပေါ့။ အဲဒီနောက်လူကလည်း ကိုလေးပဲတဲ့။ ပိတု သည် ဝမ်းနည်းမျက်ရည်လည်လာပါသည်။

မုန်းပါမည် ဆိုနေမှ သဝန်တို မနာလိုမှုတွေ ဘာကြောင့် ရှိနေရသေးတာလဲ။ ကိုယ့်အနေအထားက သဝန် နေရမည့် အနေအထား မဟုတ်။

"ပိပိ သံသယဝင်နေတာ ဟုတ်တယ်၊ ကိုယ်နဲ့ ဒေါက်တ သွယ် မရိုးသားဘူး၊ ကိုယ်တို့ ချစ်နေတယ်၊ ကိုယ်ဝ တယ်၊ ပိပိ ကိုယ့်ကို မေ့လိုက်တော့၊ ပိပိ ဘဝလမ်းကြော ပေါ်က ရှင်းထုတ်လိုက်တော့"

အဲဒီလိုကြီးကို မြတ်လွေးထင်က အတိအလ ပြောလိုက်ပြီးပြီ။ ချစ်သူက မေ့လိုက်တော့ ဘဝထဲက ထုတ်လို





တော့ ဆိုတာကို ဘာမှ ပြန်ပြောစရာစကား မရှိဘဲ အောင့်သက် သက်ကြီး အတောင့်လိုက် ငြိမ်သက်ခံယူလိုက်ရတဲ့ ဘဝက ရှက်ဖို့ နာဖို့ ကောင်းလှသည်။

ဘာပြန်ပြောလို့ကော ရဦးမှာလဲ။ သူ့ကိုမေ့လိုက် တော့ သူ့ကို မချစ်နဲ့တော့ဆိုမှ ကိုယ်က ဇွတ်လိုက်ချစ်နေလို့ကော ရဦးမလား။ ဒီလောက် နာကျင်ဖို့ ကောင်းပါလျက် ဘာကြောင့် များ သူ့ကို တခြားမိန်းမတစ်ယောက်နှင့် ဆက်လက်သဝန်တိုနေ မိပါသေးလိမ့်။

သူ့ဆီ နံနက်စောစောကြီးမှာ သူကြိုက်တဲ့ ပီ**စာတစ် ဘူးနှင့်** ရောက်လာတဲ့ မိန်းမလှ **သူ့ချစ်သူသစ်ကို ရင်ထဲက** အသည်းအသန် သဝန်တိုတာကတော့ ... ကိုယ့်ကိုယ်ကိုယ် ဘယ် လိုမှ လှည့်ဖြားလိမ်ညာလို့ မရပါ။

"အန်တီရော ကိုလေး"

"ရှိတယ် ... မသွယ်၊ လာလေ ... ဝင်"

"ရော့ ... ဒါကို ကိုလေး ကိုင်လိုက်"

"ဟုတ်သားပဲ ပေး ... ပေး၊ ဖိနပ် အထဲမှာချွတ် မသွယ်"

"နေဦး ... ခြေသုတ်ဖုန်မှာ သုတ်လိုက်ဦးမယ်"

"ရတယ် ... ဒီတိုင်း ဝင်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို ... ဘယ်ဖြစ်မလဲ၊ ကိုလေးတို့ ကြမ်းတွေက ဒီလောက် သန့်ပြီး တောက်ပြောင်နေတာ၊ ချစ်စရာလေးနော် ... အခန်းလေးက ..."

"အင်း ..."

"ကိုလေး ညက အိပ်ပျော်ရဲ့လား ... မျက်နှာနည်းနည်း ချောင်နေလားလို့"

ပိတုန်းက ရုပ်ဆိုးအောင် မဲ့ရွဲ့လိုက်မိပါသည်။ ဆရာဝန်ပီပီ မျက်နှာချောင်တာကို သတိထားမိကာ အရေးလုပ်နေပြန်ပြီ။

"အိပ်ပါတယ်"

"လာ ... အန်တီရယ် ... ကိုလေးရယ် ... သွယ်ရယ် ... ဘရိတ်ဖတ်စ် တူတူစားမယ်"

အသံတွေက အတွင်းဘက် ဝင်သွားပြီး ဂျိမ်းခနဲ တံခါးပိတ်သံ ထွက်လာသည်။ ပိတုန်းသည် ရင်ထဲအောင့်နာကာ မခံမရပ်နိုင်အောင် အခံရ ခက်နေပါသည်။

ပိတုန်းကို ဂုဏ်လျော့တယ် ဆိုပြီး သူ့အိမ်ကို မခေါ်ဘူးဆိုတဲ့ မြတ်လေးထင်က သူ့ရည်းစားသစ် ဒေါက်တာသွယ် ကိုတော့ အိမ်ကို ချက်ချင်းပဲ ခေါ်ပါလား။ ဂုဏ်လျော့ချင် လျော့





ပစေရဲ့ယ်လို့လား။ ဒါမှမဟုတ် ပိတုန်းနဲ့တုန်းက အိမ်မခေါ်ချင် အမေနဲ့ မိတ်ဆက်မပေးချင်တာနဲ့ပဲ လှည့်ပတ်ပြောခဲ့တာလား။

ခုတော့ဖြင့် ဒေါက်တာသွယ် ဆိုတဲ့ အမျိုးသမီးဟာ သူ့အမေနှင့်တောင်မှ တရင်းတနှီးပါလား။ "မသွယ်"တဲ့။ ဟုတ်ပါသည်။ ပိတုန်း စ,မြင်ဖူးကတည်းကလည်း ကိုလေးထက် ကြီးလိမ့်မည်လို့ ခန့်မှန်းမိပါသည်။ နုနယ်သွယ်လျနေပေမဲ့ သူ့မျက်နှာရဲ့ ရင့်ကျက်မှုက မငယ်လှတာ သိသာသည်။

မြတ်လေးထင် အသက်က နှစ်ဆယ့်ငါးနှစ် ဆိုတော့ ဒီဆရာဝန်မဟာ သူ့ထက် အနည်းဆုံး နှစ်နှစ်လောက်တော့ ကြီးမှာပင်။ နှစ်ဆယ့်ခုနစ်နှစ် နှစ်ဆယ့်ရှစ်နှစ် ပတ်ဝန်းကျင်မှာရှိမည်။ မမြစိမ်းရောင်ထက်တော့ ငယ်လိမ့်မည် ထင်သည်။

"ဟဲ့ ... ပိပိ ... မသွားသေးဘူးလား၊ အသံတိတ်နေတော့ ထွက်သွားပြီ ထင်တာ၊ တံခါးပိတ်သံ မကြားလို့ တံခါးများ ဟောင်းလောင်းထားခဲ့လားလို့ ထွက်ကြည့်တာ"

ပိတုန်းက ပျက်နေသော မျက်နှာကို ပြင်ရသည်။

"ဘာဖြစ်လို့လဲ သမီးလေး"

"ဒီကြိုးသိုင်းဖိနပ်စီးပြီးမှ နေ့နိုင် မနေနိုင် ခဏနေကြည့်နေတာ မေမေ၊ ခြေကျင်းဝတ် နာမလားလို့"



www.burmeseclassic.com

www.burmeseclassic.com



“ချော် ... ဘာများလဲလို့ နာမယ် ထင်ရင် စီးမသွားနဲ့လေ၊ တစ်နေကုန် နေရမှာ၊ ရုံးကျမှ နာနေရင် ခက်မယ်”

“ရပါတယ် ... သိပ်နာမဲ့ပုံ မပေါ်ပါဘူး၊ စီးသွားတော့မယ်”

ပိတုန်းက အိမ်ထဲက ထွက်လာခဲ့လိုက်ပါသည်။ မဖြစ်သေးဘူး။ ဒီတိုင်း မဖြစ်သေးဘူး။ ခုတောင် သူတို့ရဲ့သာယာကြည်နူးသံတွေကို ပိတုန်း နားနဲ့ဆတ်ဆတ် ကြားလိုက်ရပြီ။ နောင်ကို ဖေဖေတို့ မေမေတို့ မမတို့ ဒေါ်ရီတို့လည်း တစ်ယောက်မဟုတ် တစ်ယောက် ကြားကို ကြားဦးမှာ။

အပေါ်ထပ်မှာ ကိုလေး ဆိုတာသိထားတာမို့ **အပေါ်ထပ်က** စကားသံကြားရင် အလိုလို **နားစွင့်မိကြမှာက မလွဲပါ။** ပြတ်နေကြပါသည်ဆိုတာ မသိသ၍ ပိတုန်းမိသားစုဟာ ကိုလေးကို အရေးတယူ လုပ်နေကြမှာပင်။

မမကတော့ မနေ့ကပဲ ပြောပါသည်။

“နင်တို့ သမီးရည်းစား နှစ်ယောက်ကလည်း ဣန္ဒြေရလိုက်တာ၊ ချီးကျူးရမလိုတောင် ဖြစ်နေပြီ၊ ဒီလောက် အပေါ်ထပ် အောက်ထပ် ကပ်နေတာ၊ နင်က အပေါ်မသွားတာထားပါတော့၊ သူကလည်း အောက်ထပ်ဆင်းမလာဘူးတော့၊ ဖေဖေတို့ကို အားနာလို့ ထင်တယ်”





ပိတုန်းက ...

“မလာမှ အေးတယ်”

တုံးတိတိ ပြောမိသည်။

“ဟဲ့ ... စိတ်ကောက်နေသလား၊ ဘာဖြစ်ထားလဲ၊ ဒါကြောင့်အနည်းငယ် အေးစက်နေကြတယ်တော့ အထင်သား”

“မလာတာပဲ ကောင်းတယ်၊ မလာလည်း အေးတာပဲ”

ဒီလောက်ပဲ ပြောရဲသေး၍ ဒီလောက်ပဲ ပြောထား... သည်။ ပြီးတော့ မမကိုမို့လည်း ဒီလောက်ထိ ပြောထွက်တာ။ ...ထူးသဖြင့် ဖေဖေ့ကို ရည်းစားက သစ္စာဖောက်ခံရ၍ ပြတ်ရ...ကြောင်း ပြောဖို့ ရှက်လှသည်။

ဒါပေမဲ့ မပြောမဖြစ် ပြောရတော့မှာပါ။ ကိုယ့်သမီး...ပေါ် သစ္စာမဲ့ခဲ့တဲ့သူကို အကြောင်းမသိဘဲ ဖေဖေ မေမေတို့...ရေးတယူ ခေါ်ပြောဆက်ဆံနေမိမှ ဖေဖေတို့အတွက် အောက်...သည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးထင် ရုံးက ပြန်ရောက်လာချိန်တွင် အိမ်
တွင် အန်တီကြည်နှင့် မသွယ်တို့ သားအမိ ရောက်နေတာ တွေ့
ရပါသည်။ မေမေသည်လည်း သူ့သူငယ်ချင်းနှင့် တွေ့ဆုံ
စကားပြောရ၍ မျက်နှာကြည်လင် လန်းဆန်းနေသည်။

"အန်တီကြည်တို့ ဘယ်တုန်းကတည်းက ရောက်နေကြလဲ"

"နေ့လယ်က ထွက်လာလိုက်တာ ကိုလေးရေ၊ ဒီအိမ်သ
ကိုလည်း အန်တီကြည် မရောက်ဖူးသေးဘူးမို့လား"

"လေးထပ်တောင် တက်ရတာ၊ အန်တီကြည် အာသရိုက်
တစ်စစ်နဲ့ ကိုက်ခဲနေပါဦးမယ်"

"အာသရိုက်တစ်စစ်ကလည်း အာသရိုက်တစ်စစ်ပေါ့၊ ခင့်ဆ
လည်း ရောက်ချင်သေးတာပဲ၊ အန်တီဆိုလည်း တစ်နေ့
တစ်နေ့ နေ့လယ်နေ့ခင်း အိမ်မှာပျင်းနေတာ၊ ကိုယ်ချင်း
စာတယ်၊ ခင်လည်း ပျင်းမှာပဲလို့"

"မသွယ် ဒီနေ့ ဆေးရုံမရှိဘူးလား"





"ဒီနေ့ နိုက်ဂျူတီ ကိုလေး၊ ခုနစ်နာရီလောက်မှပဲ ဆေးရုံ သွားရမှာ"

မြတ်လေးထင်က သူ့အိတ်ကို အခန်းထဲ ဝင်ထားပြီး ပြန်ထွက်လာကာ ပြုံးစိစိနှင့် ...

"မေမေ ... ဧည့်သည်တွေကို ဘာများ ဧည့်ခံကျွေးမွေးလဲ"

"ဧည့်သည်မှ မဟုတ်တာကွယ်၊ နေ့လယ်က လက်ဖက်သုပ်ပြီး ထမင်းနဲ့စားကြတယ်၊ ကော်ဖီသောက်တယ်"

မေမေက ပြုံး၍ ...

"သွယ့်လက်ရာတွေလေ၊ ညနေစာ ထမင်းပေါင်းအိုးတောင် သွယ်ပဲ ဆန်ဆေးပလပ်တပ် ချက်လိုက်တယ်"

"ဟင်းတောင် ညစာပါ ရှိနေလို့သာ၊ နို့မို့ သွယ်က ကိုလေးတို့ သားအမိကို လက်စွမ်းပြ ချက်သွားပေးချင်သေးတာ၊ ဟင်း ဟင်း၊ အိမ်မှာဆို သွယ်ချက်ရင် ဖေဖေ ထမင်းတစ်ပန်းကန်ပဲ စားတော့တယ် ကိုလေးရဲ့"

သွယ့် စကားကို ရယ်မောကြပါသည်။

မြတ်လေးထင်က ဧည့်ခန်းက သူတို့စကားဝိုင်းမှာပဲ မေမေ့ နံဘေး ဝင်ထိုင်သည်။ မျက်နှာချင်းဆိုင်မှ အန်တီကြည်



www.burmeseclassic.com

သည် မေမေ့ ငယ်သူငယ်ချင်းမပမဲ့ မေမေ့ထက် နှစ်နှစ်ကြီးသည်။ လေးဆယ့်ခုနစ်။

လေးဆယ့်ခုနစ်ပေမဲ့ ဖြူဖြူဝဝကာ နုပျိုအရွယ်တင်လှသည်။ မေမေ့ထက်လည်း စောအိမ်ထောင်ကျခဲ့၍ မသွယ် နှစ်နှစ်သမီးနီးပါးရှိမှ မေမေက အိမ်ထောင်ကျပါသည်။ မေမေက မြတ်လေးထင်ကို မွေးလာတော့ သားရှူးရှူးသော အန်တီကြည်ဟာ မြတ်လေးထင်ကို အင်မတန် ချစ်ခဲ့ပါသည်။

အန်တီကြည်က ငယ်ကတည်းက နှလုံးအားမကောင်းလှ၍ ဆရာဝန်က ကလေးထပ်မမွေးဖြစ်ဖို့ တိုက်တွန်းခဲ့တော့ မသွယ်သည် တစ်ဦးတည်းသောသမီး ဖြစ်ခဲ့ပါသည်။ မေမေကလည်း မြတ်လေးထင်ကို မွေးပြီးတဲ့နောက် ဖေဖေက သဘောသားမို့ ခရီးထွက်နေရတာများသဖြင့် တစ်ကိုယ်တည်းကျန်ရစ်ရသူဖြစ်ရာ နောက်ထပ် ကလေးထပ်မယူဖြစ်ပါ။

မသွယ် ငါးတန်းရောက်သည့်နှစ်မှာ အန်တီကြည်တို့ မိသားစု၊ အန်ကယ့် အလုပ်တာဝန်ကျရာမြို့ကို ပြောင်းရွှေ့သွားကြပါသည်။ အဲဒီမှာ ကွဲကွာနေခဲ့ကြပြီး မသွယ် ရန်ကုန်မှာ ဆေးတက္ကသိုလ် လာတက်တော့ အန်တီကြည်တို့ ပါမလာသေးပါ။





မသွယ်က အဆောင်မှာနေသည်။ မေမေက အမျိုးစုံချက်ပြုတ်ကြော်လှော် ပို့သည်။ တစ်ခါတစ်ရံ မြတ်လေးထင်သွားပို့ပေးရပါသည်။ မသွယ် နောက်ဆုံးနှစ် အပိုင်း(ခ)ရောက်မှ အန်တီကြည်တို့ ရန်ကုန်ပြန်၍ ပြောင်းရွှေ့လာကြသည်။

အဲဒီတော့မှ နှစ်အိမ်တစ်အိမ် ဒီက ဟိုကိုသွား၊ ဟိုကဒီကိုလာ ပြန်၍လည်ပတ်ဝင်ထွက် ဖြစ်ကြပါသည်။ အန်တီကြည်ဟာ သူ့ကို အကြာကြီး ကွဲကွာပြီးမှ ပြန်တွေ့လည်း သားသို့ ချစ်နေဆဲပင်။ သူက သမီးရှင်ဘက်က ဖြစ်ပါလျက် မြတ်လေးထင်ကို သမက်လေးလို့ ပြောင်ရစ,ရ မေမေ့ထံ တောင်းရမ်းချင့် စကားကြောင်းလို့ မဆုံး။

အန်တီကြည် ဤသို့ စ,လျှင် သူရော မသွယ်ပါ မျက်နှာတွေ ထားရခက်ကာ ရှက်နီးရပါသည်။ သူတို့ချင်း ခင်ခင်ရင်းနှီးမှုက ရိုးရိုးအေးအေးပင်။ အန်တီကြည်ကတော့ တကယ့်ကို စိတ်ထဲဝမ်းထဲ သူ့ကို သမက်အဖြစ် လိုလားတာ ဆိုတာ မြတ်လေးထင် သိသည်။

နဂိုက မေမေ့သူငယ်ချင်းအဖြစ် ခပ်အေးအေးသာ ခင်မင်စိတ် ရှိခဲ့သော မြတ်လေးထင်သည် မေမေ တရှောင်ရှောင် စ,မကျန်းမာကတည်းက ဆွေလိုမျိုးလို ဖေးမပြုစုကြသော သူတို့



www.burmeseclassic.com

www.burmeseclassic.com



သားအမိကို အလွန်ကျေးဇူးတင်ရင်း ဆွေမျိုးလို ရင်းနှီးအားကိုး
ပိုခဲ့ရပါသည်။

မေမေ့ ကျန်းမာရေးကိစ္စနှင့် ပတ်သက်၍ မသွယ်
သည် သူ့မိခင်ရင်းပမာ ကိုယ်ဖိရင်ဖိ ကူညီစောင့်ရှောက်ခဲ့ပါသည်။
မသွယ်ပဲ ဦးဆောင်စီမံညွှန်ကြားကာ မသွယ် ပြောသော ဆရာဝ
ကြီးတို့နှင့် ပြရ စစ်ဆေးရပါသည်။ အစကနေအဆုံး ... အ
ထိ။

ဤကျေးဇူးတွေကို သူ ဘယ်တော့မှ မမေ့တော့ပါ။
ပြောပြနိုင်တာထက် ပိုသော ကျေးဇူးမျိုး မသွယ် အပေါ်ရော
အန်တီကြည် အပေါ်ပါ အထူးထားရှိမိသည်။

ခုတော့ သူသည် အန်တီကြည် ကျေနပ်ကြည်နူး
စိတ်ချမ်းသာအောင် မသွယ်ကို အရင်ကထက် ရင်းနှီးချစ်ခင်စွာ
ဆက်ဆံပါသည်။ တခြားကျေးဇူးဆပ်စရာနည်းလမ်း သူ စဉ်းစာ
မရပါ။ သူတို့သားအမိကို သူ့ဘက်မှ အဆုံးစွန် ပေးဆပ်နိုင်သည်
မှာ ဤတစ်ခုပင်။

မသွယ်ကလည်း သူ့အပေါ် သံယောဇဉ်ကြီးသည်
ရယ်လို့ သူ ရိပ်မိပါသည်။ သူ့ရဲ့နေထိုင်ဆက်ဆံမှုတွေ ပုံစံပြောင်
လာတဲ့အတွက် အန်တီကြည် အထူးကျေနပ် ကြည်နူးနေတာ





တွေ့ရတဲ့အခါ သူ ကျေနပ်သည်။ သူ့အမူအရာ ပြောင်းလဲမှုကို
မသွယ်လည်း သိပါသည်။

မသွယ်လည်း နှစ်သိမ့်ကျေနပ်သည်ဟု သူ ထင်ပါ
သည်။ သူ့အမေ အပေါ် ဘာမျှော်ကိုးမှုမှ မရှိဘဲ အတိုင်းထက်
အလွန် အကောင်းလွန်နေတဲ့ မိန်းမတစ်ယောက်ကို သူ လက်ထပ်
ရလို့ သူ့မှာ ဘာမှ မကျေနပ်စရာ မရှိလို့ ထင်သည်။

တစ်ခုတော့ ရှိတာပေါ့လေ။

ပိပိ ...။

ပိပိ ဆိုတာကတော့ သူ အင်မတန်မှကို မြတ်နိုး
အန်ပိုးထားရသော တရှိုက်မက်မက် ချစ်ရသော ချစ်သူက
လေးပါ။ ပိပိကို သူ အင်မတန် ချစ်လှပါသည်။ သို့ပေမဲ့ သူနှင့်
မဖြစ်နိုင်ဘူး ဆိုတာကိုလည်း သူ ဆင်ခြင် သုံးသပ်ပြီးပါ
ပြီ။

ပိပိတို့ မိသားစု အသိုင်းအဝိုင်း ပုံစံကို သူ အသိ
ပြီ။ စောစီးစွာ နောက်ဆုတ် ရှောင်ဖယ်ထားလိုက်တာက သူ့
အတွက် အကောင်းဆုံး ဖြစ်ပါမည်။

"သား အဝတ်လဲလေ ... ကိုလေး"

"မလဲတော့ဘူး အန်တီကြည် ... ငါးနာရီတောင် ကျော်ပြီ၊



www.burmeseclassic.com

www.burmeseclassic.com



မသွယ် ခုနစ်နာရီ ဆေးရုံသွားရမှာနဲ့၊ အန်တီကြည်တို့ကို ကျွန်တော် ပြန်ပို့မလို့”

“ဟာ ... မပို့ပါနဲ့ သားရယ်၊ ခုပဲ အလုပ်က ပင်ပင်ပန်းပန်း ပြန်လာတာ”

“ဟုတ်တယ် ကိုလေး၊ ကားငှားပြန်လိုက်မှာ၊ အလာတုန်းကလည်း ကားငှားလာတာပါ၊ ဒီနားက တက္ကစီတွေလည်း ပေါတယ်၊ ငှားရလွယ်တယ်”

“ဘာလို့ငှားရမှာလဲ၊ ကျွန်တော် ပြန်ပို့မှာ”

“အန်တီကြည်တို့ကို အားမနာနဲ့သား၊ နားပါ၊ မမေ့နား ပဲနေ”

“ရပါတယ် အန်တီကြည်ရ၊ မေမေ့ ထားခဲ့မှာပေါ့၊ ခ… ဟာ၊ ကျွန်တော် အလုပ်သွားရင်တောင် တစ်နေ့ကုန် တ… ယောက်တည်း ကျန်ရစ်ရတာပဲ၊ ပြီးတော့ မေမေ… ကောင်းနေပါတယ်၊ အားလုံး လုပ်နိုင်တယ်၊ အိမ်ပြော… ကာစက အဝတ်တွေတောင် လျှော်နေတာ၊ ခုတော့ အဝတ်လျှော် ကုလားမ ငှားလို့ရပြီ”

“အိမ်ဖော်တစ်ယောက်လောက် ခေါ်ထားပါလား ခ… ရယ်”





“တော်ပါပြီ ကြည်ရယ်၊ လူကြီးခေါ်လည်း သူက ကိုယ့်ထက်မောနေမယ်၊ လူငယ်ဆိုလည်း စိတ်တိုင်းမကျ၊ သားလူပျိုနဲ့ အနေအထိုင်မတတ်တဲ့ ကလေးမမျိုးရရင် စိတ်ရှုပ်ရ ပြောရဦးမယ်၊ ပြီးတော့ လူပိုလူစိမ်းကလည်း ခင့် ကရိကထ၊ ခင့် ကျန်းမာရေး၊ ခင့်သည်းညည်းကို ခံနိုင်ဖို့ ...၊ ခင်ကလည်း မခိုင်းချင်ပါဘူးကွယ်”

“မေမေက တိုက်တွန်းလို့ မရတော့ ကျွန်တော်လည်း မခေါ်ခိုင်းတော့တာ၊ ဟုတ်တော့လည်း ဟုတ်ပါတယ်၊ လူပိုရှိနေတော့ ရှုပ်ပါတယ်”

“မနက်ဆို ကိုလေးပဲ ချက်တယ် ကြည်ရဲ့”

“တော်လိုက်တာ”

မသွယ်က ပြုံးပြုံးလေး ချီးမွမ်းသည်။

“ကုလားမက တစ်ရက်ခြားလာပြီး လျှော်ဖွပ်မီးပူတိုက်၊ လှည်းကျင်းသန့်ရှင်းတာလေး ဆေးကြောတာလေး တိုလီမိုလီတော့ ခင် ကိုယ်တိုင်ပဲ လုပ်တယ်”

“နားနားနေနေ လုပ်ပါ ခင်ရယ်”

“လုပ်ပါတယ်၊ လုပ်နိုင်သလောက်ပဲ လုပ်တာ”

“မေမေ ... အန်တီကြည်တို့ကို ပြန်ပို့တော့မယ်၊ မသွယ် ဆေးရုံနောက်ကျနေမယ်”



www.burmeseclassic.com

www.burmeseclassic.com



"အေး ... အေး ..."

"ကိုလေးတို့ကတော့ ဇွတ်အတင်းကို ပြန်လွှတ်နေတော့တာပဲ"

အန်တီကြည် စ,တာသိ၍ မြတ်လေးထင်က ရယ်နေပါသည်။

"ကဲ ... ကဲ ... ပြန်တော့ဆိုလည်း ပြန်ပါမယ်အေ"

"မသွယ် အိမ်မှာ ရေမိုးအေးအေးဆေးဆေး ချိုးဦး၊ ဟိုမှာ ထိုင်စောင့်နေမယ်၊ ဆေးရုံပါပို့ပေးပြီးမှ ပြန်မယ်"

"ဟာ ... တော်ပါပြီ ကိုလေးရဲ့၊ အိမ်ထိပို့ရင် ရပြီ၊ ဖေဖေလည်း ပြန်ရောက်ရင် ရောက်နေမှာ"

"အန်ကယ်က နောက်ကျတတ်တာပဲဟာ၊ ပြန်ရောက်လည်း အန်ကယ် နားပါစေ၊ ကျွန်တော် ဆေးရုံထိ ပို့ပေးမယ်"

"ပို့ပစေသမီး ... ပို့ပစေ ... မငြင်းနဲ့၊ ခုမှ ငါ့သားလည်း လောကွတ်လေး ဘာလေး နည်းနည်း လုပ်တတ်လာပြီ"

"လောကွတ် မဟုတ်ပါဘူး မေမေရာ၊ အန်တီကြည်နဲ့ မသွယ်ကို ကျွန်တော် တကယ်စေတနာရှိတာပါ၊ လုပ်ပေးလို့ ရတာ ဘာမဆို လုပ်ပေးချင်တာ"





"အမယ်လေးတော် ... ကြားရတာ အရသာရှိလိုက်တာ၊ ကဲ ... ကဲ ... သွားမယ် ခင်ရေ ... နောက်မှလာဦးမယ်"

"လာတာ ကျေးဇူးပါပဲ ကြည်ရယ်၊ ပါးစပ်နဲ့ ပြောမရအောင်ပါပဲ"

"အမယ်လေး ... ဒါမျိုးတွေ ပြောစရာလား ခင်ရယ်"

"ပြောစရာပေါ့"

တံခါးဖွင့်၍ မြတ်လေးထင်နှင့် သွယ်က အရင်ဆင်းလာနှင့်ကြပါသည်။ ဒေါ်ကြည်ကြည်နှင့် ဒေါ်ခင်နှင်းဆီက တံခါးဝမှာ တိုးတိုးတိုးတိုး နှုတ်ဆက် အလွမ်းသယ်လို့ မပြီးဆုံးသေး။

လှေကားက ကျယ်တာမို့ နှစ်ယောက် ရင်ဘောင်တန်းကာ ဆင်းလာကြရင်း အောက်ထပ်အရောက်မှာ အောက်ထပ်က အိမ်တံခါးက အချိန်ကိုက်ထားသလို တိုက်တိုက်ဆိုင်ဆိုင် ပွင့်လာ၍ မြတ်လေးထင်သည် ဒိတ်ခနဲနေအောင် ရင်ခုန်လန့်ဖျပ်သွားရပါသည်။

တံခါးဝမှာ ပိပိ။ စာအုပ်အပ်မည့်ပုံနှင့် လက်ထဲတွင် စာအုပ်နှစ်အုပ် ကိုင်ကာ။ သစ်သားတံခါးမကြီးကို ဖွင့်ပြီး သံတံခါးသော့ခလောက်ကို သော့တံနှင့် ဖွင့်မလိုလုပ်ရင်း မြတ်လေးထင်နှင့် သွယ်သွယ်ကို ဖျတ်ခနဲ မြင်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းရဲ့ မျက်နှာ မည်းခနဲ ကွက်ခနဲနေအောင် ပျက်ကာ တင်းမာပုပ်သိုးသွားပြီး သော့ဖွင့်မည့်လက်ကို ရုတ်ရင်း သစ်သားကျွန်းတံခါးကို ဒုန်းခနဲ ပြန်ဆောင့်ပိတ်သွားပါသည်။

"အမယ်လေး ... လန့်လိုက်တာ"

သွယ်က အထိတ်တလန့် ရေရွတ်ကာ ...

"ဘာဖြစ်လို့လဲ မသိဘူးနော်"

"အင်း ..."

မြတ်လေးထင် စကားပင် မပြန်နိုင်ပေ။ သူ့ရင်မှာ နာကျင်ပါသည်။

"ကိုလေးနဲ့ သိလား"

"အင်း ... သိပါတယ်"

"နှစ်ခါရှိပြီ၊ သွယ်နဲ့ဆုံတာ"

"ဟုတ်လား"

"ပထမဆုံးတစ်ခါ သွယ် ပိဇာ ယူလာတဲ့နေ့ကလေ၊ အဲဒီ တုန်းကတော့ သွယ့်ကို သူ လှေကားတက်တာ လိုက်ကြည့် နေတာ၊ ဟိုတစ်နေ့က တစ်ခါကျတော့ သွယ်ကအတက် သူကအဆင်း၊ အောက်လှေကားမှာ သွယ့်ကိုမြင်တော့ မျက်နှာ တင်းပုပ်သွားပြီး ဝုန်းဒိုင်းနဲ့ အတင်းဖြတ်ဆင်း သွားတယ်"





"အဲဒီကောင်မလေးက အဲလိုပဲ"

"ဟုတ်လား၊ ခုလည်း တံခါးဆောင့်ပိတ်သွားတယ်နော်၊ သူ့ကြည့်ရတာ သွယ့်ကို နေရင်းထိုင်ရင်း အမြင်ကတ်နေ သလိုပုံစံပဲ"

မြတ်လေးထင် နှုတ်ဆိတ်၍သာ နေလိုက်သည်။ သွယ့်စကားဟာ အမှန်ပဲလေ။ ပိပိဟာ သွယ့်ကို ဘယ်လိုနည်းနဲ့ ကြည့်လို့ရနိုင်ပါ့မလဲ။ မုန်းတီးအမြင်ကတ်နေမှာက သေချာလှ သည်။

"တစ်ခုတော့ရှိတယ် ... အဟင်း ..."

"ဘာလဲ မသွယ်"

"ကိုလေးကိုများ ဒီကောင်မလေး မျက်စိကျနေလား၊ ကိုလေး အိမ်ကို လာလာနေလို့ သွယ့်ကို မကြည့်တာ ထင်တယ်"

မြတ်လေးထင်က ပြုံးရင်း ...

"ဖြစ်ရင်လည်း ဖြစ်မှာပေါ့"

"ဟုတ်တယ် ... ဖြစ်နိုင်တယ် ကိုလေးရဲ့"

သူတို့ တိုက်အောက်ရောက် ကားထဲဝင်ထိုင်ကြပြီးမှ ဒေါ်တီကြည် တလှုပ်လှုပ် ဆင်းလာသည်။ ကားပေါ်တက်ထိုင်ပြီး မှ ...



www.burmeseclassic.com

www.burmeseclassic.com



"သားအမေက အလကားနေ စိတ်အားငယ်နေတယ်၊ အန်တီတို့က သွေးသားရင်းချာ ညီအစ်မတွေလိုဟာကွယ်"

အန်တီကြည်သည် ကားပေါ်တွင် တစ်လမ်းလုံး တဖျစ်တောက်တောက် ပြောလာသည်။ မေမေ့အကြောင်း။ ဖေဖေ့အကြောင်း။ ဖေဖေ့အပေါ် မကျေနပ်စိတ် ပြင်းထန်လှသော အန်တီကြည်သည် ဖေဖေ့ကို ဝေဖန်ပြောဆိုရာတွင် မြတ်လေးထင် ကိုပင် အားမနာပါ။

"မေမေကလည်း ... အရမ်းပြောတာပဲ၊ စကားတွေက အလွန်အကျွံတွေ ... တော်ပါတော့"

"တော်နိုင်ဘူး"

"ကိုလေးက အဖေ တော်သေးတာ မေမေရဲ့၊ ကိုလေးကို အားနာဦး"

"အားမနာဘူး"

"ပြောပါစေ မမသွယ်၊ အန်တီကြည် ပြောတာထဲမှာ မမှန်တာမှ မပါဘဲ၊ ပြီးတော့ ဖေဖေ့ကို မကျေနပ်တာဟာ ကျွန်တော်တို့ သားအမိကို ချစ်လို့ဆိုတာ ကျွန်တော် သဘောပေါက်ပါတယ်"

"မင်းအဖေဆီက ဖုန်းတို့ ဘာတို့လာသေးလား"





"အိမ်မပြောင်းခင် နှစ်လ သုံးလက တစ်ကြိမ်လာပြီး မလာဘူး အန်တီကြည်"

"ဗီဒီအမ်အေ ခြင်းဖုန်းသယ်လာတာဆိုတော့ နံပါတ်က ပြောင်းတာမှ မဟုတ်တာ။ သူ မဆက်လို့သာ ဖုန်းမလာတာပေါ့"

"ဟုတ်ကဲ့"

"ဒီလောက် မဆက်မသွယ် နေစရာလား ... သေလားမသိ ရှင်လားမသိ"

"အို ... မေမေကလည်းနော်"

"ဒီအခေါက် ပြန်မလာတာကပဲ သုံးနှစ်ခွဲကျော်သွားပြီ၊ တကယ်ဆို ခင့် အခြေအနေလည်း သူ့ကို ပြောပြပြီးပြီ ဥစ္စာ၊ ပြန်လာရင်လည်းလာ မပြတ်တော့ ဆက်သွယ်နေ ရမှာပေါ့၊ သူ့ပဲသေပလား တွေးရတော့မလိုပဲ"

"မေမေရယ် ... ကိုလေး စိတ်မကောင်း ဖြစ်ပါ့မယ်"

"အေးပါ ... ငါ့သား သနားလို့ မပြောတော့ပါဘူး"

အန်တီကြည်တို့အိမ် ရောက်လျှင် မသွယ် ရေမိုးချိုး ထမင်းစား ပြင်ဆင်နေတာကို မြတ်လေးထင် ထိုင်စောင့်နေပေး ခဲ့သည်။ စောင့်နေဆဲ အန်ကယ် ရုံးက ပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့ ကျန်းမာရေးသတင်း မေးတာ ဖြေပြီး မသွယ် အဆင်သင့် ဖြစ်တဲ့အခါ ဆေးရုံကို ထွက်လာခဲ့ပါသည်။

"ကိုလေး ... မေမေ့ စကားတွေကြောင့် စိတ်မကောင်း မဖြစ်နဲ့နော်"

"ရပါတယ် မသွယ်၊ အန်တီတို့ မသွယ်တို့ ဘာပြောပြော ကျွန်တော်တို့အပေါ် စိတ်ကောင်းစေတနာနဲ့ ပြောတာဆို တာ ကျွန်တော် နားလည်ပါတယ်"

"မေမေက အန်တီခင့်ကို သိပ်ချစ်တော့ ကြားက မခံမရပ်နိုင် ဖြစ်နေတော့တာပဲ"

ဆေးရုံကြီးရှေ့ ကားရပ်ပြီးလျှင် မြတ်လေးထင်က မသွယ်ရဲ့ အစားအသောက်ခြင်းနှင့် ပရက်ရှာကာ့ဖ် နားကြပ်တို့ကို သယ်ကာ ဆင်းသည်။

"ကိုလေး ... အပေါ်ထိ မပို့ပါနဲ့"

"ရတယ် မသွယ်၊ ကျွန်တော် လိုက်ပို့မယ်"

နှစ်ယောက် ယှဉ်တွဲလျှောက်ကာ ဆေးရုံပေါ် တက် သွားကြတာကို လိုက်ကြည့်နေမိသူက ဦးနေရောင်ပင်။ ရုံးက တပည့်ရုံးအုပ် ဆေးရုံတက်နေ၍ သတင်းမေး ရောက်လာပြီး ပြန်ဖို့ ကားပေါ်အတက် ဖြစ်သည်။ ဆရာဝန်မလေး ဖြစ်ပုံရတဲ့





သူရဲ့ပစ္စည်းပစ္စယ အားလုံးကို လိုက်သယ်ပို့နေသော မြတ်လေး ထင်ရဲ့ တန်ဖိုးထား ယုယနေသော အရိပ်အယောင်ဟာ မြင်သာ ထင်သာ ရှိလှသည်။

ဒါပါနှင့်ဆို မြတ်လေးထင်ကို သူ ဒီမိန်းကလေးနှင့် လှမ်းလှမ်းတွေ့လိုက်တာ သုံးကြိမ်ရှိသွားပြီ။ ဒီတစ်ကြိမ် ပုံစံက တော့ သူတို့ချင်းရဲ့ ပတ်သက်ဆက်နွယ်မှု သံယောဇဉ်ကို ပိုမြင် သာသည်။ ဦးနေရောင်က မျက်မှောင်ကုတ်ရင်း ဒရိုင်ဘာကို မောင်းဖို့ အမိန့်ပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၄

ပိတုန်းရောင်သည် အခွေငှားပြီး ထိုအခွေကလေးကိုပိုက်၍ ချာခနဲ လှည့်အထွက် တစုံတစ်ယောက်နှင့် ဘုတ်ခနဲနေအောင် ဝင်တိုးမိ၍ ဆတ်ခနဲ ခြေလှမ်းရပ်ကာ ...

"ဆောရီး"

"ဆောရီး"

တစ်ဖက်ကလည်း ပြိုင်တူ တောင်းပန်လိုက်ပြီး နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လျှင် ...

"အင်"





ပိတုန်း နှုတ်က အသံလေး ခပ်ကြိတ်ကြိတ် ထွက်လာရ၍ မျက်နှာက ချက်ချင်းမည်းမှောင်သွားပါသည်။ သို့သော်ရင်ထဲကတော့ ...။ ချစ်သူဟောင်းချင်း ရင်ချင်းအပ်၍ ထိထိမိမိကြီး တိုးတိုက်မိလိုက်သည် ဆိုသည့် အဖြစ်က နှလုံးသားကိုဒိရှိန်းလှုပ်ခတ်သွားစေသည်။

ပိတုန်းရဲ့ ရှုးရှုးရဲရဲ ဖြစ်သွားသော ဟန်ပန်ကြောင့်မြတ်လေးထင်က လက်တစ်ဖက်ကို တောင်းပန်သလို မြှောက်၍ ရောဖယ်ပေးကာ ပိတုန်း ထွက်သွားဖို့ လမ်းရှင်းပေးလိုက်ပါသည်။

မြတ်လေးထင် ရင်ထဲလည်း တအားလှုပ်ရှားနွေးပူသွားတာပင်။ သူ စိတ်မကောင်းစွာ မျက်နှာလွှဲပစ်လိုက်၍ ပိတုန်းက သူ့ကို ကျော်ဖြတ်ထွက်သွားသည်။ မြတ်လေးထင် အခွေငှားချင်စိတ်လည်း မရှိတော့ပါ။ ခွေတ်ပုံတွေကို ဟိုကြည့် ဒီကြည့်လုပ်ပြီး ဘာကိုမှ စိတ်မပါတော့ဘဲ ဆိုင်ထဲကအထွက် ...

ဆိုင်ခန်းလေးရဲ့ အစွန်အကွယ် တစ်ဖက်မှ ...

"ဒီမှာ ..."

ဆောင့်အောင့်အောင့် လေသံကြောင့် မြတ်လေးထင်လှည့်ကြည့်လိုက်လျှင် စိမ်းတောက်သော မျက်ဝန်းလေးနှင့် ပိတုန်း



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်ရပါသည်။ မြတ်လေးထင်သည် ခြေစုံရပ်လှည့်ကြည့်ကာ ...

"ဘာလဲ ပိပိ"

"ရှင် ကျွန်မကို ပိပိတွေ ဘာတွေ လုပ်မနေနဲ့"

"ဩော် ... အင်း ... အင်း၊ ကဲ ... ဘာပြောမလို့လဲ"

ပိတုန်းက အံလေးကြိတ်ရင်း ...

"ရှင်နဲ့ ကျွန်မ ဘာမှ မပတ်သက်တော့ဘူး ... ရှင် အိမ်ကို လာနေစရာ မလိုဘူး၊ နောက် ဘယ်တော့မှ မလာနဲ့"

"ကိုယ် ဘယ်မှာလာလို့လဲ၊ ဟိုတစ်နေ့က မမ မေးထားတာရှိလို့ လာပြောပြတာ၊ မမက ကိုယ်တို့ ဆောက်လုပ်ရေးက ပြီးကာနီး အရောင်းစဖွင့်တဲ့ တိုက်ခန်းတွေအကြောင်း အတိအကျ စုံစမ်းပေးခိုင်းလို့ စာရွက်စာတမ်းတွေ သွားယူခဲ့ပြီး လာပေးတာ၊ အိမ်လာမေးထားတာ အဖြေမပေးလို့ ကောင်းပါ့မလား၊ သူ့သူငယ်ချင်း ဝယ်ချင်လို့တဲ့"

"ကျွန်မအိမ်က ရှင်နဲ့ ကျွန်မ ပြတ်တာ မသိလို့ ရှင့်ကို ခေါ်ပြောနေကြတာ၊ စဉ်းစားကြည့်ရင် ကျွန်မမိဘတွေ အစ်မတွေ သိပ်အောက်တဲ့ အနေအထား ရောက်နေပြီ"

မြတ်လေးထင်က သက်ပြင်းတစ်ချက် ရှိုက်ကာ ...





"ပြတ်ပြီဆိုတာ ပိပိ ... အင်း ... မင်းက ဘာလို့မပြောလဲ၊ သူတို့က မသိတော့ ကိုယ့်ကို ခေါ်ပြောဆက်ဆံတယ်၊ အဲဒီအခါမှာ ကိုယ် ဘာမှ မတုံ့ပြန်ဘဲ ရိုင်းရိုင်းပျပျ ဆက်ဆံလို့ ကောင်းပါ့မလား"

"မဆက်ဆံနဲ့ပေါ့"

"ဘယ်ကောင်းမလဲ"

"ကောင်းအောင် ဆက်ဆံတာမျိုးလည်း ကျွန်မမိသားစုကို လာမလုပ်နဲ့"

မြတ်လေးထင်က ခေါင်းယမ်းရင်း ...

"ဖြစ်သင့်တာက မင်းအိမ်ကို မင်း ဖွင့်ပြောလိုက်ပေါ့၊ အဲဒါမှ သူတို့ ကိုယ့်ကို အရင်လို မဆက်ဆံဘဲ နေမှာပေါ့"

"ပြောမှာပါ၊ အခု ဖွင့်ပြောတော့မှာ၊ မပြောသေးတာကိုလည်း ရှင် တစ်လွဲတွေးမနေနဲ့၊ ရှင် သစ္စာဖောက်သွားပါတယ်လို့ ကျွန်မ မိသားစုကို ကျွန်မ အသိပေးရမှာ ရှက်လို့ မျက်နှာငယ်လို့ မပြောရသေးတာ သိရဲ့လား"

ပြောရင်း ပိတုန်း မျက်ရည်လည်လာ၍ မြတ်လေးင် အတော် စိတ်မကောင်း ဖြစ်မိပါသည်။ သို့ပေမဲ့ ပိပိကို ားတဲ့စိတ်နှင့် ချိုချိုသာသာ ညင်းညင်းပျောင်းပျောင်း လုပ်နေ မဖြစ်ပါဘူး။ စိတ်မပြတ်သားနိုင်ကြပဲ နေဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပြတ်မှ ကောင်းပါမည်။ ကိုယ် ဆုံးဖြတ်ပြီးပြီပဲ။

"မဆိုင်ပါဘူး ... ကိုယ်သစ္စာဖောက်တာ ဖောက်တာပေါ့၊ မင်း ဖောက်တာမှ မဟုတ်ဘဲ၊ ဘာဖြစ်လဲ ... ပြောပေါ့၊ မပြောတော့ သူတို့က ကိုယ့်ကို ရင်းနှီးခေါ်ပြော၊ လူကြီးတွေကို ကိုယ်က ရိုင်းဖို့ခက်တော့ ပြန်ခေါ်ရ ပြောရ ကိုယ်လည်း စိတ်ကျဉ်းကျပ်တယ်"

ပိတုန်းက နှုတ်ခမ်းလေးကို မုန်းတီးစွာမဲ့ရင်း ...

"ဩော် ... ရှင့်ကို ခေါ်ပြောဆက်ဆံကြလို့ ရှင်ကတောင် စိတ်ကျဉ်းကျပ်သေးသတဲ့လား၊ စိတ်ချ၊ မခေါ်ပြောစေ ဘူး၊ ကျွန်မ ဖွင့်ပြောမယ်"

"ကောင်းပါတယ်"

"ဒီမှာ ... မပြောမိတာဟာ ရှင့်အတွက် ငဲ့လို့များ ထင် မနေနဲ့၊ ရှင်လို သစ္စာမဲ့တဲ့ လူမျိုးကို ရွေးချယ်ခဲ့မိဖူးတာ ကိုယ် ညံ့ဖျင်းစုတ်ပြတ်ရာ ကျလွန်းလို့ ကိုယ့်အတွက် ကိုယ်ရှက်ပြီး မပြောတာ ဆိုတာ ရှင် နားလည်စမ်းပါ ..."

ကျွန်မ ပြောလိုက်တာနဲ့ ကျွန်မတို့ တစ်အိမ်လုံး ရှင့်ကို အထင်သေးပြီးသားပဲ၊ အဖက်လုပ် ခေါ်ဖို့ပြောဖို့ စိတ်တောင် မကူးဘူးဆိုတာ ရှင် သဘောပေါက်ထား"





"ကောင်းတာပေါ့၊ အဲဒါ ပိုကောင်းပါတယ် အဲဒီအတိုင်း သာ ဆောင်ရွက်လိုက်ပါ၊ ကဲ ... ဒါပဲ မဟုတ်လား ... သွားဦးမယ်"

မြတ်လေးထင်က အရင်ထွက်သွား၍ ပိတုန်းသည် ဒေါသနှင့် အသားတွေပင် တဆတ်ဆတ်တုန်ကာ ကျန်ရစ်သည်။ အိမ်ကို ဘယ်လိုခြေလှမ်းမျိုးနှင့် လှမ်းကာ ပြန်ခဲ့မှန်းပင် မသိ။ ကိုယ့်မျက်နှာ တစ်ခုလုံး ဒေါသနှင့် နီရဲနေမည် ဆိုတာလည်း သိပါသည်။

အိမ်တံခါးဘဲလ်ကို ဆင့်ကာ ဆင့်ကာ စိတ်မရှည်စွာ တီးခတ်လိုက်ပြီး အပြေးအလွှား လာဖွင့်သော ဒေါ်ရီကို ဘိုးတိုက်၍ အိမ်ထဲဝင်သည်။

"ဟဲ့ ... ပိပိ၊ ဘယ်လိုများ ဖြစ်လာတာလဲ"

မေမေ့ အော်သံက ထမင်းစားပွဲဆီမှ ထွက်လာသည်။ ထမင်းစားပွဲမှာ ဖေဖေ ထမင်းစားနေပါသည်။ ရုံးပြန်နောက်ကျ၍ ဖေဖေ တစ်ယောက်တည်း ခုမှစားရတာ။ မေမေက ဘေးမှ ထိုင်ကာ လိုတာ ဖြည့်ပေးနေရင်း ...

"လာစမ်း ပိပိ ... လာစမ်း၊ မျက်နှာကြီးက ဘယ်လိုဖြစ် နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်း ထမင်းစားပွဲနား လျှောက်သွားလိုက်သည်။ မေမေက ထမင်းစားရပ်ကာ ပိတုန်းကို စိုက်ကြည့်အကဲခတ်နေသည်။

"ဘာဖြစ်လာလို့လဲ သမီးလေး၊ မထိတ်သာ မလန့်သာ ကွယ်"

ပိတုန်းသည် မအောင့်ထိန်းထားနိုင်တော့ဘဲ စိတ်ကို လျှော့ချလိုက်၍ ပါးပြင်လေးနှစ်ဖက်ပေါ် မျက်ရည်ဥကြီးများ တလိမ့်လိမ့် ပြုတ်ကျလာပါတော့သည်။

"ဘုရားရေ၊ ဟဲတော် ...၊ ပိပိ ... ဘာဖြစ်တာလဲ သမီး ရယ်"

မေမေ့ရဲ့ ပျာယာခတ် အသံကြောင့် မြစိမ်းရောင်ပါ သူ့အခန်းထဲက ထွက်လာကာ မလှမ်းမကမ်းမှ ရပ်ကြည့်နေပါ သည်။

"လာ ... သမီး ... ထိုင်"

ဖေဖေက သူ့နံဘေးကခုံကို ဆွဲထုတ်ပေးလိုက်သည်။ ဖေဖေ့ရဲ့ ကြည်လင်အေးချမ်းသည့် အသံကြောင့် ပိတုန်းက ငို ဝမ်းနည်းကာ ရှိုက်ကာ ရှိုက်ကာ ငိုသည်။





"ဖေဖေ အကဲခတ်နေတာ ကြာပြီ၊ သမီးလေး မရွှင်ပျတာ လည်း ကြာပြီ၊ မှုပျက်တယ်၊ ဖေဖေလည်း ရိပ်မိသလောက် တော့ ရိပ်မိတယ်၊ ကဲ ... ပြော ..."

ဖေဖေ လေ့ကားက တက်လာတော့ မြတ်လေးထင် ဆင်းလာတာနဲ့ ဆုံတယ်၊ ဘယ်လဲကွ ဆိုတော့ အခွေဆိုင် လို့ ပြောတယ်၊ အိမ်ရောက်တော့ သမီးလေး မတွေ့လို့ ပိပိ ဘယ်မလဲ မေးကြည့်တော့ အခွေသွားအပ်တယ် ပြော တယ်၊ အခွေငှားဆိုင်မှာ မြတ်လေးထင်နဲ့ သမီးဆုံတယ် ဘာဖြစ်သလဲ ... ပြော"

"သူ ... သူနဲ့ ... သမီးနဲ့ ... ပြတ် ... ပြတ်ပြီ"

ပိတုန်း အသံက ရှိုက်သံခြားကာ ထစ်ငေါ့နေသည်။

"ဟုတ်ပြီ ...၊ ပြော ... သမီး ... ဆက်ပြော"

"ပြတ် ... ပြတ်တာလည်း ကြာပြီ"

"ဘယ်ယောက် ကြာပြီလဲ"

"အိမ် ... အိမ်မပြောင်းခင် နှစ်လလောက်တည်းက"

"ဒါဖြင့် လေးလလောက်တောင် ရှိပြီပဲ"

"ဟင် ... ဒါဖြင့် ညည်းတို့တိုင်ပင်ပြီး ကိုလေးက အပေါ် ထပ်ကို လိုက်ဝယ်တာ မဟုတ်ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကလည်းကွာ၊ အဲသလို တိုင်ပင်ပြီး လိုက်ဝယ်ရင် သမီးက ဘာမပြောစရာ ရှိလဲ၊ ဒီကောင်လည်း အပေါ်ထပ်ခန်း လိုက်ဝယ်တယ်ဆိုတာ အိမ်ကို ပြောမှာပေါ့၊ အိမ်ကလက်ခံထားပြီးသားလူပဲ"

"သူ့ဟာသူ ဝယ်တာ၊ တိုက်ဆိုင်တာ ဖေဖေ၊ စကားတောင် မစပ်မိကြဘူး"

"အင်း ...၊ ပြတ်သွားပြီ ဆိုတာ သမီးက ပြောမထားတော့ ခါတိုင်းလိုပဲ သူ့ကို ခေါ်ပြောဆက်ဆံနေမိကြတာပေါ့၊ သမီးက ဘာကြောင့် အိမ်ကို ပြောမပြဘဲ မြှုံထားရတာလဲ"

"ရှက်လို့ပါ ဖေဖေ"

"ရည်းစားထားတယ် ဆိုတာ မထားခင်ကတည်းက အသေအချာ စဉ်းစားဆုံးဖြတ်ပြီးမှ ဒီလူနဲ့ လက်တွဲမယ်လို့ သေချာမှတော့ ထားသင့်တာပဲ၊ ဒါပေမဲ့ ဒီလိုတွေးပြီး ထား… ပါလျက်နဲ့ ကံအကြောင်းမလှလို့ ကွဲတယ် ပြတ်တယ် … တာလည်း ဖြစ်တတ်သေးတဲ့ သဘာဝပါပဲ၊ ရည်းစား… ကွဲတာ ရှက်စရာမှ မဟုတ်ဘဲ၊ ကိုယ် လော်လီတာမဟုတ်… ရင် ဘာရှက်စရာရှိလဲ"





"ရည်းစားနဲ့ ကွဲတာကို ရှက်တာမဟုတ်ပါဘူး ဖေဖေ"

ပိတုန်းက အငိုတိတ်ကာ မျက်ရည်တွေကို ခပ်ကြမ်းကြမ်း ပွတ်သုတ်ပစ်လိုက်ပါသည်။

"ပြတ်ရတာက သူ့ သစ္စာမရှိလို့ပါ"

"ဟင်"

မေမေ့ထံက တအံ့တသြသံ ထွက်လာသည်။

"ဒီလို စိတ်ဓာတ်မတည်ကြည်တဲ့ သစ္စာမဲ့တဲ့ လူတစ်ယောက်ကို အကဲခတ် လေ့လာစဉ်းစားပါလျက်နဲ့ ပိပိ လက်ခံလိုက်မိတာ ပိပိ ညံ့ဖျင်းလို့ လူကဲခတ်ဖျင်းလို့ ကိုယ်ညံ့လို့ဆိုပြီး အဲဒါကို ရှက်လို့ပါ၊ ဒီစကား ဖွင့်ပြောဖို့ကြံရင် ကိုယ့်ကိုယ်ကိုယ် လူဖျင်းလူညံ့လို့ ထုတ်ပြောရမှာမို့ ဝန်လေးပြီး ပိပိ မပြောဖြစ်ခဲ့တာပါ"

အားလုံးက ပိတုန်းကို စိုက်ကြည့်နေကြပါသည်။ …ရဲ့ သမီးငယ် ညီမငယ်လေးကို ကြင်နာကရုဏာသက်သော …ည့်တွေနှင့်ပင်။

"သူ ဘယ်လို သစ္စာဖောက်တာလဲ"

မြစိမ်းရောင်က ဝင်မေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ မိန်းမတစ်ယောက်နဲ့ တွဲတွဲနေတာ မြင်တဲ့သူက
ပြန်ပြောတော့ ပိပိ ဖွင့်မေးတယ်၊ သူ ဝန်ခံတယ်၊
ဆရာဝန်မနဲ့ သူ ကြိုက်နေတယ်တဲ့ သူ့ကို မေ့လိုက်
တဲ့"

"အောင်မာ ... သူက စပြီး မေ့လိုက်တော့တဲ့၊
ဆရာဝန်မ ! ဟုတ်လား"

"ဟုတ်တယ် မမ၊ ပိပိလည်း မြင်ဖူးပြီးပါပြီ၊ အခုလည်း
ဒီတိုက်ကို ခဏခဏ လာပါတယ် ... ချောင်းတောင်ပေါ
တော့မယ်"

ချောင်းတောင်ပေါက်တော့မယ် ဆိုသည့် စကား
မျက်နှာပေးလေးကို ကြည့်ကာ အားလုံး သက်ပြင်းချလိုက်
သည်။ ပိတုန်းရဲ့စိတ် အပြီးအပြတ် မမှန်းသေးတာ ဤစကား
ဤအမူအရာကလေး တစ်ခုနှင့်ပင် သေချာနေတော့လို့တည်း

"သမီး မရှက်ပါနဲ့၊ ရှက်ရလောက်အောင် မဟုတ်ပါဘူး
သူ့ကို ရွေးမိတာ သမီးညံ့လို့လို့ ဆိုလို့မရပါဘူး၊ မြ
လေးထင်ကို အကဲခတ်ပြီး ဖေဖေတောင် သဘောကျခဲ့
ပဲ၊ သမီးညံ့တယ်ဆိုရင် ဖေဖေလည်း ညံ့တယ်"





"ဖေဖေကတော့ တစ်ခါတစ်ရံမှ တွေ့ရတာ၊ ပိပိ သူ့ကို
တစ်နှစ်ကျော် လေ့လာပြီးမှ ချစ် ... ချစ်လည်းချစ်မိခဲ့လို့
အထင်လည်းကြီးလို့ လက်ခံခဲ့တာ"

"ကဲ ... အခု သူ သစ္စာမရှိဘူး၊ နောက်တစ်ယောက် ထပ်
ချစ် ထပ်ရွေး သွားတယ်၊ ဟုတ်ပြီမှလား၊ ခေါင်းထဲက
ထုတ်လိုက်တော့ သမီး၊ ခံစားတာ ခံစား၊ ဒါပေမဲ့ စိတ်ကို
ဖြေ၊ ဟုတ်လား"

"ဟုတ်"

"မြတ်လေးထင်ကို အဲဒီဆရာဝန်မလေး ဆိုတာနဲ့ တွဲပြီး
ဖေဖေ ကိုယ်တိုင် သုံးကြိမ်မြင်ဖူးတယ်၊ တတိယအကြိမ်မှာ
တော့ သမီးကို ပြောတော့မယ်လို့ ဖေဖေ စိတ်ကူးတယ်၊
ဖေဖေ မပြောလိုက်ရသေးခင် အမျိုးနှံရွေးနေတုန်း အခုသိ
ရတာ"

ဖေဖေ တွေ့ဖူးသည် ဆိုတာကြောင့် ပိတုန်း မျက်နှာ
လေး နီမြန်းလာသည်။

"ငါလည်း ဘယ်သိမလဲ၊ နင်က မပြောတော့ ခါတိုင်းလိုပဲ
ဆက်ဆံမိတာပေါ့။ မြတ်လေးထင်က လူကောင်းတော့
လူကောင်းပါပဲ၊ ဘာဘယ်လိုဖြစ်သွားလဲ မသိပါဘူး၊ ပိုို



www.burmeseclassic.com

www.burmeseclassic.com



ဘက်က လျှပ်ပေါလော်လီပြီး အတင်း အခွင့်အရေးပေး လားမှ မသိဘဲ"

"မိန်းကလေးမျက်နှာက တည်တည်တံ့တံ့ပါ"

ဖေဖေက မှတ်ချက်ချသည်။ ပိတုန်းလည်း ဤသို့ပဲ ထင်ပါသည်။ ဒေါက်တာသွယ်ဟာ ရဲတင်းခေတ်ဆန်ပုံ လျှပ်ပေါ လော်လီပုံ လုံးဝမရှိပါ။ အေးအေးချမ်းချမ်း ပုံစံလေးပါ။

"ငါတော့ ယုံတောင်မယုံချင်အောင်ပဲတော့၊ ကိုလေးကို ငါက ရှုပ်တုတ်တုတ်ထဲကလို့ လုံးဝယူဆမထားဘူး"

"ဒီတစ်ယောက်နဲ့ ချစ်သူဖြစ်ရင်း နောက်တစ်ယောက်ပြောင်း သွားတိုင်းလည်းပဲ ရှုပ်တယ်လို့တော့ တသမတ် ပြောမရ ပါဘူး၊ အကြောင်းကြောင်း ရှိမှာပေါ့၊ အခု သမီးငိုလာတာ ဘာဖြစ်လာလို့လဲ"

"ဘာမှတော့ မဖြစ်ပါဘူး၊ သူ့ကို အိမ်မလာဖို့ ပြောလိုက် တာ၊ သူက လူကြီးတွေက သူ့ကို ခေါ်ပြောဆက်ဆံနေ တော့ သူ မရိုင်းနိုင်ဘူးတဲ့၊ ပြတ်နေပြီ ဆိုတာ ပိပိက အိမ် ကို မပြောသေးတာတောင် သူက အပြစ်တင်ချင်သ...နိုင်ငို နဲ့၊ အိမ်ရောက်မှ ဖေဖေနဲ့ မေမေ့ကို မြင်မှ ပိပိ ဝမ်းနည်း လို့ ငိုတာပါ၊ လမ်းမှာမငိုပါဘူး"





ဦးနေရောင်က ခေါင်းတညိတ်ညိတ်နှင့် ထမင်းပြန် စားဖို့ ခွန်းခက်ရင်း ပြန်ကိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၅

အတိုးလည့်ပေးနေကျ သုံးလပတ်လဆန်းရက်မို့ ဘဏ်မှာ လူတွေပြည့်ကျပ်နေပါသည်။ ငွေထုတ်သည့် ကောင်တာမှာ တာဝန်ကျနေသော ပိတုန်းသည် တစ်ဖက်စားပွဲမှ တစ်အုပ်ပြီးတစ်အုပ် ရောက်လာနေသော ငွေစုစာအုပ်များကြားမှ ငွေထုတ်လွှာများကိုကြည့်၊ လက်မှတ်ကို ကွန်ပျူတာထဲမှာ ခေါ်၍တိုက်ဆိုင်စစ်ဆေး၊ ထည့်မည့်ငွေပမာဏကိုရိုက်ထည့်၊ ငွေစုစာအုပ်မှာ ပရင့်လုပ်။

ဘေးက ပိတုန်းနှင့်အတွဲ ငယ်ငယ်က တစ်ယောက်ပြီးတစ်ယောက် နာမည်ခေါ်ကာ ငွေထုတ်ပေးနေပါသည်။ ခေါင်း





ော်စတမ်း ဆက်တိုက်လုပ်နေရ၍ ဇက်တောင့်လာကာ စာအုပ်ခ်ချက် နည်းအသွားမှာ ခေါင်းလေးမော့၍ ဇက်ချိုးလိုက်ပါသည်။

ကိုယ့်ကောင်တာရှေ့နားရပ်ကာ ကိုယ့်ကို စူးစိုက်ကြည့်နေသူ တစ်ဦးနှင့် အကြည့်ချင်း သွားဆုံနေ၍ ပိတုန်းကအမ်းအမ်း ဖြစ်သွားပါသည်။ ရုပ်အကျီအဖြူနှင့် ဖြူဖြူသန့်န့်လူက ပိတုန်းကို ပြုံးပြလိုက်၍ ပိတုန်းကလည်း ယောင်ယောင်ပြန်ပြုံးပြရင်း အလုပ်ဆက်လုပ်ဖို့ ပြန်အငုံ့တွင် ...

"ပိတုန်းရောင် ... မဟုတ်လား"

ပိတုန်းက မော့ကြည့်လိုက်ပါသည်။ အလုပ်များတဲ့ကြားထဲ အရောဝင်ချင်သူနှင့် လာတွေ့နေရသည်ဟု စိတ်ည်ချင် ဖြစ်မိပေမဲ့ ဝန်ထမ်းကောင်းပီပီ ပြုံး၍ခေါင်းညိတ်ရပါသည်။

"အန်ကယ်ဦးနေရောင် သမီးလား"

ကွန်ပျူတာ ပြန်ငုံ့ရိုက်နေရာမှ အံ့အားတသင့်ကြည့်ပြီး ...

"ဟုတ်ပါတယ်"

သူက ပြုံးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးမောင်မောင်ကြီး သိလား"

"သြော် ... ဖေဖေပြောတာ ကြားဖူးပါတယ်၊ ငွေဖေ
ဆွေပါ"

"အဲဒါ ကျွန်တော့ ဖေဖေပါ"

"သြော်"

လူတွေများရသည့်ကြားထဲ အရေးထဲ ဆွေမျိုး
စပ်နေသည်ဆိုသည့် ပုံနှင့် သူ့ကို ဘေးလူတွေက စောင်းငဲ့
ကွက်ကြည့်ကြည့် လုပ်ကြ၍ သူက နှုတ်ခမ်းရှေ့ လက်ညှိုး
ချောင်းထောင်ကာ စကားပြော ရပ်လိုက်ပါသည်။

သူ့ပုံစံကို ဘေးက ငယ်ငယ်ပင် ပြုံးစိစိ ဖြစ်နေ
သည်။ ပိတုန်းကို အောက်ကနေ ဖိနပ်ထိပ်ဦးချင်း လာထိ
ပိတုန်းကလည်း ပြန်တို့လိုက်ပါသည်။ ငုံ့နေပေမဲ့ ဟိုလူကြည့်
တာကို ပိတုန်း. သိနေပါသည်။

"ဦးကိုကိုကြီး ရှိပါသလားရှင်၊ ဦးကိုကိုကြီး"

"... ... ..."

"ဦးကိုကိုကြီး ရှိပါသလားရှင်"

ငယ်ငယ်နှင့် ကပ်နေပါလျက် ဒုတိယအကြိမ်
ထိုလူက ပျာပျာသလဲနှင့် ...





"သြော် ... ရှိတယ် ... ရှိတယ်"

သူ့ကြောင့် ငယ်ငယ်ရော ပိတုန်းပါ ကျိတ်ပြုံးရပါ
သည်။ ပိတုန်းကတော့ အဖေနာမည် ဦးမောင်မောင်ကြီး သား
နာမည် ကိုကိုကြီး ဆိုတာကိုပါ ရယ်ချင်နေကာ မပြုံးမိအောင်
မနည်းအောင့်ထားရသည်။

"ဘယ်လောက်ထုတ်မှာလဲ"

"သိန်းနှစ်ဆယ်ပါ"

ငယ်ငယ်နှင့် သူ မေးဖြေနေဆဲပဲ အလိုလို လှုံ့ဆော်
သော စိတ်တစ်ခုနှင့် ပိတုန်းသည် သူတို့ဘဏ်ရဲ့ ဝင်ပေါက်ဝကို
လှမ်းကြည့်လိုက်မိပါသည်။ ဘယ်လိုရေဒီယိုလှိုင်း အမျိုးအစားက
လာရောက်ရိုက်ခတ်၍ အဲဒီကို ကြည့်မိတာပါလိမ့်။

ဘဏ်အဝမှ မြတ်လေးထင်နှင့် လူတစ်ယောက်
ဝင်လာကာ ပိတုန်းရဲ့ တစ်ဖက်ဘေးက ဝါဝါမြင့်ထံ ဘဏ်စာအုပ်
လှမ်းပေး၍ ...

"သိန်းနှစ်ဆယ်ထုတ်မယ်"

ဒီဘဏ်ဟာ ပိတုန်းရှိတဲ့ ဘဏ်ခွဲမှန်း သူသိသိနှင့်။
ဘခြားဘဏ်ခွဲသွားမထုတ်ဘဲ ဒီကိုပဲ ဘာကြောင့် လာနေရသေး
ဘာလဲ။ ဒီဘဏ်က အတော်များများဟာ မြတ်လေးထင်ကို



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းနှင့် ပတ်သက်၍ သိကြပါသည်။ ခုလည်း ဝါဝါမြင့်က ပိတုန်းဘက် ဖျတ်ခနဲ ကြည့်သည်။

အရင်က တဂျောင်းဂျောင်း လာနေတတ်ကာ ခုဖြင့် ပေါ်မလာတာ လတွေအတော်ချီနေပြီဖြစ်၍ အခင်မင်ဆုံး တစ်ယောက်နှစ်ယောက်သာ ပိတုန်းတို့ ပြတ်သွားပြီဆိုတာ ပိတုန်းပြောသည်။ သိထားကြကာ အများကတော့ ယဉ်ကျေးမှုအရ မမေးကြသော်လည်း ခုလို ပြန်ပေါ်လာတော့ သို့လော သို့လော ဖြစ်ကြပေမည်။

ဘာမှန်း ညာမှန်း မသိ၍ အရင်လို "ဟော ... လာပြီ" စသဖြင့် မစကြပါ။ ပိတုန်းကလည်း မြင်ပါလျက် မခေါ်၊ မြတ်လေးထင်ကလည်း ဣန္ဒြေရရမို့ ဝါဝါမြင့်ပင် ဖျတ်ခနဲ ကြည့်ရုံကလွဲပြီး ပြုံးတောင်မပြုံးဝံ့။

မြတ်လေးထင်က ပိတုန်းကို ခိုးကြည့်သည်။ ပိတုန်းကလည်း ခိုးအကြည့် အကြည့်ချင်းဆုံကာ ဘာမှမဖြစ်သလို မျက်နှာလွှဲလိုက်ကြသော်လည်း ပိတုန်း ရင်ထဲ တဒိတ်ဒိတ် တုန်လာသည်။ လက်ချောင်းတွေ ကတုန်ကယင် ဖြစ်လာသည်။

သူ့ ခုန်းစရာ သိပ်ကောင်းတာပဲ။ ဒီလိုမခေါ်မပြော မပတ်မသက် အနေအထားကြီးနှင့် သူ့ကိုသိကြသော ဒီဘဏ်ကို





လာသင့်ပါဘူး။ ပိတုန်းကို ငဲ့ညှာ၍ပေါ့။ ဒီကြားထဲလည်း ဘဏ်ခွဲမှာ အသွင်းအထုတ် လုပ်နေပုံရ၍ ပေါ်မလာပါဘဲ မှ ဘာကြောင့် ဘွားခနဲ ပေါ်လာပြန်ရသနည်း။

"သိန်းနှစ်ဆယ်နော်၊ ဒီမှာ လက်မှတ်ထိုးပါ"

ငယ်ငယ်ပေးသော စာရွက်မှာ ကိုကိုကြီးက လက်မှတ်ထိုးရင်း သူ့ကို လှမ်းကြည့်သော ပိတုန်း အကြည့်ကို အမိမ်းကာ ...

"အိမ်ပြောင်းသွားတယ်နော်"

"ဟုတ်ကဲ့"

"ဖေဖေနဲ့ အန်ကယ်က အတော်ခင်ကြတယ်"

"သြော် ... ဟုတ်ကဲ့"

ကိုကိုကြီးကို ဘေးလူတွေက ကြည့်ကုန်ပြီ။ ပိတုန်းသည် အလိုက်သင့် စကားပြန်ပြောနေရာမှ သူတို့ဆီ မြတ်လေးထင် လှမ်းကြည့်နေတာ သိလာပါသည်။

"ဒီဘဏ်နဲ့ မဝေးဘူးလေ(----)လမ်းမှာပါ"

"ခင်ဗျာ"

"ပြောင်းသွားတဲ့ အိမ်သစ်လေ၊ (----)လမ်းထဲမှာ"

"ဒီနားမှာပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... နီးတယ်"

"ဒီဘဏ်နဲ့ ခရော့စ်ကော်နာက တာဝါပေါ်မှာ ကျွန်တော့်ရုံးခန်းလေ"

ကိုကိုကြီးက လက်ညှိုးညွှန်ကာ ပြောလိုက်၍ ...

"ဩော် ... ဟိုတာဝါမှာပေါ့"

"ဟုတ်ကဲ့ ခင်ဗျ၊ ခါတိုင်းက ဘဏ်ကို ရုံးကကောင်လေးတွေပဲ ချက်က်နဲ့ လွှတ်လိုက်တတ်တော့ ကျွန်တော်မရောက်ဖြစ်ဘူး၊ အဲဒါကြောင့် ပိတုန်းရောင် ဒီမှာမှန်းခုမှသိတာ၊ ကျွန်တော်က ပိတုန်းရောင်တို့ကို သိနေတယ်၊ ဝက်ဒင်တစ်ခုမှာ ဆုံဖူးပါသေးတယ်၊ ပိတုန်းရောင်မမှတ်မိလို့ပါ"

"ဩော် .... ဟုတ်လား"

အလုပ်လုပ်ရင်း စကားပြန်ပြောရင်းကပင် ကိုကိုကြီးကြည့်နေတာကို ပိတုန်း နှလုံးသားက အသေအချာ အတိအကျသိနေပါသည်။ ထို့ကြောင့် ပိတုန်းသည် ကိုကိုကြီးကို တရင်းတနှီးအကြည့်နှင့် ပြုံးပြလိုက်ရင်း ...

"အရင်အိမ်တော့ အန်ကယ် ရောက်ဖူးပါတယ်၊ အိမ်လာလည်ပါဦး"





ကိုကိုကြီးက ပြုံးမြသွားရင်း ...

"ဟုတ်ကဲ့ ... လာလည်ပါဦးမယ်၊ သွားလိုက်ဦးမယ်နော်"

"ဟုတ်ကဲ့"

ပြုံး၍ ခေါင်းညိတ်လိုက်ရင်း ဝါဝါမြင့် ဘက်မှရောက်လာသော စာအုပ်အထပ်ကို ဟိုဘက်က ငွေထုတ်ကောင်တာအုပ်စု ဖြူပြာတို့ထံ လက်ဆင့်ကမ်းပေးလိုက်ပါသည်။ အဲဒီစာအုပ်ထပ်ထဲ မြတ်လေးထင်ရဲ့စာအုပ် ပါသွားမှန်းကိုလည်းကောင်း သိပါသည်။

ကိုယ့်ကောင်တာက မဟုတ်ဘဲ အခြားကောင်တာမှသာ ကိုလေး ငွေထုတ်ရပေမည်။ ပိတုန်းက သူ့ထံ တစ်ချက်မျှ ဆပ်မကြည့်ဖြစ်တော့အောင် သတိထားပြီး ကိုယ့်အလုပ်နှင့်ကိုယ် ရှုပ်နေလိုက်ပါသည်။

❀ ❀



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ရေချိုးခန်းတွေအားလုံး ပေးတဲ့အတိုင်းအတာ နဲ့ လွဲနေတယ်၊ လိုက်စစ်လိုက်ရင် တစ်ခုမဟုတ် တစ် လွဲနေတာချည်းပဲ၊ မှန်မှန်ကန်ကန်လေး အပြောလွတ်ပြီး ထွက်လာတာဆိုလို့ ဘာမှမရှိဘူး"

မြတ်လေးထင်ရဲ့ ဒေါသတကြီး ဟစ်အော်သံဟာ တိုက်အကြီးကြီးထဲမှာ ဟိန်းနေပါသည်။ ပန်းရံခေါင်းဆောင်ဆ သည် လက်ကလေးနှစ်ဖက် နောက်ပစ်ကာ ...

"ဒါ ဆရာ အရင်ပေးထားတဲ့ အတိုင်းအတာပါပဲ"

"မဟုတ်ဘူးလေ၊ ဒါ ဟိုးအရင်က ကျွန်တော် စ,ပြော တုန်းကဟာ မှန်တယ်၊ ကြာပဲကြာလှပြီပဲ၊ ခင်ဗျားတို့ ရေချိုးခန်းနဲ့ မီးဖိုခန်း အတိုင်းအတာတွေ ပြင်ပေးထ တယ်၊ ကိုသန်းထွန်းကို ကျွန်တော် သေချာမှာထားပြီး ကိုသန်းထွန်းက ခင်ဗျားတို့ကို မပြောဘူးလား"





"မပြောဘူး ဆရာ"

"ကျွတ် ... သိပ်စိတ်ပျက်ဖို့ ကောင်းတယ်၊ ကိုသန်းထွန်း ဘယ်မလဲ"

"မရှိဘူးဆရာ၊ ဆရာကျော် ခိုင်းလို့ အပြင်သွားတယ်"

"တောက် ... ပြောရင် ပြောတဲ့အတိုင်း ဖြစ်မလာတာတွေ သိပ်စိတ်ပျက်ဖို့ ကောင်းတာပဲ"

မြတ်လေးထင်က လှည့်ထွက်လာခဲ့ပါသည်။ ဆူညံ ဆူညံ ဖြစ်နေသော ထိုနေရာဆီ လျှောက်လာသော ကျော်ကျော်ဦး နှင့် လမ်းခုလတ်တွင် ဆုံမိကြပါသည်။

"ဘာဖြစ်လို့လဲကွ ... ကိုလေး"

"ရေချိုးခန်းတွေ ဖွဲ့ထားတာ လွဲနေတယ်၊ ကိုသန်းထွန်း ပေါ့လျော့မှုပဲ၊ ပြောရင် ပြောတဲ့အတိုင်းကို မဖြစ်ဘူး၊ အမြဲ စိတ်တိုစရာတွေ တွေ့တွေ့နေရတယ်၊ ဒီတိုက် စ, ကတည်းက စိတ်တိုင်းကျရတာကို မရှိသေးဘူး ... ကျွတ်"

ကျော်ကျော်ဦးက မြတ်လေးထင်ကို အကဲခတ်နေမိပါ သည်။ ဒီကွန်စထရပ်ရှင်လုပ်ငန်းစုကြီးမှာ ကျော်ကျော်ဦး ဖခင်



www.burmeseclassic.com

www.burmeseclassic.com



ပိုင် ဖြစ်ပါသည်။ တချို့တစ်ဝက်ကို ကျော်ကျော်ဦးက တာဝန်ယူကာ အလုပ်ခွင်ထဲ စ,ဝင်ကော့ အရင်းနှီးဆုံး သူငယ်ချင်း မြတ်လေးထင်ကိုပါ သူ့လုပ်ငန်းထဲ ဆွဲထည့်ခဲ့တာပင်။

ပထမတော့ မြတ်လေးထင်သည် လခစားအဖြစ်နှင့်သာ။ မြတ်လေးထင်ဟာ ကိုယ့်ထက်တော်သည်ဟု ကျော်ကျော်ဦးက ယုံကြည် အထင်ကြီး၍ အပိုင်းကဏ္ဍ အတော်များများကို မြတ်လေးထင် ညွှန်ကြားမှုအောက်၌ ရှိစေ၍ မြတ်လေးထင်ပြီးလျှင် ပြီးစေသည်။

တဖြည်းဖြည်း မြတ်လေးထင်က လုပ်ငန်းထဲမှာ သူပါရှယ်ယာငွေ စိုက်လာကာ ရှယ်ယာရှင် လုပ်ငန်းရှင် တစ်ပိုင်းလည်း ဖြစ်လာပါသည်။ အရင်က မြတ်လေးထင်ဟာ အလုပ်သမားအဖွဲ့တွေနှင့် ပြေလည်လှ၍ အလုပ်သမားတွေဘက်က ငဲ့ညှာစာနာကာ တော်ရုံအမှားအယွင်းတို့ကို ကျော်ကျော်ဦး ထံ၌ သူ့ခေါင်းခံတတ်၍ ကျော်ကျော်ဦးကပင်လျှင် ကရုဏာဒေါသဖြစ်မိတတ်ပါသည်။

ကျော်ကျော်ဦး ဆုပ္ပကြိမ်းမောင်းလျှင် သူက ပြေရာပြေကြောင်း ဝင်ကာဆီးတတ်၍ ကျော်ကျော်ဦးကို လေအေးနှင့်





ဖျောင်းဖျနှစ်သိမ့်တတ်ပါသည်။ မြတ်လေးထင် စိတ်တိုတာ ဒေါသကြက်တာ ဆိုတာမျိုးဟာ မြင်ရခဲ ဖြစ်ခဲလှပါသည်။

ခုနောက်ပိုင်း လေးငါးလအတွင်း မြတ်လေးထင် ဆီ ပြောင်းလာခဲ့သည်။ ထစ်ခနဲရှိ စိတ်မရှည်။ သူကစ,စိတ်တို အော်ဟစ်လေ့ရှိသည်။ ကျော်ကျော်ဦး အော်ဟစ်ပွဲကြမ်းရသည် ကျဲဘဲ မြတ်လေးထင်ရဲ့ စိတ်တိုတောင်းသော ဒေါသကိုသာ ကိုက်ထိန်းနေရပါသည်။

"မင်း ကိုသန်းထွန်း သိပ်ပေါ့တယ်နော် ... များပြီ၊ သူနဲ့ လွှဲလိုက်သမျှ အားလုံး လွဲတာ များနေပြီ"

"အေးကွ ... ဟုတ်တော့ ဟုတ်တယ်"

"မင်းလည်း ကိုသန်းထွန်းကို ဖိဖိစီးစီးကို မပြောတော့ဘူး"

"ဟဲ ... ဟဲ ... မင်းက ပြောပြောနေတော့ ငါလည်း သိပ်မပြောဖြစ်တော့ဘူးပေါ့ကွာ"

"ဘယ်ရမလဲကွ၊ မင်းက ဦးစီးခေါင်းဆောင်ပဲ၊ ကိုသန်းထွန်းက မင်းမှကြောက်တာ၊ ငါက အရင်က ဘာမှသိပ်မပြောတော့ သူက သိပ်အလေးထားတာ မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သူလွဲတာတွေ ပေါ့ဆတာတွေတော့ အမှန်ပဲ၊ ဒါပေမဲ့ သူ မင်းကို အရေးမထား ဂရုမစိုက်လို့ လုပ်ချင်သလို လုပ်နေတာတော့ မဟုတ်ပါဘူးကွာ၊ ငါလည်း ဒါကြောင့် သနားပြီး သိပ်ဖိမပြောဖြစ်တာ၊ သူ့ခေါင်းထဲမှာလည်း ဗျာတွေများနေတာကွ"

ကိုသန်းထွန်းသည် ကလေးသုံးယောက်အဖေ အိမ်ထောင်သည်ဖြစ်ပြီး လွန်ခဲ့သည့် ခြောက်လလောက်က သူ့မိန်းမက ဖောက်ပြန်ကာ နောက်ယောက်ျားနောက် လိုက်ပြေးသွားပါသည်။ ကလေးတွေကိုပါ ပစ်ခဲ့၍ ကိုသန်းထွန်း ခမျာ အရှုးမီးဝိုင်းသလို ဖြစ်ကာ ကျန်ရစ်သည်။

ကလေးတွေကလည်း ဘုရာခရတွေ။ အငယ်ဆုံး ဆယ်လသားလေးကို တောက ကိုသန်းထွန်း အမေထံ ပို့ထားပြီး သုံးနှစ်နှင့် လေးနှစ်အရွယ် ကလေးနှစ်ယောက်ကိုတော့ သူအလုပ်သွားတဲ့အခါ အိမ်နီးနားချင်းတွေကို အပ်ပစ်ခဲ့ရသည့် အဖြစ်မျိုးနှင့် ကိုသန်းထွန်းရဲ့ လူမှုရေးဘဝက ဒုက္ခရောက်လှ ပါသည်။

ဒါကြောင့်လည်း အလုပ်ဘက်မှာ ချွတ်ချော်တာ လစ်ဟင်းတာတွေ ရှိလာသည်။ ကိုသန်းထွန်း ထိုသို့ကြုံကာစက





သန်းထွန်းဘက်က အဖေးမ အရပ်တည်ဆုံးဟာ မြတ်လေးထင် သည်။ ကျော်ကျော်ဦးကိုတောင် သူက ဖျောင်းဖျပါသေးသည်။ ကျော်ကျော်ဦးက ဆူပူကြိမ်းမောင်းချင်ရင်တောင် သူက ဝင်ကာ င်သည်။

ခုနောက်ပိုင်း တလောမှာ မြတ်လေးထင် အရမ်း င်းလဲလာသည်။ ထစ်ခနဲရှိ ဒေါသဖြစ်ကာ စိတ်တိုပေါက်ကွဲ ာ်သည်။ ဒီနေ့လို ကိစ္စမျိုး မပြောနှင့် ပစ္စည်းတွေ နေရာ ား‌မှားတာလောက်ကိုပင် ဒေါသတကြီး ဖြစ်တတ်သည်။

"သူ့လူမှုရေးကိစ္စကလည်း တစ်ကိစ္စပေါ့ကွာ၊ အလုပ်ထဲ လည်း အာရုံတော့ စိုက်ဦးပေါ့"

"အေးပါ ... အဲဒါ မှန်တယ်၊ ဒါပေမဲ့ မင်းကိုလည်း ငါ ပြောရဦးမယ် ကိုလေးရ၊ မင်းကို ငါ ခင်လို့ ချစ်လို့ ပြောတာနော်၊ မင်း ပုံစံဟာလည်း ကိုသန်းထွန်းနဲ့ အလားတူ ဖြစ်ဖြစ်လာတယ်နော်"

မြတ်လေးထင် မျက်နှာက တစ်မျိုးဖြစ်သွားကာ ာ ရေပေါ်ထိုးသည့် ခုံတန်းလျားပေါ် ထိုင်ချလိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



"မင်းကတော့ အလုပ်မှာ ပေါ့တီးပေါ့ဆ ဖြစ်လာတာ မဟုတ်ပါဘူး၊ သိပ် စီးရီးယပ်စ် ဖြစ်လာတာ၊ ဆဲန်စတစ်ဗ် ဖြစ်လာတာ"

မြတ်လေးထင် မျက်နှာမှာ ပျက်ယွင်း၍ ငိုင်ကျသွားပါသည်။

"မင်းအလုပ်သမားတွေကို အော်ရုံ ကြိမ်းရုံ မကလို့ အလုပ်ဖြုတ်ပစ်နော်၊ မင်း လုပ်ခွင့်ရှိတယ်၊ ငါ ဘယ်လို မနေဘူး၊ မင်းနဲ့ တစ်သဘောတည်းပဲ ငါရှိမယ်၊ မင်းနဲ့ငါ ဟာ အချစ်ဆုံး သူငယ်ချင်းတွေကွ ...

အခု ငါပြောတာကလေ အရင်က အမြဲလန်းဆန်း ငြိမ်းချမ်းနေတဲ့ မင်းရဲ့ပုံစံ ပြောင်းသွားတာကို သေးကကြည့် ပြီး နှမြောလို့ကွ၊ မင်းရဲ့ နဂိုစိတ်က နူးညံ့တယ် ပျော် ပျောင်းတယ်၊ အခု မင်းစိတ်က ကြမ်းတမ်းလာတယ် ခက်ထန်လာတယ်၊ အတိမ်းအစောင်း မခံတဲ့စိတ် ဖြစ်လာ တယ်"

ကျော်ကျော်ဦးက မြတ်လေးထင်ကို စကားဖြတ်ကာ အကဲခတ်သည်။ မြတ်လေးထင် ခေါင်းကို ငိုက်စိုက်ချထားသော သူ့ကိုယ်သူ ပြန်ပြီးသုံးသပ်ဆင်ခြင်ကြည့်နေပုံ ရပါသည်။





"ငါလည်း စိတ်မကောင်းဘူး၊ အဲဒါ ပိပိကြောင့်လား"

ကျော်ကျော်ဦးဟာ ကျောင်းသားဘဝကနေ အလုပ်ခွင်အထိ အချစ်ဆုံး သူငယ်ချင်းဖြစ်၍ ပိတုန်းရောင် အကြောင်း အားလုံး သိပါသည်။ ပိတုန်းရောင်နှင့်မြတ်လေးထင် ပြတ်သွားကြပြီ ဆိုတာကိုလည်း သိထားပါသည်။

မြတ်လေးထင်က သက်ပြင်းချရင်း ...

"အင်း ... အဲဒါလည်း ပါပါတယ်"

"အဲဒါလည်း ပါတယ်ဆိုတော့ တခြားကော ဘာပါသေး လို့လဲ"

"ဟင်း ... မင်း မသိပါဘူး ကျော်ကျော်ရာ"

"ဟာ ... မင်းနဲ့ ငါ့ကြားမှာကွာ ... ငါ မသိပါဘူးဆိုတာ ရှိနေလို့လား"

"အစစအရာရာ အသေးစိတ်တော့လည်း မင်းလည်း ဘယ် သိနိုင်ပါ့မလဲကွာ"

"ဒါတော့ မကြေလည်ဘူးကွာ၊ မင်းမှာ စိတ်ညစ်စရာရှိရင် ငါလည်း သေးက သိသင့်တာပေါ့ကွ။ ကူညီဖြေရှင်းသင့် တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးထင်က ခေါင်းကို ခါယမ်းနေ၍ ကျေ
ကျော်ဦးက ကသိကအောက် မရိုးမရွ ဖြစ်လာသည်။ သို့ပေ
ဖွတ်တော့လည်း မမေးချင်ပေ။ မြတ်လေးထင်ဟာ သူ့ဘဝ
အဆိုးအကောင်း အားလုံးကို ကျော်ကျော်ဦးကို မချွင်းမချ
ပြောပြမြဲပါ။

ကျော်ကျော်ဦးကိုမှ မပြောပြဘူး ဆိုရင်တော့ တခြ
ဘယ်သူ့ကိုမှလဲ မပြောပြဖြစ်တော့မည့် အကြောင်းအရာမျိုးမျိ
ဖြစ်လိမ့်မည်ဟု ကျော်ကျော်ဦး ယုံကြည်သည်။

“ပိပိနဲ့ကကော ဘယ်လိုဖြစ်တာလဲ၊ ဘာမပြေလည်တာလ

“ပြေလည်ပါတယ်”

“ပြေလည်တယ် ဆိုရင် ပြတ်စရာ ဘာရှိလဲကွ၊ ဘာလဲ
ကိုသန်းထွန်း မိန်းမလို နောက်တစ်ယောက်ရှာပြီး သစ္စ
ဖောက်သွားလို့လား”

“သူ သစ္စာမဖောက်ပါဘူး၊ နောက်တစ်ယောက် မရှာ
ဘူး၊ နောက်တစ်ယောက် ရှာတာက ငါပါ”

“ဟင် ...”

ကျော်ကျော်ဦး တကယ်ပဲ အံ့အားသင့်သွားတာပေ





“ဘာ ... မင်းက သစ္စာဖောက်တာ !...၊ ဟုတ်ကောဟုတ်
လို့လားကွာ”

“ဟုတ်တယ် ... ငါ ဖြတ်လိုက်တာကွ”

“မင်း နောက်တစ်ယောက်နဲ့ပေါ့ ... ဟုတ်လား”

“အင်း ... အဲဒီ နောက်တစ်ယောက်နဲ့ ဘာမှတော့ မဟုတ်
သေးပါဘူး၊ သူနဲ့ပဲ လက်ထပ်တော့မယ်လို့ ဆုံးဖြတ်လိုက်
တာပါ”

“သူ့ကို ပိုချစ်လို့ပေါ့”

“သူ့အမေက ငါ့ကို သဘောတူလို့”

“ဟင် ... ဘာဆိုင်လဲ၊ ဟိုအမေက မင်းကို သမက်
တော်ချင်တာနဲ့ မင်းက ကိုယ့်ချစ်သူ ပိပိကို ဖြတ်စရာ
လား”

“တခြားအကြောင်းတွေ ရှိသေးတယ်၊ သူတို့သားအမိက
ငါ့အမေအပေါ် သိပ်ကောင်းတယ်ကွ”

“ပိပိကကော မင်းအမေ အပေါ် မကောင်းမဲ့သူမို့လား”

“အခု မေမေ နေမကောင်းဘူး ဆိုတဲ့အခါမှာ သူတို့သား
အမိဟာ မေမေ့ အပေါ် သွေးသားရင်းချာလို စိတ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



အလေးအနက် ထားနိုင်တာ တွေ့ရတော့ အဲဒီအပေါ်
ငါ သိပ်ကျေးဇူးတင်တယ်"

"ဟာ ... မင်းအကြောင်းပြက မခိုင်လုံပါဘူးကွ၊ ပိပိ
မင်းအမေအပေါ် ဒီစိတ်မထားနိုင်လို့ ဆိုရင်လည်း
လိုက်တော့၊ မင်းအမေအပေါ် ပိပိက ရက်ရက်စက်
ခပ်ရိုင်းရိုင်းပျပျရှိပြီး ဟိုတစ်ယောက်က အမေလို သ
ထားမဲ့သူမို့လို့ ဆိုရင်တော့ မင်းလုပ်တာ အဓိပ္ပာယ်
တယ်၊ ပိပိက ဘယ်လိုဆက်ဆံလို့လဲ"

"မေမေနဲ့ ပိပိ တစ်ကြိမ်မှ မဆုံဖူးကြသေးပါဘူး"

"ဒါဖြင့် ဘာလဲကွ ... မင်းက၊ ပိပိကို ဖြတ်ပြီး ဟို
ယောက်ကို ရွေးလိုက်တာ ဘာမှ မခိုင်လုံပါလား၊
ကော ဟုတ်ရဲ့လားကွာ၊ ဟိုတစ်ယောက်ကိုများ
ပိုသွားလို့လား"

မြတ်လေးထင်က ရင်နာနာ စိတ်ရှုပ်ရှုပ်နှ
ပြုံးလိုက်မိပါသည်။ ဘယ်လိုမှ သူ ရှေ့ဆက်ရှင်းမပြနိုင်တော့
ဒီလောက်လေး ပြောပြရုံကို ကြားရတာနှင့်တော့ ဘယ်သူက
အကြောင်းပြချက် မခိုင်လုံဘူးလို့ပဲ ဆိုကြမှာပါ။





"မင်း စိတ်တွေ ခုလို ပြောင်းလဲခက်ထန်လာတာ ပိပိနဲ့
ပြတ်တာကြောင့်လည်း ပါတယ်ဆိုရင် အဲဒါကကော
ဘယ်လိုအဓိပ္ပာယ်လဲ၊ မင်းဘာသာပဲ ဖြတ်ပြီးပြီးမှ နောင်တ
ရနေလို့လား"

မြတ်လေးထင်က ဆံပင်တွေ ဖွာလှုပ်သွားအောင်
ခေါင်းခါယမ်းလိုက်ရင်း ...

"ငါလည်း မပြောတတ်တော့ဘူးကွာ၊ ဘာပြောရမှန်း
မသိဘူး"

"မင်း မပျော်ဘူးနော်၊ အရင်လို ပျော်ရွှင်ပေ့ါပါးမနေဘူး၊
ငါသိတယ်၊ ပိပိကို ဖြတ်ပြီး ဟိုတစ်ယောက်ကို ရွေးမိတာ
မှားသွားရင်လည်း အချိန်မလွန်ခင် ပြင်ဖို့လိုတယ်ထင်ရင်
ပြင်လေကွာ"

"မပြင်ပါဘူး ... ငါ မပြင်ပါဘူး"

"ဟိုတစ်ယောက်ကို မင်း တော်တော် ငြိလို့ထင်တယ်"

မြတ်လေးထင်က ခေါင်းငုံ့ ငြိမ်နေလိုက်သည်။

"ဘယ်သူလဲကွ၊ ငါလည်း မသိရသေးဘူး"

"ငါတို့ ဘာမှတော့ မဖြစ်ကြသေးပါဘူး၊ သူ့အမေကတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို အရမ်းလိုလားတယ်၊ သူကလည်း သံယောဇဉ်ရှိတဲ့ သဘောပဲ၊ ငါ ရှေ့တစ်လှမ်းတိုးလိုက်မှ ဒီကိစ္စ ဖြစ်သွားမှာပါ"

"မင်က တိုးမှာလား"

"တိုးမှာပါ၊ ငါ လက်ထပ်သင့်တဲ့ မိန်းမလို့ ထင်တယ်"

"ဘယ်ကလဲ"

"မေမေ့ သူငယ်ချင်းရဲ့ သမီး ... ဒေါက်တာသွယ် တဲ့"

"ဩော် ... ဒေါက်တာသွယ် ဆိုတာ ဟိုးအရင် မင်းလည်း ကျောင်းတက်နေတုန်းက အဆောင်တစ်ခုမှာ စားစရာတွေ ဘာတွေ သွားသွားပို့ပေးရတဲ့ တစ်ယောက်လား၊ အဲဒီတုန်းက ဆေးကျောင်းသူလေ"

"အေး ... ဟုတ်တယ်၊ ဟုတ်သားပဲ ... တစ်ခါတစ်ခါ မင်းတောင် ကားပေါ်ပါဖူးသေးတာပဲ၊ အဲဒီတစ်ယောက်ပဲ"

"ဒါဖြင့်လည်း အစောကြီးကတည်းက ဒီတစ်ယောက်ကိုပဲ ဘာကြောင့် တန်းမရွေးပဲနဲ့ ပိပိကို ကြားဖောက်ကြိုက်နေ သေးလဲကွာ"

"ပိပိကို ချစ်တာကိုးကွ"





"ဟား ... မင်းဟာကလည်း ရှုပ်နေတာပဲ၊ ဘာမှ မရှင်းဘူး"

"မင်းအပေါ် လျှို့ဝှက်ချင်တဲ့စိတ် မရှိပါဘူး ကျော်ကျော်ရာ၊ ဒါပေမဲ့ မင်း အကြမ်းဖျဉ်းပဲ မှတ်ထားလိုက်ပါ၊ ပိပိနဲ့ လက်တွဲနိုင်ဖို့ ငါ့ဘက်မှာ အနုတ်လက္ခဏာတွေ ရှိလာတယ်၊ ဒါတွေကြောင့် ငါ ပိပိကို လမ်းခွဲလိုက်တယ်၊ မသွယ်ဘက်မှာတော့ ဒါတွေဟာ ဆိုးဝါးတဲ့ အနုတ်တွေ မဖြစ်နိုင်ဘူးကွ"

"မင်းလို ကြိုးစားနေတဲ့ လူကောင်းတစ်ယောက်မှာ ဘာ အနုတ်လက္ခဏာတွေများ ရှိလာတာလဲ ကိုလေးရာ၊ နား မလည်နိုင်အောင်ပဲ၊ မင်းလိုလူတစ်ယောက်ကို ငါ့မှာသာ ညီမ အစ်မတွေရှိရင် ယောက်ဖတော်ချင်စိတ်မျိုး ရှိတာ အမှန်ပဲ"

မြတ်လေးထင်က စိတ်ညစ်ညစ်ကြားက ပြုံးမိပါသည်။

"ပိပိ အိမ်ကလည်း မင်းကို လက်ခံတယ် မဟုတ်လား"

"လက်ခံပါတယ်၊ ဒီအတွက် ငါ အရမ်းမျက်နှာပူ စိတ်ညစ်ရတယ်၊ အခု ငါ ပြောင်းသွားတဲ့ အိမ်သစ်ရဲ့ အောက်



www.burmeseclassic.com

www.burmeseclassic.com



ထပ်တည့်တည့်အခန်းကို ပိပိတို့ ဝယ်ပြီးတော့ ပြောင်းလာတယ်"

"ဟာ"

"အဆင်းအတက်တွေမှာ သူတို့အိမ်က တစ်ယောက်မဟုတ်တစ်ယောက်နဲ့ မကြာခဏ တွေ့နေရတယ်၊ အဲဒါကိုလည်း စိတ်ညစ်တယ်၊ ငါ့ပုံစံ ပြောင်းလာတာ ဟုတ်ပါလိမ့်မယ် ငါ့ခေါင်းထဲမှာ ပိပိနဲ့ကိစ္စ၊ အနီးကပ် မျက်နှာပူနေရတဲ့ကိစ္စ၊ ငါ့အမေ ကျန်းမာရေးကိစ္စ၊ ဘာတွေမှန်း မသိဘူး ရှုပ်ထွေးညစ်နောက်နေတယ်၊ မင်းပြောတာ မှန်တယ် ... ငါ မပျော်ဘူး၊ ဒါကြောင့် တစ်ဖက်မှာ ထွက်ပေါက်ရှာသလို ဖြစ်နေမိသလား မသိဘူး ... ငါ ဆင်ခြင်ပါ့မယ်"

"ငါပြောတာ မင်း အတွက်ပါ ကိုလေး၊ ဘာမှ မပြေလည်စရာ မရှိတဲ့ မင်းဘဝမှာ မပြေမလည်တာတွေ မမြင်ချင်လို့ပါ၊ မင်းက အမြဲကြည်လင်လန်းဆန်း ပေ့ါပါးနေတဲ့သူ ဆိုတော့ အဲဒီပုံစံနဲ့ပဲ ဆက်မြင်ချင်တာ၊ ခုထိ မင်းရဲ့ သလောက်ကတော့ မင်း စိတ်ညစ်ရအောင် မင်းဘာသာ လုပ်ထားတဲ့ သဘောပဲ"





မြတ်လေးထင်က ခေါင်းအသာယမ်း၍ ငြိမ်နေသည်။

"ငါ့ကိုတောင် မပြောနိုင်တာတွေ မင်းမှာ ရှိနေတာတော့ ငါလည်း မသိနိုင်ဘူးပေါ့ကွာ၊ ဒါပေမဲ့ မင်း ဘာပဲအကူအညီလိုလို ငါ့ကို ဖွင့်ပြောနော် ... ဟော့ကောင်၊ ရှယ်ယာတွေတောင် မင်း ထပ်ထည့်ထားတော့ ငွေရေးကြေးရေးလည်း မဖြစ်နိုင်ဘူး။ ဘာပဲဖြစ်ဖြစ် လူအား စိတ်အား ကူညီလို့ရတာရှိရင် ပြောကွာ"

"ကျေးဇူးတင်ပါတယ် ကျော်ကျော်ရာ"

"မလိုပါဘူးကွာ၊ ကဲ ... မင်း စောစောပြန်ရင် ပြန်လိုက်၊ အန်တီ့ကိုလည်း တစ်ရက်ရက် ငါ လာကြည့် သ'တင်းမေးရဦးမယ်"

"နေပါစေ ... မလာပါနဲ့၊ မေမေက တီဘီဆန်ဆန်ဆိုတော့ သတင်းလာမမေးတာ ကောင်းပါတယ်၊ မေမေ ကိုယ်တိုင်ကလည်း အိမ်ကိုလူလာရင် အားနာပြီး စိတ်ကျဉ်းကျပ်နေတာ"

"ဘာဆိုင်လဲကွာ ... တီဘီများ"



www.burmeseclassic.com

www.burmeseclassic.com



"တကူးတက မလာပါနဲ့၊ မေမေက သူ့ကို သတင်းမေးလာရင် စိတ်ညစ်တာ အမှန်ကွ၊ သူ့မှာ သူ့ရောဂါအတွက် အားငယ်စိတ်ဓာတ်ကျနေတာ"

"လာလို့ အန်တီ စိတ်ညစ်မယ် ဆိုရင်တော့လည်း မလာပါဘူး၊ ဒါပေမဲ့ တစ်မျိုးပဲကွာ၊ မင်းကို ကြည့်ရတာတစ်မျိုးပဲ၊ မင်းမှာ ဒီထက်ပိုတဲ့ စိတ်ဆင်းရဲစရာ ရှိနေသလိုပဲ"

မြတ်လေးထင်က ထိုင်ရာမှ ထရပ်လိုက်ရင်း ...

"ကဲ ... ငါ ဒီနေ့ စောစောပြန်လိုက်ဦးမယ်ကွာ"

"အေး ... ပြန်တော့လေ"

မြတ်လေးထင်က အိမ်ကိုတန်း၍ ပြန်ခဲ့ပါသည်။ တိုက်ရှေ့မှာ သူ့ကားကို ထိုးဝင်ရပ်လိုက်ချိန်တွင် သူ့ကားနှင့် ခေါင်းချင်းဆိုင်ကာ အီဖူးဖူးထရှုပါတစ်စီးက ထိုးဝင်ရပ်လိုက်တာမို့ လမ်းပြောင်းပြန် ဝင်ရပ်သော ဤကားကို စိတ်အချဉ်ပေါက်စွာ လှမ်းကြည့်မိပါသည်။

ကားပိုင်ရှင်က အမှုမဲ့ အမှတ်မဲ့ပင် ဘာမှမသိသလို ကားတံခါးဖွင့်ကာ ဆင်းလာသည်။ တိုက်ကို မော်ကြည့်နေသော





ထိုလူကိုမြင်လျှင် မြတ်လေးထင် မျက်မှောင်ကုတ်သွားပါသည်။ ထိုလူ ...။ ဟိုးတလောက ဘဏ်မှာ ပိပိကို အရောဝင်နေသည့်လူ။

မြတ်လေးထင်က ကားပေါ်မှဆင်းကာ တံခါးပိတ်လိုက်မှပင် မြတ်လေးထင် ကားဘက် လှည့်ကြည့်လိုက်ကာ မေးမြန်းစရာ လူတစ်ယောက် ရသွား၍ အားတက်သွားပုံနှင့် ...

"ဒီမှာဗျာ ... ဒါ တိုက်နံပါတ်(၁၀) ဟုတ်ပါတယ်နော်"

"ဟုတ်တယ်လေဗျာ၊ ဟိုမှာ နံပါတ်ကြီး ရေးထားတာ ထင်းလို့"

"ဩော် ... ဟုတ်သားပဲ၊ ဒီတိုက်မှာ ဦးနေရောင် ရှိပါသလား"

"ရှိတယ်"

"ဘယ်အထပ်မှာလဲ မသိဘူး ခင်ဗျ"

"သုံးထပ်မှာ"

ထိုလူက ကျေးဇူးတင်စကား ဆိုကာ လှေကားမှ သွက်သွက် တက်သွားပါသည်။ မြတ်လေးထင်က နောက်ချန် ဖြည်းဖြည်းတက်လာသည်။ တစ်ထပ်စာမျှတက်ပြီးလျှင် ပိပိတို့ အခန်းဝရောက်ကာ ဘဲလ်တီးသံကို ကြားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆက်တက်လာရင်း ထိုအခန်းဝသို့ မြတ်လေးထင် ရောက်ချိန် လောက်မှာမှ အချိန်ကိုက် တံခါးက ပွင့်လာသည်။

"ပိတုန်းရောင်၊ ကျွန်တော်ပါ၊ အန်ကယ်ကော ရှိလား"

ပိတုန်းက ထိုသူ့ကို ကျော်ကာ မြတ်လေးထင်ကို ကြည့်သည်။ မြတ်လေးထင်ကလည်း ပိတုန်းကို ကြည့်မိရက်သား။ ပိတုန်းက သူ့ကို တမင်တကာ နာကျင်စေတော့မည့် အသံလွင် စာစာလေးနှင့် သူ မျှော်လင့်ထားသလိုပင် ...

"ဟယ် ... ကိုကိုကြီး၊ ဖေ့ဖေ ရှိပါတယ်၊ လာပါရှင်"

မြတ်လေးထင်သည် သောက လေ့ကားလက်ရမ်းကို ဆောင့်ကန်လိုက်ချင်စိတ်ကို ထိန်း၍ မှုန်တေသော မျက်နှာထား နှင့် လှေကားကို ဆက်တက်ခဲ့ရသည်။





၆

ပိတုန်းရောင်တို့ ဘဏ်ကြီးနှင့် ထောင့်ဖြတ်လမ်း ဆောင့်မှာ ဆယ့်လေးထပ်မြင့်သော တာဝါတစ်ခု ရှိပါသည်။ ထို တာဝါရဲ့ အောက်ဆုံးထပ် ထောင့်ခန်းလေးတစ်ခန်းဟာ သပ်ရပ် အဆင့်မြင့်သော Snack Bar လေးတစ်ခု ဖြစ်ပါသည်။

အဲဒီ Snack Bar လေးဟာ ဟိုအရင်ကတော့ မြတ် လေးထင်နှင့် ပိတုန်းရောင်တို့ အမြဲအတူ ထိုင်နေကျ။ Snack Bar ရဲ့ ဆိုင်ရှင် ကိုတူးနှင့်လည်း မြတ်လေးထင်က ရင်းနှီးပါ သည်။ ကိုတူးရဲ့ နယ်က တူလေးနှစ်ယောက်ကို သူတို့ဆောက် လုပ်ရေးထဲမှာ အလုပ်တောင်းတော့ မြတ်လေးထင် သွင်းပေးထား နှု၍ ကိုတူးက သူ့ကို ခင်မင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းရောင်နှင့် မခင်ပေမဲ့ မြတ်လေးထင်ရဲ့ ကောင်မလေးဟု မျက်မှန်းတန်းနေပါသည်။ သူတို့နှစ်ယောက် ဒီမှာ လာမထိုင်ဖြစ်ကြတော့တဲ့အခါ ကိုတူးက တစ်မေးတည်း သတင်းမေးသည်။

"ဘာဖြစ်လို့လဲ ကိုမြတ်လေးထင်၊ ဘာဖြစ်လို့ လာမထိုင်ကြတော့တာလဲ"

"ဒီလိုပေါ့ဗျာ"

"ပြတ်သွားတာလားဗျ"

"ဒီလိုပေါ့ဗျာ"

ဒီလိုပေါ့ဗျာ တစ်လုံးတည်းနှင့် ပြုံးမဲ့မဲ့ လုပ်နေတဲ့ မြတ်လေးထင်ကြောင့် နောက်တော့လည်း ကိုတူးက မမေးတော့ပါ။ တစ်လလောက်ဆိုင်မှာ အထိုင်ပြတ်သွားပေမဲ့ အဲဒီနောက်မှာ မြတ်လေးထင်သည် သူတစ်ယောက်တည်း မကြာမကြာ ရောက်ပါသည်။

သူရောက်လျှင် ထိုင်နေကျ ထောင့်စားပွဲလေးမှာ သူတစ်ယောက်တည်း လမ်းမဘက် မျက်နှာမူ၍ ထိုင်နေသည်။ ဘဏ်ကလည်း မှန်ချပ်ကြီးတွေနှင့် ကာရံထားသည်။ Snack Bar





ကလည်း မှန်ချပ်တွေနှင့်ပဲ ကာရံထားသည်။ ဒါကြောင့် ဆိုင်ထဲမှ ဘဏ်ထဲကို လှမ်းမြင်နေရပါသည်။

ဘဏ်ရဲ့မှန်က အဖြူကြည်၊ Snack Bar ရဲ့မှန်က အညိုနောက်မို့ ဆိုင်ထဲကိုတော့ ဘဏ်က လှမ်းမမြင်ရနိုင်ပေ။ မြတ်လေးထင် ထိုင်သော စားပွဲမှာ ပိတုန်းရောင် တာဝန်ယူရသော ကောင်တာကို ခပ်စောင်းစောင်း မြင်နေရပါသည်။

အဝေးက ကြည့်ရတာမို့ လှုပ်ရှားသွားလာပုံ ခပ်သေးသေးပဲ မြင်ရသည့်တိုင် ပိတုန်းရောင်ကို အားလုံးထဲ ရွေးချယ်ပြီး ပြတ်ပြတ်သားသား သူ မြင်ရပါသည်။ တစ်ခါတစ်ရံ ပိတုန်းက ကွန်ပျူတာနှိပ်၍ ငယ်ငယ်က ငွေထုတ်ပေးသည်။ တစ်ခါတစ်ရံ ငယ်ငယ်က ကွန်ပျူတာနှိပ်၍ ပိတုန်းက ငွေထုတ်ပေးတတ်ပါသည်။

ပိတုန်း ကွန်ပျူတာ ထိုင်ကိုင်နေလျှင် သူ မမြင်ရနိုင်တော့၍ ဟိုးအရင်ကတည်းက ပိတုန်းကို ငွေပဲထုတ်ပေးဖို့ သူ ပြောဖူးသည်။

"ဘာဖြစ်လို့လဲ ကိုလေးရဲ့"

"ကိုယ်က အားရင် အားသလို ဟိုးဆိုင်ထဲက လာကြည့်နေတာ၊ ပိပိ ထိုင်နေရင် ကိုယ် မမြင်ရတော့ဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အမယ်လေး၊ သိပ်ပိုတယ်၊ လဲပြီးလုပ်တာပေါ့ ကိုလေးရဲ့ ထိုင်ရတာ ညောင်းရင် ခဏထ၊ ထရတာ ညောင်းရင် ပြန် ထိုင်၊ အဲလို လုပ်တာပေါ့"

"ကိုယ်ရောက်တဲ့အချိန် ပိပိ ထိုင်နေရင် ကိုယ်မောတာပေ့ ကွာ"

ထိုအခါ ပိတုန်းက ချစ်စရာ မျက်စောင်းလေးနှင့် တုံ့ပြန်ပြီး နောက်ပိုင်း မက်တတ်ရပ်တဲ့ အလုပ်ကို များများလုပ် ရှာပါသည်။ ခုနောက်ပိုင်း မခေါ်မပြောကြတဲ့ အခါကျတော့ ပိတုန်း ထိုင်နေတော့တာ များသည်။ အတော်ညောင်းမှပဲ ထရ တာက ခဏတဖြုတ်။

သူ လာလာကြည့်မယ်လို့ သိလို့လား။ မျှော်လင့် လို့လား။

သူကတော့ အားရင် အားသလို လွှမ်းရင် လွှမ်းသလို ဆိုင်လေးကို မနေနိုင် မထိုင်နိုင် ရောက်လာတတ်မြဲ။ ဘာဏ်ဘာ ကြည့်နေတာ သေချာသော မြတ်လေးထင်ကို ကြည့်၍ ကိုတုးအ စိတ်မကောင်းဟန် ရှိသည်။

ဟိုးတစ်လောက မြတ်လေးထင်နှင့် ကိုတုး ဆိုင်မှာ မဟုတ် မြို့ထဲမှာ တွေ့ကြသည်။





"ကိုမြတ်လေးထင် ... မလာတော့ဘူးလား"

"ခုတစ်လော အလုပ်တွေများလို့ဗျ"

"သိပါဘူး ... မကြည့်ဘဲ မမြင်ရဘဲ နေနိုင်သွားပြီလား လို့"

"ခင်ဗျားကလည်းဗျာ၊ ကွန်တော့်ဟာ ကျွန်တော် ခင်ဗျား ဆိုင်က ကော်ဖီကြိုက်လို့ လာရင်ပဲ တခြားကြောင့် လာ သလိုလို"

"အချင်းချင်းတွေပါဗျာ၊ မသိတာ လိုက်လို့၊ ခင်ဗျားကို သတိပေးရဦးမယ်နော်"

"ဘာလဲဗျာ"

"ခင်ဗျားကောင်မလေး ဆိုင်ကို လာတယ်နော်"

"ဟုတ်လား"

"နောက်တစ်ယောက်နဲ့ဗျ"

မြတ်လေးထင် မျက်နှာကြီး ပိတ်ထိုးခံရသလို အင့် ခနဲ ပျက်ထွက်သွားပါသည်။

"အဲဒီလူက တာဝါရဲ့ ဟိုးအပေါ်ထပ်မှာ ရုံးခန်းဖွင့်ထား တာ၊ သစ်တွေ ဘာတွေ လုပ်တယ်ဗျ ... ဘောစ်နော်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးထင် ဘာမှ ပြန်မပြောနိုင်ဘဲ မချိသွားဖြ
လုပ်နေရပါသည်။

"သိပ်မမိုက်ဘူးနော် ... ရှုပ်တုတ်တုတ်ပဲ"

ဒီစကားကြောင့်လည်း မြတ်လေးထင် စိတ်ညစ်သွား
ရပါသည်။

"ရှစ်ထပ်မှာ ကာရာအိုကေဘား ရှိတယ်မဟုတ်လား၊ ည
ဘက်ဆို ရှစ်ထပ်က လူကိုကျပ်နေတာလေ"

"ခင်ဗျားလည်း လူကျပ်တဲ့အထဲ ပါတာပေါ့"

"မပါပါဘူးဗျာ၊ ကြောက်လွန်းလို့၊ ကိုယ်မရောက်ပေ
အားလုံး ကြားနေ သိနေတာပေါ့ဗျ၊ ဒီကာရာအိုကေ
သိပ်မဟန်ဘူးလေ၊ အနံ့ထွက်တယ်ဗျ၊ ကျွန်တော်တို့
လည်း ဒီဘေးက အတက်အဆင်းတွေ အားလုံးမြင်နေတာ
ဉစ္စာ ... သိနေတာပေါ့ ...

အဲဒီမှာ ဒီလူ ကျက်စားတယ်နော်၊ ညတိုင်းလို
တာ၊ တချို့ညတွေ ကျွန်တော် ဆိုင်ပိတ် အေးအေးဆေး
ဆေး လုပ်ပြီးမှ အိမ်ပြန်ဖို့ ကားသွားယူရင် အောက်ထဲ
ကားပါကင်မှာ ဒီလူ့ကားက မပြန်သေးဘူးဗျ"





"ခင်ဗျားကလည်း သိနိုင်လွန်းတယ်ဗျာ"

"ဟာ ... သိတာပေါ့၊ ကိုယ်နဲ့ အဆောက်အအုံ တစ်ခုထဲ
မှာ ဖြစ်ပျက်နေတာတွေ မသိဘဲ နေမလားဗျ၊ အဲဒီလူက
အဲဒီကိစ္စတွေ ရှိတယ်၊ အဲဒီလူနဲ့ ခင်ဗျားကောင်မလေးက
ခုတစ်လော ဆိုင်ကိုလာတာ နှစ်ခါ သုံးခါရှိပြီ"

မြတ်လေးထင် ရင်ထဲ ခံစားရပါသည်။ သွားစရာ
ဆိုင်ရှားသလား ပိုပိရယ်။

"ထိုင်ရင်လည်း ခင်ဗျားတို့နှစ်ယောက် ထိုင်နေကျ စားပွဲ
မှာပဲ"

"တော့်ပါတော့ဗျာ"

"မတော်နဲ့လေ ... ခင်ဗျားတို့ နှစ်ယောက်က တကယ်
ပြတ်လို့လားဗျာ၊ ဆိုင်ကို ခင်ဗျားတစ်ယောက်တည်း ရောက်
လာရင် ဘဏ်ကို မြင်ရတဲ့ စားပွဲမှာ ထိုင်ပြီးကြည့်ကြည့်
နေတာ ကျွန်တော်က မြင်နေတော့ ခုလိုတွေ့တာ စိတ်မ
ကောင်းဘူး"

"ဟာ ... ခင်ဗျားကလည်းဗျာ၊ ဘဏ်ကိုကြည့်နေတာ
မဟုတ်ပါဘူး၊ ကိုယ့်ဘာသာ လမ်းမ,မြင်ရတဲ့စားပွဲ ထိုင်
မိတာပဲ တစ်လွဲတွေးနေပြန်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်သေးဘူးဗျာ၊ ခင်ဗျားကောင်မလေး မမိုက်ဘူးဗျာ။ ခင်ဗျားကို ခေါက်ပြီး နောက်တစ်ယောက် ..."

"ဟာ ... မဟုတ်ပါဘူးဗျာ၊ ခင်ဗျားကလည်း ထင်တာစွတ်ပြောနေပြန်ပြီ၊ အဲဒီလူနဲ့ ပိပိ တွဲနေလည်း ပိပိမှာ အပြစ်မရှိဘူး"

"ဟောဗျာ"

"သူ စိတ်ချမ်းသာတာ လုပ်ပစေဗျာ၊ ခင်ဗျားပြောသလို ဒီလူ မဟန်လို့ ပိပိမှာ စိုးရိမ်စရာ ရှိရင်တော့ ကျွန်တော်ဝင်ပါမယ်"

"ပြီးတာပါပဲဗျာ"

ကိုတူးက ပခုံးတွန့်ပြီး စကားဖြတ်သွားပါသည်။

ဒီနေ့အဖို့တော့ သူ့ကိစ္စနှင့်သူ အိမ်က စောထွက်လာရင်း ကော်ဖီသောက်ချင်စိတ်လည်းပေါက်၊ ဘဏ်ကိုလည်း သူ သွားမကြည့်ဖြစ်တာ ရက်ခြားနေပြီမို့ ရှစ်နာရီခွဲလောက်အချိန်မှာ ကိုတူးရဲ့ဆိုင်ထဲ သူ ဝင်လာခဲ့မိသည်။

ဆိုင်ထဲ ဝင်လိုက်မိသည်နှင့် သူ့ရင်ထဲ ထိခိုက်သွားပါသည်။ ရှစ်နာရီခွဲမှ စ,ဖွင့်သောဆိုင်မို့ ဆိုင်ထဲမှာ လူလုံးဝရှင်း





နေကာ တစ်စားပွဲတည်းမှာပဲ တစ်စုံတွဲ ရှိနေပါသည်။ စားပွဲဟာ သူနှင့် ပိပိ ထိုင်နေကျစားပွဲ၊ စုံတွဲဟာ ပိပိနှင့် ဟိုလူတို့စုံတွဲ။

သူ့ရင်ထဲ တဖျဉ်းဖျဉ်း ထပူလာပြီးလျှင် ဘယ်စားပွဲမှာမှ မထိုင်ဖြစ်ဘဲ ကောင်တာဆီ သွားရပ်လိုက်ပါသည်။ ဂယ်ဇွဲ့ကောင်တာရှေ့မှာလည်း ခုံမြင့်လေးတွေနှင့် ထိုင်လို့ရသည်။ သူ ကောင်တာကို လျှောက်လာတာကို ကိုတူးက အကဲခတ်နေသည်။

"ကော်ဖီဗျာ"

"ရမယ်"

ကိုတူးက နှပ်ထားတဲ့ ကော်ဖီပေါင်းအိုးကို ခလုတ်နှိပ်၍ ကော်ဖီမှုန့်ရည်တို့ကို ပန်းကန်ထဲ ထည့်ရင်း ...

"ဟိုလူ ခုပဲ သွားခေါ်လာတာဗျ"

ကိုတူးမှာ နေကို မနေနိုင်။ ကြားထဲက မခံမရပ်နိုင် ဖြစ်နေပုံ ရပါသည်။ ဘဏ်က ကိုးနာရီခွဲမှ ဖွင့်တာ။ ခါတိုင်း ဒီအချိန် ပိတုန်းရောင် အိမ်ကမထွက်ပါ။ ခုတော့ ချိန်းထားလို့နေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရဦးမယ်၊ ညက ဆယ်နာရီလောက်မှ ဒီလူ အပေါ် ကာရာအိုကေကနေ ဆင်းပြီး ဒီကိုလာတယ်၊ နည်းနည်းလည်း မူးယစ်နေပုံရတယ်၊ သိပ်မဟန်တဲ့ ပုံစံနဲ့ တစ်ရွေလည်း မ,လာတယ်"

"ကိုတူး ... ကျွန်တော် ကော်ဖီသောက်မှာနော်၊ ခင်ဗျားသတင်းတွေ လာဝယ်တာ မဟုတ်ဘူး"

"ရပါတယ်ဗျာ၊ ကျွန်တော်က စေတနာနဲ့ သိသင့်တာတွေ ပြောပြနေတာပါ"

မြတ်လေးထင်က ဟိုစားပွဲကို မသိမသာ ငဲ့စောင်းကြည့်လိုက်မိပါသည်။ သူ ဝင်လာတာ တွေ့ပြီးသားဖြစ်သော ပိတုန်းက တမင်တကာ အမူပိုတဲ့ အပြုံးမျိုးလုပ်ကာ ပဲလုပ်နေသည်။ သူ နားလည်ပါသည်။ သူ့အပေါ် စိတ်နာနေတဲ့ ပိတုန်းဟာ သူ မခံချိမခံသာဖြစ်အောင် ပြန်လုပ်ခွင့်ရလျှင် လုပ်ချင်မှာပင်။

ပိတုန်း သူ့ကို ဘယ်လိုလုပ်လုပ် အရေးမကြီး အရေးကြီးတာက ပိတုန်းရဲ့ လိုက်လျောအနေရာဝင်မှုတွေကို ဟိုဘက်က အပုတ်မှတ်ကာ စားပွဲပေါ်တင် လက်ပိုက်ထားတဲ့





လက်တစ်ဖက်က ဆန့်ထွက်လာပြီး ပိတုန်းရဲ့ တံတောင်ဆစ်ကို လာရောက် ထိကိုင်သည်။

ပိတုန်းတို့ ဘဏ်ယူနီဖောင်းက အပေါ်က ကုတ်လက်ရှည်မို့ ဒီလူ ထိကိုင်တဲ့အခါ ပိတုန်းရဲ့ တံတောင်ဆစ်သားလေးကို မထိပါ။ အပေါ်က ပိတ်စကိုသာ ထိနိုင်သည်။

သို့ပေမဲ့ ဒါကိုပဲ အတော်မခံမရပ်နိုင် သဝန်တိုသွားပြီးလျှင် မြတ်လေးထင် သွေးတွေ ဆူပွက်ပူနွေးလာပါသည်။ ဒါကို သူ ဒီလိုပဲ ကြည့်နေမလား။ အမှန်တော့ သူနှင့် ပိတုန်း ဘာမှ မဆိုင်တော့ဘူးလေ။ ပိတုန်းမှာ လုပ်ချင်ရာလုပ်ခွင့် ရှိနေပြီ။ သူ့ကို ငဲ့ဖို့မလို။

ဒါပေမဲ့ ဘာမှမဆိုင်ဘူး ဆိုတာဟာ ချစ်သူဘဝအတွက်သာ။ မိတ်ဆွေဟောင်းတစ်ယောက် အဖြစ်လိုမျိုးတော့ ပိတုန်းရဲ့ ပျက်စီးရာ ပျက်စီးကြောင်း အန္တရာယ်ကို သူ ကာကွယ်လို့ မရ မရှိ။ ရရမည်။ ဘယ်လောက်ကြီးပဲ မသက်ဆိုင်ဘူးဆိုဆို သူ့မျက်စိရှေ့မှာ ပိတုန်း အဆုံးဖြတ်မှားတာ အမှားအယွင်းဖြစ်တာတွေအတွက် သူ တစ်သက်လုံး လက်ပိုက်ကြည့်နေနိုင်လိမ့်မည် မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



“ကျွတ်”

မြတ်လေးထင်က စုတ်တစ်ချက်သတ်ရင်း ကော်ဖီခွက်ကိုမ,ကာ ထိုစားပွဲဆီ ဦးတည်လိုက်သည် ဆိုလျှင်ပင် ကိုတုးရဲ့ ကျေနပ်အားရသွားသော အပြုံးကြီးက မျက်နှာမှာ ဖုံးဖိမရ။ “ဒီလိုမှပေါ့”ဟုပင် တိုးတိုးလေး ဩဘာပေးလိုက်ပါသေးသည်။

မြတ်လေးထင်သည် ခုံလေးလုံးရှိတဲ့အနက် လွတ်နေတဲ့ နှစ်လုံးထဲမှ တစ်လုံးကို ဆွဲထိုင်ချလိုက်ကာ ကော်ဖီခွက်ကို စားပွဲပေါ် တင်လိုက်ပါသည်။

ပိတုန်းရဲ့ကိုယ်လည်း နောက်ကို တိမ်းသွားကာ ဟိုလူ့လက်လည်း ဆုတ်၍ရုတ်သွားပါသည်။ ဟိုလူကတော့ အတော်ကြောင်အမ်းအမ်း ဖြစ်သွားလေရာ ...

“အစ်ကို မမှတ်မိဘူး ထင်တယ်၊ ဟိုးတစ်နေ့က သူတို့ အိမ် အစ်ကိုလာတာလေ၊ အောက်မှာတောင် ကျွန်တော့်ကို ဦးနေရောင် အခန်း ဘယ်အထပ်လဲ မေးသွားသေးတယ် လေ”

“ဩော် ... ဟုတ်တယ် ... ဟုတ်တယ် ... အခု ! ... ဘာ ! ...”





“ကျွန်တော် သူတို့နဲ့ အိမ်နီးနားချင်းပါ၊ မေးစရာလေးရှိလို့ ဝင်ထိုင်လိုက်တာ၊ အနှောင့်အယှက် ဖြစ်သွားလား မသိဘူး၊ ဆောရီးနော် အစ်ကို”

မြတ်လေးထင်က ပိတုန်းဘက် လှည့်ပြီးလျှင် ...

“မန္တလေးကို ငွေလွှဲရင် ဘာတွေလိုသလဲလို့၊ ဘယ်လိုလုပ်ရမလဲ”

ပိတုန်း မျက်နှာလေးက မာဆတ်ဆတ်နှင့် ...

“ဘာမှ မလိုဘူး၊ ရှင် ဘဏ်ထဲ ဝင်သွားဖို့ပဲ လိုတယ်၊ ဟိုမှာ ငွေလွှဲကောင်တာ ရှိတယ်၊ ဒီမှာလာမေးနေလို့ အပိုပဲ”

“တစ်ခါမှ မလွှဲဘူးလို့ မေးကြည့်တာပါ”

“ဘာမှ မေးစရာမလိုဘူး၊ ကလေးတောင် လွှဲလို့တတ်တယ်၊ ရှင် လာကြောင်မနေနဲ့နော်”

ပိတုန်း စကားကြောင့် ကိုကိုကြီးက လှုပ်လှုပ်ရှားရှား ဖြစ်လာရင်း ...

“နေ ... နေပါဦး၊ ငါ့ညီက သက်သက်လာနှောင့်ယှက်နေတာလား”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မနှောင့်ယှက်ပါဘူး၊ ရိုးရိုးမေးနေတာ အစ်[illegible]
လည်း တွေ့သားပဲ"

"ဘယ်မှာပဲ သွားမေးလိုက်ရင် ကောင်းမယ်၊ ကိုယ်တို့စကား
ပြောစရာရှိလို့ လာတော့ မနှောင့်ယှက်ပါနဲ့ကွာ"

"ကျွန်တော် အဲဒီလို သက်သက်မဲ့ မနှောင့်ယှက်တတ်ပါဘူး
မနေ့ညကလည်း ဆယ်နာရီလောက် ကာရာအိုကေခန်း[illegible]
နေ အစ်ကိုနဲ့ မိန်းမတစ်ယောက် ဆင်းလာပြီး ဒီဆိုင်ထဲ
ထိုင်သေးတာပဲ မဟုတ်လား၊ ကျွန်တော် လာနှောင့်ယှက်[illegible]
လား၊ မနှောင့်ယှက်ပါဘူး"

ကိုကိုကြီး မျက်နှာ အသားဖြူဖြူမှာ နီရဲသွားပြီး
လျှင် ...

"ဟာ ... မင်း ဘာတွေ လာပြောနေတာလဲ"

"ပြောပြတာပါ၊ တမင်မနှောင့်ယှက်တတ်ဘူး ဆိုတာ
ပြောပြတာလေ၊ အစ်ကို့ကို ကာရာအိုကေခန်းက မိန်း[illegible]
တွေနဲ့ တွေ့တော့ တွေ့တွေ့နေပါတယ်၊ ဒါပေမဲ့ ကိုစွမ်[illegible]
တော့ ကျွန်တော် ဘာမှ လာမပြောတော့ဘူးပေါ့၊ အခု[illegible]
သူ့ကို တကယ်သိချင်လို့ လာမေးတာပါ"





"ဟာ ... ဟောကောင်၊ မင်း သက်သက်မဲ့ လူပါးလာဝနေ
တာလား၊ မင်း ဘာအကြံနဲ့ ဒါတွေ လာပြောနေတာလဲ၊
ဟောကောင် ... အပေါ်ထပ်မှာ ငါ့ရုံးခန်းကွ၊ ဖုန်းဆက်ခေါ်
လိုက်ရင် မင်းကို ဆွဲထုတ်မဲ့လူတွေ ရောက်လာမယ်၊ မင်း
ထွက်သွားစမ်း၊ ငါ့နယ်မြေ ငါ့ပိုင်နက်မှာ မင်း လာရှုပ်မ
နေနဲ့"

"အစ်ကို့ပိုင်နက်က ဟိုးအပေါ်ထပ်မှာပါ၊ ဒီဆိုင်ထဲက
ကျွန်တော့်ကို ဆွဲထုတ်လို့တော့ မရဘူး၊ ဒါ ကျွန်တော့်
အစ်ကိုဆိုင်၊ ဟိုဟာ အစ်ကိုတော်တယ်"

မြတ်လေးထင်က ကိုတူးကို မေးငေါ့ပြလိုက်၍
ကိုကိုကြီးက ဟုတ်နိုးနိုး ဇဝေဇဝါနှင့် ဘာဆက်ပြောရမှန်းမသိ
ဖြစ်သွားပါသည်။

ပိတုန်းသည် မြတ်လေးထင်ကို စိတ်နာနေသည့်ကြား
က သူ့ လာလုပ်ပုံကို ရယ်ချင်ကာ နှုတ်ခမ်းကို အတင်းဆွဲတင်း
ထားရပါသည်။ မြတ်လေးထင် စကားတွေကြောင့် နီရဲစူပွလာ
သော ကိုကိုကြီး ရုပ်ကြီးကိုလည်း ရယ်ချင်သည်။

ဒီလူဟာ ဘယ်လိုလူစား ဆိုတာ ပိတုန်း သိအောင်



www.burmeseclassic.com

www.burmeseclassic.com



ကိုလေး တမင်သက်သက် လာလုပ်တာပဲ။ သိလိုက်ရတာ အမြဲ ပေမဲ့ သိသ်မသိသိ ပိတုန်း အတွက် ထူးခြားပြောင်းလဲမှုတော့ မရှိပေ။ ဒီလူကို နည်းနည်းကလေးမှ စိတ်ဝင်စား သာယာမှုမရှိ လောလောဆယ် ကိုယ့်ကို လာပတ်သက်သူ သူတစ်ယောက်သာ ၍ ကိုလေး မြင်ကွင်း၌ ယှဉ်တွဲလို့ ရရုံကလေး ချိတ်ထားတာ ဖြစ်ပါသည်။

"တောက် ... သက်သက် ရန်လာစနေတာလား ဟော့ကောင် ဒါ မင်းတို့ဆိုင်ဆိုလည်း နောက်တစ်သက်လုံး မထိုင်ဘူ ကွာ"

"ကာရာအိုကေခန်းက ထွက်လာတဲ့ လူတွေကတော့ ဒီဆိုင် ထဲ ရောက်ရောက်လာကြတယ်ဗျ၊ ဒီမှာ အချိန်းအချ အပေးအယူတွေ လုပ်ကြတယ်လေ၊ အစ်ကိုလည်း သိသာ ပဲ"

"ဟော့ကောင်"

ကိုကိုကြီး အသံကြီးက ဟိန်းထွက်လာသည်။ မျက် နှာကြီးမှာလည်း နီရဲရာမှ မည်းပုပ်လာတော့ကာ ...

"တောက် ... တော်တော်အောက်တန်းကျတဲ့ကောင်၊ မင်း





ပြောတာတွေနဲ့ ငါနဲ့ ဘာဆိုင်လို့လဲ၊ ဘာပတ်သက်လို့လဲ၊ အလကား ... မိန်းကလေးတစ်ယောက်ရှေ့မှာ သက်သက်မဲ့ သိက္ခာလာချတယ်၊ ငါ စိတ်ထိန်းလိုက်လို့နော် ... ဟော့ကောင်၊ မင်း မလွယ်ဘူး၊ တောက် ...

လာ ... ပိတုန်း၊ တခြားသွားမယ်၊ ဒီအရူးဘာတွေ လာပြောနေမှန်း မသိဘူး"

ပိတုန်းက အလိုက်သင့် ထရပ်လိုက်ပါသည်။ ထောင့် နံတစ်ရွက် စားပွဲပေါ် ဘတ်ခဲ့ချကာ လှည့်ထွက်သွားတဲ့ ကိုကိုကြီး နောက်သို့ ခပ်သွက်သွက်လှမ်းကာ လိုက်ပါသွားပါသည်။

"ဟား ဟား ဟား၊ ကောင်းတယ်ဟေ့"

ကိုတူးက သဘောတွေကျကာ အားရနေပါသည်။

"တွေ့လား ... ကျွန်တော်ပေးတဲ့ သတင်းတွေက အဖိုးတန် ပါတယ်ဗျ၊ တန်ဖိုးရှိပါတယ်၊ တွေ့တယ်မဟုတ်လား"

မြတ်လေးထင်က ကော်ဖီခွက်ကို ကိုင်၍ ကောင်တာ ဘားဆီ ပြန်လျှောက်လာခဲ့ပါသည်။

"ဟိုလူသာ မျက်နှာပျက်တယ်၊ ခင်ဗျားကောင်မလေးက မျက်နှာမပျက်ပါလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"သူမှ အဲဒီလူကို စိတ်မဝင်စားပဲဗျ"

အပိုင်ကြီး ပြောသော မြွက်လေးထင်ကို ကိုထူး

မျက်ခုံးကြီးပင့်ကာ မယုံနိုင်သလို ကြည့်နေပါသည်။





၇

တက္ကစီကားပေါ်က ဆင်းကာ ကားလမ်းမကို အပြေးဖြတ်ကူးလိုက်ပြီးလျှင် တစ်ဖက်ပလက်ဖောင်းသို့ ရောက်ပြီမို့စိတ်အေးလက်အေး ဆက်လျှောက်လာလိုက်သော ဒေါ်နုနွယ်သည် ပလက်ဖောင်းအခင်း ကျောက်ပြားတွေကို အသေအချာ မကြည့်မိလိုက်ဘဲ ကျောက်ပြားကွဲအက်အပေါက် ဖြစ်နေသည့် ကြားထဲကိုမှ ညာခြေထောက်က တည့်တည့်ကြီး နင်းမိသွားပါသည်။

ရုတ်တရက် နိမ့်ခနဲ ကျသွားတာကို ဟန်ချက်အထိန်းမှာ ခြေကျင်းဝတ်ကို ကျောက်ပြားစွန်းနှင့် ကလန့်သလိုဖြစ်ပြီး အသည်းခိုက်အောင် နာကျင်လျက် ခွေခနဲ လဲကျသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲမှာလည်း အထုပ်အပိုးတွေနှင့်မို့ အကျ
လည်း မတော်။ ခြေကျင်းဝတ်က နာဗျာရော တင်ပါးက နာ
ရော ထောက်မိသည့် လက်ဖဝါးက နာတာရော အတော်ခံလို
ရကာ ချက်ချင်းလက်ငင်း ပြန်မထနိုင်။

"ကျွတ် ကျွတ်"

ဘေးက လမ်းသွားလမ်းလာ မိန်းမရွယ်နှစ်ယော
က ဝိုင်းဝန်းထူမ ကူညီပေးဖို့ ကြိုးစားပေမဲ့ ဒေါ်နုနွယ်မှာ ချ
ချင်း မထနိုင်တော့ပါ။ ခြေထောက်ကို ကျောက်ပြားပေါက် 
ရာမှ ပြန်နုတ်ယူတာကိုပင်လျှင် ခြေထောက်အားနှင့် မလုပ်နိုင်
လက်နှင့် ဆွဲမ,ထုတ်ယူရပါသည်။

"ဟာ ... အန်တီ"

အသံတစ်သံ အနားက ထွက်လာပေမဲ့ မော်မကြ
အား။ ကူညီနေသော မိန်းမရွယ်တို့က လက်ထဲက ကြွပ်ကြွပ်အိ
ထုပ်မှ ထွက်ကျကုန်သည်တို့ကို စုစည်းကောက်သိမ်းပေးနေ
လည်း မကြည့်အား။

အတော်ကို နာကျင်ကာ ပွန်းပဲ့သွေးထွက်လာ
ခြေကျင်းဝတ်ကိုပဲ မျက်ရည်အလည်သားနှင့် ကြည့်နေမိပါသ

"အန်တီ ... ဘယ်လိုဖြစ်တာလဲ"





နောက်တစ်ခွန်း ထပ်မေးကာ ကိုယ့်ရှေ့ထိုင်ချလိုက်
ငြင် မျက်လွှာပင့်၍ ကြည့်မိကာ ...

"ဟင် ...၊ ဩော် ... ဟိုဒင်း"

"ဟာ ... အန်တီ ကျောက်ပြားပေါက်ထဲ ကျွံသွားတာကိုး"

"အေး"

မြတ်လေးထင်ကို မိမိအနေနှင့် စကားပြောသင့်
ပြောသင့် ဒေါ်နုနွယ်မှာ မဝေခွဲနိုင်ပဲ အိုးတိုးအတ ဖြစ်နေသည်။
ပျာပျာသလဲ စိုးရိမ်တကြီး ဖြစ်နေဟန်ကြောင့် လုံးလုံးကြီး အရေး
မ်က် မပြောမဆို နေရမှာလည်း ရိုင်းပျသလိုလိုကြီးပင်။

ပြီးတော့ မြတ်လေးထင်ကို မြင်လိုက်တော့လည်း
ဒေါ်နုနွယ် စိတ်ထဲ ကိုယ့်တူ ကိုယ့်သား အနားရောက်လာသလို
အားကိုးအားထား စိတ်ပေါက်သွားတာ အမှန်ပင်။ သူစိမ်းထက်
စာလျှင်တော့ ရင်းသည်ပေါ့။

"အစ်မတို့ ကူညီတာ ကျေးဇူးပါပဲဗျာ"

မြတ်လေးထင်က အမျိုးသမီးနှစ်ယောက်လက်မှ
မုန့်ထုပ်တို့ကို လှမ်းယူကာ ကြွပ်ကြွပ်အိတ်ထဲ ထည့်ရင်း ကျေးဇူး
တင်စကားဆိုလျှင် အမျိုးသမီးနှစ်ဦးမှာ အသိမိတ်ဆွေ အရင်းအချာ
က ရောက်လာပြီဟု ယူဆပုံနှင့် သူတို့ခရီး သူတို့ဆက်သွားကြ
ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ သိပ်နာနေတယ် ထင်တယ်"

"အေး"

"ဘယ်ကို လာတာလဲ အန်တီ"

ဒေါ်နန္ဒယ်က ဘေးက စာတိုက်အဆောက်အအုံနံရံကြီးကို လက်ညှိုးညွှန်ပြရင်း ...

"စာတိုက်ကို"

တိုတိုတုတ်တုတ် မပြောချင်သလို ပြောချင်သလို ဖြစ်နေမိသော ကိုယ့်စကားသံကိုယ်လည်း ပြန်နေရခက်လာကာ...

"ဒီပစ္စည်းတွေလေ ... အမေရိကားက အစ်မဆီပို့ဖို့ပါ"

"တစ်ယောက်တည်း အန်တီရယ်၊ အန်တီ လမ်းကိုဖြတ်ပြေးကူးကတည်းက ကားထဲက လှမ်းတွေ့တယ်၊ ကျွန်တော့်ကားက ခြားနေလို့၊ ကားရှေ့တိုးလာရင်း အန်တီ လဲကျသွားတာ တွေ့တာပဲ"

"ကျွတ် ... ကျွတ် ... ကျွတ်"

"သိပ်နာနေမှာပဲနော် အန်တီ"

မြတ်လေးထင်က သူ့ဘောင်းဘီ နောက်အိတ်ထဲက လက်ကိုင်ပဝါအဖြူတစ်ထည် ဆွဲထုတ်ယူလိုက်ပြီး ခြေကျင်းဝတ်မှ သွေးတို့ကို ဘာတ်ပေးလိုက်ပါသည်။





"အို ... အန်တို့မှာ တစ်ရှုးပါပါတယ်"

"ရပါတယ် အန်တီရယ်၊ ပွန်းပြီး သွေးထွက်တာပါ သုတ်လိုက်တော့ ဆက်တိုက်တော့ ထွက်မနေတော့ဘူး"

မြတ်လေးထင်က ဒေါ်နန္ဒယ် ခြေကျင်းဝတ်ကို [illegible]သာအယာ ဆုတ်နယ်ပေးနေ၍ ဒေါ်နန္ဒယ်မှာ အားနာနေရခက်[illegible] ...

"နေပါစေ ကိုလေးရယ် ... နေပါ"

"ရပါတယ် အန်တီ၊ ထနိုင်ရင် ကျွန်တော် တွဲထူမယ်၊ ပစ္စည်းတွေလည်း ကျွန်တော် ပို့ပေးမယ် အန်တီ၊ အန်တို့ကို တစ်နေရာ ထိုင်နေခိုင်းခဲ့မယ်"

ခဏလေး ဆက်ထိုင်နေပြီးမှ မြတ်လေးထင်က [illegible]ထူ၍ ဒေါ်နန္ဒယ်ကို ထ,စေပါသည်။ နှစ်ယောက်သားတွဲကာ [illegible]ည်းဖြည်းလျှောက်ရင်း စာတိုက်ထဲ ဝင်ခဲ့ကြသည်။

ဘေးက ဒီလို အဖော်တစ်ယောက် မပါလျှင် [illegible]နန္ဒယ် အတော်ဒုက္ခရောက်ပါမည်။ ကိုယ့်ဟာကိုယ် တစ်ယောက်[illegible]ည်း လျှောက်နိုင်ဖို့ မလွယ်ပါ။ မြတ်လေးထင်နှင့် လာဆုံတာ [illegible]ကောင်းသည်ဟု မှတ်ယူရမှာပါ။



www.burmeseclassic.com

www.burmeseclassic.com



သမီးနှင့် ချစ်သူတွေ ဖြစ်ကြပြီး မိဘလည်း သိထား ပြီးမှ ပြတ်သွားကြသည်ဆိုတဲ့ အမျိုးသားလေးထံမှ ဤသို့အကူ အညီ ယူသင့် မယူသင့် ဒေါ်နန္ဒယ်လည်း မဆုံးဖြတ်တတ်တော့ ပါ။ ခုချိန်မှာ သူ့အကူအညီမှ မယူရင်လည်း ဒုက္ခရောက်ဖို့ခဲ ရှိပါသည်။

"အန်တီ ဒီမှာ ခဏထိုင်နော်"

ထိုင်စရာ ပလတ်စတစ်ခုံတစ်လုံး ရအောင်ရှာ ယူလာပြီး ဒေါ်နန္ဒယ်ကို ထိုင်စေသည်။ မြတ်လေးထင်ရဲ့ ပြု လှုပ်ရှားပုံတို့ဟာ ကြင်နာနူးညံ့နေပါသည်။ ဒေါ်နန္ဒယ် ပစ္စည်း မည့် ကိုယ်စားလှယ်ဌာနက အပေါ်ထပ်မှာမို့ ပစ္စည်းထုပ်ကို ကာ မြတ်လေးထင်က အပေါ်တက်ဖို့ ပြင်သည်။ ပို့မည့်လိပ်စ က စာရွက်လေးနှင့် အသင့်ရေးကာပါပြီးသားပါ။

"သား ... ကိုလေး ... ပိုက်ဆံယူသွားဦး"

"ရပါတယ် အန်တီ"

"အို ... ဘယ့်နှယ် ရပါတယ်လဲ၊ နည်းနည်းပါးပါး မဟုတ်တာ၊ ရော့ ... ငါးသောင်း၊ အန်တီပို့နေကျ ခင် တယ်၊ အန်တီ့နာမည် ပြောလိုက်ပေါ့၊ လိုအပ်တာ သူ ဘာသာ လုပ်သွားပါလိမ့်မယ်"





အစားအသောက်၊ လက်ဖက်စုံ၊ မာဖလာလေးများ၊ ကချင်လုံချည် စသဖြင့် ပစ္စည်းစုံစုံလင်လင် အထုပ်ကိုယူကာ မြတ်လေးထင် တက်သွားပါသည်။ သိပ်မကြာဘဲ ပြန်ဆင်းလာ သည်။

"ပြီးသွားပြီလား ကိုလေး"

"ဟုတ်ကဲ့ ... ပြီးသွားပြီ အန်တီ၊ အန်တီ့နာမည်နဲ့ လိပ်စာ ပြောပြတော့ သူတို့ ချက်ချင်းပဲ မြန်မြန်ချိန်တွယ်ပေးလိုက် တယ်၊ ပိုတဲ့ပိုက်ဆံ အန်တီ"

မြတ်လေးထင် လက်မှ ပိုက်ဆံကို လှမ်းယူပြီး မြတ်လေးထင် တွဲထူတာကို အားကိုးပြု၍ ရပ်လိုက်ပါသည်။

"မြည်းမြည်းလျှောက် အန်တီ၊ အန်တီ ဘယ်သွားစရာ ရှိသေးလဲ၊ ဆေးခန်း အရင်သွားလိုက်ရအောင်"

"ဆေးခန်းတော့ ညနေမှပဲ မြစိမ်း ဖြစ်ဖြစ် ပို့ခိုင်းပါ့မယ် ကိုလေးရယ်"

"ခုပဲသွားလိုက်ပါ အန်တီ၊ ဖြစ်စ ဆေးထည့်ဆေးသောက် လိုက်ရင် ပိုထိရောက်တာပေါ့၊ အန်တီ ဒီလောက်ထောက် နိုင် လျှောက်နိုင်ရင် ဓာတ်မှန်တွေ ဘာတွေ ရိုက်ရမယ် မထင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နုနွယ်မှာ မငြင်းတော့ဘဲ ငြိမ်နေလိုက်ပါသည်။

"အက်စ်အက်စ်စီ သွားလိုက်မယ် အန်တီ၊ ဆေးထည့်ပတ်တီး စည်းပေးမယ် ထင်တယ်၊ အနာသက်သာမဲ့ဆေးလည်း ပေးမှာပါ"

မြတ်လေးထင်က ကားကို ရွှေဂုံတိုင်ဘက် မောင်းလာခဲ့ပါသည်။ ဘယ်လိုပင်ဖြစ်စေ ဒေါ်နုနွယ်သည် မြတ်လေးထင် စီမံဆောင်ရွက် ပြုစုကုသ သမျှကို တစ်လျှောက်လုံး ငြိမ်သက်စွာ လိုက်ပါနာခံဖြစ်လိုက်ပါတော့သည်။

ဆေးထည့်ပတ်တီးစည်းပြီးသော ဒေါ်နုနွယ်မှာ အရိုးလည်းမထိခိုက်ဘူးဆို၍ စိတ်အေးသွားပါသည်။ မြတ်လေးထင်က ပထမဦးဆုံးဆေးကိုပင် အက်စ်အက်စ်စီမှာတင် ကော်ဖီဝယ်၍ ဆေးတိုက်လိုက်ပါသေးသည်။ အိမ်ကို ပြန်ပို့မည်ဆို၍ ဒေါ်နုနွယ် ကားပေါ် ငြိမ်သက်စွာ ပါလာသည်။

အတွေ့အမြင် နည်းပေမဲ့ လူတော်လူကောင်းလေး အဖြစ် အကဲခတ်မိကာ မြတ်လေးထင် အပေါ် သဘောကျနှစ်လိုမှု ရှိခဲ့ပါသည်။ ကိုယ့်သမီးက မေတ္တာရှိတဲ့ ကောင်လေးအဖြစ်လည်း တစ်မျိုးသံယောဇဉ် ရှိခဲ့ပါသည်။ သမီးအပေါ် သစ္စာဖောက်သွားပါသည်ဟု သမီးကိုယ်တိုင်က ပြောထားလျက်နှင့်ပင် ဘာကြောင့်





မှန်းမသိ ဒီကောင်လေးမျက်နှာ မြင်လျှင် စွဲရှာလို့လည်း မရ။ အမြင်ကတ်လို့လည်း မရ။

သူ့ရဲ့ ကြည်လင်တည်ကြည်တဲ့ ယဉ်ကျေးဖော်ရွေတဲ့ ရုပ်ကလေးအပေါ် ခင်မင်ယုံကြည်စိတ်က မထားဘဲနှင့်ရှိနေ အန်းတည်း။

"ကျေးဇူးပါပဲ ကိုလေးရယ်"

"ရပါတယ် အန်တီ ... ကျေးဇူးတင်ရမဲ့သူမှ မဟုတ်တာ"

"အလုပ်တွေလည်း ပျက်ကုန်ပြီ ထင်တယ်"

"မပျက်ပါဘူး အန်တီ၊ အရေးတကြီး အချိန်မီ ပြီးစရာ အလုပ်မရှိပါဘူး"

"အင်း ... မင်းတို့လူငယ်ချင်း အဆင်မပြေတော့ဘူးဆို တော့ အန်တီတို့မှာ ကြားကနေ နေရထိုင်ရ ခက်တာ အမှန်ပဲ၊ ဆက်ဆံစရာ မလိုတော့ဘူးလို့ပဲ စိတ်ထဲသတ်မှတ်ထားလိုက်ကြတာ အမှန်ပဲကွယ့်၊ မင်း အန်ကယ်က ဗိုးဆို ဖရုံမသီး လူစားမျိုး၊ ဟင် ... ဆိုရင် လှည့်ကြည့်ချင်တာ မဟုတ်ဘူး ...

လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တ ဂုဏ်သိက္ခာတွေကိုလည်း သိပ်တန်ဖိုးထားပြီး ကြည့်တာ၊ မင်းဘက်က



www.burmeseclassic.com

www.burmeseclassic.com



ခုလို ဖြစ်သွားမယ်လို့ အန်တီ ထင်တောင် မထင်ဘူး။ အန်တီကတော့ ဖူးစာမပါကြဘူး၊ ကံတရားပေးတဲ့အပိုင်း ပဲလို့ပဲ သတ်မှတ်လိုက်တယ် ...

သား ခုလို လိုအပ်နေတုန်း ကူညီတာကို သိပ်ကျေးဇူးတင်တယ်၊ ဒါပေမဲ့ ဒီဟာကို အကြောင်းပြုပြီး အရင်လို တစ်ခါ ပြန်ခေါ်ပြောနဲ့ နေလို့လည်း မဖြစ်ပြန်ဘူး။ အန်တီတို့ကို နားလည်ပေါ့ ကိုလေးရယ်"

"ကျွန်တော် နားလည်ပါတယ် အန်တီ၊ ကျွန်တော်က ပိပိအပေါ် အပြစ်ရှိတဲ့သူပဲ"

မြတ်လေးထင် အသံက စိတ်မကောင်းခြင်းကြီးစွာ တုန်ခိုက်နေပါသည်။ သူ လေးစားနှစ်သက်တဲ့ ဤမိသားစုနှင့် လွဲရတဲ့ သူ့ကံကြမ္မာကိုလည်း သူ ယူကျုံးမရ ဖြစ်မိပါသည်။

"ကိုလေးအမေရော နေကောင်းသွားပြီလား"

"မကောင်းပါဘူး အန်တီ"

"ဪ ... စိတ်မကောင်းပါဘူးကွယ်၊ အတော်ကြာပြီပဲ နော်၊ တီဘီလိုရောဂါမျိုးကတော့ စိတ်ရှည်ရှည်ထား ကုရတာပဲကွယ်၊ စိတ်ဓာတ်မကျဖို့ အားမငယ်ဖို့ အမေကို အားပေးပါကွယ်"





"ဟုတ်ကဲ့"

ဒေါ်နန္ဒယ်ကို အခန်းထဲအထိ တွဲပို့ပေးပြီးမှ မြတ်လေးထင် ပြန်သွားပါသည်။ နေ့လယ်ချိန်မို့ အိမ်မှာ ဒေါ်ရီ တစ်ယောက်သာ ရှိပါသည်။ အားလုံး အလုပ်ခွင်သွားနေကြ၍ ဘယ်သူမှ မရှိ။ ထို့ကြောင့် အိမ်ထဲထိဝင်ပို့ခွင့် ရသွားတာပင်။

ညနေ အလုပ်က အသီးသီး ပြန်ရောက်ကြမှပင် ဒေါ်နန္ဒယ် အဖြစ်အပျက်ကို သိကြရပါသည်။ ဖြစ်ကာစ,ကထက် ဒဏ်ရာက ယောင်ကိုင်းလာသည်။ ဖေဖေ့ ဒရိုင်ဘာ အားတဲ့ရက် ထိ မစောင့်ဘဲ ကိုယ့်ဟာကိုယ် ထွက်သွားသည့် ဒေါ်နန္ဒယ်ကိုပဲ တဖွဖွ တဖျစ်တောက်တောက်နှင့် ကရုဏာသက် အပြစ်တင်မဆုံး ရှိကာ အားလုံး ဒီကိစ္စကိုပဲ ဝေဖန်ပြောဆိုနေကြပါသည်။

မြတ်လေးထင် အစအဆုံး ကူညီလိုက်တာကို သိရလျှင် ပိတုန်းရောင်က မကျေမချမ်း တစ်စခန်းထ,သည်။

"မေမေကလည်းနော် သူ့အကူအညီကို ယူရတယ်လို့ သူနဲ့ မပတ်မသက် နေပါဆိုမှ သူ့အကူအညီကို အစအဆုံး ယူလိုက်ရတော့ ဘယ်ကောင်းမလဲ"

"ဒါတော့ တိုက်တိုက်ဆိုင်ဆိုင် သူက အနားရောက်လာတာကိုး သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



မြစိမ်းရောင်ကတော့ ပိတုန်းကို မျက်မှောင်တွန့်ကြည့်ကာ ...

"ဟဲ့ ... ဒီလောက်တောင် သေရေးရှင်ရေး နာနေတာ၊ သူ့အကူအညီ မယူဘူးဆိုပြီး ကိုယ်က တင်းနေလို့ ရမလား"

"သူ မကူညီလည်း ဘေးပတ်ဝန်းကျင်က ကူညီမှာပါ"

"တူမလားဟဲ့၊ လူသိက ကူညီတာက ပိုအချိုးကျ အဆင်ပြေတာပေါ့၊ ကားပါတာကအစ ဆေးခန်းတွေ ဘာတွေ ပို့ပေးတတ် လုပ်ကိုင်ပေးတတ်တာကအစ ဘယ်တူပါ့မလဲ"

"သူ့ကို ကျေးဇူးတင်စရာမှ မဖြစ်ချင်တာ"

"ဟဲ့ ... ငပိ ...၊ ကိုယ့်အမေ ဒီလိုဖြစ်တာကို ခုလို အ
အဆုံး ကူညီသွားတာ သူ မဟုတ်ဘဲ တခြားဒီထက်
စရာကောင်းတဲ့ ကိုယ်မုန်းရတဲ့လူ ဖြစ်နေပစေဦး ကျေး
တင်ရတော့မှာပဲ၊ ကျေးဇူးမတင်လို့လည်း မရဘူး၊ ကိုယ်
ဘာသာကိုယ် တခြားကိစ္စဝိစ္စတွေ ရှိတာက သတ်သတ်
ကိုယ့်အမေကို ကူညီတာက ကူညီတာ သတ်သတ်ပဲ"

"သူ့အကူအညီမှ မယူချင်တာ၊ သူ့အကူအညီကို ယူလိုက်
ရတာ အောက်တယ်"





"အောက်ရင် မေမေ လမ်းမကြီးလယ်ကောင် ချော်လဲကျရက်ကြီးနဲ့ ဘာဆက်လုပ်ရမှာလဲ"

"ဒီလိုပဲ ဟိုလူဒီလူ ကူညီရင်း ဖြစ်သွားမှာပါ"

"ဒီလိုတွက်လို့ ဘယ်ရမလဲ၊ တွဲထူပေးကြ ပြုကြလောက်ပဲ ကူမှာပေါ့၊ ခုလိုဘယ်သူက ကူညီပါ့မလဲ၊ ဘယ်လိုပင်ဖြစ်စေ သူ့စိမ်းသက်သက်လို့ သဘောထားရင်တောင်မှ အိမ်နီးနားချင်းတော့ ပတ်သက်နေရသေးတာပဲ၊ အိမ်နီးနားချင်းက ကူညီနေသလိုပဲ စိတ်ထဲထားရင် ပြီးတာပဲ၊ နင်က ဟိုအရင်ကဟာတွေ ထည့်တွက်တွေးနေလို့"

ပိတုန်းမှာ ငိုမလို မျက်နှာနှင့် ကောက်ချိတ်သွားပါသည်။

"ဟိုတုန်းကဟာတွေ ပိပိက ထည့်တွေးတယ် ဆိုတာ မမ ပိပိကို နိုင့်ထက်စီးနင်း ပြောတာပဲ၊ ပိပိကပဲ မမေ့နိုင်တာ ကျနေတာပဲ"

"ဟဲ့ ... အဲလို တစ်ခွန်းမှ မပြောဘူး၊ မမေ့နိုင်တဲ့သဘော မပါဘူး၊ ပတ်သက်တာတွေ ပြတ်တောက်တာတွေ ထည့်စဉ်းစားတာကို ပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါက ထည့်မစဉ်းစားလို့ ရတာမှ မဟုတ်တာ၊ ဖြစ်ခဲ့တာက ဖြစ်ခဲ့တာပဲ၊ ထည့်မစဉ်းစားလည်း ဒီအဖြစ်က ဒီအဖြစ်ပဲ"

"အေးပါ … ဒါပေမဲ့ ခုလို အရေးကြုံတော့ မေမေ့ကို သူ့ကိုယ့်အဒေါ်သားချင်းလို သဘောထားပြီး ကူညီတယ်၊ ဒါကိုတော့ နင် ကျေးဇူးမတင်လို့ မရတော့ဘူး"

"မတင်ပါဘူး"

"နင့်ကို ကျေးဇူးတင်စကား သွားပြောခိုင်းနေတာလည်း မဟုတ်ဘူး"

"မေမေကလည်း အောက်ကြည့်လျှောက်တာ မဟုတ်ဘူး"

"ဟဲ့ … ပိပိရယ်၊ ခွဲကြည့်စမ်း၊ နင်နဲ့ပတ်သက်ပြီး သူ မကောင်းဘူး၊ မှန်တယ်၊ ဒါပေမဲ့ မေမေနဲ့ ပတ်သက်ပြီး အခု သူ ကောင်းတယ်"

မြစိမ်းရောင်နှင့် ပိတုန်းရောင်ရဲ့ အငြင်းအခုန် စကားတွေကြောင့် ဒေါ်နုနွယ်ပင် ခေါင်းနောက်လာပါသည်။

"ဟယ် … တော်ကြစမ်းပါတော့၊ ခြေထောက်က နာရတဲ့ကြားထဲ နားကို ညည်းနေတာပဲ၊ အဲဒီတုန်းက ဘယ်လို





ထနိုင်တာ မဟုတ်ဘူး၊ နာကလည်းနာ တစ်ယောက်တည်းအားကလည်းငယ်၊ ငိုကိုငိုချလိုက်ချင်တာ၊ မြတ်လေးထင် အနားရောက်လာတာတွေ့တော့ စိတ်ထဲအားရှိသွားတာတော့ အမှန်ပဲ၊ မြစိမ်း ပြောသလိုပဲ အိမ်နီးနားချင်းတစ်ယောက်ရဲ့ အကူအညီကို ယူလိုက်တဲ့သဘောပဲပေါ့ကွယ်"

"ရန်သူတောင် ကိုယ့်အသက်ကယ်ရင် ကျေးဇူးရှင်ပဲ၊ ခုဟာက အသက်ကယ်ရတာလောက် မဟုတ်ပေမဲ့ ဒုက္ခရောက်တုန်း ကူညီတာ၊ ကျေးဇူးကတော့ တင်ရမှာပေါ့ကွာ"

ဖေဖေက အဆုံးသတ် တစ်ခွန်း ဝင်ပြောကာ စကားဝိုင်းက ထ,သွားပါသည်။

"မေမေက ကျေးဇူးတင်ကြောင်းအပြင် ဒီကျေးဇူးကြောင့်တော့ အရင်အတိုင်း ခေါ်ခေါ်ပြောပြော ပြန်လုပ်ဖို့တော့ မဖြစ်နိုင်ဘူးလို့ ပြောလိုက်ပါသေးတယ် သမီးရယ်"

"ဒီတော့ သူက ဘာတဲ့လဲ မေမေ"

"သူ နားလည်ပါတယ်တဲ့၊ သမီးအပေါ် သူက အပြစ်ရှိတဲ့ သူပဲတဲ့"

ပိတုန်းက လက်သည်းချင်း ဆိတ်ဖဲ့နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



“ကိုလေး တစ်ယောက်က ဘာဖြစ်သွားတာလဲ မသိဘ
ဟယ်၊ ငါက သူ့ကို ခင်တယ်၊ ဒီအတိုင်း ဖြစ်နေလို့သ
လက်ခံရတယ် နင့်အပေါ် သစ္စာဖောက်ပြီး နောက်တ
ယောက် ပြောင်းမဲ့သူလို့ ခုထိကို မယုံချင်ဘူး”

ပိပိလည်း ယုံတော့ ဘယ်ယုံချင်ပါ့မလဲ။ ဒေါက်တ
သွယ် ရောက်လာတာမြင်တိုင်းလည်း ရင်ထဲ ပူလောင်နေမိတ
ပါပဲ။ မယုံလို့မှ မရတာ။ သူကိုယ်တိုင် ပါးစပ်က ဖွင့်ပြောတ
မဟုတ်ဘဲနဲ့များ ပါးစပ်က ခုလိုပြောစရာ ဘာအကြောင်းရှိ
မို့လဲ။

ဒေါက်တာသွယ် ရက်ခြား ရက်ခြား မကြာ မ
လာနေတာလည်း ကိုယ့်မျက်စိနဲ့ အမြင်ပဲ။ ကိုယ်မြင်သ
ဖေဖေတို့ မေမေတို့ မမတို့လည်း တစ်ခါမဟုတ် တစ်ခါ မြင်
မှာပင်။ ဘာမှ မဖြစ်သလို နေနေပေမဲ့ အရမ်းကို ဖြစ်နေ
ကိုယ့်ဘာသာပဲ သိပါသည်။

“ဒေါက် ... ဒေါက်”

“ဟော ... နွားနို့သည် လာပြီ မရီရေ”

တံခါးခေါက်သံကြောင့် နွားနို့လာနေကျ အချိ
ဒေါ်ရီက စတီးအိုးလေး ယူကာ တံခါးဖွင့်လိုက်ပါသည်။ နွ





လာပေးနေကျ လူကြီးက သူ့မှာပါလာသော အသင့်ချိန်တွယ်ထည့်ထားသည့် ပုလင်းထဲမှ နွားနို့များကို အိုးထဲ နှစ်ပုလင်းလောင်းထည့်သည်။

မြစိမ်းရောင်က ပိုက်ဆံချေသည်။ တံခါးဖွင့်၍ အိမ်ဝမှာပင် လုပ်ကိုင်နေကြဆဲ လေ့ကားမှ အပြေးအလွှားကြီး တက်လာသော ခြေသံကြမ်းကြမ်း ထွက်ပေါ်လာသည်။ နွားနို့သည်ကြီးက လှည့်ကြည့်ကာ နေရာဖယ်ပေးသည်။

မြတ်လေးထင်က ရှေ့က အိတ်မည်းမည်းလေးဆွဲ၍ အပြေးတက်သွားတာ ဖြစ်ကာ သူတို့ကို လှည့်ကြည့်မသွားပါ။ စိတ်လောနေပုံရတဲ့ မြတ်လေးထင်ကို လေ့ကားတစ်ကွေ့လောက်ခြတ်၍ နောက်က လူတစ်ယောက်ကလည်း အပြေးအလွှားပင် တက်လိုက်လာပါသည်။

ဝုန်းဒိုင်းဝုန်းဒိုင်းနှင့် အပြေးအလွှား ရှေ့ဆင့်နောက်ဆင့် တက်သွားကြပုံကို အိမ်တံခါးဝမှ ဒေါ်ရီနှင့် မြစိမ်းရောင်သာမက နောက်နားမှာ ထိုင်နေသော ဒေါ်နုနွယ်နှင့် ပိတုန်းရောင်ပါ မြင်လိုက်ရပါသည်။ ဟန်ပန်တွေရော ခြေသံတွေပါ ထူးခြားသိသာနေတာမို့ ...

“ဟဲ့ ... ဘာများ ဖြစ်တာလဲ မသိဘူး”



www.burmeseclassic.com

www.burmeseclassic.com



မေမေက ရေရွတ်သည်။

နွားနို့သည်ကြီး ပြန်ဆင်းသွားတဲ့အခါ ဒေါ်ရီ

နွားနို့အိုး သွားထားပြီး ...

"သြော် ... ကျွန်မ သိပြီ၊ နောက်က ပြေးပြီးပါလာ

ဆရာဝန် အစ်မရဲ့"

"ဆရာဝန် ဟုတ်လား ! ..."

"ဟုတ်တယ် ဆရာဝန်"

"ညည်းက ဘယ်လိုလုပ် သိတုန်း အရီရဲ့"

"သြော် ... အစ်မရယ်၊ လမ်းထိပ်မရောက်ခင်နားက ကျ

သွားဝယ်တဲ့ စတိုးဆိုင်လေး သိတယ်မို့လား၊ ပေါင်မုန့်

ထောပတ်တို့ ကိတ်မုန့်တို့ ရတယ်လေ၊ ပိပိထော

နေကြာစေ့ ဝယ်ခိုင်းဖူးတဲ့ ဆိုင်လေ"

"အေးပါ ... အဲဒီဆိုင် သိပါပြီ ... အဲဒါ ဘာဖြစ်

"အဲဒီဘေးမှာ ဆေးခန်းလေးလေ၊ သွားဝယ်တိုင်း အဲ

ဆရာဝန်ကို မကြာမကြာ မြင်နေတာ၊ တစ်ခါတ

ကျွန်မ ဝယ်ခြမ်းနေတုန်း အဲဒီဆရာဝန်တောင် တ

လာဝယ်တာ ကြုံဖူးသေးတယ်"

"အဲဒီမှာပဲ နေတာလား"





"ဟုတ်တယ် အစ်မရဲ့၊ အပေါ်လွှာမှာ သူတို့မိသားစုနေတာ၊ မြေညီလွှာမှာ ဆေးခန်းဖွင့်ထားတာပေါ့၊ နေ့ပါဦး၊ နာမည်တောင် သိပါတယ်၊ သြော် ... ဒေါက်တာအောင်မြတ်တဲ့"

"မြတ်လေးထင်ကလည်း ရှေ့က အိတ်ဆွဲပြေးသွားတာ ဆေးအိတ်ပုံစံပဲ၊ ဒေါ်ရီ ပြောတာ ဟုတ်မှာ မေမေ"

"ဒါဖြင့် ဘာများဖြစ်ပါလိမ့်"

"သူ့အမေပဲ နေမှာပေါ့"

"အေးပေါ့၊ ဆရာဝန်ကို အိမ်ခေါ်တယ်ဆိုတော့ ဆေးခန်းကို မသွားနိုင်လို့ပေါ့၊ ပြီးတော့ အပြေးအလွှားနဲ့ ရုတ်တရက် ဘာများဖောက်ပါလိမ့်၊ အခြေအနေမှ ကောင်းရဲ့လား"

မေမေ့စကားကြောင့် ပိတုန်းက စိတ်ထဲမှပင် "ဖွ ... " ဟု ရေရွတ်မိသည်။ ကိုလေးအမေကို မတွေ့ဖူးပဲနှင့် သံယော ဖြစ်နေမိတာပင်။

"သူ့အမေက နေမကောင်းဘူးလည်း ပြောသေး၊ ဆေးခန်းသွားတာမျိုးလည်း တစ်ခါမှ မတွေ့ဘူးနော်"

"ဆေးခန်း မပြောနဲ့ ဘယ်မှကို မသွားတာ မြစိမ်းရဲ့၊ ခုထိ ဘယ်သူမှမှ မမြင်ဖူးသေးတာ ကြည့်လေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရီကပါ ဝင်ထောက်ခံသည်။ ဟုတ်ပါရဲ့။ တင်ခါမှကို အဆင်းအတက် မလုပ်ဘဲ အိမ်ပြောင်းလာပြီးကတည်းက အိမ်ထဲပဲ ပုန်းအောင်းနေတော့တာပင်။

"ဈေးလည်း မသွားဘူး ထင်တယ်၊ ဘယ်မှကို မသွားတာနေမယ်"

"တော်တော်များ အခြေအနေ ဆိုးသလား မသိပါဘူးအိပ်ရာထဲမှာ လဲနေတာမျိုးများလား၊ ကိုလေးကလည်းဘာမှ သေချာမပြောပြဘူး ဆိုတော့ ကိုယ်က ဘာမှရေရေရာရာ မသိတာ၊ ဘာပဲဖြစ်ဖြစ် ဒီလောက် အပြောအလွှား ဆရာဝန် သွားခေါ်ရတာတွေ ဘာတွေကျတော့အသည်းအသန် တစ်ခုခု ဖြစ်လို့နေလိမ့်မယ်"

ဘေးလူတွေသာ တစ်ယောက်တစ်ပေါက် ဝေဖန်ပြောကြားနေကြပြီး ပိတုန်းက ဘာမှ ဝင်မပြောဖြစ်ပေ။ မပြောဖြစ်ပေမဲ့လည်း ကိုလေးအမေရဲ့ အခြေအနေကိုတော့ စိုးရိမ်စာနာစိတ် ဖြစ်မိပါသည်။

"ဘာပဲဖြစ်ဖြစ် လိုအပ်တာရှိရင် ပြောဖို့တော့ ကိုလေးကိုပြောမှပဲ မေမေရဲ့၊ နို့မို့ အပေါ်ထပ် အောက်ထပ်နေပြီးဝတ္တရား မကျေသလို ဖြစ်မယ်၊ ဒီနေ့လိုမျိုးဆိုကြည့်၊ သူ





ဆရာဝန် ပြေးခေါ်ရင် လူမမာကို တစ်ယောက်တည်းသော့ခတ်ထားပစ်ခဲ့ရမှာလေ၊ လူမမာနား စောင့်ပေးမဲ့သူမရှိ ဘာမရှိ"

"ဟုတ်တယ်၊ မှန်တယ်၊ အကူအညီလိုရင် တောင်းဖို့ပြောသင့်တယ်"

ပိတုန်းကတော့ ငြိမ်၍သာ နေမိသည်။ မကွန့်ကွက်မိသော့ပါ။



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



## ၈

"ဟိုနေ့က မြမြသား မင်္ဂလာဆောင်တောင် သွားလိုက်ရသေး တယ်၊ အမယ်လေး ... မြမြတို့များ ပြုံးလို့ပျော်လို့၊ သူ့သား သူကြည့်ပြီး သဘောတွေ ကျနေလိုက်တာ၊ တောင်မလေး က ဆရာဝန်မလေးပဲလေ ... သွယ်တို့နဲ့ မခင်လှပေမဲ့ ဘက်ချိချင်း တူတူပဲ"

ထမင်းဝိုင်းမှာ အန်တီကြည့်အသံက ဝေစည်နေပါ သည်။ ထမင်းလည်းစား စကားလည်းများ ...။ မေမေကတော့ စကားနည်း၍ အပြုံးအရယ်သာ ထုံးစံအတိုင်း လုပ်နိုင်သည်။ ထမင်းစားတော့လည်း တစ်လုပ် နှစ်လုပ်။





မြတ်လေးထင်က သွယ့် ပန်းကန်နားသို့ ဝေးနေ သော ဟင်းခွက်တွေ ရွှေ့ပေးနေတာကို အန်တီကြည်က ပြုံးကြည့် နေရင်း ...

"ကျုပ် သမီးလေးကိုလည်း ဒီလို မင်္ဂလာကြီး ဆောင်ပေး ရဦးမယ် ခင်ရေ့"

မေမေ့မှာ အမ်းတမ်းတမ်း ဖြစ်သွားပြီးမှ ...

"ဟုတ်တာပေါ့ ကြည်ရယ်"

"ငါကတော့ ပေးစားချင်လှပြီ၊ သူတို့က ဘယ်လိုမှန်း မသိတာ"

သွယ်သည် မျက်ခုံးလေးတွန့်၍ ...

"အို ... မေမေကလည်း ဘယ်လို ဖြစ်နေမှန်း မသိဘူး"

"ဟဲ့ ... ငါ ဖြစ်ချင်တာပဲ ... ဘာဖြစ်လဲ၊ မလှုပ်မယှက် တွေနဲ့ စိတ်ကို မရှည်ဘူး ... ဟင်း ..."

ဒေါ်ခင်နှင်းဆီသည် ဘာပြောရမလဲ ကမန်းကတန်း ငြိုးစားနေပုံရပြီးမှ ပါးစပ်ထဲတွေ့ကရာ ...

"ဒါပေါ့ ... တစ်သက်တစ်ခါမင်္ဂလာ မဟုတ်လား ..."

မြတ်လေးထင်သည် မေမေ့ကို ရယ်ချင်ကာ ...



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"မေမေ့စကားကလည်း ဘောထွက်နေတယ်၊ ဆိုင်လည်း မဆိုင်ဘူး ... ဟား ဟား"

မေမေက မြတ်လေးထင်ကို ပြုံးရင်းက အကဲခတ်သည်။ မေမေ့ အခက်အခဲကို သိ၍ မြတ်လေးထင်က မေမေ့ကို သနားတောင် သနားနေမိပါသည်။ မြတ်လေးထင်ဟာ ပိတုန်းကို အိမ်မခေါ်ခဲ့ပေမဲ့ ပိတုန်းဆိုတဲ့ ချစ်သူတစ်ယောက် ရှိနေပြီဖြစ်တာကို မေမေ့ကို အသိပေးပြီးသားပါ။

ဒါကြောင့်လည်း မေမေ့ခမျာ အန်တီကြည့်စကားကို ရဲရဲမနှင်းရဲဘဲ မှားမှာစိုးကာ တွန့်ဆုတ်နေသည်။

"မအေတွေကို သူတို့ လှောင်မယ်ဟားမယ်၊ ဒီကလေးတွေ ဒါပဲ၊ ဒီမှာ ကိုလေး ... သားကတော့ အမေ ပေးစားတဲ့ မိန်းမယူမှာလား ..."

မြတ်လေးထင်က ပြုံးစိစိ ပခုံးတွန့်ကာ ...

"လှရင် ယူမှာပေါ့ ... ဟဲ ဟဲ ..."

"အမယ်လေး ... လှရှာပါတယ်တော် ... မင်းကလည်း ..."

"မေမေကလည်းနော်၊ ဘယ်လို ဖြစ်နေတာလဲ"

"ဘယ်လိုဖြစ်နေတာလဲ ညည်း မသိဘူးလား၊ ညည်းကို ထပ်ခါ ထပ်ခါ ပြောထားပြီးသားပဲ"





"မေမေ ဖြစ်ချင်တာပဲ သိတယ်"

"ငါက တခြားဘာကို သိရဦးမှာလဲ ..."

သွယ်က မဖြေ ...။ မေမေသည် အကွက်ရတုန်း ဝင်ကာ ...

"သူတို့တွေ ရည်းစားတွေဘာတွေ ရှိနေကြသလားမှ မသိဘဲ ကြည့်ရဲ့"

စကားလမ်းကြောင်းဟာ ပြောင်သလိုလို နောက်သလိုလိုနှင့် တဖြည်းဖြည်း တည့်လာသည်။ ဟိုလိုလို ဒီလိုလို နှစ်ခွအဓိပ္ပာယ်ဆောင်သော စကားတို့နှင့် အန်တီကြည် ရိပ်ဖမ်းသံဖမ်း စ,နောက် ပြောဆိုတတ်ပေမဲ့ တစ်ခါမှ ဒီလို အတိအလင်း မပြောဖူးကြသေးပါ။

မေမေတို့ချင်းတော့ မသိ။ အားလုံး လူပုံအလယ်တော့ မပြောဖြစ်ကြသေး။ ခုတော့ အထူးသဖြင့် မေမေ့နောက်ဆုံးစကားက အတိအလင်း တိုင်ပင်ဆွေးနွေးရာ ရောက်သွားအောင် အဓိပ္ပာယ် ပေါက်နေသည်။

မြတ်လေးထင်က ထမင်းစားပွဲမှ ထ,ကာ ပန်းကန်ဆေး လက်ဆေးသည်။

"ထားလိုက်လေ ကိုလေး"



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဘာလို့ ထားရမှာလဲ မသွယ်ရဲ့၊ ကျွန်တော် လုပ်နေကျပါ၊ မသွယ် ပန်းကန်ပါ ဆေးပေးလိုက်ဦးမယ်၊ ပြီးရင်ပေး ..."

"မင်း ... ငါ့သမီးကို ဒီအပြောလေးတွေနဲ့တင် မျှော်လင့်ချက် ပေးမနေနဲ့တော့ ..."

"ဟာ ... မေမေကလည်း၊ သွယ် စိတ်တိုလာပြီနော်"

"ညည်းဟာညည်း တိုချင်တို ရှည်ချင်ရှည်"

"သွယ်တို့က မောင်နှမလို ချစ်ခင်တာ"

"မောင်နှမမှ မဟုတ်ဘဲ၊ အို ... ဘာပဲဖြစ်ဖြစ် ဒီနေ့အဖို့တော့ ငါ အပြတ်ပဲ၊ ဒီမှာ ... အားလုံးကို ကြေညာမယ်၊ ငါ ကိုလေးနဲ့ သွယ်ကို ပေးစားဖို့ သဘောတူတယ် ... ဒါပဲ"

အန်တီကြည့်ကို အားလုံး ဝိုင်းရယ်ကြပါသည်။ အန်တီကြည်ကလည်း ဝုန်းခနဲ သွန်ချသလို ပြောလိုက်၍ သူ့ဟာသူ ကျေနပ်စွာ ဝင်ရယ်သည်။ တစ်ခန်းလုံး ရယ်သံတွေ ဝေစည်နေတော့ မေမေ့မျက်နှာလည်း လန်းလာသည်။

မေမေသည် သားလုပ်သူကို အကဲခတ်ကာ ခတ်ကာ ပင် တိတ်၍လည်း မနေသာပဲ ...





"ကဲ ... အားလုံး ကြားတဲ့အတိုင်းပဲ"

နောက်က ဖော်လိုလေး လိုက်ရရှာသည်။

သွယ်သည် အိမ်မှာ ကြားရလွန်း၍ ရိုးနေပြီဖြစ်သည့်တိုင် လူပုံလယ်မို့ ခပ်ရှက်ရှက် ရှိနေသည်။ ကိုလေးကို ချစ်ခင်သံယောဇဉ်ရှိပါသည်။ ဒါပေမဲ့လည်း လက်ထပ်ရယူချင်တယ်ရယ်လည်း မဟုတ်ပါ။ လုံးဝ လက်မခံနိုင်ဘူးလည်း မဟုတ်ပါ။

သွယ့်မှာလည်း သွယ့်ကို ချဉ်းကပ် ချစ်ရေးဆိုနေသူတွေ နှစ်ဦး သုံးဦး ရှိတာပါပဲ။ ဒါပေမဲ့ မေမေ့သဘောဆန္ဒကို သိနေ၍ ဘယ်သူ့ကိုမှ သွယ် အဖြေမပေးသေးပါ။ ဘယ်သူ့ကိုမှလည်း ခုချိန်ထိ မနေနိုင် မထိုင်နိုင် မချစ်မိဖူးပါ။

ကိုလေးဟာ အရင်က သူ့တို့အပေါ် သာမန်မျှသာ ခင်ခင်မင်မင် ဆက်ဆံပါသည်။ အနေတည်အေးပါသည်။ ခုနောက်ပိုင်း သူတို့ သားအမိအပေါ် အရင်ကထက် လှိုက်လှဲရင်းနှီးမှု ပိုလာတာ၊ "လိုက်လျောလာတာတွေဟာ သူတို့သားအမိရဲ့ မေတ္တာတရားကို အသိအမှတ် ပြုလာတာပင်။

အန်တီခင်နှင်းဆီ ကျန်းမာရေးကိစ္စ စတင်ပေါ်ပေါက်လာကတည်းက အရင်က မအားမလပ်လို့ အရောက်ကျဲတာထက်ပင် ပိုရောက်ပိုဝင်ထွက်ကာ မိသားစုချင်းလို နွေးထွေးဂရုစိုက်လာ့



www.burmeseclassic.com

www.burmeseclassic.com



သွယ်တို့ သားအမိကို ကိုလေး အလွန်တရာ ကျေးဇူးတင် အား ထားလာတာ ဖြစ်ပါသည်။

ကိုလေး ပုံစံဟာ ခုနေ သူတို့နှစ်ယောက်ကို လက်ထပ်ပေးကြလျှင် ငြင်းဆန်မည့်ပုံ မပေါ်ပေ။ သို့သော် ကိုလေးဘက်ကို စဉ်းစားကြည့်ရဦးမည်။ ဒီအရွယ်ရောက်ကာ ရုပ်ရည်လည်း ရှိ၊ ဝင်ငွေလည်း ကောင်းတယ် ဆိုနိုင်တဲ့ တက်ကြွသွက်လက်တဲ့ လူရွယ်တစ်ယောက်မှာ ချစ်သူ ရှိနိုင်ပါသည်။

ရှိ,မရှိတော့ သွယ် မသိရပေ။ ကိုလေးမှာ ချစ်သူ ရှိလျှင်လည်း သွယ် ဘယ်လိုမှ မနေပေ။ မေမေ့ကိုတော့ ဖွင့်တစ်ခွန်း သိပ်မလုပ်ဖို့ တားရပါသည်။ ကိုလေး ချစ်သူနှင့် ကိုလေး လက်ထပ်ဖို့ရှိလည်း သွယ်က အသည်းကွဲရမည့်သူ မဟုတ်ပါ။ သံယောဇဉ် ရှိပေမဲ့ ရိုးရိုးသာပင်။

အန်တီခင်နှင်းဆီက မေမေ့လောက် ဒီကိစ္စအတွက် သိပ်ဦးမဆောင်ပေ။ ဒါဟာ ... သားရှင်မို့ အားနာကာ သိပ်မစ မနှောက်တာလည်း ဖြစ်နိုင်သလို ... ကိုလေးမှာ တစ်ယောက် ယောက် ရှိလို့လည်းပဲ ဖြစ်နိုင်သည်။

"ကဲ ... ဘာမှလဲ မပြောကြဘူး"

ဒေါ်ကြည်ကြည်က မကျေမနပ်ရေရွတ်သည်။





"မေမေကလည်းနော် ...၊ ဘယ်လိုမှန်းကို မသိဘူး၊ ပြောချင်တာ လျှောက်ပြောနေတာပဲ"

"မပြောချင်တာတွေ ငါက လျှောက်ပြောနေရမှာလား၊ ပြောချင်တာပဲ ပြောမှာပေါ့"

"သွယ်တို့ချင်း မောင်နှမလို ချစ်ခင်နေတာကို၊ နော် ... ကိုလေး"

မြဲမာလေးထင်က ပြုံးနေပါသည်။ သူ့ကို မျက်လုံးပြူးမတတ် အကဲခတ်နေသော မေမေ့ပုံစံကိုလည်း ရယ်ချင်သည်။ မသွယ် စကားကိုရော 'အင်း'လို့ဖြေလည်း မကောင်း။ 'ဟင့်အင်း' ဖြေလည်းမကောင်း။

အင်း ... ဆိုလျှင် မသွယ်ကို လက်ထပ်လိုတဲ့ဆန္ဒ မရှိရာကျသည်။ ဟင့်အင်းဆိုရင်လည်း မကောင်းပါဘူး။

"အင်း ... ကိုလေးတို့ကတော့ ပြုံးချည်းနေတာပဲ၊ ငါဖြင့် ဘာလုပ်ရမှန်းကို မသိဘူး"

"မေမေတို့ အန်တီကြည်တို့ကို စိတ်ချမ်းသာစေချင်တဲ့ဆန္ဒ ကျွန်တော့်မှာ ရှိပါတယ်၊ လူကြီးက စီစဉ်တယ်ဆိုရင်လည်း ကောင်းလို့ပေါ့၊ မကောင်းတာကို ဘယ်မိဘက စီစဉ်ပါ့မလဲ"

"ကဲ ... တွေ့လား မိသွယ် ... ကိုလေး ပြောတာ"



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... မေမေက ခွတ်ပြောရင်မှတော့ ကိုလေး
လိမ္မာတဲ့ ယဉ်ကျေးတဲ့ လူတစ်ယောက်ပဲ၊ မျက်နှာပျ
အောင် ငြင်းချင်ပါ့မလား၊ ဒါပေမဲ့ ဒါကို ... စိတ်ပါတ
လက်ခံတယ်လို့ မေမေ အပိုင်ယူလို့တော့ ဘယ်ရမ
မေမေရဲ့၊ သွယ်လှည်း မိဘစကားနားမထောင်ချင်ပဲတော
ရှိမလား၊ ဒါပေမဲ့ စိတ်ထဲကတော့ ဖြူဖြူစင်စင် ခင်တာ
ရှိတယ် ...

ကဲ ... တော်ပါဦး မေမေရယ်၊ နောက်ဆို ဒီအိမ်
လည်ရင် မေမေ့ကို ခေါ်ကိုမခေါ်လာတော့ဘူး၊ ဒီရော
ရင် ဒီစကားမျိုး ရိပ်ဖမ်းသံဖမ်းတော့ စတိလောက်ဆို
မပြောဘဲနဲ့ကို မနေနိုင်ဘူး၊ ပြောရင်လည်း အန်တီခင်
တိုးတိုးတိတ်တိတ် မပြောဘူး၊ ဘွင်းဘွင်းကြီး၊ မေမေ
ဘယ်လိုကြီးလဲ မသိဘူး"

"ဟွန်း ... ညည်းပဲသွန်သင်ဆုံးမပါတော့ ... မယ်မင်းကြီး"

ဒေါ်ကြည်ကြည်က ဆက်မပြောတော့ဘဲ လျှော
လိုက်ပါတော့သည်။ အဲဒီနေ့ဟာ ရုံးပိတ်ရက်မို့ သွယ်တို့သား
က အမေဖြစ်သူရဲ့ ဒရိုင်ဘာကို ခေါ်လာတာ ဖြစ်ပါသည်။ နံန
ခင်း ဆယ်နာရီလောက် သူတို့ ဟင်းလျာတွေပါ ယူလာ





အားသောက် စကားစမြည် ပြောဆိုနေကြပြီးမှ နေ့လယ်တစ်နာရီ
လောက်မှာ ပြန်သွားကြပါသည်။

တမင်တကာ တကူးတက မေမေ့ဆီ လာရောက်
တစားသောက်ပြီး မေမေ့ကို စိတ်အားမငယ်အောင် စိတ်ဓာတ်
ကျအောင် ကူညီဖေးမပေးနေကြတာကို နားလည်၍ မြတ်လေး
ခင် သူတို့ကျေးဇူးကို အဖိုးမဖြတ်နိုင်တော့တာပင်။

"သား"

အနားကို ခပ်လှုပ်လှုပ်လေး ကပ်လာသော မေမေ့
လက်ကို ဆွဲ၍ ကုလားထိုင်တစ်ခုမှာ ထိုင်စေပြီး ...

"မေမေ ... ဘာလဲ ..."

"သားကို မေးစရာရှိသေးတယ်"

မြတ်လေးထင်က ပြုံးကာ ...

"မေမေ မေးမှာ သားသိပါတယ်"

"သိရင် ပြောပါဦး ... အဲဒီ ကလေးမလေးရော ဘယ်ရောက်
သွားလဲ၊ ရှိသေးလား မရှိတော့ဘူးလား၊ သားပုံစံကို
ကြည့်ရင် ကြည်ကြည်က သူ့ဆန္ဒကို သဘောတူတယ်လို့ပဲ
ယူဆလိမ့်မယ်"

"မေမေရော သူပါ စိတ်ဥ်ရင် သား လက်ခံမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုကောင်မလေးကကော ..."

"ပြတ်သွားပါပြီ မေမေ"

သူ့ပြောသံ၌ စိတ်ပျက်ပြားခြင်း ပါဝင်နေသည်

"ဘယ်လိုဖြစ်လို့လဲ ...၊ သားက ရည်းစားအပျော်ထား သူမှ မဟုတ်ဘဲ၊ ဘာအဆင်မပြေလို့လဲ ..."

"အဆင်ပြေပါတယ်၊ ဒီလိုပဲ ပြတ်သွားတာ"

"သူ့ဘက်က ဖြတ်တာလား ... သားဘက်က ဖြတ် လား"

"သားက ဖြတ်တာပါ"

"ဟုတ်ရဲ့လား သားရယ် ..."

"ဟုတ်ပါတယ် မေမေရဲ့"

"မေမေ့အကြောင်း မေမေတို့ မိသားစုထဲက အဖြစ်အပျက် ကိုများ သိသွားပြီး သူ စိတ်ပျက်ပြီး ဖြတ်သွားတာ လို့"

မြတ်လေးထင်က ခေါင်းယမ်းရင်း ...

"သူ မသိပါဘူး မေမေ၊ သားကလည်း မပြောပါဘူး"

ဒေါ်ခင်နှင်းဆီက ငိုင်သွားရင်း ...

"ပြောပြရမဲ့ကိစ္စ မဟုတ်လား သား"





တိုးတိုးပြောရင်း မျက်ရည်လည်လာပါသည်။ ပိန်လှပ် အရိုးပေါ်မှာ အရေခွံသာသာလောက်သာ ကျန်တော့သည့် အမေ့လက်ချောင်းလေးများကို မြတ်လေးထင်က ကြင်နာစွာ ဆုပ်ညှစ်ရင်း ...

"မပြောဘဲ ဒီတိုင်းလည်း ပြီးတာပဲ မဟုတ်လား မေမေ"

ဒေါ်ခင်နှင်းဆီသည် ဝမ်းနည်းကြေကွဲနေမိပါသည်။ သူ့အတွက်သူ ဘာမှထည့်မစဉ်းစားတော့ပါ။ ခုချိန်မှာ သူ့ရင်ထဲ အတောက်လောင်ဆုံးကတော့ သူ့သားကလေးကို သနားခြင်းမက သနားသည့်စိတ်ပါပဲ။

သူကတော့ သေလူပါ။ ဘဝမှာ ဘာကိုမှလဲ မမက် မောတော့ပါ။ ဘာကိုမှလဲ ဆန္ဒမပြင်းပြတော့ပါ။ စိတ်ကို တည်ငြိမ် အောင်ထားပြီး အတော်များများကို လျစ်လျူရှုထားလိုက်နိုင်ပါပြီ။

သူ့ကိုယ်သူ သူ့အကြောင်း သူသိကာစကတော့ အတုန်လှုပ်ကြီး တုန်လှုပ်ကာ လောကကြီးမှာ နေစရာမရှိတော့ သောက်အောင် ချောက်ချားအားငယ်၍ ဝမ်းနည်းယူကျုံးမရ ဖြစ် ခဲ့ပါသည်။ ရင်ကွဲပက်လက် သွေးပျက်ခဲ့ရတာ လနှင့်ချီ၍ပါ။

အဝီစိတိုင်လုအောင် ကျဆင်းသွားသော စိတ်ဓာတ်ကို ပြန်လည် တောင့်မတ်နိုင်အောင် ဘုရားကု တရားကု ကုခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်လုံး နေ့ရောညပါ တရားထိုင်ရင်းက သူ့ကိုယ်သူ စိတ်ကိုသူ ပြန်လည်အဖတ်ဆယ်ခဲ့ရသည်။

ငယ်ကတည်းက ဘုရားနှင့် တရားနှင့် မပြတ် ပါး ဆည်းကပ်ခဲ့သူမို့သာ အချိန်တိုအတွင်းမှာ သူ ဒီလော ပြန်အဖတ်ဆယ်နိုင်တာ။ နို့မို့လျှင်တော့ သိသိချင်း ပုံလဲသွာ ကတည်းက မကြာခင် သူ အသက်ပါသွားနိုင်တာဖြစ်သည်

"သားက ဘယ်လို အကြောင်းပြလိုက်သလဲ"

"သား အသစ်တွေ့သွားပြီလို့ပေါ့၊ ထားလိုက်ပါ မေမေရာ"

"မထားချင်ပါဘူး သားရယ်၊ အဲဒီ သမီးလေးကို သိပ်ချစ်ဆို ...၊ မင်းပဲ တဖွဖွပြောခဲ့တာပဲ၊ မင်း အရှ ရှူး အစွဲကြီးစွဲနေတာ မေမေ အသိပဲ၊ ပေါ့တီးပေါ့ မဟုတ်တာ။ ဘာဖြစ်လို့ ဒီနည်းကို ရွေးချယ်ရတာ

"ဒီနည်းအကောင်းဆုံးပဲ မေမေ၊ သူ့အိမ်က သဘောမတူ ဆိုတဲ့စကားပြောတာ ခံရရင် သား ဒီထက် အခံရဆိုးမှာ

သူ ရင်နာနာနှင့်ပင် မေမေ့ကို ပြောပြရပါသည်

"သူတို့ ဆွေမျိုးတွေ အားလုံးဟာ အချမ်းသာကြီး မဟုတ်ကြတာတောင် ငွေကြေးတော့ ပြည့်စုံကြတ





လူငယ်တွေက ရိုးသားတယ် ကြိုးစားတယ်၊ လူကြီးတွေက သိက္ခာရှိတယ်၊ လေးစားစရာ ကောင်းတယ်၊ အားလုံး အကျင့်စာရိတ္တကောင်းကြတယ်၊ စိတ်ကောင်းရှိကြတယ်၊ အဲဒါကိုလည်း သူတို့ သိပ်ဂုဏ်ယူတန်ဖိုးထားတယ်၊ လူကောင်းတွေ စုနေတဲ့အမျိုး ...

သူတို့ဘဝတွေမှာ လူပြောစရာ ဘာအမည်းစွန်း အမည်းကွက်မှ မရှိကြဘူး၊ အမည်းစွန်း အမည်းကွက်နဲ့ လူတွေကိုလည်း သူတို့ အထင်မကြီးဘူး၊ အပေါင်းအသင်း မလုပ်ချင်ကြဘူး၊ သူ့ရဲ့ အဖေကလည်း စည်းကမ်းစနစ် အင်မတန်ကြီးတယ်၊ သူ အထင်သေးသွားတဲ့လူဆို လှည့် တောင်မကြည့်ချင်တတ်ဘူး ...

အသစ်ရှာလိုက်တယ်၊ သစ္စာမဲ့တယ်ဆိုတာမျိုး အပြစ် လောက်ကိုပဲ သား ခံယူချင်တယ် မေမေ၊ သူတို့ မိသားစု အထင်သေး ရွံရှာနေမှာကို မခံနိုင်ဘူး"

ပြောရင်းက မြတ်လေးထင် အသံက ဆို့ကာဆို့ကာ ညည်လည်လာပါသည်။ သူ့လက်ချောင်းများကို မေမေ့လက် င်းများက ပြန်လည်ဆုပ်ညှစ်ထားသော်လည်း ခွန်အားမပါလှ



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... ဆွေကောင်းမျိုးကောင်း ဆွေကြီးမျိုးကြီးထဲက ပေါ့"

သူ့တစ်ကိုယ်တည်း ညည်းတွားသလို ရေရွတ်နေ ပါသည်။ မေမေလည်း ဝမ်းနည်းသွားလိမ့်မည်ကို မြတ်လေးထင် သိပါသည်။ သို့ပေမဲ့ ဒီလို အမှန်အတိုင်း ဖွင့်ပြောပြထားလိုက် တာက ကောင်းပါသည်။ မေမေလည်း အရာရာအပေါ် အထိုက် အလျှောက်တော့ စိတ်ခတ်ကြဲခိုင်နေပြီပဲ။

"ငါ့သားလေးအတွက် မေမေ စိတ်မကောင်းဘူးကွယ်"

"စိတ်မကောင်း မဖြစ်ပါနဲ့ မေမေ"

"ငါ့သားလေးမှာ ဘာအပြစ်မှလဲ မရှိဘူး၊ ဘာအမှားမှ မလုပ်ခဲ့ဘူး၊ ဒါပေမဲ့ ကိုယ့်မိသားစုရဲ့ သိမ်ငယ်စရာအပြစ် ကြောင့် ကိုယ်ချစ်တဲ့ အမျိုးကောင်းသမီးလေးနဲ့ လွဲရ အဖြစ်၊ မေမေ ဘယ်လိုလုပ်ပြီး စိတ်ကောင်းနိုင်ပါ့မလဲ သား"

ဒေါ်ခင်နှင်းဆီသည် ပြောရင်း ယူကျုံးမရ ဖြစ်သော အသံတွေ တုန်လာပါသည်။ သေစရာရှိလည်း မြန်မြန်သေပါစေ သေကိုသေမှာပဲလို့ သိနေရပြီးရင်လည်း ခုပဲ သေသေ နောက်မှ သေသေ ကိုယ့်အတွက်က မထူးပါပြီ။ ဒီသားလိမ္မာလေးအတွက် သာ အထူးစိတ်မကောင်းဖြစ်ရသည်။





အဖေလုပ်သူကလည်း အဆေးရောက်နေတာက များ တာ အမေဖြစ်သူကလည်း ဒီလောက်ကြီး စည်းစနစ်ကြပ်မတ် အောင်ခတ်တတ်ခဲ့တာ မဟုတ်ဘဲ မြတ်လေးထင်ဟာ ငယ်က ည်းက အရွယ်ရောက်တဲ့ထိ သူ့ဗီဇလေးနှင့်သူ သူ့အသိစိတ် သေးနှင့်သူ လိမ္မာခဲ့ ကြိုးစားခဲ့ ထက်မြက်ခဲ့သူ ဖြစ်ပါသည်။

အဖေ့ထံက ရခဲ့တာဆိုလို့ ငွေရေးကြေးရေး ပံ့ပိုးမှု သာ။ အမေထံက ရခဲ့တာဆိုလို့လည်း လိုအပ်တဲ့အခါ နံဘေးက ထောက်ကောင်းအဖြစ် ရပ်တည်မှုလောက်သာပင်။ ကိုယ့်အားကိုယ် ကြိုးစားပြီး လူတစ်လုံးသူတစ်လုံးဖြစ်လာကာ သူ့အတိုင်းအတာ နှင့်သူ ဖြစ်ထွန်းအောင်မြင်နေတဲ့ သားကလေး အချစ်ရေးမှာ ခဲ့ရှာတာ သနားလှသည်။

သားရဲ့ မိန်းကလေးရှင်တို့ နားလည်မှုရှိကြား ဖွင့် ပြောကြည့်ပါလား သားရယ် လို့လည်း မျှော်လင့်ချက်မရှိလှတဲ့ အကြံဉာဏ်ကို ပေးဖို့ရာ ဒေါ်ခင်နှင်းဆီ နှုတ်မှမထွက်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



"မသွယ်"

ဘေးက ယယ်ယယ်ရဲ့ နာမည်ခေါ်သံကြောင့် ပိတုန်းရောင်က တိုက်ဆိုင်မှုရှိသော အမည်ကို စိတ်ဝင်စားမိကာ ကွန်ပျူတာ ရိုက်နှိပ်နေရင်းက ခေါင်းလေးမော့၍ ကြည့်မိပါသည်။

"မသွယ်"

ယယ်ယယ်က နောက်တစ်ကြိမ် ထပ်ခေါ်လိုက်ချိန်တွင် နောက်နားက ခုံတန်းလေးတစ်ခုမှာ ထိုင်နေရာမှ ပြေးထွက်လှမ်းလာသူကို မြင်လျှင် ပိတုန်းရဲ့ မျက်နှာကလေးက ကွက်ခနဲ ပျက်ညိုသွားရပါသည်။

ဒီနာမည်ကြားတာနှင့်ကို မကြည့်ဘဲမနေနိုင် စူးစမ်းကြည့်မိရအောင်ပင် ဒီနာမည်က ပိတုန်း ရင်ထဲ ကိန်းအောင်းနေတာဖြစ်သည်။ ကြည့်လိုက်မိတော့လည်း နာမည်တစ်ခုတင် တိုက်ဆိုင်နေတာမဟုတ် သူမှသူပဲ ဖြစ်နေတဲ့အခါ ဒဏ်ရာအနာဖေးထိုအကုတ်အခြစ် ခံရသလို နာကျင်ခံခက်လှပြန်သည်။





"ဟယ် ... မသွယ်တော့ ...!"

ယယ်ယယ့် အသံကြောင့် ပိတုန်းက ငယ်ငယ့်ကိုပါ ဗျတ်ခနဲ ကြည့်လိုက်မိသည်။

"နာမည်သာ ခေါ်လိုက်တာ၊ မသွယ်လို့ မထင်ဘူး၊ မသွယ်က ဒီဘက်လာနေကျမှ မဟုတ်တာ"

"ဪ ... ယယ်ယယ်က ဒီဘက်မှာ လုပ်တာလား ..."

"ဟုတ်တယ် မသွယ်"

"ဒီနားက မိတ်ဆွေအိမ်တစ်အိမ် လာရင်းနဲ့လေ၊ ပိုက်ဆံထုတ်စရာလေးရှိလို့ ဘတ်စ်ကားတစ်မှတ်တိုင် စီးလိုက်ရင် ဒီနားမှာ နီးတဲ့ဘဏ်ရှိနေတာပဲဆိုပြီး ဒီကို လာလိုက်တာ၊ မြို့ထဲဘက် တကူးတက မသွားရတော့ဘူးပေါ့"

သူ့အပြောနှင့်ပင် ဒီနားက မိတ်ဆွေအိမ် ဆိုတာ ဘယ်မိတ်ဆွေလဲ မှန်းဆနိုင်ပြီးသား ဖြစ်တော့သည်။ ဘတ်စ်ကားတစ်မှတ်တိုင် စီးရုံနှင့် မိတ်ဆွေအိမ်မှ ဒီဘဏ်ကို ရောက်လာသည်ဆိုကတည်းက သူ မြတ်လေးထင်အိမ်က လာမှန်း ပိတုန်း သိနိုင်ပြီပင်။

ယယ်ယယ်က ပိတုန်းကို ဖျတ်ခနဲ ဈေးကြည့်သည်။ မသွယ်ကလည်း ပိတုန်းကို မြင်လျှင် အံ့အားသင့်သွားသလို



www.burmeseclassic.com

www.burmeseclassic.com



မျက်ခုံးလေး မြင့်ကာ စူးစိုက်ကြည့်နေပါသည်။ ပိတုန်းသည် မမြင်ယောင်ဆောင်ကာ ကွန်ပျူတာကိုသာ အာရုံစိုက်ကြည့်နေရင်းကပင် မနေနိုင်မထိုင်နိုင် မသွယ်ထံ တစ်ချက် ဖျတ်ခနဲ ခိုးကြည့်လိုက်မိပါသည်။

သူက တောက်လျှောက်ကြည့်နေတာမို့ အကြည့်ချင်းဆုံသွားကာ ...

"မသွယ် ဒီမှာ လက်မှတ်ထိုး"

ငယ်ငယ်က ပြောနေသည့်ကြားကပင် ...

"ဪ ... ဒီညီမလေးကလည်း ဒီဘဏ်မှာ လုပ်တာကိုး၊ ဟုတ်လား"

ပိတုန်းသည် ဘာမှ အပြစ်မရှိတဲ့ မိန်းမတစ်ယောက်လို မသွယ်အပေါ် သတ်မှတ်သိမြင်ပြီးသားဖြစ်၍ မကြည်သာသည့်ကြားကပင် ...

"ဟုတ်ကဲ့"

ဟု မပွင့်တပွင့် ဖြေလိုက်ရပါသည်။

"မသွယ် ... ဒီမှာ လက်မှတ်"

ငယ်ငယ်က စကားဝင်ဖြတ်ပြန်သည်။

"အေး ... အေး"





သွယ်က စာရွက်လေးမှာ လက်မှတ်ထိုးရင်း ...

"အစ်မကို သိလား ... သိမှာပေါ့၊ ညီမတို့တိုက်ကို မကြာမကြာ ရောက်တယ်လေ၊ လှေကားအတက်အဆင်း ခဏခဏဆုံဖူးပါတယ်"

"ဪ ... ဟုတ်ကဲ့"

"မသွယ်ရော ...၊ ငါးသောင်း"

ငယ်ငယ်က ငါးရာတန်အုပ်ကို အတင်းထိုးပေးသည်။ မှန်တေတဲ့ ပိတုန်း မျက်နှာရိပ်ကြောင့် မသွယ်ကို မြန်မြန်ပြီး မြန်မြန်ထွက်သွားစေချင်ပြီ။

"ညီမတို့အပေါ်ထပ်မှာ ရင်းနှီးတဲ့ မိတ်ဆွေအိမ် ရှိလို့လေ၊ ညီမတို့က သုံးလွှာမှာနေ့ဘ်"

"ဟုတ်ကဲ့ ..."

ပိတုန်း မျက်နှာက ညိုသည်ထက် ညိုလာသည်။ လာအရောဝင် အဖွဲ့ကျနေတာကို မနှစ်မြို့ပေမဲ့ သူမ ဘယ်လိုရိုင်းပျရပါ့အံ့။ ဤမျှလောက်ထိ စကားစမြည် လာစပ်နေသည်ဆိုကတည်းက အရင်ကတည်းက မှန်းဆထားပြီးဖြစ်သည့် 'ပိတုန်းနှင့်ကိုလေးကိစ္စ သူ သိမှာမဟုတ်ဘူး' ဆိုသည့် အယူအဆက ပို၍ [illegible]ဘောင် ခိုင်လုံလာပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤသို့ ဘုမသိ ဘမသိ အပြစ်မရှိသော မိန်းမတစ်ယောက်ကို ကိုယ့်ရည်းစားနှင့် တွဲရပါမိုးလားရယ်လို့ တစ်ဖက်သတ်စိတ်တိုနေလို့တော့ မောရုံပါပဲ။

"ညီမတို့လည်း အောက်ထပ်ပြောင်းလာတာ မကြာသေးဘူးဆို၊ အန်တီခင် ပြောတယ်၊ တစ်ရက်တည်း ပြောင်းလာကြတာတဲ့"

အန်တီခင်ဆိုသည်မှာ မတော်လိုက်ရသည့် ယောက္ခမလောင်းကြီးကို ရည်ညွှန်းတာပဲ ဆိုတာ ပိတုန်း သိပါသည်။ ပိတုန်းသည် စိတ်ထဲက ညစ်နောက်လာတော့ပြီး ...

"အင်း ... ဟုတ်ရင်လည်း ဟုတ်မှာပေါ့ အစ်မ၊ ပိပိက အဲဒီအစ်မရဲ့ မိတ်ဆွေလူကို မျက်နှာကြောမတည့်တော့ စိတ်မဝင်စားဘူး"

စကားတွေ ဆက်မလာတော့အောင် ပိတ်ပြောချပစ်လိုက်သည်။ မသွယ်က အံ့အားသင့်သွားပုံ ပေါ်ပါသည်။ သူလာထုတ်သည့် ငွေငါးသောင်းကို ယူပြီး ပြန်မသွားသေးဘဲ စကားကို တမင်တကာ ပြောချင်လို့ကို ရပ်ပြောနေတာပင်။

သူ့တစ်ယောက်တည်းကို တွေ့လျှင် မှင်သေသေ့လည်း မြတ်လေးထင်နှင့် တွဲမြင်တိုင်း စုပုပ်တာ၊ တံခါးဆောင့်





ပိတ်တာ၊ မလိုလားဟန် သိသိသာသာ ပြတာတွေကို အံ့ဩစိတ်ဝင်စားမှုနှင့် တမင်တကာ စကားလာစပ်နေတာဖြစ်သည်။

ပိတ်ပြောပစ်တော့ အေးရော ... ထင်ပေမဲ့ မအေးသေးဘဲ ...

"ဟင် ...၊ ဘာဖြစ်လို့လဲဟင်၊ သူနဲ့ ဘာလို့ မျက်နှာကြောမတည့်တာလဲ ..."

"မသိဘူး၊ ကြည့်လို့ကိုမရတာ၊ မျက်စိထဲ သူ့ကိုမြင်တိုင်း ဆွဲကုတ်ဖဲ့ချင်တာ၊ ရေစက်ဖြစ်မှာပေါ့ အစ်မရယ်"

"ဟင် ..."

သူ့ခမျာ ရိုးသားစွာ အံ့ဩနေတာကို ကြည့်ပြီး ပိတုန်း စိတ်ညစ်လာသည်။ ခုထိကို နေရာက မရွေ့။ မဖယ်။ ထွက်မသွားသေးဘဲ ...

"သူတို့သားအမိနှစ်ယောက်တည်းနေတာလေ၊ သူတို့သားအမိက သဘောကောင်းပြီး အေးဆေးပါတယ် ညီမရယ်၊ အစ်မတို့နဲ့ ဟိုးငယ်ငယ်ကတည်းက ခင်လာတာ၊ ကြာလှပြီ၊ အေးကြပါတယ်ကွယ်"

ဒီတစ်ကြိမ်တွင် ပိတုန်း အံ့အားသင့်ကလှည့်ပင်။ ဟိုးငယ်ငယ်တည်းက ခင်လာတာဆို၍ ခေါင်းမော်ကြည့်လိုက်မိ



www.burmeseclassic.com

www.burmeseclassic.com



ပြန်သည်။ နောက်မှ ပေါ်တဲ့ ရွှေကြာပင် မဟုတ်ဘဲ ပထမကျော် ရှေ့ဆုံးပေါ် ဖြစ်နေပါလား။

"အစ်မက ငယ်ငယ်တို့နဲ့ တစ်လမ်းတည်း နေတာလေ၊ ငယ်ငယ်တို့နဲ့လည်း ခင်ပါတယ်၊ ညီမလေးကို ကိုလေးတို့ အဲ ... ခုန မိတ်ဆွေတို့တိုက်မှာ တွေ့တွေ့နေတာ၊ ခုမှ ဒီဘဏ်ကမှန်းသိလို့ နှုတ်ဆက်လိုက်တာပါ"

ပိတုန်း ဘာမှ ပြန်မပြောတော့ဘဲ ခေါင်းသာ ညိတ်ပြလိုက်ကာ ခေါင်းထဲမှာတော့ အတွေးတွေ ရှုပ်ထွေးယက်ဖောက်နေတော့သည်။ သူ ထင်သလို မဟုတ်ခဲ့ဘဲ မြတ်လေးထင်နှင့် ဒေါက်တာသွယ်တို့ဟာ ဟိုးအရင်ကတည်းက သူ့ထက်စောစွာကတည်းက ခင်မင်ရင်းနှီးခဲ့သည်ဆိုသည့် အချက်က စဉ်းစားစရာတွေ ဖြစ်စေသည်။

"ဦးသိန်းလွင် ရှိပါသလားရှင် ...၊ ဦးသိန်းလွင်"

ငယ်ငယ်က နောက်တစ်ယောက် ခေါ်ကာ လူကြီးတစ်ယောက် တိုးကပ်လာလျှင် ...

"ဦးလေးလာပါ၊ ဒီမှာ လက်မှတ်ထိုး၊ မသွယ်ရေ ... အေးကို နည်းနည်းနော် ..."

ဖွတ်ပင် မသွယ်ကို ဘေးကိုနှင်ဖို့ ကြိုးစားနေသည်။





စကားတွေ ပြောရင်း ရှုပ်ထွေးကုန်မှာ ငယ်ငယ် စိုးရိမ်မှန်း ပိတုန်း သိပါသည်။ ထို့ကြောင့်ပင် ပိတုန်းက မသွယ်ကို ကြည့်မနေတော့ဘဲ ကိုယ့်အလုပ်သာ ကိုယ်ငုံ့၍ ပြန်လည်အာရုံစူးစိုက်ထားလိုက်တော့သည်။

"ဒါဖြင့် အစ်မ သွားမယ် ငယ်ငယ်ရေ၊ ပြန်လိုက်ဦးမယ် ညီမလေး"

နှစ်ယောက်လုံး ခေါင်းသာညိတ်ပြရင်း ကျန်ခဲ့ကြပါသည်။ မသွယ် ပြန်သွားလည်း အတော်နှင့် နှစ်ယောက်သား စကားမပြောနိုင်။ ခဏနေ လူရှင်းတော့မှပင် ...

"နင်ကလည်း မထိခလုတ် သွားပြောနေသေးတယ် ပိုပိရယ်"

"ငါ ဘာပြောလို့လဲ ..."

"ကိုလေးကို ကြည့်မရတာ အမြင်ကတ်တာတွေပေါ့"

"ဟုတ်တာပဲဟာ"

"သူ့မှာ စဉ်းစားစရာ ဖြစ်သွားတာပေါ့"

"ဖြစ်ဖြစ်"

"သူတို့ချင်း ပြန်မေးပြီး ကွယ်ရာမှာ ဘာဖြစ်ဖြစ်ပါ၊ အခု ဒီနေရာမှာ သူနဲ့ နင် တစ်ခုခုဖြစ်မှာ ငါက စိုးရိမ်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းက ပေါ်သွားပြီး ပြဿနာဖြစ်မှာစိုးလို့၊ ဘဏ်ထဲ ဆိုတော့ ဘယ်ကောင်းမလဲ၊ သူက နင်ဟာ ကိုလေး ရည်းစားဟောင်းမှန်း သိတာမှ မဟုတ်တာ၊ သိရင် စကားတွေဟာ တစ်မျိုးတစ်ဖုံတော့ ဖြစ်ကုန်မှာပဲ”

“ကိုယ့်ဘဏ်ထဲတော့ တစ်ခုခု ဘယ်အဖြစ်ခံပါ့မလဲဟယ်၊ ငါလည်း မပြောဘဲ မနေနိုင်ဘဲ ပါးစပ်က လွှတ်ခနဲ ထွက်သွားတာပါ၊ သူ့မှာ အပြစ်မရှိဘူးဆိုတာ ငါနားလည်နေတာပဲ ငယ်ငယ်ရယ်”

တကယ်တော့ ကိုလေးနှင့် ဒေါက်တာသွယ် သတင်းကို ပိတုန်းကို စ,ပေးခဲ့သူဟာ ငယ်ငယ်ပါ။ ကိုလေး ဆရာဝန်မလေး တစ်ယောက်နဲ့ တွဲနေတယ်လို့ ငယ်ငယ် ပြောပြခဲ့တာပါ။

“တကယ်တမ်းက နင်နဲ့ ပိုခင်တာပါ၊ ငါတို့က သူငယ်ချင်း ကြီး ပိပိရဲ့၊ မသွယ်နဲ့က တစ်လမ်းတည်းသားချင်းချင်း မျက်မှန်းတန်း ရယ်ပြုံးပြနှုတ်ဆက် အဆင့်ပါ၊ အခု နင် နဲ့ ငါနဲ့ကို ခင်မင်မှာပဲဆိုတာ မသွယ် သိသွားပြီလေ၊ နင် နဲ့ ကိုလေး ချစ်သူဖြစ်ခဲ့တာပါ သူ သိသွားရင်တော့ ဘာ ဖြစ်ဖြစ် ငါပဲ ကြားတည်းက မဆီမဆိုင် မျက်နှာပူ ကြီး၊ သူ့အိမ်ကို ကိုလေး ဝင်ထွက်တာလည်း ငါ





သူနဲ့ အပြင်မှာ ‘တွဲပြီးတော့လည်းတွေ့၊ တွေ့ပါရက်နဲ့ ငါက သူ့ကို သတိမပေးတဲ့အရာ ကျမလားလို့လေ”

“မဆိုင်ပါဘူးဟာ၊ ဒါမျိုးက သတိပေးရခက်ကြီးဟာကို၊ ကောင်မလေးတစ်ယောက်ကို နင့်ရည်းစားက အရင်က ငါတို့ သူငယ်ချင်းနဲ့ ကြိုက်ဖူးတယ် ဆိုတာမျိုး အသားလွတ်ကြီး သွားသတိပေးတော့ကော ဘယ်သူက ကြိုက်မှာလဲ၊ အကောင်းနဲ့ ပြောတာကိုတောင် တမင်ချွတ်တယ် ထင်ရင်ထင်မှာ၊ ပြောစရာမှ မဟုတ်တာ၊ နင် မျက်နှာပူမနေနဲ့”

“အေးပါ ...၊ နင့်စိတ်ထဲ တအားခံပြင်းနေတာ၊ ဒေါ်သဖြစ်နေတာတွေ ငါက သိတော့ စကားတွေမှားပြီး ဘဏ်ထဲ ပြဿနာတက်နေမှာ စိုးလို့ပါ”

“အဲဒီလိုတော့ အဖြစ်မခံနိုင်ပါဘူးဟယ်၊ စိတ်ချပါ၊ အဲဒီ မသွယ်က အပြစ်မှမရှိဘဲ၊ ကိုလေးကိုတောင် တကယ်တော့ အပြစ်ဆိုနေစရာ မရှိပါဘူးလေ၊ လူတစ်ယောက်ဟာ သူ ချစ်ချင်တဲ့သူကို ချစ်ခွင့်ရှိတာပဲ၊ မသွယ်ကို ပိုချစ်သွားလို့ သူ့ဟာသူ ရွေးသွားလည်း သူ့ဆုံးဖြတ်ခွင့်နဲ့သူ သူ့ရွေးချယ်ခွင့်နဲ့သူပဲ၊ တော်ပါပြီဟာ၊ မပြောချင်တော့ဘူး”



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်း မျက်ရည်လည်မလို ဖြစ်လာ၍ စကားကို ရပ်လိုက်ပါသည်။ ဒေါ်သတွေ အကြီးအကျယ်ထွက်၊ ခွင့်မလွှတ်နိုင်လောက်အောင် နာကျင်နေသည့်ကြားက ခုထိ တ,သခံစားနေရတာသည် ခုထိ သူ့ကို မမုန်းနိုင်ပေလို့ပဲ။ မုန်းနေတာလည်း သေချာနေတာမို့ နှလုံးသားဆိုတာမှာ ဘယ်အကန့်က သူ့ကို မုန်းစေပြီး ဘယ်အကန့်က သူ့ကို မမုန်းနိုင်စေဘူးလဲ နားမလည်တတ်ပဲ ရှိရသည်။





## ၉

ပိတုန်း မိုးမိပြီး နှာစေးချောင်းဆိုး အအေးမိများ၍ မ်းထိပ်နားက ဆေးခန်းကလေးကိုပဲ သွားပြပါသည်။ ဒေါက်တာ ာင်မြတ်ဆိုသည့် ဆိုင်းဘုတ်လေးကို ကြည့်၍ ဟိုတစ်နေ့က တ်လေးထင် နောက်က ပြေးလွှားပါလာတာကို သတိရမိပါသေး ည်။

ပိတုန်း သောက်ဖို့ ဆေးပေးတာတွေ ယူကာ မေမေ ငွေရှင်းနေဆဲ ...

"အန်တီတို့ ဒီလမ်းထဲကပဲလား ..."

"ဟုတ်ပါတယ် ဆရာ၊ ဟိုအလယ်နားက တိုက်သစ်ကပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ... အဲဒီတိုက်သစ်ကလား ... ဘယ်အထပ်ကလဲ ..."

"သုံးထပ်ကပါ"

"ဩော် ... လေးထပ်က အန်တီတောင် နေကောင်းရဲ့လား မသိဘူး၊ အန်တီတို့နဲ့ ခင်မှာပေါ့၊ အပေါ်ထပ်အောက်ထပ် ဆိုတော့"

"ဟုတ်ကဲ့ ... သိရုံပါပဲ ဆရာ၊ သူတို့လည်း ပြောင်းလာတာ မကြာသေး၊ ကျွန်မတို့လည်း ပြောင်းလာတာ မကြာသေး ကြတော့ သိပ်တော့ မခင်လှပါဘူး"

"ဩော် ... သူတို့ တခြားက ပြောင်းလာကြတာလား ..."

"ဟုတ်ပါတယ် ဆရာ၊ ဟိုတစ်နေ့က ဆရာ တက်သွားတာ တွေ့လိုက်ပါတယ်၊ အဲဒီ မြတ်လေးထင်ရဲ့ အမေ မကျန်းမာ တာတော့ သိပါတယ်၊ ခုတော့ မသိဘူး ဆရာရဲ့၊ ဒီအမျိုး သမီးက အပြင်လည်း မထွက်ဘူး"

"အင်း ..."

"ကျွန်မတို့ ဒီနေ့ထိ မြင်တောင်မမြင်ဖူးပါဘူး"

"ဩော် ..."

"ဟိုတစ်နေ့က ဘာဖြစ်လို့လဲ မသိဘူးနော်၊ ဆရာ့ကို သူ့ သား လာပင့်တာ"





"အင်း ...၊ အဲဒီနေ့ကတော့ ပရက်ရှာကျပြီး မူးသွားတာပါ၊ ဝမ်းသွား၊ အန်ပြီးတော့ ပရက်ရှာတွေကျပြီး မူးသွားတာ ဖြူဖျော့သွားတာပေါ့၊ အပေါ်မှာ ဒရစ်ပ်ချိတ်ထားခဲ့ရတယ်"

ဆရာဝန်ကလည်း ရှည်ရှည်လျားလျား ထပ်မပြော။ ဝိတုန်းကလည်း ဒီထက် ပိုသိချင်နေပါသေးသည်။ မရဲတရဲနှင့် ...

"ဆရာ ... အဲဒီ အန်တီက တီဘီရောဂါသည် ဆိုတာ ဟုတ်လား ..."

"အင်း ...၊ ဟုတ်ပါတယ်၊ ဘာလဲ ... ကြောက်လို့လား၊ ဘာမှ မဖြစ်ပါဘူး၊ အဝေးကြီးပါဗျာ ဟားဟား"

"ကြောက်လို့ မဟုတ်ပါဘူး ဆရာ၊ အတူနေရတောင် တီဘီသမားကို မကြောက်တတ်ပါဘူး၊ ဒီရောဂါက ဆေး စနစ်တကျကုဖို့နဲ့ မိသားစုဝင်တွေ နေတတ်စားတတ်ရှိဖို့ပဲ လိုတာ မဟုတ်လား၊ ကူးမှာတွေ ဘာတွေ ကြောက်လို့မေး တာ မဟုတ်ပါဘူး၊ သိချင်လို့သက်သက် မေးကြည့်တာပါ"

"အင်း ... မြတ်လေးထင်က တစ်ပတ်တစ်ခါ အမြဲလာကြည့် ပေးဖို့ မှာထားတယ်၊ ဒီအပတ်တောင် မရောက်သေးဘူး၊ ဒါကြောင့် နေကောင်းလား ... ဘာပြောသံကြားလဲ ဘာ ဖြစ်သေးလဲ မေးကြည့်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာသံမှ မကြားပါဘူး၊ အဆက်အဆံလည်း သိပ်မ[illegible]
တော့ ..."

"တခြားအခန်းတွေကကော အဆက်အဆံ မရှိကြဘူးလား"

"မသိဘူး ဆရာ၊ အဆက်အဆံရှိဖို့ရာ ဒီအမျိုးသမီး[illegible] သေချာမှ မမြင်ဖူးကြဘဲ၊ မဆက်ဆံကြဘူးဆိုရင်တော့ သူက မဆက်ဆံတာပဲ ဖြစ်မှာပါ၊ တခြားအခန်းတွေကတော့ ကိုယ့်ဘာသာကိုယ် နေမြဲနေနေကြတာပဲ ရှိမှာပါ"

ပိတုန်းက မေမေနှင့် စကားပြောနေသော ဒေါက်တာ အောင်မြတ်ကို အကဲခတ်နေပါသည်။ ဒေါက်တာအောင်မြင့် ပုံစံကြည့်ရသည်မှာ တစ်မျိုးပဲ။ စိတ်က အလိုလိုပင် တစ်မျိုးထင် နေမိသည်။ စကားကို သတိထားပြီး ပြောဆိုနေသည်ဟု ပိတုန်း ထင်မြင်ယူဆမိပါသည်။

ဆရာဝန်က လူ နာလည်း ရှင်းနေတာမို့ မေမေနှ[illegible] စကားစမြည် ဆက်ပြောနေကာ ပြောနေရင်းက တစ်ခုံတစ်ရာ[illegible] တွေးနေသလိုပင်။ ဘောလ်ပင်ကို စားပွဲမှာ တတောက်တောက်[illegible] ရင်း စကားကို စဉ်းစားပြီးမှ တစ်လုံးချင်းပြောသည်။ အဲဒီဟန်[illegible] ကပဲ ပိတုန်းကို အတွေးတွေ ထွေပြားစေသည်။

"ဆရာ ... အဲဒီအန်တီက မျှော်လင့်ချက်ရှိရဲ့လားဟင်"





ပိတုန်းက သူသိချင်တာကို ဖွတ်ပင် စပ်စပ်စုစု မေးလိုက်ပါသည်။

"သမီးနဲ့ မြတ်လေးထင်က အရင်က နည်းနည်းပါးပါး ခင်မင်တော့ သူက စိတ်ဝင်စားနေတာ ဆရာ"

"အခု မခင်တော့ဘူးလား ..."

"အခု ရန်ဖြစ်ပြီး မခေါ်ဘူး"

ပိတုန်းက မြန်မြန်ဖြေလိုက်ပြီး ဆရာဝန်ရဲ့ ချင့်ချိန်သော အဖြေကိုသာ မျှော်လင့်စိတ်စောနေလေသည်။

"သိပ်တော့ ... ဘယ်လို ပြောရမလဲ ..."

"သေမှသဘောလား ဆရာ"

ပိတုန်းက ဖွတ်ပင် ထပ်၍ မေးသည်။ မေမေကလည်း မဟန့်တော့။ ဆရာဝန် အဖြေစကားကိုသာ စိတ်ဝင်စားစွာ နားထောင်နေပါသည်။

"သေမယ်ဆိုတာတော့ ...၊ အင်း ... ကြည့်ကျက်ပြီး ကိုယ့်အသက်ကိုယ် ဉာဏ်နဲ့မွေးပြီး နေသွားရမှာပေါ့လေ ..."

ဒီအဖြေမျှနှင့်ပင် ပိတုန်းသည် သွေးခုန်နှုန်းမြန်လာပါသည်။ မြတ်လေးထင် အမေဟာ သေလောက်သည့် ရောဂါကြီး တစ်ခုခု ဖြစ်ကိုဖြစ်နေမည်ကိုတော့ ပိတုန်း မှန်းဆနိုင်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လောက် ကြာကြာခံဦးမလဲ ဆရာ"

"ဒါတော့ မပြောနိုင်ဘူးပေါ့၊ ကျွန်တော်လည်း ကိုယ် လာကြည့်ပေးနေရတဲ့ လူနာဆိုတော့ သိပ်တော့ စကားမပြော ချင်ဘူး၊ ဘာလဲ ... သူ့အမေ သေခါနီးပြီဆိုရင် ရန်ဖြစ် ထားတာကျေပြီး ပြန်ခေါ်မလို့လား ... ဟား ဟား"

ဆရာဝန်က ရယ်ရယ်မောမော လုပ်ယူလိုက်ပါသည်။ ပိတုန်းက ဖြစ်ညှစ်၍ ပြုံးကာ ရင်ထဲတော့ စိတ်မကောင်းခြင်းကြီး စွာ စိုးမိုးနေပေသည်။

"ပြန်ခေါ်ရင်လည်း ခေါ်လိုက်ပါ၊ အဟင်းဟင်း၊ မြတ်လေး ထင် ကြည့်ရတာ လူတော်လူကောင်းလေးတစ်ဦးပါ၊ သူ့ အမေအတွက် သူလည်း အတော်ထိခိုက်နေ့တာမျိုးပါ ဒီလူငယ်လေးက ကရုဏာ သက်စရာပါ။ အင်းပေါ့လေ သူ့အမေလည်းပဲ သနားစရာပါပဲ၊ ကဲ ... သောက်ဖို့ဆေး တွေ ကို့စ် မှတ်မိတယ်နော်၊ သုံးရက်ဆေးသောက်လိုက် ဦး၊ သုံးရက်နေ မသက်သာမှ ပြန်လာ၊ ကောင်းသွားရင် ဆေးသာကုန်အောင် ဆက်သောက်တော့ လာဖို့ မလိုတော့ ပါဘူး"

ဆရာဝန်က ဖွတ်စကားဖြတ်ပစ်လိုက်၍ မေမေနှင့်





ပိတုန်း ဆေးခန်းမှ ပြန်ခဲ့ကြပါသည်။ လမ်း၌ စကားမပြောမိကြဘဲ တိတ်၍လျှောက်လာသည်။

ပိတုန်းရင်ထဲ ဘာမှန်းမသိသော တစ်ခုခုက လေးလံ ဖိစီးနေသည်။ တစ်စုံတစ်ရာကို စိတ်ထင့်ကာ ရင်ထဲ လှပ်ခုန် ဖြာခနဲ နေအောင် စိတ်လှုပ်ရှားနေမိသည်။ အလိုအလျောက် စိတ်ထဲမဖော်ပြတတ်သည့် ခံစားချက်ကြီးတစ်မျိုးနှင့် စိတ်မကောင်း ဖြစ်နေမိပါသည်။

"ဆရာဝန်ကတော့ ထိန်းပြောတာပဲ၊ ဒါပေမဲ့ ကြည့်ရတာ မြတ်လေးထင် အမေက သိပ်မခံတော့ဘူးနဲ့ တူတယ်ဟဲ့ သမီးရဲ့"

"ပိပိလည်း အဲလိုပဲ ထင်တာ မေမေ"

"အေးလေ ... စိတ်မကောင်းစရာပဲ၊ သေခြင်းတရားက ဘယ်သူ့မှတော့ မလွန်ဆန်နိုင်သေးဘူးပေါ့လေ"

"ဆရာဝန်က ဘာလို့ ထိန်းပြောနေလဲ မသိဘူးနော်"

"သြော် ... ကိုယ့်လူနာဟာ သေတော့မှာ၊ သေတော့မှာလို့ ပတ်ဝန်းကျင်ကို ဘယ်လျှောက်ပြောနေလို့ ရမလဲ၊ ဘယ် ကောင်းပါ့မလဲ၊ ဆရာဝန်ဆိုတာ ဒီလိုပဲ စကားကို ထိန်းပြော ရမှာပေါ့ သမီးရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုယ်တိုင်လည်း စိတ်မကောင်း ဖြစ်နေသလိုပဲ"

"စိတ်မကောင်းလည်း ဖြစ်မှာပေါ့၊ မရနိုင်တဲ့ လူမမာ ကြည့်ပေးနေရတော့ သူလည်း အနည်းနဲ့အများ စိတ် မကောင်းဖြစ်မှာပဲလေ၊ ကိုယ်ကုတဲ့လူနာ ကောင်းသွားတယ် ဆိုမှ ဆရာဝန်တွေအဖို့ စိတ်ချမ်းသာနိုင်မှာပေါ့"

အဲဒါတွေထက်ကို ပိုသော အကြောင်းအရာ တစ် နောက်ကွယ်မှာ ကျန်ရှိနေသေးသလို ပိတုန်း စိတ်ထဲ လေးနေ နောက် ဖြစ်နေသည်။ ဘာရယ်လို့လဲ ကိုယ်အတိအကျ ပြောနိုင် တာမဟုတ်ဘဲ မမြင်မစမ်း မှောင်ထဲရှာဖွေနေရသလို စိတ်မင်ပန်း ကောင်းလှသည်။





အိမ်ကိုလာသော မသွယ် အပြန်ကို ထုံးစံအတိုင်း လိုက်ပို့ရင်း မသွယ်က စစ်တီးမှာထိ ဝင်ချင်သည်ဆို၍ ဂျန်ရှင်အိတ် ကို ခဏဝင်လာတာ ဖြစ်ပါသည်။ မသွယ်က သူတို့ အိမ်အတွက် လိုအပ်သော ပစ္စည်းများ၊ ရှန်ပူ၊ ဆပ်ပြာ၊ သွားတိုက်ဆေး စသဖြင့် လျှောက်ကြည့်ဝယ်ခြမ်းနေသမျှ မြတ်လေးထင်က နောက် က ခြင်းတစ်လုံးဆွဲကာ လိုက်ပါနေပါသည်။

အဲသလို သွားနေရင်း ထောင့်ချိုးတစ်ခုမှာ ရိပ်ခနဲ ပိတုန်းကို လှမ်းတွေ့လိုက်ရတာဖြစ်သည်။ သူ သတိထားကြည့်မိ တော့ နံဘေးမှာ အဖော်ရယ်လို့ အန်တီလည်းမပါ။ မမလည်း မပါ။ ပိတုန်း တစ်ယောက်တည်းသာ ဖြစ်သည်။

ပိတုန်းကလည်း အဝေးကနေ သူ့ကို လှမ်းမြင်သွား ပါသည်။ မသွယ် နောက်က ခြင်းကိုင်လိုက်ပါနေတဲ့ သူ့ကို ပိတုန်း ကြည့်တဲ့ စူးရှတောက်ပြောသော မျက်ဝန်းများထဲက နာကျင်ဝမ်းနည်းမှုကို သူ တွေ့နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်းတစ်တန်း ချိုးကွေ့လိုက်သော်လည်း သူဟာ ပိတုန်းကို မြင်ရဦးမလား ဟိုယိမ်းဒီယိမ်း လိုက်ရှာဖွေကြည့်မိသေး ပိတုန်းကလည်း သူ ပျောက်ကွယ်သွားလျှင် နေရာရွှေ့ပြီး မသိမသာ ရှာဖွေပုံရနေသည်။ မြတ်လေးထင် ရင်ထဲ ဆွတ်ပျံ့ဝမ်းနည်းလာ ပါသည်။

သူနှင့် ပိတုန်း စ,ပြီး မြင်တွေ့ဆုံစည်းကြတာကို ဒီဂျန်ရှင်အိတ်ထဲမှာ မဟုတ်လား။ ဘာ့ဝယ်မည်ရယ်လို့ လာတာ မဟုတ်ဘဲ မျက်စိနှင့် လျှောက်ကြည့်ရင်းမှ အသုံးတဲ့နိုးရာ ရှာဖွေဝယ်ယူရခြင်းကို ပိတုန်း ဝါသနာပါတာ သူ သိခဲ့သည်။

အဲဒီလို ရူပါမားကက်တွေ သွားမည်ဆိုလျှင် ပိတုန်း ဟာ အဖေအမေတွေ အစ်မတွေပါတာ သဘောမကျ။ တစ်ယောက် တည်း စိတ်ရှည်လက်ရှည် တမေ့တမော ပတ်နေတတ်သည်။ ဒီထဲမှာတင် နှစ်နာရီကြာလည်း မညောင်း၊ ဘယ်လောက်ကြာကြာ မငြီးငွေ့ဘဲ အသစ်ပေါ်သော အသစ်ရောက်သော ပစ္စည်းလေးများ ကို စုံစေ့အောင် စေ့စေ့စပ်စပ် လိုက်ကြည့်တတ်သည်။

စ,တွေ့တုန်းက တွန်းလှည်းတစ်ခု တွန်းရင်း နေရာ အနှံ့အပြားမှာ အကြာကြီးရပ်၊ ဆွဲကိုင်ကြည့်၊ ဈေးနှုန်းဖတ်၊ ဆုံး ဖြတ် လုပ်နေသော ပိတုန်းရဲ့ ချစ်စရာပုံဟန်လေးကို သူ မြင်မြင် ချင်း ဖွဲ့လမ်းမျက်စိကျပြီး နောက်က တကောက်ကောက်ပါခဲ့တာ





'တကယ်တော့ အဲဒီတုန်းက သူဝယ်ဖို့မှာ မှတ်ဆိတ် ရိတ် ဂျစ်လက်မားထုပ်နှင့် အာဖတာရှေ့ဗင်း ဆေးရည်ပုလင်းမျှသာ။ နှစ်ခု ဝယ်ပြီးရင် ဒီစစ်တီးမာ့တ်ထဲက ထွက်တော့ဖို့ ကိစ္စမှာ ပိတုန်းကို မြင်လိုက်၍ နောက်က လိုက်နေမိရင်း သူလည်း ခြင်း တစ်လုံး ဆွဲရတော့သည်။

ခပ်ခွာခွာလိုက်ကာ ကိုယ်ပါ ဟိုဟာ ဒီဟာတွေကို ကိုင်ကြည့်ရင်း မျက်စိထဲ လိုချင်စရာတွေ ပေါ်လာ၍ သူ့ခြင်း ခြင်းတစ်လုံး ပြည့်သွားရတာပါ။ သူ ပါလာနေတာကို အတန်ကြာမှာ ပိတုန်း ရိပ်မိသိရှိသွားပြီး ရှုပုပ်ပုပ်လေး မျက်စောင်းရွယ်လှည့်ကြည့် တတ်တဲ့တိုင် ပိတုန်းက ခပ်သွက်သွက် မပြန်ခဲ့ပေ။

တကယ့်ကို နှစ်နာရီကျော်အောင် ဒီခွင်ကလေးထဲ လှည့်ပတ်နေတာ။ မြတ်လေးထင်မှာ ဒီလောက်နေရာထဲ နှစ်နာရီ ကျော်ကြာအောင် အချိန်ယူပတ်နိုင်သော ပိတုန်းကို အံ့လည်းသြ ငယ်လည်းရယ်ချင်။ သူ့ခြေထောက်တွေလည်း ညောင်း။

စကော့ဈေးလောက်ကြီး ကျယ်ဝန်းလို့ဆိုရင် ထားပါ တော့။ ခုတော့ ဒီစစ်တီးမာ့တ် တစ်ကွက်တည်းမှာ။ သူသည် အမဆုံး မြင်မြင်ချင်းခြင်းပင် ဖွဲ့ရှိသွားလိုက်သည်။ ပိတုန်း ငွေရှင်းမှပဲ သူလည်း ငွေရှင်းတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းက အဲဒီတုန်းက ကားပါလာသည်။ ပိတုန်းကိုယ်တိုင် မောင်းလာသော ကားနောက်က သူက အပြန်မှာလည်း ကပ်လိုက်လာပါသည်။ ဒီလိုနှင့် ပိတုန်းရဲ့နေအိမ်ကို သိခဲ့ရသည်။ သူတို့အိမ်ရှေ့ ရပ်ကာ ပိတုန်းက ကားပေါ်ကဆင်းပြီး နောက်က ပါလာတဲ့ မြတ်လေးထင်ရဲ့ကားကို မှုန်တေတေ ခါးထောက်၍ မိုက်ကြည့် ကြည့်နေတာလေး မျက်လုံးထဲက မထွက်။

သူက ရယ်ကျဲကျဲနှင့် ပိတုန်းရှေ့က ကားကို လီမ့်ရုံမောင်းဖြတ်သွားကာ ပိတုန်းကို လက်ချောင်းလေးတွေ ထောင်လှုပ်ရုံ တာ့တာလုပ်ခဲ့ပါသည်။ အဲဒါဟာ သူတို့နှစ်ယောက်ရဲ့ ပထမဆုံး အတွေ့။

နောင်လည်း သူတို့နှစ်ယောက်တွဲလျက် ပိတုန်း ဝါသနာပါသော ရုပ်ပါးကက်တွေမှာ ဈေးဝယ်ခြင်း အမှုကို ပြုတတ်ခဲ့ကြပါသည်။ သူက ပိတုန်းရဲ့ခြင်းကို ဆွဲလို့၊ ဒါမှမဟုတ် လှည်းကိုတွန်းလို့ပေါ့။ ခုတော့ သူ ခြင်းဆွဲပေးနေတာ တခြားမိန်းကလေးတစ်ယောက်ကို။

ပိတုန်း ဘယ်လောက် နာကျင်ခံစားရရှာမလဲ။

သူ့ကို ပိတုန်း သိပ်ချစ်တာ သူ သိသည်။ သူကလည်း ပိတုန်းကို သိပ်ချစ်ခဲ့တာ ပိတုန်း သိခဲ့ပါသည်။





“ကိုလေး ... ဟိုကြည့်ဒီကြည့် ရှေ့ကြည့်နောက်ကြည့်နဲ့ ဘယ်သူ့ကို ရှာနေတာလဲ ...”

“မဟုတ်ပါဘူး မသွယ်၊ ဒီလိုပဲ ကြည့်နေတာ”

“သိပါဘူး ... အသိတွေ့လို့လားလို့”

“မတွေ့ပါဘူး”

“ဒီမှာကြည့်စမ်း၊ ဒီမျက်နှာသုတ်ပဝါတွေ ပြီးခဲ့တဲ့နှစ်လလောက်က သွယ် ဝယ်တာ သုံးထောင်ခွန်းရုံလေး ပေးခဲ့ရတယ်၊ အခု လေးထောင့်ငါးရာတဲ့ ... တွေ့လား၊ ဈေးတွေတက်လိုက်တာနော်”

“အင်း ...၊ နှစ်လဆိုတော့လည်း တက်ပြီပေါ့ မသွယ်ရဲ့”

“ဒီခြေသုတ်အခင်းလေး နှစ်ထောင်တဲ့၊ တန်တယ်နော်”

“အင်း ... တန်သလိုပဲ”

“ဝယ်လိုက်မယ်နော်”

“ဝယ်လိုက်လေ မသွယ်၊ ခုတင်ခြေရင်းနားထားလို့ ရတာပေါ့”

“ကိုလေးဖို့ တစ်ခုပိုဝယ်ပေးမယ်”

“ဟာ ... နေပစေ၊ မဝယ်နဲ့၊ ကျွန်တော့်ခုတင်ခြေရင်းမှာ ရှိတယ်”



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လား ..."

"တကယ်ပါ၊ ဒီထက်တောင်ကြီးတယ်၊ ခရစ်စမတ်ထရီး ပုံကြီးနဲ့"

"လှမှာပဲ၊ သွယ်တော့ ဒီအပွင့်လေးတွေ ယူလိုက်မယ်နော်"

"ဟုတ်တယ် ... လှတယ်"

"အဝါလှလား ... ကော်ဖီရောင်လှလား ..."

"ကော်ဖီရောင်ထဲ ခရမ်းပွင့်လေးတွေက လှတယ်၊ အညစ် ပေလည်း ပိုခံမှာပေါ့"

"ဟုတ်တယ်နော်"

မသွယ်က ထိုခြေသုတ်ခင်းကို ခြင်းထဲ ယူထည့်သည်။ စကားပြတ်လျှင် မြတ်လေးထင်သည် လိုင်းရဲ့ ဟိုဘက်ထိပ် ဒီဘက်ထိပ် မျှော်ကြည့်၍ ပိတုန်းကို ရှာမိပြန်သည်။ ဟိုးအဝေး ထိပ်မှာ ဒင်နိုဘဆက်တွေနား ရပ်ကြည့်နေသော ပိတုန်းကို မျက်နှာမမြင်ဘဲ ကိုယ်တစ်ခြမ်း တွေ့နေရသည်။

"အဲဒီ ကျူးလစ်ပ်နှစ်ယောက်အိပ် အိပ်ရာဖုံး တစ်စုံရယ် ခုနက စောင်ထုပ်ရယ် လက်ဖွဲ့လိုက်တာပေါ့"

နံဘေးက အသံထွက်လာ၍ မြတ်လေးထင် ဘာရယ် မဟုတ် ငဲ့ကြည့်မိသည်။





"ဒါဖြင့် ခင်ဗျား ယူသွားပြီး ငွေသွားချေလိုက်တော့ ကိုရဲ"

"ဟုတ်ကဲ့"

"ရော့ဒီမှာ ငါ့သော်င်းထုပ် ယူသွား၊ ဒါပြီးရင် ခင်ဗျား အဲဒီအထုပ်တွေ ယူပြီး ကားငှားပြန်လိုက်တော့"

"ဆရာရော ..."

"နေခဲ့လိုက်ဦးမယ်၊ ခုန နှုတ်ဆက်တဲ့ ပိပိဆိုတာ လမ်းထောင့်က ကောင်မလေးလေ ... သိတယ် မဟုတ်လား ..."

"ဟုတ်ကဲ့ ... အဟဲ ... သိတယ် ဆရာ"

"သူ့ကို ပြန်ပို့ဖို့ လုပ်လိုက်ဦးမယ်၊ ခင်ဗျားကို မပို့တော့ဘူး"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ပက်ကင်ပေပါဝယ်သွား၊ အိမ်ကျ အထုပ်ထုပ်ပြီး ကွန်ပျူ တာစာပါ ရိုက်ပြီး ကပ်ထားလိုက်ပါ၊ နက်ဖြန် မင်္ဂလာဆောင် မဟုတ်လား"

"ဟုတ်ကဲ့"

"ကဲ ... ကဲ ... သွားတော့"

"ဆရာ ဒါဖြင့် ဒီည ကာရာအိုကေခန်း မရောက်တော့ဘူး ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အခြေအနေအရပဲ၊ ဒီကောင်မလေးနဲ့က အိမ်ပဲ ပို့ရမလား ကြာဦးမလား မသိသေးဘူးလေ၊ ဆိုင်တစ်ဆိုင် ရောက်ရင် လည်း ရောက်သွားဦးမယ်"

"ဟုတ်ကဲ့ ... ဒါဖြင့် ကျွန်တော် ပြန်နှင့်ပြီ ဆရာ"

"အေး ..."

စကားသံတွေကို ကျော်ပေးရင်းပင် နားထောင်နေရင်း မြတ်လေးထင် တစ်ကိုယ်လုံးထဲ ရှိသမျှ သွေးကြောတွေမှ သွေးများ ဆူပွက်လာသလို တဖျဉ်းဖျဉ်း ပူထူလာသည်။

ဒီကိုကိုကြီး ဆိုတဲ့လူ ပိတုန်းကို ကျူးသွင်းဖို့တော့ တစစ ကြိုးစားနေပြီ။ ဟိုကလည်း အ,လို့ ကျူးသွင်းမှန်း မသိ မဟုတ်ဘဲ တမင်တကာကို မခံချင်စိတ်နှင့် အပတ်သက်ခံနေတာ အဲဒါကြောင့် ဒီလူ ဘယ်လိုလူပါ ဆိုတာ ပြောပြရုံနှင့်လည်း သူတို့ကို လူချင်းခွဲလို့ မရနိုင်။

ဘယ်လိုလူဆိုတာ သိသိနှင့် ကိုယ်မပါရင်ပြီးရော တဲ့ ဉာဏ်တိမ်တိမ်နှင့် အတွဲခံနေတာဖြစ်ရာ ပြောရခက်လှသည်။ မိန်းမနှင့် ပတ်သက်လျှင် ဝါသနာကိုပါပြီး ငွေကုန်ကုန် မကုန်ကုန် ငြိတိတိ ချိတ်တိတ်တိတ် ရိတိတိ ရှုပ်တုတ်တုတ် လုပ်ရသော အကျင့်ပါနေတဲ့ သူတစ်ယောက်ရဲ့ အန္တရာယ်ကို အတိအကျ တွက်ဆထားလို့ မရနိုင်ပါ။





"ကိုလေး ... ဘယ်သူ့ကိုရှာနေလဲ ..."

"ဟင် ... မရှာဘူး ... မရှာပါဘူး"

"ခုပဲ ခေါင်းကြီး ဟိုဘက်လိမ်ပြီး လှမ်းကြည့်နေတာ"

"ဩော် ... မဟုတ်ပါဘူး၊ ဟိုဘက်က ဟာလေးတွေ ကြည့်တာပါ"

"ကဲ ... ဒါဖြင့် ပြန်ကြရအောင်လေ၊ ကိုလေးက သွယ့်ကို လိုက်ပို့ရဦးမှာ၊ အပြန်နောက်ကျနေမယ်"

"ရပါတယ်၊ မသွယ် ဝယ်ချင်တာ ဝယ်ပါ"

"တော်ပြီ ... သွယ်လည်း ရောက်တုန်းကြုံတုန်း ဝယ်နေတာ၊ အတော်များနေပါပြီ"

သူတို့နှစ်ယောက် ပိုက်ဆံရှင်းဖို့ ကောင်တာဆီ ရောက်လာကြပါသည်။ ကောင်တာမှာ ခြင်းတစ်လုံး ကိုင်လျက် ငွေရှင်းဖို့အလှည့်စောင့်နေသော ပိတုန်းနှင့် အနီးမှာ ကပ်လျက် ဆံအိတ် ချိုင်းကြားညှပ်ပြီး ပြုံးပြုံးရယ်ရယ် စကားပြောနေသော ကိုကြီးတို့ကို တွေ့လိုက်ရပါသည်။

ပိတုန်းတို့ ကောင်တာက လူများနေ၍ ဒီဘက်လူ သော ကောင်တာတစ်ခုမှာ မြတ်လေးထင်တို့ ဝင်ရပ်ဖြစ်သည်။ နေရင်း ပိတုန်းတို့ ကောင်တာဘက် သူ ခိုး,ခိုးကြည့်နေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ရှာဖွေနေပုံရတဲ့ ပိတုန်းဟာလည်း လှည့်အကြည့် တစ်ချ
မှာ မြတ်လေးထင်ကို တွေ့သွားပါသည်။

တွေ့သွားသည်နှင့် ခုနကထက်ပိုသော ရယ်
ရင်နှီး စကားဆိုဟန်တွေ ကိုကိုကြီးကို ပြုမူနေသည့် ပိတုန်း
မြတ်လေးထင် စိတ်တိုသည်။ တစ်ဖက်လူ မခံချင်အောင် လု
သူ့မှာ အရေးကြီးနေတာနဲ့ပဲ အဋ္ဌာရယ်ကို မတွက်တော့
ဉာဏ်တိမ်မ။ အလကားပဲ။

ပိတုန်းနှင့် မြတ်လေးထင်တို့ တစ်ကောင်တာ
ပြိုင်တူ ငွေရှင်းနေကြချိန်တွင် ပိတုန်းသည် ဘေးက ကပ်ပါး
ကြီးလို တွယ်နေသော ကိုကိုကြီးကို ဖြုတ်ချဖို့ အကြံအ
ကြိုးစားနေရပါသည်။

"နေပစေပါ၊ ပိပိ မလိုက်တော့ဘူး"

"လာပါ ပိပိရဲ့၊ ဒီနားလေးမှာ သီးစုံမလိုင် အရမ်းကောင်
အအေးဆိုင်တစ်ဆိုင်လည်း ရှိတယ်၊ ပိပိ ကြိုက်တယ်ဆို
ပြောဖူးတယ်"

"ကြိုက်တော့ကြိုက်ပါတယ်၊ ဒါပေမဲ့ ဗိုက်လည်း မဆာ
စားချင်စိတ်လည်း မရှိဘူး ကိုကိုကြီးရဲ့၊ အိမ်ပဲ တန်
မယ်"





"ကဲ ... ဒါဆိုလည်း အိမ်ပဲ တန်းပြန်ပါ၊ ကိုယ် လိုက်ပို့ပေးမယ်"

"နေပစေ ... မပို့နဲ့တော့၊ လမ်းလည်းကြိုတာ မဟုတ်ဘူး၊ တောင်နဲ့မြောက် တစ်လမ်းစီကြီးဟာကို၊ ပိပိဘာသာ ကားငှားပြန်မယ်"

"ဟာ ... ကိုယ်နဲ့ဆုံနေရက်နဲ့ ကားငှား မပြန်ရပါဘူး၊ ပို့ပေးမှာပေါ့"

"ဟင့်အင်း ... ရတယ်"

"မရဘူး ...၊ လိုက်ပို့မယ်"

ရော်။ တယ်ခက်နေပါလား။ ခွတ်တစွတ်ကြီးဆန်
လုပ်လာနေပုံကို ပိတုန်း ဒေါသဖြစ်လာသည်။ သို့သော်လည်း
ဆောင်ကာ ပြုံးထားပါသည်။ ပြုံးပြုံးလေးနှင့်ပင် စကားသံ
ပြတ်ပြတ်နှင့် ...

"ခုလို ညဘက်တွေ၊ ညနေစောင်းမှောင်ပြီဆိုရင် ပိပိဟာ သူစိမ်းယောက်ျားနဲ့ အပြင်လည်း မထွက်ဘူး၊ ကားလည်း အတူမစီးဘူး ကိုကိုကြီးရဲ့၊ အဲဒါ ပိပိရဲ့မူ၊ ပိပိရဲ့ စည်းကမ်းပဲ၊ မှတ်ထားနော်၊ နောက်ကို မခေါ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုကြီးသည် မသက်မသာ ပြုံးမဲ့မဲ့ အောင့်သက် သက်ကြီးနှင့်ပင် တဟဲဟဲ ရယ်မောနေပါသည်။ ပိတုန်း စစ်တီးမှော်တ်ထဲက ထွက်ပြီမို့ ကိုကိုကြီးကလည်း နောက် ကပ်ပါသွားပါသေးသည်။ ရုပ်လက်ရှည်ဖြူနှင့် ကိုကိုကြီးပုံစံ လူကြီးလူကောင်းပုံနှင့် သန့်၍တော့နေသည်။ ဒါပေမဲ့ ယောက် တစ်ယောက်ရဲ့ မျက်လုံးအကြည့် အပြုအမူတို့ကို ကြည့် သူ့စိတ်ကို မှန်းလို့ရပါသည်။

ကိုကိုကြီးဟာ ပိပိ ယုံကြည် လေးစားနိုင် ယောက်ျားတစ်ယောက် စာရင်းမှာ မပါဝင်ပါ။ ရင်းနှီးအရော ပြုမိခြင်းကတော့ ကိုယ့်ရဲ့ မခံချင်စိတ် တစ်ခုတည်းကြောင့် ဖြစ်ပါသည်။

"ကိုလေး ... သွားမယ်လေ ... ဘာလုပ်နေတာလဲ"

သွယ်က မြတ်လေးထင်ကို တအံ့တသြ မေးရသည် မြေအောက်ထပ် ကားပါကင်ကို ဆင်းဖို့ရာကို လွတ်လွတ် ကျွတ် မသွားနိုင်ဘဲ ရှေ့ဘက်ဝင်ထွက်ပေါက် တံခါးမကြီး သာ လည်လိမ်နေသည့် မြတ်လေးထင်ကို အံ့အားသင့်၍ ထွက်ပေါက်ကို သွယ်ပါ လည်လိမ်၍ ဖြေဖျားလေးပါထောက် ကြည့်မိသည်။





"အင်း ... အင်း ... သွားမယ်"

"အသိတွေ့လို့လား ... တွေ့ရင်လည်း သွားနှုတ်ဆက်လေ ကိုလေးရဲ့"

"အင်း ... မသွယ် ... ခဏလေးနော်၊ ကျွန်တော် ခဏ လေး တစ်ခုသွားပြောလိုက်ဦးမယ်"

"အင်း ... အင်း ..."

လက်ထဲစုပြုံထိုးထည့်ရစ်ခဲ့တဲ့ ကြွပ်ကြွပ်အိတ်ထုပ် တွေ ဆွဲကိုင်ကာ သွယ်က ထိုဝင်ပေါက်ဆီ စူးစမ်းရှာဖွေ ရပ် ကြည့် ကျန်ရှစ်ခဲ့ပါသည်။ ကမူးရှူးထိုးနှင့် ကိုကိုကြီးနှင့် ပိတုန်း စကားရပ်ပြောနေရာဆီ မြတ်လေးထင် ရောက်လာပုံမှာ တစ်ရှိန် ထိုးဆန်လှ၍ တဝုန်းဝုန်း အသံမြည်မတတ်ပင်။

"ပိပိ"

"ဟင် ..."

ပိတုန်းရော ကိုကိုကြီးပါ လှည့်ကြည့်လိုက်ကာ ကိုကိုကြီးကတော့ မြတ်လေးထင်ကို မြင်လျှင် စိတ်ပျက်သလို မျက်နှာကြီး ညစ်ပုပ်သွားပါသည်။

"ဟာ ... မင်း ဘာလာလုပ်ပြန်ပြီလဲ၊ မင်း ဘာကိစ္စ ရောက်ရောက်လာရတာလဲ၊ ငါ ပိပိနဲ့ စကားပြောနေရင်



www.burmeseclassic.com

www.burmeseclassic.com



ရောက်ရောက်လာတာ ကြည့်ရတာ တိုက်ဆိုင်မှုတော့ မဟုတ်နိုင်တော့ဘူး ထင်တယ်နော်”

“တိုက်ဆိုင်မှုပါ၊ အစ်ကို ဒီကို လာမယ်ဆိုတာလည်း ကျွန်တော် ကြိုမသိဘူး၊ ပိပိ လာမယ်ဆိုတာလည်း ဘယ်လို လုပ် ကြိုသိနိုင်မှာလဲ”

“မင်း တစ်ကောက်ကောက်လိုက်နေရင်တော့ သိနိုင်တာပေါ့”

“ကျွန်တော် အဲလောက်ကြီးလည်း မအားလပ်ပါဘူး အစ်ကိုရယ်”

“အခု ဘာလာလုပ်ပြန်ပြီလဲ ... ဘယ်ကို ငွေလွှဲချင်လို့လဲ”

“မလွှဲချင်ပါဘူး၊ ခုဟာက တခြားပါ”

“ဘာကိစ္စလဲ ...”

“ဟိုဟာပါ ... ကျွန်တော်ကလည်း ပြန်တော့မှာဆိုတော့ သူနဲ့ ကျွန်တော် တစ်ရပ်ကွက်တည်း တစ်လမ်းတည်း တစ်တိုက်တည်းကို ပြန်မဲ့တူတူ လိုက်ပို့ပေးမယ်လို့ ပြောမလို့ပါ”

“အောင်မာ ... သူ့ကို လိုက်ပို့ရအောင် မင်းနဲ့ သူက





ဘယ်လောက်တောင်မှ ရင်းနှီးခင်မင်နေလို့လဲ၊ ဟင် ... ပိပိ ... သူနဲ့ ရင်းနှီးလို့လား ...”

မြတ်လေးထင်က ပိတုန်းကို ကြည့်လိုက်စဉ် ပိတုန်းကမဲ့ကာ ...

“မျက်နှာကြောတောင် မတည့်ဘူး”

“ကိုင်း ... တွေ့လား၊ မင်း သွားစမ်းပါကွာ၊ မင်း သက်သက်မဲ့ ဝင်ဝင်မရှုပ်စမ်းပါနဲ့”

“မသွားနိုင်ဘူးဗျာ၊ ခင်ဗျားလည်း ပြန်လိုက်ပို့မယ်လို့တောင်းဆိုနေတဲ့သူပဲ မဟုတ်လား”

“ငါ့အဖေနဲ့ သူ့အဖေက သိပ်ခင်တာကွ”

“အဖေချင်းခင်ပေမဲ့ သားသမီးချင်း မပတ်သက်တာတွေ တစ်ပုံကြီးပါ၊ အဖေချင်းခင်တဲ့အတွက်ကြောင့်တော့ ပိပိကို ခင်ဗျား လိုက်ပို့ဖို့တာဝန် မရှိပါဘူး”

“ဟော့ကောင် ... မင်း ဘယ်လိုကောင်လဲ ပြောစမ်း၊ ဒီကိစ္စကြားထဲမှာ မင်း ကဖျက်ယဖျက် ဝင်ရှုပ်နေရလောက်အောင် မင်းမှာ အခွင့်အရေး ရှိနေလို့လား ...”

“သူ့မှာ ဘာအခွင့်အရေးမှ မရှိပါဘူး ကိုကိုကြီးရဲ့၊ တမင်တကာ လာလာရှုပ်နေတာ၊ ဒီမှာ ကိုမြတ်လေးထင် ... ရှင်



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှင့်ရည်းစားနဲ့လာတာပါ၊ ကိုယ့်လမ်းကိုယ်သွားပါ၊ ကျွန်မဘာသာ ဘယ်သူနဲ့ပြန်ပြန် ရှင်နဲ့ ဘာမှမဆိုင်ဘူး၊ ရှင်နဲ့တော့ ဘယ်တော့မှ မပြန်ဘူး သေချာတယ်၊ ကိုကိုကြီးနဲ့ ပြန်ရင်လည်း ရှင် ဝင်တားပိုင်ခွင့် မရှိပါဘူး"

"လာပါ ပိပိရယ်၊ သူနဲ့ စကားဖက်ပြောနေမဲ့အစား အိမ်သာပြန်ပါတော့၊ ကိုယ် လိုက်ပို့ပါ့မယ်ဆို ... အလကားအားနာနေတယ်"

ကိုကိုကြီးစကားကြောင့် ပိတုန်းဟာ ကိုကိုကြီးပို့မှာကိုလည်း လက်မခံဘဲ ငြင်းဆန်နေခဲ့တာမှန်း မြတ်လေးထင် ရိပ်မိသွားပါသည်။ သူ ခုလို လာဝင်ပြောလိုက်မှ အစွဲ့တိုက်မှုနှင့်ကောက်ခနဲ လိုက်ချသွားမှာကို စိုးရိမ်နေသည်။

မြတ်လေးထင်သည် ပိတုန်းရဲ့ မျက်နှာကို ခံစားချက်အပြည့်ပါသော တောင်းပန်သည့် မျက်ဝန်းတို့နှင့် စူးစူးနစ်နစ်စိုက်ကြည့်လိုက်ပါသည်။ သူ့မျက်ဝန်းထဲမှာ တောင်းပန်တိုးလျှိုးခြင်းများ ထူထပ်သိပ်သည်းစွာ ပါဝင်နေပါလိမ့်မည်။ ပိတုန်းက တစ်ခဏရင်ဆိုင်ကြည့်ပြီးနောက် ဆက်မကြည့်နိုင်ဘဲ မျက်နှာလွှဲသွားပါသည်။





သူ ရှိနေတဲ့အတွက် သူ့ကို အစွဲ့တိုက်ကာ ပါသွားနိုင်ချေ ပိုများနေတာမို့ ...

"ပိပိ ကိုယ်သွားမယ်၊ ကိုယ်နဲ့လည်း မလိုက်နိုင်ဘူးဆိုရင် ကားငှားပြန်လိုက်နော်"

"ရှင် စီစဉ်စရာမလိုပါဘူး၊ ကိုယ့်ဟာကိုယ် ဘယ်လိုလုပ်လုပ်ပါ၊ ရှင့်ရည်းစားတစ်ယောက်လုံး ပါနေရက်နဲ့ အပိုတွေလုပ်ပြီး ခေါ်နေတာများ အံ့ပါရဲ့"

"သူက ဘယ်လိုမဆို ရပါတယ်၊ ပိပိ တကယ်လိုက်ရင် ခေါ်လာလို့ ရပါတယ်"

"မလိုက်ပါဘူး၊ လူကို အဲသလောက် အောက်မယ်မထင်နဲ့"

"ကဲပါကွာ ... မင်းဘာသာမင်း ပြန်မှာပြန်ပါ၊ မင်း ဘယ်လိုလူမှန်းကို မသိဘူး၊ သက်သက်မဲ့ သူတစ်ပါးကိုစွကြားထဲဝင်ဝင်နှောင့်ယှက်နေတာ တစ်ကြိမ်ကြိမ်တော့ ငါနဲ့ ပြဿနာတက်တော့မယ်"

မြတ်လေးထင်က ကိုကိုကြီးကို လှည့်မကြည့်ဘဲ ပိပိကိုသာ သတိပေးသော တားမြစ်သော တောင်းပန်သော အဓိပ္ပာယ်တွေတစ်ပုံကြီးပါသည့် အကြည့်နစ်နစ်နှင့် စူးစိုက်ကြည့်ကာ အသံတိတ် စကားတွေ ပြောရစ်ခဲ့ပြီး ချာခနဲ လှည့်ထွက်ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးထင် ပြန်လျှောက်လာတာကို သွယ်က ခပ်ငေးငေး အကဲခတ်ကြည့်နေပါသည်။ သူ အခြေအတင်တွေ သွားပြောနေသူဟာ ပိပိ မှန်းလည်းပဲ သွယ် လှမ်းမြင်ရပြီးပါပြီ။ မျက်နှာမသာမယာနှင့် ရောက်လာကာ သွယ့်အပါးရောက်တော့ လုပ်ယူပြုံးနှင့် အိတ်တွေ လှမ်းဆွဲရင်း ...

"လာလေ မသွယ် ... သွားကြမယ်"

သွယ်က သူ လှမ်းယူသောအိတ်ကို အသာအယာ လွှတ်ပေးကာ မြတ်လေးထင် နောက်မှ တိတ်ဆိတ်စွာပဲ ပါလာပါသည်။ မြတ်လေးထင် ဘာပြောမလဲ စောင့်နားစွင့်နေပေမဲ့ မြတ်လေးထင်က ဘာမှ မပြော။ မြေအောက်ထပ်မှ ကားကို ထုတ်ယူကွေ့ပတ်တက်ခဲ့ပြီး လမ်းမထိပ်ရောက်လျှင် ထွက်မသွားသေးဘဲ ဂျန်ရှင်အိတ် အဝင်ဝ တံခါးသို့ လှမ်းကြည့်နေပြန်ပါသည်။

"ကိုလေး ... ပိပိနဲ့ ဘယ်လို အကြောင်းကိစ္စရှိလဲ ..."

မြတ်လေးထင် မသွယ်ကို အံ့အားတသင့် လှည့်ကြည့်မိပါသည်။ သူ မပြောဖူးပါဘဲနှင့် နာမည်ကိုပင် မသွယ် သိနေပြီ။

"ပိပိက ဟိုးရှေ့မှာ ကားတစ်စင်းငှားနေတယ်၊ ဟော ... တက်သွားပြီ"

"ဟုတ်လား ... ကားငှားပြန်သွားပြီလား ..."





"ဟုတ်တယ်၊ ဟော ... ရှေ့က ထွက်သွားတဲ့ ကားအဖြူ လေ"

မြတ်လေးထင် မျက်နှာက စိတ်တိုင်းကျသွားသည့်အတွက် ကြည်လင်လာပါသည်။ ကျေးဇူးပါပဲ ပိပိရယ်။ စိတ်ချမ်းသာရအောင် ဆုံးဖြတ်ပေးလို့။ တကယ်တော့ ချစ်ရတဲ့ ပိပိဟာ သူ့အပေါ် ဘယ်လိုပဲ အရွဲ့တိုက်မယ်ဆိုဆို ဣန္ဒြေသိက္ခာရှိ၍ သူတို့မိသားစုအစဉ်အလာ စည်းကမ်းအတိုင်း မိမိကိုယ်ကို ထိန်းသိမ်းစောင့်ရှောက်သွားမည့်သူဆိုတာကိုဖြင့် မြတ်လေးထင် ယုံပြီးသား။ မတော်တဆ အန္တရာယ်မကင်း ဖြစ်သွားမှာကိုသာ စိုးရိမ်နေတာ။

"ပိပိနဲ့ ဘာကိစ္စရှိလို့လဲဟင် ကိုလေး"

"ဘာမှ ထွေထွေထူးထူး မရှိပါဘူး၊ မသွယ်က ပိပိကို ဘယ်လိုသိနေလဲ ..."

"သူက ကိုလေးကိုမြင်ရင် မကြည်သလိုပဲ လို့တော့ ထင်နေတာကြာပြီလေ၊ ဟိုတလောက သူတို့ဘဏ်မှာ သွယ်က ငွေသွားထုတ်မိတယ်၊ သူ့ဆီးက သူနဲ့ တွဲတဲ့ ကောင်မလေးက ငယ်ငယ် ဆိုတာ သွယ်တို့နဲ့ တစ်လမ်းတည်းနေတာ၊ ခင်နေတော့ သူ့နာမည် ပိပိဆိုတာပါ သိလာတာပါ၊ ကိုလေးနဲ့ပိပိ ဘာပြဿနာရှိလဲ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ဘာမှ မရှိပါဘူး"

"တစ်ခုခုတော့ ရှိပါလိမ့်မယ်၊ သူကပြောတော့ ကိုလေးကို မျက်နှာကြောမတည့်ဘူးတဲ့၊ မြင်ရင် ဆွဲကုတ်ဖဲ့ချင်စိတ်တောင် ပေါက်တယ်တဲ့၊ အဲဒါ ဘာဖြစ်လို့လဲ ..."

"သူက အဲလို ပြောလိုက်တယ် ဟုတ်လား ..."

"ဟုတ်တယ် ... သွယ်က စကားသွားစ,မိတာလေ၊ သူက အဲလိုပဲ ပြောလိုက်တယ်"

"အဟင်းဟင်း ..."

မြတ်လေးထင် ပြုံးရယ်ပုံက သူ့ကို ကုတ်ဖဲ့ချင်တာကိုပင် ကျေနပ်နေပုံ။

"ကိုလေးတို့ တစ်ခုခုပတ်သက်မှုတော့ ရှိပါလိမ့်မယ်၊ မပတ်သက်ရင်တောင် ပြဿနာတစ်ခုခုပေါ့၊ ဟိုတစ်ခါ သွယ် ပြောသလို ကိုလေးကို သူ စိတ်ဝင်စားနေလို့၊ သဘောကျနေလို့ဆိုရင် ကိုလေး သူ့ကို ခုန စကားသွားပြောတဲ့အခါ ကောင်းကောင်းပြန်ပြောမှာပေါ့"

မြတ်လေးထင်က ဘာမှ မပြော ...။

"ကိုလေး သူ့ကို ဘာသွားပြောတာလဲဟင် ..."

"အပြန် လမ်းကြုံနေတော့ လိုက်ခဲ့ဖို့ သွားပြောတာပါ"





"တော်ရုံတန်ရုံ မခင်မင်ဘဲ ဒီလိုပြောလို့ ဘယ်ရမလဲ ..."

"သူနဲ့ကျွန်တော် သိတယ်လေ မသွယ်ရဲ့၊ တစ်တိုက်တည်း လည်းနေတာပဲ၊ သူ့ချည်းပဲ တစ်ယောက်တည်း တွေ့ရင် ကားကြုံလိုက်ဖို့ ကျွန်တော် မခေါ်ပါဘူး၊ ခေါ်ရင်လည်း မလိုက်ဘူးဆိုတာ သိပြီးသားပဲ၊ အခု သူ့ကို ပြန်ပို့မယ်ဆိုပြီး ချဉ်းကပ်နေတဲ့လူက မဟုတ်မဟတ်လူစားဆဲကမို့ ပါသွားမှာ စိုးရိမ်ပြီး သွားပြောတာပါ"

"ဩော် ... သူ့အသိလား"

"ဟုတ်တယ် ... ဟိုလူက လူကြီးလူကောင်းစာရင်းထဲမှာ အပါအဝင်လူတစ်ယောက်ပေါ့၊ သူကလည်း ဆက်ဆံပတ်သက်ထားတယ်၊ သူ့ဆက်ဆံတယ် ဆိုတာ ရိုးရိုးပါ၊ ကျွန်တော် သိပါတယ်၊ ဒါပေမဲ့ ဟိုလူက တကယ့်လူကြီးလူကောင်း တစ်ယောက် မဟုတ်တော့ ... မတော်တဆ ပိပိမှာ အန္တရာယ် ရှိမှာစိုးတယ်၊ ဒါကြောင့် ပါမသွားအောင် စွက်စွက်ဖက်ဖက် ဝင်ပြောတာ ...

ဒါပေမဲ့ ပိပိက ကျွန်တော်တားလေ လုပ်ချင်လေဆိုတဲ့ သဘောမျိုး အရွဲ့တိုက်ချင်တဲ့အခံ ရှိနေတော့ ကျွန်တော် နောက်ပြန်ဆုတ်လာတာ၊ ကျွန်တော် သွားပြောနေတုန်းက



www.burmeseclassic.com

www.burmeseclassic.com



ဟိုလူနဲ့ လိုက်သွားတော့မလိုပဲ၊ ကျွန်တော် ပြန်ထွက်လိုက် တော့ အခု သူ့ဘာသာ ကားမှားပြန်တယ်"

သွယ်က မြတ်လေးထင်ကို အတော်ကြာ အကဲခတ် နေသည်။

"ကိုလေးကလည်း ဘာ့အပေါ် စိုးရိမ်တယ်၊ ကာကွယ်ပေး ချင်တယ်၊ လှုပ်လှုပ်ရှားရှားဖြစ်တယ်၊ သူကလည်း ကိုလေး အကြောင်းမဲ့ မုန်းနေသလို ဖြစ်နေတယ်၊ အရွဲ့တိုက်လိုစိတ် ထားတယ်၊ ဒီခံစားမှုလေးတွေဟာ သိမ်မွေ့ပြီး အနုစိတ်ဆ လွန်းတယ်၊ တစ်ခုခုပဲ ..."

"မသွယ်ရယ် ဆံပင်တွေ ဖြူကုန်ပါဦးမယ်"

"သွယ်ရဲ့ ဘေးအမြင်မှာတော့လေ ကိုလေးအပေါ် သူ တစ်ခုခု မခံချင်တာ အထင်လွဲတာရှိပြီး စိတ်နာနေတာပဲ ပဲ၊ အထင်လွဲတယ် ထင်မိတာက ကိုလေးက လူကောင်း တစ်ယောက်လေ၊ မကောင်းတဲ့ပြစ်မှု သူ့အပေါ် မကောင်း တဲ့ စိတ်ထားနဲ့ ကျူးလွန်မယ် မထင်ပါဘူး၊ ဒါကြောင့် အထင်လွဲတယ်လို့ သွယ် ယူဆတာ၊ နှစ်ယောက်ကြားထဲမှာ နက်ရှိုင်းတဲ့ ပတ်သက်မှုရှိပြီး သူက ကိုလေးကို အထင်လွဲနေ တယ်လို့ ထင်မိတယ်၊ အဲဒါ ဟုတ်လား ..."





မြတ်လေးထင်သည် မသွယ်အပေါ် တမင်တကာကြီး သိမ်ညာလီဆည်မနေလိုရကား တမင်ပဲ ရယ်ကျဲကျဲ လုပ်လိုက် တာ ...

"ညီမလေး အဖြေမှန်နဲ့ နီးစပ်လာပါပြီ၊ နည်းနည်းလေးပဲ လွဲပါတော့တယ်၊ စဉ်းစားလိုက်ပါဦးကွယ်"

သွယ်က အသည်းယားသလို ပြုံးနေပါသည်။ ငြိမ် ကာ အတော်စဉ်းစားနေသည်။ မသွယ်က လူကြီးဆန်၍ စဉ်းစား နိုင်ခြင်ဉာဏ် ရင့်သန်တာ မြတ်လေးထင် သိပြီးသားပင်။ အထုံ ထိုင်း မဟုတ်။ ဉာဏ်ပြေးသူဖြစ်သည်။

"ကိုလေးတို့နှစ်ယောက် သိရုံမကပါဘူး၊ သူငယ်ချင်းလည်း မကဘူး မဟုတ်လားဟင်၊ ချစ်သူတွေ ဖြစ်ဖူးလား ..."

မြတ်လေးထင်က ဝမ်းနည်းမှုကို ဖုံးကွယ်ကာ ခေါင်း ညိမ့်ပြ မော့ပစ်၍ ...

"တော်လှပါပေတယ် မသွယ်ရာ"

"အခု ဘာဖြစ်လို့လဲဟင် ..."

"အခု ပြတ်သွားပြီ မသွယ်ရဲ့"

ပေါ့တီးပေါ့ဆဖြေသံကို သွယ် မကြိုက်သလို မျက် နှာပြင်တွန့်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်လို့ ဖြစ်သွားလဲ ...၊ ကိုလေးက ဖြတ်ပစ်တာ ဖြစ်ရမယ်၊ ဒါမှ မဟုတ်ရင် ကိုလေးမှာ အပြစ်တစ်ခုခု ရှိတယ်လို့ သူ အထင်လွဲနေတာ”

“ကျွန်တော် ဖြတ်လိုက်တာပါ မသွယ်”

“ဟင် ... အဲဒါ ဘာကြောင့်လဲ ...”

“ကျွန်တော် သူ့ကို မချစ်တော့လို့”

“ဟင် ... မဖြစ်နိုင်ပါဘူး”

“ဟုတ်ပါတယ်၊ ကျွန်တော်က ခပ်ပေါ့ပေါ့ပဲ ရည်းစားထားလိုက်မိတယ်၊ သူ့ဘက်ကတော့ အလေးအနက်ပေါ့၊ မိဘတွေတောင် ဖွင့်အသိပေးထားတယ်၊ အဲဒီတော့ ကျွန်တော်လည်း နောင်လက်ထပ်ဖြစ်ဖို့ မသေချာတဲ့တူတူ စောစောပဲ နောက်ဆုတ်လိုက်တယ်”

သွယ်က မြတ်လေးထင်ကို မယုံသလို စူးစိုက်ကြည့်နေရင်း ...

“မယုံပါဘူး”

“နှစ်ယောက်ချစ်သူတွေအဖြစ်က ဖြတ်ထားပါတယ်ဆို မတိုင်ပင်ဘဲ ဝယ်ဖြစ်ကြတဲ့ အိမ်ချင်းက အပေါ်ထပ်အောက်ထပ်၊ ပြောင်းလာတော့တောင် ပြိုင်တူ၊ ဒီမှာ မျက်နှာချင်း





မဆိုင်ချင်ပဲ မျက်နှာပူပူနဲ့ ဆိုင်နေကြရတယ်၊ အဖြစ်က အဲသလို”

“ဟင့်အင်း ... သွယ် မယုံဘူး၊ အခု ပြောနေတဲ့ ကိုလေး မျက်လုံးတွေကိုက နာကျင်နေတယ်၊ ကြေကွဲနေတယ်”

“ဩော် ... မသွယ်ကလည်း ခက်လိုက်တာ”

“ကိုလေး ခုန သူ့ကို ရှာဖွေတဲ့ မျက်လုံးတွေ၊ ဟိုလူနဲ့ စကားရပ်ပြောနေတာ မြင်တော့ စိုးရိမ်တကြီး ပျာယာခတ်နေတာတွေ၊ အခု သူ့အကြောင်းပြောပြနေတဲ့ မျက်နှာပေး၊ အားလုံးဟာ ကိုလေး အဲဒီ ဗိုဗိုအပေါ် တမြတ်တနိုးရှိတာ သိပ်ပေါ်လွင်နေတာပဲ”

မြတ်လေးထင်က သွယ့်ကို တောင်းပန်သလို လှည့်ကြည့်ရင်း ...

“မသွယ်ရယ် ... ကျွန်တော် ပြောသလို လက်ခံယုံကြည်လိုက်စမ်းပါ”

“ဟင့်အင်း ... ယုံမှ မယုံတာ”

“အဲဒီအတိုင်းပဲ ယုံပေးလိုက်ပါ မသွယ်ရယ်”

မြတ်လေးထင် အသံက ခုနလို တမင်လုပ်ယူထားတဲ့ သွက်လက်မှုတွေ မပါဝင်တော့ဘဲ ဆုတ်နစ်ဖျော့တော့လာသည်။



www.burmeseclassic.com

www.burmeseclassic.com



သွယ်သည် သူ ခင်မင်ရသော မြတ်လေးထင်အတွက် စိတ်မကောင်းဖြစ်မိကာ ဖြစ်နိုင်ချေရှိတာကို အမျိုးမျိုး ဆင်ခြင်သုံးသပ်နေမိသည်။

"သွယ့်ကိုများ ကိုလေးနဲ့ ခဏခဏ တွဲတွေ့ရလို့ တစ်မျိုးထင်နေမလား မသိဘူးနော်"

"ထင်လဲထင်မှာ"

"ဟင် ... ထင်တော့ သွယ် ဘယ်ကောင်းမလဲ၊ မဟုတ်ရင် မထင်ရပါဘူး၊ သွယ်က ကြားထဲက သူမုန်းတာခံနေရမှာပေါ့၊ သူ့ကြည့်ရတာ ဒါကိုလည်း စိတ်နာနေမယ်ထင်တယ်၊ ကိုလေးကို အရွဲ့တိုက်ချင်တာ အဲဒါကြောင့် ဖြစ်မှာပေါ့"

"သူနဲ့ ကျွန်တော်က ပြီးသွားပါပြီ မသွယ်"

"ဒါပေမဲ့ ကိုလေး သူ့ကို ချစ်နေတုန်းပဲလေ၊ ဟုတ်တယ်မို့လား ကိုလေး၊ ကိုလေး အခုကိုပဲ ဝမ်းနည်းနေတယ်"

"ဒါပေမဲ့ ပြီးသွားပြီ"

"ကိုယ့်ကိုယ်ကိုယ်နာကျင်အောင် နှိပ်စက်ပြီး သူနဲ့ ဘာဖြစ်လို့ ဇွတ်ကြီး ဖြတ်ချင်နေလဲဆိုတော့ သွယ် စဉ်းတော့စဉ်းစားမိပါတယ်"





သွယ့် စကားသံ တိုးတိုးအဆုံးတွင် မြတ်လေးထင်သည် စိတ်မထိန်းနိုင်တော့ဘဲ ကားကို လမ်းဘေးသို့ ကျွံခနဲ ဆွဲချ၍ ကပ်ရပ်လိုက်ပါသည်။

"မသွယ် နားလည်ရင်လည်း အဲဒီအတိုင်းပဲ မျိုသိပ်ပြီးထားလိုက်ပါတော့နော် မသွယ်၊ ကျွန်တော်နဲ့သူကတော့ ပြီးပြီ၊ မပြီးလို့ မရဘူးလေ၊ သူ့မိသားစုဆီမှာ ..."

သွယ်က မြတ်လေးထင်ကို ကရုဏာသက်စွာ လှည့်ကြည့်နေသည်။ မြတ်လေးထင်က အံကိုကြိတ်ကာ စတီယာရင်ပေါ် လက်ဆန့်၍ ခေါင်းကို နောက်မှီ၍ မော့ထားပါသည်။

"ကိုလေးက အတော်ဟန်ဆောင်နိုင်တာပဲ၊ ကိုလေး စိတ်ထဲမှာ အဲဒီလို ဒဏ်ရာတစ်ခုရှိနေမယ်လို့ သွယ် လုံးဝမရိပ်မိခဲ့ပါဘူး၊ ဒီနေ့ ပိပိနဲ့ ဆုံလိုက်ရတာတောင်ကံကောင်းတယ်၊ သွယ် သိခွင့်ရတာပေါ့၊ နို့မို့ရင် မတော်တဆ ဆုံးဖြတ်ချက်တွေ မှားသွားနိုင်သေးတယ် ...

ကိုလေးကို မောင်တစ်ယောက်လို သဘောထားပြီးပွင့်ပွင့်လင်းလင်း ပြောရဦးမယ်၊ မေမေက သွယ်တို့နဲ့ပတ်သက်ပြီး စိတ်ကူးယဉ်နေတာ၊ မျှော်လင့်နေတာတွေကိုလေးလည်း အသိပဲ၊ အဲဒီအပေါ် ကိုလေး ပြထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သဘောထားက မေမေ့ကို မငြင်းတဲ့အရာ ရောက်နေတယ်၊ ခေါင်းညိတ်မဲ့ဘက်ကိုပဲ ယူဆစရာ ဖြစ်နေတယ်”

“ကျွန်တော် အန်တီ့ဆန္ဒကို ...”

“နေဦး ကိုလေး၊ သွယ် နားလည်သွားပြီ၊ ကိုလေး မေမေတို့ သွယ်တို့အပေါ် သိပ်အားထား ကျေးဇူးတင်နေတာရှိတယ်၊ တော်ရုံဆွေမျိုးသားချင်းမိတ်ဆွေတွေ မကူညီမစောင့်ရှောက် မဖေးမတာမျိုးကို ကူညီတယ်၊ စောင့်ရှောက်ဖေးမတယ်၊ စေတနာထားတယ်၊ ကြင်နာတယ်၊ လက်တွဲအားပေးတယ်ဆိုတဲ့ အပေါ်ကို ကိုလေး အရမ်းကျေးဇူးတင်နေတယ်၊ ဒီအတွက် မေမေ့စကားကို ကိုယ့်အမေရင်းစကားလို လက်ခံလိုက်လျှောချင်တဲ့ စေတနာ ကိုလေး ရင်ထဲမှာ ပေါက်နေတယ်၊ ဒီအထိကောင်းပါတယ်”

“မသွယ် ကျွန်တော့်ကို စိတ်မဆိုးပါနဲ့နော်၊ အန်တီ့ မသွယ်ကို အမေလို အစ်မလို ကြည်ညိုတာပါ၊ တကယ် ကျေးဇူးတင်ပြီး အန်တီ့ဆန္ဒကို ဖြည့်ဆည်းပေးချင်တာ သတ်သတ်တစ်ပိုင်းပါ”

“သိပါတယ် ကိုလေးရယ်၊ အမှန်တိုင်းပြောရရင် သွယ် ကိုလေးကို မောင်နှမလို ချစ်ခင်တယ်၊ သူငယ်ချင်းတစ်





ယောက်လို ခင်မင်ရင်းနှီးတယ်၊ ကိုလေးလည်း သွယ့်အပေါ် အစ်မတစ်ယောက်လို သူငယ်ချင်းတစ်ယောက်လို ခင်မင်ရင်းနှီးထဲ့ သံယောဇဉ်ရှိမှာကို နားလည်တယ်၊ မေမေ့ဆန္ဒကို ခေါင်းညိတ်မှပဲ သွယ်တို့ ကျေးဇူးတွေကို ဆပ်လို့ရမယ်လို့များ ကိုလေး ယူဆနေလား၊ အဲဒီလို ဖြစ်သွားရင်တော့ သွယ်တော့ အရမ်းစိတ်မကောင်းဖြစ်မှာပဲ ”

“အဲဒါကြောင့် ပိပိနဲ့ ပြဿနာဖြစ်ရတာ မဟုတ်ပါဘူး”

“သိတယ်လေ ... သွယ်သိတယ်၊ ပိပိကို ကိုလေး ဆုံးဖြတ်ချက်နဲ့ ကိုလေး လမ်းခွဲလိုက်တယ်ဆိုတာ သိတယ်၊ လမ်းခွဲလိုက်ပြီးတဲ့အခါမှာ မေမေ့ဆန္ဒကိုပါ ထပ်ဖြည့်ဆည်းလိုက်ရင် ပိုအကျိုးရှိတယ်လို့ တွက်တယ် မဟုတ်လား”

မြတ်လေးထင်က ပြင်ပကို ငေးနေပါသည်။

“ပိပိကို လမ်းခွဲလိုက်တာ မှန်တဲ့ဆုံးဖြတ်ချက် ဟုတ်ရဲ့လား ကိုလေး”

“ပိပိတို့ မိသားစုကို ကျွန်တော် သိတယ်၊ ကျွန်တော်တို့ မိသားစုရဲ့ အခြေအနေကို သူတို့ လက်ခံနိုင်မှာ မဟုတ်ဘူး”

“ဒါ ကိုလေး အထင် မဟုတ်လား ...”

“သေချာတဲ့ အထင်ပါ”



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး အားငယ်စိတ်နဲ့ စဉ်းစားနေတာပါ၊ ကိုလေး ဘာအပြစ်အနာအဆာမှ မရှိတဲ့ လူတစ်ယောက်ပဲ၊ နော ပြီး ဒီကိစ္စတွေဟာ လိမ်ညာဖုံးကွယ်လို့ရတဲ့ ကိစ္စမျိုးလည်း မဟုတ်ဘူး၊ စစ်ဆေးအတည်ပြုပြီး ယုံကြည်လို့ရတဲ့ ကိ တွေပဲ"

"ကျွန်တော် ဆုံးဖြတ်ထားတာတွေ တွေဝေကုန်အော မလုပ်ပါနဲ့ မသွယ်ရယ်၊ ဘာလုပ်ရမှန်းမသိ တွေဝေနေ အခြေအနေဆီ ပြန်မသွားချင်ပါဘူး"

"မမှန်သေးဘူး ကိုလေး၊ စဉ်းစားပါဦး၊ အချိန်တိုအတွ စဉ်းစားဖို့ အချိန်သတ်မှတ်ချက် ဘောင်ခတ်ထားတဲ့ကိစ္စ မဟုတ်ဘဲ၊ ဘယ်လောက်ကြာကြာ စဉ်းစား စဉ်းစား ရ သေးတယ်၊ ပီပီ စိတ်နာနေတာ အရွဲ့တိုက်ချင်နေတာတွေ ထောက်ရင် သူလည်း ကိုလေးအပေါ် ဘယ်လောက်ချ တယ်ဆိုတာ သိသာပါတယ်"

"အဲဒါ ကျွန်တော် သိပါတယ်"

သွယ်သည် ကိုလေးကို သမက်တော်ချင်သည့်ကိ နောင် လုံးဝ မေမေ့ပါးစပ်က တစ်ခွန်းမှ မထွက်တော့ဖို့ မေ ကို မရမနေ တားမြစ်ပိတ်ပင်ရမည်ကို ဆုံးဖြတ်လိုက်ပါသည်





"အင်းလေ ... လောလောဆယ် ဒါတွေ မစဉ်းစားပါနဲ့ဦး၊ အန်တီ့ကို အရင်ထက်ကို ဂရုစိုက်ရဦးမယ်၊ အန်တီ့ကို လုံးဝ အားမရဘူး၊ အခြေအနေကို သွယ် စိတ်ပူတယ်၊ အခု အသည်းကလည်း ရောင်လာတော့ နဂိုက အစားသိပ် မဝင်ရတဲ့ကြားထဲ အရည်သောက်နဲ့ဆိုတော့ အားပြတ်သွား မှာစိုးတယ်"

"ကျွန်တော် အခု အလုပ်မသွားတာ သုံးရက်ရှိပြီ၊ မေမေ့ နားပဲ ဆက်နေရဦးမှာပဲ၊ အလုပ်မသွားသေးပါဘူး၊ သူငယ် ချင်းကလည်း ပြောလို့ရပါတယ်"

"ရေရှည်ကြီးတော့ ဒီလို ဘယ်ဖြစ်မလဲ၊ အန်တီ့ ဆွေထဲ မျိုး ထဲက အကူအဖော် တစ်ယောက်ယောက်ရှိဖို့ ကောင်း တယ်"

"တော်ရုံတန်ရုံ ဆွေမျိုးလည်း လူနာလာပြုစုချင်မယ် မထင် ပါဘူး မသွယ်ရယ်၊ အဲဒီလို ခေါ်ရမှာကို ကျွန်တော်က အားနာနေတာ၊ ဒါပေမဲ့ ... အခုတော့ ဟိုးတောနယ်က ဆွေမျိုးနီးစပ် မေမေ့ဝမ်းကွဲအစ်မကြီးတစ်ယောက်ကိုတော့ လှမ်းပြောထားပါတယ်၊ သူကလည်း တစ်ကိုယ်ရည် တကာယ ဆိုတော့ သူများ ရောက်လာနိုင်မလား မသိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာပြီးရင်လည်း တကယ်တမ်း နဖူးတွေ့ဒူးတွေ့ကျတော့ ပြန်ပြေးရင်ပြေးမှာပါ”

“ဒေးနှာစ် တစ်ယောက်လောက် ခေါ်ဖို့တော့ သွယ် စဉ်းစားကြည့်နေတယ်၊ ပိုက်ဆံတော့ နင့်နေအောင် ယူလိမ့်မယ်”

“ငွေရေး ကြေးရေးက အကြောင်းမရှိပါဘူး မသွယ်၊ ကိုယ့်သွေးလိုသားလို မေတ္တာစေတနာထားပြီး မပြုစုနိုင်မှာကိုပဲ စိုးရိမ်တာ၊ မေမေ ပိုစိတ်ဆင်းရဲမှာ စိုးလို့ပါ၊ မေမေ့အစ်မဝမ်းကွဲကတော့ ရောက်လာလိမ့်မယ်လို့ မျှော်လင့်တာပဲ၊ သူတို့အပေါ် မေမေ့ ကျေးဇူးလည်း ရှိတော့ စေတနာတော့ ထားမှာပါလို့ ယူဆတာပဲ”

“တောပိုင်း နယ်ပိုင်းကလည်းဖြစ်၊ အသက်လည်းကြီးပြီဆိုတော့ အက်ဂျူကိတ်တစ်ဒ်တော့ မဟုတ်နိုင်ဘူး ထင်တယ်”

“မဟုတ်ဘူး မသွယ်၊ စာတတ်ရုံလောက် ရှိတာပါ”

“ဒါမျိုးက အက်ဂျူကိတ်တစ်ဒ် တွေမှ ပိုပြီး ဆွေးနွေးလမ်းညွှန်လို့ ကောင်းမယ်၊ နည်းနည်း နားလည်မှု ပိုရှိမယ်”





ဒါကို သိပေမဲ့ မြတ်လေးထင်မှာ ရွေးချယ်နေစရာလည်း လှုသိပ်ရှိတာ မဟုတ်ပါ။ ကိုယ်တိုင်လည်း မေမေ့အနားအရင်ထက် ပိုနေပေးနိုင်အောင် ကြိုးစားရမည်။ မတတ်သာတဲ့ ကိုယ်မရှိခိုက်မှာ အဖော်ရရင်ပဲ တော်ပါပြီ။



www.burmeseclassic.com

www.burmeseclassic.com



## ၁၀

အဲဒီနေ့က အများပြည်သူ ရုံးပိတ်ရက် မဟုတ်သော်လည်း ပိတုန်းတို့ဘဏ်က အတွင်းပိုင်း ပြင်ဆင်မှုရှိနေ၍ စနေ တနင်္ဂနွေနှင့် ဆက်ကာ လေးရက်ပိတ်ထားသဖြင့် ပိတုန်း အိမ်မှာရှိနေပါသည်။

မေမေနှင့် ပိတုန်း နေ့လယ်ထမင်းစားနေကြတုန်း_

"ဟဲ့ ... ညှော်စော်ကြီး နံတယ်"

မေမေက စ,ပြောလိုက်၍ ပိတုန်းက နှာခေါင်းရှုံ့ကာ ရှူကာ လုပ်ရင်း ...

"ဟုတ်တယ်နော် မေမေ၊ ပလတ်စတစ်ညှော်နံ့ကြီး"





"ဟုတ်တယ်ဟဲ့ ... ကော်ညှော်နံ့ကြီးပဲ၊ ဟင်းအိုးတွေ ဘာတွေ တူးနံ့မဟုတ်ဘူး၊ ဘယ်အခန်းက ဘာတွေဖြစ်နေလဲ မသိဘူး"

"ဟိုးအောက်ထပ် တရုတ်အိမ်က စက္ကူတွေ ဘာတွေ မီးရှို့လား မသိဘူး၊ တစ်ခါ တစ်ခါ သူတို့ရိုးရာ မီးရှို့တာတွေ ဘာတွေ လုပ်တယ်လေ"

"ဒါမျိုး ကန်တော့တဲ့ အချိန်လည်း မဟုတ်ပါဘူး၊ ဝါယာရှော့တွေ ဘာတွေ ဖြစ်မှာ မေမေ ကြောက်တယ်၊ ဟိုတစ်ပတ်ကပဲ ပုဇွန်တောင်ဘက်မှာ တိုက်ခန်းထဲ ဝါယာရှော့ဖြစ်ပြီး မီးလောင်တဲ့သတင်း ကြားလိုက်သေးတယ်"

မေမေက ထမင်းစားရပ်ကာ လက်ဆေးရင်း အိမ်ရှေ့ထွက်၍ တံခါးမကြီးဖွင့်ကာ ရှူရှိုက်ကြည့်နေပါသည်။ ပိတုန်းလည်း ထမင်းပြီးပြီမို့ အိမ်ရှေ့ ထွက်လိုက်လာကာ ...

"ဟာ ... တံခါးအပြင်ဘက်က ပိုညှော်တယ် မေမေ"

"အေး ... ဒုက္ခပဲ၊ ဘယ်အခန်း ဘာဖြစ်လဲ မသိဘူး"

သားအမိနှစ်ယောက် တံခါးဝရပ်နေတုန်းပင် အပေါ်ဘက်ဆီက တံခါးဖွင့်သံတွေ သံတံခါး ချက်ဖြုတ်သံတွေ ဝရုန်းသုန်းကား ကြားရပြီးနောက် လှေကားကို ပြေးတက်ပြေးဆင်းသံများ ကြားရ၍ အထိတ်တလန့် ထွက်ကြည့်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မေမေ လှေကားထစ် သုံးထစ်ခန့် တက်ကြည့်ဆဲ အပေါ်မှ ဗာဝုန်းဝုန်းနှင့် အမျိုးသမီးကြီးတစ်ယောက် ပြေးဆင်းလာပြီး ...

"လုပ်ပါဦး အစ်မကြီးတို့၊ လုပ်ကြပါဦး၊ မီးအားမြင့်စက်ကြီး ဘာဖြစ်မှန်း မသိဘူးရှင့်၊ မီးလောင်မှာ ကြောက်လို့ လုပ်ပါဦး"

ကမူးရှူးထိုး ဆွေ့ဆွေ့ခုန် ပြောပုံကြောင့် မေမေက အလန့်တကြား ဆက်ပြေးတက်ရင်း ...

"ဘယ်အခန်းကလဲ၊ ရှင်တို့အခန်း ဘယ်အထပ်လဲ"

"ဒီအထပ် ... ဒီအခန်းပဲ"

ပိတုန်းပါ မေမေ့နောက်က ပြေးလိုက်သွားလျှင် အပေါ်ထပ် မြတ်လေးထင်တို့ အခန်းတံခါးကြီးက ပွင့်လျက်သား ဖြစ်ကာ အခန်းထဲ၌ မီးခိုးငွေ့လှိုင်နေလျက် ချောင်းသံတွေ တဟွတ်ဟွတ်လည်း ထွက်ပေါ်နေပါသည်။

"ဟောတော် ဒုက္ခပဲ၊ မိန်းဆွစ်ချ် ပိတ်လိုက်လေ"

"ကျွန်မ မသိဘူး၊ လာလုပ်ပေးပါဦး၊ လုပ်ပါဦး အစ်မရယ်"

မေမေလည်း ကြောက်ရွံ့ယောင်ဝါးဝါး ဖြစ်နေ၍ ပိတုန်းက အခန်းထဲ အပြေးဝင်လိုက်ကာ ကိုယ့်အထပ်က မိန်း





ဆွစ်ချ်ထားသည့် နေရာ၌ပဲ ရှာဖွေပြီး ခလုတ်ကို ဂျောင်းခနဲ ပိတ်ချလိုက်ပါသည်။

အခန်းထဲ မီးချောင်းတွေငြိမ်းကာ မှောင်တောင်တောင် ဖြစ်သွားလျက် မီးခိုးငွေ့တွေကတော့ မြူခိုးတွေ ဆိုင်းသလို ဝေနေတော့သည်။

"ဟဲ့ ပိပိ ... ညည်း သိပ်မရဲနဲ့၊ နားလည်လို့လား"

"မိန်းဆွစ်ချ် ပိတ်ပြီးပြီ မေမေ၊ ဘာမှ မဖြစ်တော့ပါဘူး"

"သေချာရဲ့လား၊ မီးသမား ပြေးခေါ်မလား"

"မီးသမားက အဝေးကြီး ပြေးခေါ်ရမှာ၊ ခေါ်တာတော့ ခေါ်ပေါ့၊ လောလောဆယ်တော့ ဘာမှ မဖြစ်နိုင်တော့ပါဘူး၊ မီးအားမြှင့်စက်က ဘယ်မှာလဲ အန်တီ"

"ဟိုဘက် ထောင့်ချိုးလေးမှာပါ ကလေးရယ်"

ပိတုန်းက အိမ်ထဲ ပိုင်စိုးပိုင်နင်း ဝင်သွားလိုက်ကာ မီးအားမြှင့်စက်ရှိသော နေရာကို ကြည့်သည်။ မီးအားမြှင့်စက်ပုံးပြာပြာထဲမှ မီးခိုးငွေ့တွေ ထွက်နေပါသည်။ တစ်အိမ်လုံး မီးအဝင်ခလုတ် ပိတ်ပြီးပြီမို့ ဘာမှ မဖြစ်နိုင်တော့သော်လည်း ပိတုန်းက စိတ်ချရအောင် မီးအားမြှင့်စက်ကိုပါ ပါဝါအော့ဖ် လုပ်လိုက်ပါသည်။

"ပိပိ ... ဟဲ့ ... ပိပိ၊ သိပ်မရဲတင်းနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဖြစ်ပါဘူး မေမေကလည်း"

ချောင်းဆိုးသံဟာ အိပ်ခန်းတစ်ခန်းထဲမှ အဆက်မပြတ် ထွက်နေပြီး ရိုးရိုးဆိုးတာ မဟုတ်ဘဲ သီးမွန်၍ ဆိုးသံဖြစ်နေ၍ ...

"အိမ်ထဲကလူဝေ့ အပြင်ခဏ ထွက်နေမှ ကောင်းမယ်"

ပိုတုန်းသည် ခန်းဆီးချထားသော အိပ်ခန်းထဲ ဝင်လိုက်ချင်သော်လည်း သိပ်ကျုံးကျော်ရာ ကျမှာလည်း စိုးကာ အပြင်ပြန်ထွက်လာပြီးလျှင် ...

"အန်တီက ဒီအိမ်ကလား၊ အရင်က မတွေ့ပါဘူး"

"ရောက်တာမှ ငါးရက်ရှိပါသေးတယ်၊ အဒေါ်က ကိုလေးကြီးဒေါ်ဝမ်းကွဲပါ၊ ကိုလေး ဆိုတာ ခင်ခင့်သား၊ မြတ်လေးထင်လေ"

"ကိုလေး ကြီးဒေါ်လား"

"ဟုတ်ပါ့ အစ်မကြီးရယ်"

ကိုယ်က အန်တီခေါ်မိပေမဲ့ ထိုအဒေါ်ကြီးပုံက ရိုးရိုးတုံးတုံး ခပ်နွမ်းနွမ်းနှင့် တောသူတောင်သားသဏ္ဌာန် ညိုညိုကြမ်းကြမ်းကြီး ဖြစ်နေပါသည်။ မျက်နှာမှာ ရိုးသား အဖြူထည်ဆန်လှ၍ ခင်မင်ချင်စဖွယ်ပါပင်။





မေမေက စိတ်ပူပုံနှင့် ...

"အထဲက ကိုလေး အမေလား"

"ဟုတ်ပါတယ် ... ဟုတ်ပါတယ်"

"အပြင် ခေါ်ယူလိုက်ပါလား၊ လေဝင်တဲ့အနား ရွှေ့ထားလိုက်ပါ၊ ဒီလောက် ညှော်နံ့တွေနဲ့၊ ပြီးတော့ သူက သိပ်လည်း မမာဘူး မဟုတ်လား"

"ဟုတ်ပါတယ်၊ လူမမာပါ"

"ဒီလောက်မွန်နေတာ၊ အပြင် ခေါ်လိုက်ပါ"

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"ပပိ ... ဝရန်တာတံခါးတွေ ဘေးပြတင်းပေါက်တွေ လှျောက်ဖွင့်ချည်စမ်း"

ပိတုန်းက ဆိုးဆိုးဆတ်ဆတ်ပင် ထ,၍ ဝရန်တာကို ထွက်သည့်တံခါး၊ ထိုနေရာက ရုပ်တာမှန်ပေါက်မှ ခန်းဆီးရှည်ကြီးတို့ကို ဖွင့်ပစ်လိုက်သည်။ ညှော်ခန်း ထမင်းစားခန်းမှ မီးဖိုဘက်ထိဝင်သွားလိုက်တော့ကာ တွေ့သမျှ ဘေးပြတင်းပေါက်တွေ လျှောက်ဖွင့်သည်။ ခန်းဆီးတွေ ဆွဲဖယ်သည်။ ဤသို့မှပင် အခန်းထဲ အလင်းဝင်ကာ အငွေ့တွေလည်း ကျဲသွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ခင် ... လာပါ၊ ထွက်ထိုင်လိုက်၊ အောက်အိမ်
အစ်မကြီးက ပြောနေတယ်၊ နင်လည်း နေကောင်း
မဟုတ်ဘဲ ညှော်မွန်ကုန်ပြီ"

"နေပါစေ အစ်မညို၊ မထွက်တော့ဘူး၊ လေရအောင်အ
လုပ်ပေးပါ"

"ပန်ကာလည်း ဖွင့်မရဘူးဟဲ့၊ မီးချထားတယ်"

ပိတုန်းသည် ခန်းဆီးနောက်နားက ရပ်ကာ ခပ်
တိုးနှင့် ...

"ယပ်တောင်ခတ်ပါလား အဒေါ်၊ ဒီနားက ညှော်နေတ
ပဲ"

"အေး ... ဟုတ်တယ်၊ ငါ ယပ်ခတ်ပစ်မယ်၊ ညည်း
အပြင်ခဏ ထွက်ပါအေ၊ မလျှောက်နိုင်ရင် ငါ တွဲ
မယ်"

ပိတုန်းသည် ဖျော့တော့လှတဲ့ ကိုလေးအမေ ဆို
ရဲ့ လေသံယဲ့ယဲ့ကြောင့် စိတ်နလုံး ထိခိုက်မိသလိုဖြစ်ကာ ခ
ဆီးစလေး အသာဟ၍ မျက်နှာတစ်ခြမ်းပြူရင်း ...

"အန်တီ ... သမီး လာတွဲရမလား"





"မတွဲနဲ့ ... မလာနဲ့ သမီး၊ ရတယ်"

"အားမနာပါနဲ့ အန်တီ၊ သမီးတို့ အောက်ထပ်ကပါ၊ အိမ်
နီးနားချင်းတွေပဲ"

"မလာနဲ့ ... လာမတွဲနဲ့ ... ရတယ်၊ ကျွတ် ... ကျွတ်...
တစ်ကိုယ်လုံး နာလွန်းလို့၊ မလှုပ်ချင်လို့ပါ"

ပိတုန်းသည် မီးမလာတော့၍ မှောင်ရိပ်ကျကျ
ဖြစ်နေသော အိပ်ခန်းထဲရှိ သပ်ရပ်သော တစ်ယောက်အိပ်ခုတင်
ပေါ်မှ ကိုလေးအမေ ဆိုသူကို လှမ်းကြည့်နေမိသည်။

ပထမဆုံး မြင်ဖူးခြင်းပါပဲ။ အရိုးပေါ် အရေတင်
ပါးလုပ်ကာ မျက်နှာပါ ဟောက်ပက်ခွက်လောက်အောင် ပိန်နေ
သော ကိုလေးအမေ လူမမာသည်ကို မြင်လျှင် ရင်ထဲ ဝမ်းနည်း
စိတ်မကောင်းကာ ဆို့သွားရပါသည်။

မေမေ့ထက်တောင် ငယ်တာ။ မေမေက ဖြူဝစိုပြည်
နေသလောက် ကိုလေးအမေရဲ့ အရေပြားတို့သည် အရောင်မွဲ၍
ခြောက်သွေ့နေသည်။ ပိတုန်း ရပ်နေသော အခန်းဝနှင့် သုံးလေး
ပေသာ ကွာတာမို့ အားပြတ်နေတဲ့ သဏ္ဌာန်ကို အတိုင်းသား
တွေ့နေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဟာသူလည်း အားမရှိ၊ သူများလာတွဲလည်း လှုပ်နိုင်မည့်ခွန်အား ရှိပုံမရ၊ အထိအကိုင်ပင် မခံနိုင်သလို ဝေဒနာ ခံစားနေရပုံပေါ်သည့် ကိုလေးအမေကို မယုံကြည်နိုင်သလို စိုက်ကြည့်နေမိသည်။

ချောင်းတွေ မတရား ဆိုးနေပေမဲ့ တီဘီရောဂါသည်ဟု သိထားရသည့် ကိုလေးအမေ အပေါ် ပိတုန်း ကြောက်လန့်ရွံ့ရှာခြင်း မဖြစ်မိပါ။ စိတ်မကောင်းခြင်း ကြီးစွာနှင့်သာ ရင်ထဲနင့်နေသည်။

"သွား ... သမီးလေး သွား၊ အိမ်ရှေ့မှာနေပါ၊ အန်တီ နေလို့ရပါတယ်"

"သ ... သမီး ... ကိုလေး သူငယ်ချင်းပါ အန်တီ"

"ဪ ... ဟုတ်လား သမီးရယ်၊ ကျေးဇူးပါပဲ၊ သမီးအိမ်ရှေ့ကိုသာ သွားပါ၊ အစ်မညို ယပ်ခတ်ရင် အနံ့တွေ ငင်ကုန်မှာပါ"

"ဒီထဲက ပြတင်းပေါက်တွေလည်း ဖွင့်လိုက်မယ် အန်တီ"

"နေ ... နေပါစေကွယ်"

"အန်တီ့ အသက်ရှူ မြန်မြန်ဝအောင်ပါ"





ပိတုန်းက ဇွတ်ပဲလှမ်းဝင်လိုက်ကာ ခန်းဆီးအပွင့်ကလေးများ ချထားသည့် ပြတင်းပေါက်မှ ခန်းဆီးနှစ်စကို ဆောဲဆွဲ၍ ခွဲဖယ်လိုက်ပါသည်။ နောက်က ပြတင်းပေါက်ကတော့ ဖွင့်ထားတာ တွေ့ရပါသည်။ ခန်းဆီးပါ ဖယ်လိုက်မှ အခန်းထဲ အလင်းရောင် ဝင်လာကာ အသက်ရှူဝချင်စရာ ရှိလာပါသည်။

နည်းနည်းပို၍ လင်းလာသော အခန်းထဲတွင် ကိုလေးအမေရဲ့ ရုပ်သွင်က ပိုပြီးထင်ရှားလာသည်။ ခြောက်သွေ့၍ တင်းတိပ်လို၊ တင်းတိပ်မဟုတ်မှန်းလည်း သိသော ညိုတိုတို အကွက်တချို့က ကိုလေးအမေ၏ မျက်နှာ လက်ဖျံများ၌ ရှိနေသည်။ အရေပြားရဲ့ ခြောက်သွေ့ပုံကတော့ ပိတုန်း မြင်ဖူးသမျှထဲမှာ အဆိုးဝါးဆုံး။

မျက်ကွင်းတစ်ဝိုက်လည်း ညိုနေကာ ပိန်လှီပုံမှာ အာဖရိက,က အစာငတ် ရေငတ် ဒုက္ခသည်ကလေးတို့၏ ဓာတ်ပုံများအတိုင်းပင်။ ပိတုန်းသည် ငိုချင်သလို ဖြစ်လာမိပါသည်။ အနားကပ်သွား၍ နဖူးပြင်ကို လက်ဝါးနှင့် စမ်းမိကာ ...

"အန်တီ နေသာရဲ့လားဟင်"

အသံတုန်တုန်နှင့် မေးမိခိုက် ကိုလေး အမေက



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းလက်များမှ လွတ်အောင် နောက်ဆုတ် ယိမ်းထွက်လိုက်သည်။ လက်ဝါးလေးကာကာ ...

"နေသာပါတယ်ကွယ်"

"ဟင် ... အန်တီ ကိုယ်တွေလည်း ပူနေပါလား"

"ဟုတ်တယ် ... ဟုတ်တယ် ... ဖျားလည်းနေတယ်၊ ကဲ သမီးလေး အိမ်ပြန်ပါ၊ ရပါပြီ၊ သွားတော့ ... သွားတော့"

ပိတုန်း ရင်ထဲ နင့်နင့်ကြီးနှင့် ဘယ်လိုကြီးမှန်းမသိဖြစ်ကာ ဝမ်းပန်းတနည်း လှည့်ထွက်ခဲ့သည်။ ဤမျှ ဆိုးဆိုးဝါးဝါး မမာမကျန်း ဖြစ်နေတဲ့ ကိုလေးအမေ ခမျာ လွန်ခဲ့တဲ့ငါးရက် ဤအခေါ်ကြီး မရောက်လာမီအထိ ကိုလေး မရှိဘဲ တစ်နေ့ခင်းလုံး တစ်ယောက်တည်း နေနေခဲ့ရတဲ့ အဖြစ်နဲ့ပါလား။

ဒီလောက်ကြီး သူ့အမေ အခြေအနေ ဆိုးနေတာလည်း ပိတုန်း မသိခဲ့ပါ။

"ပိပိ ...၊ ဘာတဲ့လဲ၊ ညည်းကလည်းအေ ဝင်ချသွားတော့တာပဲ"

မေမေက ဧည့်ခန်းမှာ ထိုင်နေရာက ဆီးကြိုမေးသည်။





"လူမမာနားမှာ လျောင်ပြီးမွန်နေလို့ သွားလုပ်ပေးတာပါ မေမေ"

"သူ့အမေက ဘယ့်နှယ်လဲ"

"အရမ်းဆိုးနေသလိုပဲ မေမေ၊ မပြောတတ်ဘူး၊ စိတ်ထိခိုက်စရာကြီး၊ လုံးဝအားပြတ်ပြီး ယဲ့ယဲ့ပဲရှိတာ၊ ပိပိ စိတ်မကောင်းလိုက်တာ၊ ဖတ် ... ဖတ် ... မပြောကောင်း ပြောကောင်း သေခါနီးလိုပဲ မေမေရယ်"

ပိတုန်း အသံနိမ့်ပြောတာကို နားထောင်ပြီး မေမေ ...

"ညည်းကလည်းအေ၊ မဦးမချွတ်"

"တကယ်ပါ ... မပြောရက်ပါဘူး၊ တကယ် အဲဒီပုံ ဖြစ်နေလို့ပါ၊ သူသာ အိပ်ပျော်နေရင် မြင်လိုက်ရရင် ကွယ်လွန်သွားတယ်ပဲ ထင်ရမဲ့ အဆင်းသဏ္ဍာန်မျိုး မေမေရယ်"

"ဟယ် ... ပိပိရယ်၊ သူများ အမေကိုဟယ်"

"တကယ် အဲလို ဖြစ်နေလို့ မပြောရက်ဘဲ ပြောပြတာပါ မေမေရဲ့၊ ပိပိ စိတ်ထဲမှာလေးပြီး တစ်အားဆို့နေတယ်၊



www.burmeseclassic.com

www.burmeseclassic.com



မြင်ရပုံအတိုင်းကတော့ ရက်ပိုင်းပဲများ ခံတော့မလားတောင်

မသိဘူး မေမေ"

"ဒုက္ခပဲ ... ကိုလေးကလည်း ဘာမှ မတိုင်ပင်၊ အေးအေး

တိုင်ပင်ဖို့ကလည်း အဖြစ်တွေက ..."

"တီဘီရောဂါဟာ ပျောက်တယ် မဟုတ်လား မေမေ

ရယ်"

"ကင်ဆာတွေ ဘာတွေလားမှ မသိဘဲ သမီးရယ်၊ စိတ်

ကောင်းလိုက်တာနော်၊ သူတို့မိုးလိုင်းတွေစစ်ဖို့ အီးပီစီ

လူလည်း ဖေဖေ့ဒရိုင်ဘာလွှတ်ပြီး ရှာခေါ်ခိုင်းလိုက်မယ်"

ထိုစဉ်တုန်း ခုန အဒေါ်ကြီး အတွင်းဘက်မှ မျက်နှာ

မသာမယာနှင့် ထွက်လာပါသည်။

"မြင်တဲ့အတိုင်းပါပဲ အစ်မကြီးရယ်၊ ကျွန်မလည်း တော

ကရောက်လာရတာပါ၊ သူသိပ်ပြီး မမာဘူးလို့ ခေါ်လွှင်

တာနဲ့ လာပြုစုပေးဖို့ လာတာ၊ ဒီကျတော့ အခြေအနေက

အတော်ဆိုးတာပဲ၊ ကိုယ်ကလည်း ဒီလောက် ပညာတ

သုတ ရှိတာမဟုတ်ဘူး၊ ဘစ်ခုခုဆို အစ်မကြီးတို့ကို မြေ

ခေါ်ပါရစေနော်"





"လာပါ ... လာပြောပါ၊ ကူညီရမှာပေါ့"

"ကျွန်မက ခင်ခင့် အစ်မ သုံးလေးငါးဝမ်းကွဲ ရှိမှာပေါ့၊

သူ့မိဘများ ကျေးဇူးရှိပါတယ်၊ ပင်ပင်ပန်းပန်း ချေးကလူ

သေးကလူ ဘယ်လိုပြုရပြုရ ပြုစုမှာပါ၊ ဒါပေမဲ့ ပြုရတာ

အားမရှိပါဘူး၊ သူ့ရုပ်အဆင်းကြည့်ရုံနဲ့ ကိုယ့်မှာမျှော်လင့်

ချက်ကို မထားနိုင်တော့ဘူး၊ ဘယ်လိုများ ဖြစ်ရတာလဲ

မသိပါဘူး"

အဒေါ်ကြီးမှာ တီးတိုးပြောရင် မျက်ရည်စမ်းစမ်း

ဖြစ်လာပါသည်။

"ဆရာဝန်ဆီ သွားသွားမပြဘူးလား"

"သူက ထ,မှမထနိုင်တာ၊ ထ,ဖို့မပြောနဲ့ အထိတောင်

မခံနိုင်ဘူး၊ သိပ်နာတယ် ပြောတယ်၊ ဘယ်လိုလုပ် သွားနိုင်

မှာလဲ၊ ဆရာဝန်တစ်ယောက်က တစ်ပတ်တစ်ကြိမ် လာ

ကြည့်ပေးတယ်၊ ပြီးတော့ ခင်ခင့် သူငယ်ချင်း သမီးလေး

လေးသွယ် ဆိုတာလည်း မကြာ မကြာ လာကြည့်ရှာပါ

တယ်၊ သူလည်း ဆရာဝန်ပဲလေ ...

ကျွန်မလည်း ဘာမှ မပြုစုရပါဘူး၊ တစ်ပတ်တစ်ကြိမ်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပဲ ရေချိုးနိုင်တော့ တဲ့ပြီး ကူရေလောင်းပေးရုံလောက်ပဲ၊ သနပ်ခါးလေးသွေးပေး … ဒါပဲ၊ သူ့ဟာသူ ဖြည်းဖြည်းလိမ်းတယ်၊ တစ်ခါတစ်ရံ ဝမ်းတွေဘာတွေ မလွတ်ဘူး”

“ဟုတ်လား”

“ဟုတ်ကဲ့ … ဒါပေမဲ့ ဒါတွေလည်း ကျွန်မ မလျှော်ရပါဘူး၊ ကိုလေးက သိပ်အားနာတယ် ထင်တယ်၊ သူလာမှစက်နဲ့ သူကိုယ်တိုင်လျှော်တယ်၊ မရွံတတ်ပါဘူးဟယ်ပြောပေမဲ့ မလျှော်ရဘူး၊ ကျွန်မက တခြားအိမ်ဗာဟိရလေးလုပ်ရုံပါပဲ၊ ခေါ်ထားတာလည်း နေ့လယ်နေ့ခင်း အဖော်ရှိရုံ ထင်ပါရဲ့၊ သူ့ပုံစံက နေရင်းမတ်တတ် မထင်မှတ်ဘဲတောင် အသက်ကုန်သွားမလား အောက်မေ့မိတယ်၊ အဲဒါကြောင့်ပဲ အဖော်လူရှိရုံသက်သက် ခေါ်ထားတာ ထင်ပါရဲ့”

“ဖြစ်မှ ဖြစ်ရလေ၊ ဒီလောက် အခြေအနေဆိုးနေမှန်း ကျွန်မတို့လည်း မသိဘူး”

“ဟုတ်တယ် … ကိုလေးကလည်း ပြောတယ်၊ ဈေးသွားရင်း ပြုရင်းတောင် သူ့အမေ မမာတာ လျှောက်မပြောရဘူးတဲ့၊ သူလည်း သူများတွေ ပြောပုံမရဘူး၊ မိတ်ဆွေလေး





အပေါင်းအသင်းလေး သတင်းမေးမှ မလာတာ၊ မသိကြလို့နေမှာပေါ့၊ ကျွန်မလည်း စိတ်ညစ်တယ်၊ ခင်ခင်ကလည်း သူ့အနားကပ်ရင်တောင် သိပ်ကြိုက်တာ မဟုတ်ဘူး၊ သိပ်ကြီးမမာတော့ အနား လူနေရင်တောင် လူငွေ့ညည်းသလားမသိပါဘူး၊ အဝေးမှာနေလို့ပဲ ပြောတယ်”

“သူဖြစ်တာ ဘာရောဂါတဲ့လဲ”

“ကျွန်မလည်း ပညာကမရှိတော့ သိပ်မပြောတတ်ဘူး၊ အစုံပဲ … တီဘီလည်း ပါရဲ့၊ အသည်းရောင်အသားဝါလည်း ပါရဲ့၊ အကြိတ်တွေ ဆိုလားလည်း ကြားမိတာပဲ၊ အမြဲလည်း ဖျားနေတယ်၊ ကုမရတဲ့ ကင်ဆာဆိုလားလည်း မသိပါဘူး၊ ကျွန်မကိုလည်း အတိအကျတော့ မပြောဘူး …

ကိုလေးကတော့ မှာတယ်၊ သူ့အမေနား ပူးကပ်ပြီး သိပ်လက်ပွန်းတတီး မနေဖို့၊ ကူးမှာပြုမှာ ကျွန်မကို စိုးရိမ်လို့ ထင်ပါရဲ့၊ ကျွန်မကတော့ ကူးလည်းမကြောက်ပါဘူး၊ ကိုယ့်ဆွေမျိုးပဲဟာ၊ တတ်နိုင်သလောက်တော့ ပြုစုပေးချင်တာပဲ၊ ခက်တာက လူနာက နှင်ချည်းထုတ်နေတာ …



www.burmeseclassic.com

www.burmeseclassic.com



ရေချိုးပေးတောင် သူ ထိုင်နေတာကို အပေါ်က လက်ခုပ်လေးနဲ့ပဲ ရေဖျန်းပေးရတယ်၊ ရေဖလားနဲ့ ရေ လောင်းချတဲ့ဒဏ်တောင် မခံနိုင်ရှာဘူး၊ သူကိုယ်တိုင်လည်း ဘာမှ မမ,နိုင် မကိုင်နိုင်ဘူး၊ အားကို ပြတ်နေတာ"

"ကြားရတာ စိတ်ဆင်းရဲလိုက်တာရှင်၊ အစား စားတော့ ရော"

"ဘာမှမှ သိပ်မစားဘဲ၊ အဖတ်နည်းနည်းလေး စားရင်ပဲ ပျို့အန်နေတာ၊ ပါးစပ်တွေလည်း ပျက်နေတယ် ပြောတယ် လိမ္မော်ရည်လေးတောင် တစ်ခါသောက် အကြမ်းပန်းကန် တစ်လုံး မရှိဘူး၊ အစားလည်း မဝင်၊ ညကျလည်း သူ အိပ်မပျော်ဘူးလေ၊ ဒီတော့ ဟောက်ပက်ဖြစ်နေတာပေါ့ ညညကျ ကိုယ်တစ်ရေးနိုးရင် သူက အိပ်မပျော်သေးဘဲ ဟိုလှည့် ဒီလှိမ့် တကျွတ်ကျွတ်နဲ့ နာကျင်နေတာ၊ ကြည့် ကိုမကြည့်ရက်ဘူး၊ ဝေဒနာက သိပ်ဆိုးတဲ့ပုံပါ၊ သွားမှာပဲ ထင်ပါရဲ့"

မိတုန်းနှင့် မေမေ တစ်ယောက်မျက်နှာ တစ်ယောက် စိတ်ဆင်းရဲစွာ ကြည့်မိကြပါသည်။ မေမေက သက်ပြင်းချကာ —





"ဘာအကူအညီလိုလို အောက်ထပ်ပြေးပြီး တံခါးသာလာ ခေါက်လိုက်ပါ၊ ကျွန်မကတော့ အမြဲလိုလို အိမ်မှာရှိပါ တယ်"

"ကျေးဇူးပါပဲ အစ်မကြီးရယ်"

"အခု မီးကြိုးတွေစစ်ဖို့လည်း မီးသမား အခေါ်လွှတ်ခိုင်း လိုက်မယ်၊ ခဏနေ ရောက်မှာပါ၊ အဖော်ပြန်တက်လိုက် ခဲ့ပေးပါ့မယ်"

"ဟုတ်ကဲ့ … ဟုတ်ကဲ့ … ကျေးဇူးတင်ပါတယ်ရှင်၊ ကိုလေး လည်းပဲ တစ်ခါ တစ်ခါ စောပြန်လာပါတယ်၊ အလုပ်မသွား တာကြာပြီတဲ့၊ ကျွန်မ ရောက်စ,နှစ်ရက်လည်း မသွားပါ ဘူး၊ ခုမှ အလုပ်ပြန်သွားတာ သုံးရက်ရှိပါသေးတယ်"

"သူ့အမေပုံစံက တစ်နေ့ရွှေ တစ်နေ့ငွေ ဖြစ်နေရင်တော့ ကိုလေးလည်း အိမ်မှာရှိရင် ကောင်းတာပေါ့"

"ဟုတ်တယ်ရှင့်၊ ကျွန်မကလည်း အအ,ရယ်"

"လူမမာလည်း သနားပါတယ်၊ ကိုယ့်ဟာနဲ့ကိုယ်မှ အနေ ဆိုးရတဲ့ကြားထဲ ဝိုင်ယာညှော်တွေ ရှူလိုက်ရသေးတယ်၊ ကဲ … သွားလိုက်ဦးမယ်၊ တစ်ခုခုဆိုရင် လာသာလာပြော နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ဟုတ်ကဲ့ပါ"

မေမေနှင့် ပိတုန်း ကိုလေးတို့အခန်းမှ ပြန်ဆင်းလာသည်။ သားအမိနှစ်ယောက်လုံး မအီမသာ စိတ်ဆင်းရဲ ထိခိုက်စွာ စကားပင် မပြောနိုင်။ မျက်စိနှင့် တပ်အပ်မြင်တွေ့ရသည့် ပိတုန်း အဖို့ ပိုဆိုးပါသည်။





## ၁၁

တံခါးခေါက်သံကြောင့် ဖွင့်လိုက်လျှင် အပြင်မှာ ရပ်နေသူဟာ မြတ်လေးထင် ဖြစ်နေ၍ ဒေါ်ရီမှာ ဖွင့်ရနိုး မဖွင့်ရနိုး အိမ်တွင်းဘက် ဇဝေဇဝါ လှမ်းကြည့်သည်။

"ဒေါ်ရီ ... ဘာလဲ၊ ဘယ်သူလဲ"

"ဟို ... မြတ် ... မြတ်လေးထင်"

ထမင်းစားပွဲမှာ ထမင်းပြီးသွားကာစ ငှက်ပျောသီး စားနေသော ဖေဖေက မျက်မှောင်တစ်ချက်ကြုတ်ကာ ထမင်းဝိုင်းကထ,ပြီး အိပ်ခန်းတွင်း ဝင်သွားပါသည်။ မြစိမ်းရောင်နှင့် မေမေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ မေးဆတ် တိုင်ပင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"နေ့လယ်ကကိစ္စ ကျေးဇူးတင်စကား ပြောမလို့နေမှာပေါ့၊ ဖွင့်ပေးလိုက်ပါ မေမေရယ်"

မြစိမ်းရောင်က တိုးတိုးပြောကာ မေမေကလည်း ခေါ်ရီကို ဖွင့်ဖို့ လက်လှမ်းပြလိုက်ပါသည်။ ခေါ်နန္ဒယ် ဧည့်ခန်း ဆီထွက်လာလျှင် မြတ်လေးထင်က ဝင်မထိုင်ဘဲ ဖွင့်ထားသော တံခါးဝမှာတင် ရပ်နေပါသည်။

ပိတုန်းသည် ခန်းဆီးစကြားက မြင်နေရသော မြတ်လေးထင်ရဲ့ မျက်နှာတစ်ခြမ်းကို လှမ်းကြည့်နေမိ၏။

"ထိုင်လေကွယ်"

"ကျွန်တော် နေ့လယ်က အန်တီတို့ အကူအညီပေးတာတွေ သိရလို့ ကျေးဇူးတင်လို့ လာပြောတာပါ အန်တီ"

"ဪ ... ရပါတယ်၊ အိမ်နီးချင်းတွေပဲကွယ်၊ ခေါ်ညို ဆို့တာကလည်း ဘာမှနားမလည်ဘူးမို့လား ထိုင်ပါဦးလေ"

"ကျွန်တော် အန်တီ့ကို ကန်တော့ချင်ပါတယ်"

"ဟယ် ... မဟုတ်တာ၊ ဘယ်သူမဆို ဒီလိုကြုံရင် ဒီလိုပဲ ကူညီပေးမှာပါ၊ သဘာဝပါ၊ အန်တီကမှ ထူးကူညီတာ မဟုတ်ပါဘူး၊ အပေါ်ထပ်က သော့ခလောက်တွေ ခတ် ထားပြီး လူမရှိကြလို့တဲ့"





မြတ်လေးထင်က ကြမ်းပေါ် ဒူးတုပ်ထိုင်လိုက်ပါ သည်။

"ဟဲ့ ... ဟဲ့ ...၊ မလိုပါဘူးကွယ်၊ မဟုတ်တာ။ ထ,ထ, အပေါ်ထိုင်ပါ ကိုလေးရယ်"

"ကန်တော့ပါရစေ အန်တီ၊ မီးသမားကို မေးကြည့်တော့ ထ,ပေါက်ကွဲပြီး မီးလောင်နိုင်တယ်လို့ ပြောပါတယ်၊ မေမေ့အခန်းကို အဲကွန်း ဖွင့်ပေးချင်လို့ဆိုပြီး ကြီးကြီးခေါ်ညို က ခလုတ်ကို တင်ထားလိုက်တာလို့ ပြောတယ်၊ မီးအား မြှင့်စက်က အထဲမှာ ရှော့ခ်ဖြစ်နေပြီး မီးအားပြန်မြင့်လာ တဲ့ အချိန်မှာလည်း ခါပိုင်းလို အလာမ်းအသံမပေးဘူး၊ ဒီတော့ ခလုတ်ကိုလည်း မချမိဘဲ အထဲမှာ သူ့ဟာနဲ့သူ ကျိတ်လောင်နေတာ ...

ကံကောင်းလို့ပါ၊ အန်တီတို့ မိန်းခလုတ်လာဖြုတ် လိုက်လို့ပါပဲ၊ မိန်းမချဘဲ ဆက်ထားမိရင် မီးထတောက် နိုင်တယ် ပြောပါတယ်၊ အဲသလိုသာ မတော်တဆ မီးတွေ ဘာတွေ ထလောင်ရင် ကျွန်တော့်အမေ ပြေးလည်းမပြေး နိုင်၊ အချိအပွေ့ အလှုပ်အရှားလည်း မခံနိုင်ဘဲ မီးတောင် အလောင်ခံရမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မြတ်လေးထင် မျက်နှာကိုကြည့်ကာ ဒေါ်နုနွယ် စိတ်မကောင်းပေ။ မီးသမား ခေါ်ပေးကာ ပြင်ဆင်တဲ့အချိန်မှာ ဒေါ်နုနွယ်ရော၊ ဒေါ်နုနွယ်တို့ ဒရိုင်ဘာပါ အပေါ်ထပ်မှာ သွား ထိုင်စောင့်ပေးနေပါသည်။ အဲဒီတုန်း မြတ်လေးထင် စောပြန်ရောက် လာ၍ မီးသမားနှင့် ထားရစ်ပြီး ဒေါ်နုနွယ်နှင့် ဒရိုင်ဘာပြန်ဆင်း လာခဲ့ကြသည်။

"တစ်တိုက်တည်း နေကြတာ၊ တစ်အိမ်နဲ့တစ်အိမ် ဒီလိုမဲ ရှိင်းပင်းရမှာပေါ့"

"ဘာပဲဖြစ်ဖြစ် သူ့ဟာနဲ့သူ မီးစာကုန်ဆီခန်း ဖြစ်နေတဲ့ မေမေ့ကို အချိန်မတိုင်သေးဘဲ သေမသွားအောင် အန်တီရဲ့ ပီပီ အသက်လာကယ်ဝ၊၂ပါ"

"အို ... ဒီလောက်လည်း မဟုတ်ပါဘူးကွယ်"

"ကျွန်တော် လက်ချည်းပဲ လာကန်တော့တာက သက်သက် လက်အုပ်ချီပြီး ကန်တော့ချင်တာမို့ပါ"

"အို ... သဘောပေါက်ပါတယ်၊ ကန်တော့ဖို့တောင် မလို ပါဘူး၊ အိမ်နီးချင်း ဝတ္တရားပါ၊ အေး ... အေး ... ဘုန်းကြီး ပါစေ သက်ရှည်ပါစေ၊ မင်းအမေကိုပါ မြန်မြန်ကျန်းမာ သက်သာပါစေလို့ ဆုတောင်းပါတယ် ကိုလေးရယ်၊ ထဲ_ ကဲ ... ထ,ပါ ... အပေါ်မှာ ထိုင်ပါ"





မြတ်လေးထင်က ကုလားထိုင်စွန်း၌ ထိုင်ရုံလေး ထိုင်ရင်း ...

"မေမေက သေနေ့ပဲ စောင့်နေရတဲ့ သဘောပါ အန်တီ"

ပြောရင်း နှာသီးဖျား မျက်လုံးတို့ နီရဲလာ၍ ဒေါ်နုနွယ်မှာ သားသမီးချင်း မိဘချင်းစာကာ မချိတင်ကဲ ဖြစ်ရ သည်။

"ရောဂါက စုံနေတာပါ၊ တီဘီရော၊ အသည်းရောင် အသားဝါရော၊ အဖျားရော၊ အား ... ရောဂါတွေ အစုံပါ အန်တီ၊ အဲဒီအတွက် ၊ ~ာက်နေရတဲ့ ဆေးတွေက တစ် မျိုးစီကိုကုဖို့ကိုပဲ နှစ်မျိုး သုံးမျိုး၊ အနာအကျင် ပျောက် ဆေးတွေ၊ အဲင်တီဘိုင်အိုတစ်ကဲတွေ၊ အသည်းဆေး၊ တီဘီ ဆေး၊ သူ့ဗိုက်ထဲမှာ အစိုင်အခဲ အဖတ်ဆိုလို့ ဒီဆေးတွေ ပဲ ဝင်တာ ရှိတော့တာပါ၊ အခြေအနေ သိပ်ဆိုးနေပါတယ်၊ ကျွန်တော် အလုပ်က ခွင့်ယူထားတာပါ၊ ဒီအပတ်ထဲပဲ ကျွန်တော့်သူငယ်ချင်း ခဏခရီးထွက်လို့ မသွားမဖြစ်လို့ အလုပ်သွားတာပါ အန်တီ၊ နောက်အပတ်ကျရင် အလုပ် မသွားတော့ဘဲ အိမ်မှာပဲ တောက်လျှောက်နေမလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဩော် ...၊ အန်တီတော့ မတွေ့လိုက်ပါဘူး၊ ဒါပေမဲ့ ကြားရတာ စိတ်မချမ်းသာပါဘူးကွယ်၊ မင်း အလုပ်ကို မသွားလို့ မရတဲ့ရက် သွားပါ၊ အန်တီက အိမ်မှာရှိတဲ့သူပဲ၊ တစ်ခုခုဆို အားမနာဘဲ လာပြောခေါ်ဖို့ ဒေါ်ညိုကို မှာခဲ့ပါတယ်"

"ကျွန်တော် ပြန်တော့မယ် အန်တီ၊ ဟို ... ပိ ... ပိပိကို လည်း ကျေးဇူးသိပ်တင်ပါတယ်လို့"

နောက်ဆုံး စကားကို တိုးတိုးသွက်သွက် ပြောပြီး မြတ်လေးထင်က အိမ်ထဲမှ မြန်မြန်ဆန်ဆန်ပဲ ထွက်ခွာသွားသည်။ ပိတုန်းသည် ထမင်းစားပွဲ၌ ထိုင်နေရင်းကိုကပဲ သူပါရော၍ နှာသီးဖျားတို့ နီမြန်းကာ မျက်လုံးတွေ စိုစွတ်လာသည်။

မျက်တောင်ပုတ်ခတ်ကာ ဘာမှ မဖြစ်သယောင် ဆောင်နေသော ပိတုန်းကိုကြည့်၍ မြစိမ်းရောင်လည်း စိတ်မ ကောင်းပေ။ ပြန်ဝင်လာသော ဒေါ်နန္ဒယ်ကို မြစိမ်းက လေသံ တိုးတိုးဖြင့် ...

"သမီး ထင်တော့ သူ့အမေကိစ္စကြောင့်ပဲ ဟိုဆရာဝန် မလေးကို သူ ပတ်သက်လိုက်ရ အားကိုးလိုက်ရတဲ့ အကြောင်းရင်း တစ်ခုခု ရှိမယ်ထင်တယ်၊ ပိပိ အပေါ်





သက်သက် သစ္စာဖောက်တာကို မဖြစ်နိုင်ပါဘူး၊ ဟိုဆရာဝန် မလေးနဲ့ သူ့အမေကို ကိုလေး လွှန်ဆန်လို့ ငြင်းလို့မကောင်း တာမျိုးများ ရှိမလားလို့"

ပိတုန်းသည် ပို၍ ဝမ်းနည်းလာပါသည်။ မမဟာ မြတ်လေးထင် အပေါ် အဆိုးကို မမြင်ခဲ့ပါ။ ပိတုန်း ဒေါသတွေ ထွက် နာကြည်းနေတုန်းကတည်းက မမက တစ်ခုခုကြောင့်ပဲလို့ ထင်ခဲ့သူ ဖြစ်သည်။ ခုတော့ ပိတုန်းလည်း တစ်ခုခုရှိလိမ့်မည်ဟု အလိုအလျောက် ထင်လာပါပြီ။

ဖေဖေတို့ အိပ်ခန်းတံခါးက ဟ,လာကာ ...

"ပြန်သွားပြီလားဟေ့"

"ဟုတ်ကဲ့ ... ပြန်သွားပြီ အဖေကြီး"

"ဒီနေ့လို ဟာမျိုးကတော့ ကူညီရမဲ့ ကိစ္စပါ၊ နွယ် မမှား ပါဘူး၊ ဒါပေမဲ့ ဟိုလိုလို ဒီလိုလိုနဲ့ တရင်းတနှီး ပြန်ဖြစ် နေဦးမယ်၊ ငါတို့လူကြီးတွေက အမှတ်သည်းခြေ မရှိတဲ့ လူကြီးပေါကြီးတွေ ဖြစ်နေမယ်နော်၊ မှန်တန်းပဲ နေပါ နွယ်"

"ဟုတ်ကဲ့ပါ၊ နွယ်လည်း နားလည်ပါတယ်၊ ဒါပေမဲ့ သူ့ ကြည့်ရတာ သစ္စာမရှိတာ မဟုတ်ဘဲ အကြောင်းတစ်ခုခု ..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့်ပဲ ဖြစ်ဖြစ်ပါ၊ သူ့ဘက်မှာ အကြောင်းအမျိုးမျိုး ရှိနိုင်ဖြစ်နိုင်တာ ကိုယ် တွေးခဲ့ပြီးသားပါ၊ ဒါပေမဲ့ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်လေ၊ ပိပိကို သူ လမ်းခွဲတာတော့ ခွဲလိုက်တယ် မဟုတ်လား၊ ကိုယ့်ဘက်က ခင်မှန်မှန်မနေရင် မိန်းကလေးဘက်၊ ဘယ်ကောင်းမလဲ"

"ဟုတ်ကဲ့"

"ပိပိကိုလည်း ဖေဖေ ပြောစရာရှိတယ်"

"ဟုတ်"

"ဟို ... ဦးမောင်မောင်ကြီးသား ... ဘယ်သူ၊ ကိုကိုကြီး ဟုတ်လား၊ ဒီကောင်ကို ကိုယ့်မိတ်ဆွေသား ဖြစ်ပေမဲ့ ဖေဖေ နှစ်သက်မယ် မထင်နဲ့နော်၊ တယ်မဟန်တဲ့သတင်း ကြားတယ်"

"ဟုတ်ကဲ့ ... ပိပိ သိပါတယ် ဖေဖေ"

"သိရင် ပြီးရော၊ ဦးမောင်မောင်ကြီး ဘယ်လိုသိက္ခာသမာ ရှိပေမဲ့ ဖေဖေ ခင်ပေမဲ့ သူ့သားတော့ သီးသန့်ပဲ မြင်ရမှာပဲ၊ အဖေနဲ့တွဲမြင်လို့ မရဘူး၊ အဖေသတ်သတ် သား သတ်သတ်ပဲ ကြားလား၊ အဖေက လူကောင်းမဟုတ်ပေမဲ့ ကာယကံရှင်သားက သူ့အရည်အချင်းနဲ့သူ လူတော်လူ





ကောင်း ဖြစ်နေရင် ဖေဖေ ဘာမှမပြောဘူး ပိပိ၊ အခု သူ့အဖေက လေးစားခင်မင်စရာလူ ဖြစ်သလောက် သူက နာမည်ဆိုး ထွက်တာပဲ၊ စီးပွားရှာတတ်ပေမဲ့ အလကားလူပဲ၊ စာရိတ္တနဲ့ ပတ်သက်တဲ့ သတင်းက ဆိုးတယ်နော် ...

ပိပိနဲ့ ပတ်သက်ပြီး ဒီကိုလာလည်တာ၊ ဖေဖေနဲ့ ပတ်သက်ပြီး လာလည်ခွင့်ရတာ မဟုတ်ဘူး၊ ဒီကောင့်ကို သဘောမကျဘူး၊ ဆင်ခြင်စမ်း ပိပိ"

"ပိ ... ပိပိ ... သူ့ကို ဒီလောက်လည်း ခင်တာမဟုတ်ပါဘူး၊ သူ့ဘာသာသူသာ အရောလာဝင်ကြည့်နေတာပါ၊ ပိပိ မှန်မှန်ပဲ နေပါတယ်၊ လုံးဝစိတ်မဝင်စားပါဘူး ဖေဖေ"

"အေး ... ဒါဖြင့် ကောင်းတယ်"

ဖေဖေ ပြန်ဝင်သွားမှ ပိပိ သက်ပြင်းလေးကို မျှင်း၍ ဖြည်းဖြည်းချလိုက်ရပါသည်။ ရည်းစားအဖြစ်နှင့်တောင်မှ သည်းရှိရှိ ကမ်းရှိရှိ နေထိုင်ဆက်ဆံတတ်သော ကိုလေးနှင့် ဘာမှမဟုတ်သေးဘဲ လက်လေးကိုင်ချင် ပခုံးလေးတို့ချင် မထိခလုတ် ထိခလုတ် အသွားယူ တိုးတိုက်ချင်သည့် ကိုကိုကြီးတို့ စရိုက်ချင်း မိုးနဲ့မြေ ကွာလှတာ ပိပိ သုံးသပ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလေးကမှ တန်ဖိုးရှိတဲ့ ယောကျ်ားကောင်းတစ် ယောက်ပါ။ တစ်ခုခုကြောင့်လို့ ထင်လာတာနဲ့ ရင်ထဲက နာကြည်း ချက်တွေကလည်း လျော့လာသလို သူ့ကို သနားကရုဏာသက် တဲ့စိတ်၊ ကိုယ်ချင်းစာတဲ့စိတ်၊ သူ့အပူသောကတွေကို ကူမျှလိုတဲ့ စိတ်တွေက ပိတုန်း ရင်ထဲ အစားထိုး နေရာဝင်ကာ ရှင်သန်လာ ပါသည်။

✤

"ဟောတော့"

ကျောင်းသွားခါနီး အဝတ်အစားလဲပြီး အသင့် ကော်ဖီသောက်ရင်း သတင်းစာဖတ်နေသည့် မမ မျက်နှာ အံ့အားတသင့် ဖြစ်သွား၍ ပိတုန်း ရင်ထိတ်သွားပါသည်။ မေ လှန်ထားတာ နာရေးကြော်ငြာ စာမျက်နှာ ဖြစ်နေ၍ ...

"ဘာလဲဟင် မမ ... ဘယ်သူလဲဟင်"





"ဟယ် ... အံ့သြစရာပဲဟယ် ... မြတ်လေးထင့်တော့ သနား လို့မဆုံးတော့ဘူးဟယ်"

မေမေ မီးဖိုမှ ပြေးထွက်လာကာ ...

"ဘုရားရေ ... သူ့အမေ သေပလား"

"သူ့အမေ ဘယ်တော့သေမလဲ ထင်နေတာ၊ ဒီမှာကြည့် စမ်း ငပိ၊ မမှားပါဘူးနော်၊ ဒီလိပ်စာနဲ့ မြတ်လေးထင် နာမည် ပါတာပဲဟာ၊ သူ့အမေ မဟုတ်ဘူး မေမေ၊ သူ့ အဖေ ... သူ့အဖေ"

"ဟယ် ..."

"နိုင်ငံခြားမှာသေတာတော့၊ ယိုးဒယားမှာ၊ ဗန်ကောက်မြို့ တဲ့၊ အင်း ... မနေ့ကမှ သေတာတော့၊ မနေ့ကပဲ သဂြိုဟ် လိုက်ပြီ၊ ကိုလေးလည်း အမေတစ်ဖက်နဲ့ ဘယ်လိုက်သွား နိုင်မှာလဲ၊ သဂြိုဟ်ခိုင်းလိုက်တယ် ထင်တယ်၊ သဘော် အရာရှိဆိုတော့ ကုမ္ပဏီက ကြည့်လုပ်ပေးမှာပေါ့လေ"

ပိတုန်းသည် အံ့သြစိတ်မကောင်းဖွာ သတင်းစာကို လာငုံ့ကြည့်မိသည်။ မေမေ လမ်းလျှောက်ထွက်နေ၍ လွတ်လွတ် လပ်လပ် ပြောဆိုနေနိုင်ကြတာပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာရောဂါလဲ မသိပါဘူးဟယ်၊ သနားပါတယ်၊ ဒီနားက အိမ်နီးနားချင်းတွေလည်း သတင်းမေးမရလို မမေးရမလို ဖြစ်နေမှာပဲ၊ လိပ်စာကတော့ ပါလာပြီး ဒီအိမ်မှာ ယောက်ျားလူကြီး တစ်ခါမှ မတွေ့ဖူးသေးတော့ ဇဝေဇဝါ ဖြစ်နေကြမှာပဲနော်"

"ကိုလေး အဖေက ပြန်မလာဖြစ်တာ သုံးနှစ်ကျော်ပြီတဲ့ ပြောဖူးတယ်၊ မသေခင် ပြန်တောင်မတွေ့လိုက်ရဘူးပေါ့ နော်၊ တကယ်ဆို ဗန်ကောက် ဆိုတာ နီးနီးလေးပဲနော်၊ ကိုလေး သွားမယ်ဆိုရင် သွားဖို့ မခက်နိုင်ပါဘူး၊ ဒီမှာ အမေက အသည်းအသန် ဖြစ်နေချိန် အဖေကလည်း တခြားနိုင်ငံမှာ အသည်းအသန်ပေါ့နော်"

ပိတုန်းက စိတ်မကောင်းစွာ ညည်းညူနေမိသည်။

"အမှန်တော့ သမီးတို့တွေ အနေနဲ့က သတင်းမေးသင့်တာနော်၊ တခြား အိမ်နီးနားချင်းတွေကတော့ သူတို့အိမ်ကို စိမ်းနေကြသေးတော့ မမေးရင် တော်သေးရဲ့၊ သွားပြီး သတင်းမေးပြန်လည်း အခက်ကြီးပါ"

"အေးလေ ... အသုဘအိမ်လို ပြင်ဆင်ထားမယ်လည်း မထင်ဘူး၊ အထဲမှာက လူမမာကြီးနဲ့"





"ရက်လည်တော့ လုပ်ရမှာပေါ့နော်"

"အေးပေါ့ ... ရက်လည်တော့ ဆွမ်းကျွေးရမှာပေါ့"

"ကိုလေး တစ်ယောက်လည်း ကုသိုလ်ကံ ဆိုးနေတယ် ထင်ပါရဲ့ ... ဟယ်"

ဖေဖေ လမ်းလျှောက်ထွက်ရာမှ ပြန်ရောက်လာ၍ ဆွေးနွေးတိုင်ပင်နေကြတာကို ရပ်လိုက်ရပါသည်။ မမကအရင် ကျောင်းကားအမီ ထွက်သွားပါသည်။ မမ ပြီးလျှင် ကမန်းကတန်း ပြင်ဆင်စားသောက်ကာ ဖေဖေ အိမ်က ထွက်ခွာသည်။

ပိတုန်းကတော့ ရုံးလည်းနီး၍ အေးအေးသာ။ ဒီနေ့ အဖို့ ပို၍ စိတ်မပါ လက်မပါ အီးရော၍ နေမိသေးသည်။ တဖြည်းဖြည်း တစစ ကိုလေး အပေါ် အာဃာတတွေ ပျော့ကာ လျော့ကာ ကျလာရပြီ ဖြစ်သလို ကိုလေး အတွက် စိတ်ထိခိုက်ရ သနားရတာတွေသာ အထပ်ထပ် တိုးလာသည်။

"ကဲ ... ပိပိရေ ... ဒေးတိဒေးခိုင်နဲ့ နေရော ကောင်းရဲ့ လား၊ ဒီနေ့ သမီးတို့ဘဏ်က စုပေါင်းသွေးသွားလှူရမှာ ဆို"

"ဟင် ... ဟုတ်သားပဲ၊ ပိပိ မေ့တောင် မေ့နေတာ"

"နေကောင်းရဲ့လား"

www.burmeseclassic.com



"နေကောင်းပါတယ် မေမေ"

"ဒီမှာ ကြက်ဥပြုတ်နှစ်လုံး ခြင်းထဲ ထည့်ပေးထားတယ် နော်၊ ဒီမှာ ပူတင်းဘူးလေးလည်း ထည့်ပေးထားတယ်၊ သွေးလှူကြပြီး အပြန်ကျ စားဦးနော်၊ မမေ့နဲ့၊ လူအများကြီး စုသွားကြမှာလား"

"မဟုတ်ဘူး မေမေ၊ လူအများကြီး တစ်ပြိုင်နက်ထွက်လို့ မရတော့ တစ်ရက်ကို လေးယောက်ပဲ လွှတ်တာ၊ သွေးလှူမဲ့သူက ပိပိတို့ဘဏ်ခွဲက ဆယ့်နှစ်ယောက်ဆိုတော့ သုံးရက်ခွဲပြီး လွှတ်တာ၊ ဒီနေ့ ပိပိတို့အုပ်စုက နောက်ဆုံးအုပ်စု မေမေ"

"အေး … အေး …၊ ကဲ … သွားတော့ သွားတော့၊ နောက်ကျနေဦးမယ်"

လမ်းမှာလည်း ပိတုန်း ငေးကာငိုင်ကာ စိတ်မရွှင်ပေ။ မြတ်လေးထင် အပေါ် အမုန်းကြီးမုန်း အနာကြီးနာခဲ့မိတာကိုပင် တွေးနောင်တရနေပါသည်။ ကိုလေးဟာ ပိပိ အပေါ် အကြောင်းမဲ့ သစ္စာဖောက်လိမ့်မည် မထင် ရယ်လို့ ခုမှပဲ ထင်မြင်ဆင်ခြင်မိလာသည်။





အရင်တုန်းကတော့ သွေးတွေ ပူထူ ဆူပွက်နေ၍ ဖြေသိမ့်ဆင်ခြင် မတွေးနိုင်ခဲ့ပါ။ အကြောင်းတစ်ခုခုကြောင့် ဒေါက်တာသွယ်ကို လက်တွဲရဖို့ ဖန်လာခဲ့ရင်လည်း ပိပိကို အရင်းတိုင်း အမှန်တိုင်း ဖွင့်ပြောဖို့ ကောင်းပါတယ် ကိုလေးရယ်။

နံနက် ဆယ်နာရီခွဲလောက်မှာ ဘဏ်ကကားနှင့် ပိတုန်းနှင့် ငယ်ငယ်ရယ် ဘဏ်က တခြားဝန်ထမ်း ကောင်လေးနှစ်ယောက်ရယ် ဆေးရုံကြီးကို ထွက်လာခဲ့ကြပါသည်။ သတင်းပို့ကာ သွေးလှူဒါန်းဖို့ ပြင်ဆင်ကြသည်။

ပိတုန်းသည် ကိုယ့်ခုတင်ပေါ်ထိုင်ကာ သူမရဲ့သွေးစစ်ချက်အဖြေတွေရဖို့ စောင့်ဆိုင်းနေရဆဲ ထိုအဆောင်ရဲ့ တံခါးပေါက်ဝတစ်ခုဆီမှာ ဒေါက်တာသွယ်ကို လှစ်ခနဲ တွေ့လိုက်ရပါသည်။ ခုတင်ပေါ်မှထ,ကာ ဒေါက်တာသွယ် သွားရာနောက် လိုက်ကြည့်မိစဉ် သွယ်ကလည်း ပိတုန်းကို မြင်သွားပါသည်။

အံ့အားသင့်သော ဒေါက်တာသွယ့် မျက်နှာက အပြစ်ကင်း ငြိမ်းချမ်းပါသည်။

"ပိပိ … ဘာလာလုပ်လဲ"

"ပိပိတို့ဘဏ်က သွေးလာလှူတာ၊ ငယ်ငယ်လည်း ပါတယ်၊ မသွယ်က ဒီမှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... မသွယ်က ဝါဒ်ဖိုက်စစ်စ်မှာ လောလော ဆယ် ကျနေတယ်၊ ဒီဘက်ကို သွေးရိဇာ့လ်ထ် တစ်ခုယူဖို့ လာတာ၊ ပိပိတို့ရော သွေးဖောက်ပြီးပြီလား၊ ရိဇာ့လ်ထ်တွေ ရပြီလား"

"အဲဒါ စောင့်နေတာ မသွယ်"

"သွားကြည့်ပေးမယ်"

မသွယ်က တက်တက်ကြွကြွ အားတက်သရောလေး ကူညီဆောင်ရွက်ပေးပါသည်။ ပိတုန်းတို့ လေးယောက်ရဲ့ မဖြစ်မနေ စစ်ရသော သွေးအဖြေလွှာတို့ကို ယူလာကာ ...

"အားလုံး ကောင်းတယ်၊ လေးယောက်လုံး အားလုံးရှင်းတယ်၊ သွေးဖောက်လို့ ရပြီ၊ လာ"

သူပါဝင်ပြီး ကူညီလုပ်ကိုင် ပေးနေပါသည်။ ပိတုန်းကိုတော့ သူကိုယ်တိုင် အကြောထဲ အပ်သွင်းလိုက်သည်မှာ လုစ်ခနဲ ဝင်မှန်းမသိရအောင် ညင်သာကျွမ်းကျင်လှပါသည်။ ပိတုန်း သွေးထုတ်နေတုန်း မသွယ်က ထွက်မသွားသေးဘဲ ဘေးမှာထိုင်နေသည်။ ခုတင်နှစ်လုံး အလယ်မှနေ၍ ငယ်ငယ်နှင့်ရော ပိတုန်းနှင့်ပါ စကားစမြည် ပြောဆိုနေပါသည်။





"တချို့ဆို သွေးလှူဖို့ ဆေးကြရှာကာမှ သွေးစစ်လိုက်မှပဲ ဟက်ပါတိုက်တစ်စ်ဘီတို့ ဘာတို့ ရှိမှန်းသိရတာ ရှိတယ်၊ ကိုယ့်လူနာထဲက ကိုယ့်လူသိထဲက သွေးစစ်ခိုင်းကြည့်ပြီး အဖြေမှာ တစ်ခုခု ပေါ့စတစ်ဗ်ဆိုရင် ကိုယ်ပါ သိပ်စိတ်ဆင်းရဲတာပဲ၊ ပိပိတို့ ငယ်ငယ်တို့ ဒါ ပထမဆုံး လှူဖူးတာလား"

"ငယ်ငယ်က ပထမဆုံး၊ ပိပိက တစ်ကြိမ်လှူဖူးတယ်၊ ဒါ ဒုတိယအကြိမ်ပါ"

"ကောင်းတယ်"

"မသွယ်ကို ပိပိ တစ်ခု ပြောစရာရှိလို့"

"ပြောလေ ... ဘာပြောမလဲ ပိပိ"

"မသွယ် သတင်းစာ ဖတ်ပြီးပြီလား"

"သတင်းစာ ! ...၊ ဟင့်အင်း ... အိမ်ကနေ ဖတ်မလာခဲ့ရဘူး၊ ဝါဒ်ထဲတော့ သတင်းစာ ရောက်နေပြီ၊ ဒီကအပြန်မှ ဖတ်ရမယ်၊ ဘာဖြစ်လို့လဲ ပိပိ"

"ဒါဖြင့် မသွယ် မသိသေးဘူးလား မသိဘူး၊ ဟိုလေ ... ကိုလေးအဖေ ဆုံးသွားတာ"

"ဟင် ...၊ ကိုလေး အဖေ ! ...၊ ဘယ်တုန်းကလဲ"



www.burmeseclassic.com

www.burmeseclassic.com



မသွယ်မှာ တအားအံ့သြတုန်လှုပ်သွားပုံပင်။

"ဆုံးတာ မနေ့က၊ သတင်းစာထဲ ဒီနေ့ပါတယ်"

"သတင်းစာထဲ ထည့်တာ ကိုလေးပဲပေါ့၊ ကြည့်စမ်း၊ ပြောလည်း မပြောဘူး၊ မနေ့ညဘက် ဖုန်းဆက်ရင် ရသားနဲ့၊ သူတစ်ယောက်တည်း ကျိတ်ခံစားကြေကွဲနေမှာပဲ၊ ကိုလေးက ဒီအတိုင်းပဲ၊ ဆွေလိုမျိုးလို သဘောမထားဘူး၊ သူတစ်ပါးကို ဒုက္ခမပေးချင်တဲ့ စိတ်ပဲ ကြီးစိုးနေတယ်၊ ဩော် … ဦးဦးတောင် ဆုံးသွားပြီကိုး၊ အန်တီ့ကိုတော့ ကိုလေး ပြောမှာမဟုတ်ပါဘူး"

ပိတုန်းက သွယ့်ကို ငေး၍ ကြည့်နေမိပါသည်။

"ကိုလေးလည်း သနားပါတယ်"

"ဟုတ်တယ် မသွယ်၊ သူ့ကို အမြင်ကတ်နေရတာတောင် အားနာလာတယ်၊ အမေကတစ်ဖက် အဖေကဆုံးနဲ့၊ မသွယ်ကို ပိပိ မေးချင်သေးတယ်"

"ဘာလဲ ပိပိ … မေးပါ"

"ဟိုတစ်နေ့က ကိုလေးတို့အိမ်မှာ ဝါယာရှော့ဖြစ်တော့ …"

"ဩော် … ပိပိတို့ လာကူညီတယ်လို့ ကြီးကြီးညို ပြောတယ်"





"အဲဒါ … အဲဒါ … ပိပိ … ကိုလေး အမေကို တွေ့ခဲ့တယ်"

"အင်း …"

မသွယ်က မျက်နှာမသာမယာ ဖြစ်သွားပါသည်။

"ကိုလေး အမေကို ကြည့်ရတာ …"

မသွယ်က ပိတုန်းကို ဖျတ်ခနဲ အကဲခတ်သည်။

"အရမ်း ခံစားရတယ်၊ ရင်ထဲ နင့်နေတာပဲ၊ သူ့ကိုကြည့်ရတာ မပြောကောင်း မဆိုကောင်း၊ ဟိုလေ … ဒီနေ့နက်ဖြန်ပဲ ဖြုတ်ခနဲ ကြွေသွားနိုင်သလို စိတ်မှာထင်မိတယ်၊ အရမ်းကို ဆိုးနေတယ်လို့ ထင်တယ်"

မသွယ်ရဲ့ မျက်နှာမှာလည်း စိတ်ထိခိုက်ခြင်း အထင်းသား ပေါ်လာသည်။

"ဟုတ်တယ် ပိပိ၊ အန်တီက ယဲ့ယဲ့ပဲ ကျန်တော့တယ်"

"သေ … သေမယ်ပေါ့နော်"

"အင်း … သိပ်နောက်ကျခဲ့တယ်၊ ရောဂါဖြစ်မှန်းကို ကျွမ်းတဲ့အဆင့်ရောက်မှ သိတယ် ဆိုပါစို့၊ အန်တီက သူ့ကျန်းမာရေးကို ပေါ့တီးပေါ့ဆ သဘောထားပြီး တော်ရုံတန်ရုံ ထင်ပြီး ကိုလေးကို ဘာမှ အသိမပေးတာ မှားတာပဲ၊ အရမ်းကြီးကို နောက်ကျခဲ့တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ဘာရောဂါ ဖြစ်နေတာလဲ မသွယ်၊ စုံနေတာပဲ လို့ ကြီးကြီးညိုရော ကိုလေးရော ပြောတယ်၊ လူတစ်ယောက်ဟာ တစ်ပြိုင်နက်မှာ ရောဂါကြီးကြီးတွေ ဒီလောက်ပဲ စုပြုံခံစားရသတဲ့လား၊ ဒီလောက်တောင် ကံဆိုးတယ်တဲ့ လားဟင်"

"ဟုတ်တယ်၊ ကံဆိုးတယ်"

"ကုလို့ မမီတော့တာလား"

"အင်း ... အဲလိုပဲ ပြောရမယ် ပိပိ"

"ကင်ဆာလားဟင်"

"အင်း ... အဲသလို တစ်ခုတည်း ဆိုရင်တောင် သူ့ကို ခံစားရ ညင်သာအောင် သက်သာအောင် နည်းလမ်းပေါင်းစုံနဲ့ဝိုင်း ဆွဲဆန့်ကြမှာပဲ၊ ပြောရမယ်ဆိုရင် အန်တီ စိုးရိမ်ရတဲ့ရောဂါ အဆောက်အဦ ရှိနေပြီလို့ ဝေဒနာလက္ခဏာတွေကြည့်ပြီး စ,ရိပ်မိရတာ မသွယ်ပါ၊ လက္ခဏာတွေ အရမ်းပြနေတဲ့ အထိ အန်တီက သာမန် အစားပျက် အအိပ်ပျက်တာ၊ ရိုးရိုးဖျားနာတာ၊ မစားနိုင်လို့ ဝိတ်ကျလာတာ ဒီလိုပဲ သဘောထားပြီး ကိုလေးကိုတောင် မညည်းညူဘူး ...

ကိုလေးကလည်း မေမေ သိပ်ပိန်တာပဲဆိုပြီး ကောင်း





နိုးရာရာ ဝယ်ကျွေး ချက်ကျွေး ဒီလောက်ပဲ လုပ်နိုင်ခဲ့တယ်၊ အန်တီက နေကောင်းသလို နေနေတာကိုး၊ တကယ်တမ်း မသွယ်က စစ်ဆေးကြည့်သင့်တယ်လို့ ခိုင်းတဲ့အချိန်မှာ ရောဂါက နှစ်ပေါင်းအတော်တောင် ချိနေခဲ့ပြီ"

"လက်လွန်ပြီပေါ့နော်"

"အစောကြီးသိရင် ဒီထက် နှစ်အတော်ကြာ နေနိုင်အောင် ဆွဲဆန့်ပေးနိုင်ပါသေးတယ်၊ ကိုလေးကို ဖွင့်ပြောရတာ သိပ်ရင်နာတာပဲ၊ အရက်မသောက်တတ်တဲ့ ကိုလေး အဲဒီ ညက အရက်တွေ သွားသောက်ပြီး ညပြန်မလာဘူး၊ သူ့ သူငယ်ချင်းဆီ သွားအိပ်တယ်၊ အန်တီ့ကို မသွယ်တို့သား အမိ စောင့်အိပ်ခဲ့ရတယ်၊ အဲဒီတစ်ကြိမ်ပါပဲ၊ နောက်တော့ ကိုလေး မသောက်တော့ပါဘူး"

ပိတုန်းသည် ရည်းစားတွေအဖြစ်က မပြတ်ရသေးခင် တစ်လလောက် ဝန်းကျင်တစ်ရက်မှာ မနက်ပိုင်း ဘဏ်ကို ချဉ် စုတ်နံစော် စုတ်ဖွားလျက် ကိုလေး ရောက်လာခဲ့ဖူးတာကို ဖျတ်ခနဲ အမှတ်ရသည်။ ခုမှ စဉ်းစားတော့ အဲဒီတုန်းက ကိုလေးသည် သူချစ်သော ပိတုန်းထံ ရင်ဖွင့်ချင် တိုင်တည်အားကိုးချင်သည့် ဆန္ဒမျိုးနှင့် ရောက်လာတာ ဖြစ်နိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရက်မသောက်သူဟု ဂုဏ်ယူလေးစားထားသည့် ပိတုန်းကတော့ ကိုလေးရဲ့ အဲဒီပုံစံကြီးကို တအားခါးသီးမုန်းတီးကာ ဘဏ်ရှေ့နားတွင်ပင် ကိုလေးနှင့် ပိတုန်း ရန်အကြီးအကျယ်ဖြစ်ခဲ့ရပါသည်။

"ပိပိကို ပြောပြချင်တာ ရှိတယ်"

"ဟုတ်ကဲ့ မသွယ်"

"ပိပိတော့ ဘယ်လိုထင်နေမယ် မသိဘူး၊ တို့နဲ့ ကိုလေးဟာ မောင်နှမလို ခင်ကြတာနော်"

"ဟင်"

"မေမေတို့ချင်း သိပ်ခင် သိပ်ချစ်ကြပေမဲ့ တို့ချင်းက သီးသန့်နော်၊ ရိုးသားဖြူစင်တဲ့ သူငယ်ချင်း မောင်နှမပဲ၊ ပိပိနဲ့ ကိုလေး ပြတ်သွားကြတယ်ဆိုတဲ့ အချိန်မှာ တို့က အန်တီ ကျန်းမာရေးကိစ္စနဲ့ သူနဲ့ မတွဲမဖြစ် တတွဲတွဲဖြစ်နေရတော့ ပိပိ တစ်မျိုးတစ်မည် တွက်နေမှာ စိုးတယ်"

ပိတုန်းသည် ကိုယ့်ကိုယ်ထဲက သွေးတွေထုတ်နေသည် မထင်ဘဲ ကိုယ့်ကိုယ်ထဲ သွေးသစ်တွေ လောင်းထည့်အားဖြည့်ခံရသလို ရုတ်တရက် လန်းဆန်းအားရှိလာပြီးလျှင် ...

"ဟင် ... ကိုလေးက ပြောတော့ မသွယ်နဲ့သူ ချစ်နေတယ်၊ သူ ချစ်သူသစ်ရပြီဆိုပြီး ပိပိကို ဖြတ်တာ"





ပိတုန်းက ငယ်ငယ် သတင်းပေးတာကိုတော့ ထည့်မပြောတော့ပါ။

"ဟင် ... ကြည့်စမ်း၊ အဲဒါကြောင့် ထင်တော့ထင်သား၊ သူ ဒီလောက်ချစ်မြတ်နိုးတဲ့ ရည်းစားကို ဘယ်လိုများပြောပြီး ဖြတ်သလဲလို့၊ ကြည့်စမ်း၊ တို့ကို အသုံးချထားတာပေါ့လေ၊ အဲဒီကိုလေး ..."

မသွယ် ရှုံ့ရှုံ့ရှားရှားလေး ဒေါပွလာတာကို ပိတုန်းက ပြုံးကြည့်ရင်း ...

"ဟုတ်တယ်၊ ရုတ်တရက်တော့ ပိပိ ယုံမိတာပေါ့ မသွယ်၊ ဒါပေမဲ့ ခုလောက်ရှိတော့ အန်တီ့ အခြေအနေတွေ သိလာရတာနဲ့ရော၊ စိတ်က မယုံမကြည် ဖြစ်လာတယ်၊ ကိုလေးဟာ သစ္စာမဲ့တဲ့ လူတစ်ယောက် မဟုတ်ဘူးလို့ ထင်မိတယ်"

"ထင်မနေပါနဲ့၊ အဲဒါ သေချာပါတယ်၊ အဲဒီ ကိုလေး ... သိမယ်၊ အင်းလေ ... ပြောလည်း မပြောရက်ပါဘူး ပိပိရယ်၊ သူ့အမေအတွက် သူခံစားနေရချိန်မှာ တစ်မှောင့်လုပ်မနေတော့ပါဘူး"

"မသွယ်နဲ့ ချစ်နေကြလို့ မဟုတ်ရင်၊ သူ ဘာဖြစ်လို့ ပိပိကို ဖြတ်ရတာလဲ မသွယ်"



www.burmeseclassic.com

www.burmeseclassic.com



သွယ် နှုတ်ဆိတ်သွားရပါသည်။

"အမေ နေမကောင်းတာ သေနိုင်လောက်အောင် မကျန်းမာတာ သူ စိတ်ဆင်းရဲရတာနဲ့ပဲ ဘာကြောင့် ပိပိကို ဖြတ်ရတာတဲ့လဲ"

သွယ်က သက်ပြင်းချရင်း သင့်တော်သော အဖြေတစ်ခုကို ရွေးချယ်ရသည်။

"တစ်ခုတော့ရှိတယ်၊ မသွယ်တို့ သားအမိကို သူ သိပ်ကျေးဇူးတင်တယ်၊ အရမ်းအားကိုးတယ်၊ ကျေးဇူးဆပ်ချင်တယ်၊ မသွယ်မေမေက သူ့ကို သိပ်ချစ်တာ၊ ရှင်းရှင်းပြောရရင် သမက်တော်ချင်တယ်၊ ဒါကိုပဲ တဖွဖွပြောနေတယ်၊ တကယ်တမ်း မေမေ့ဘက်ကသာ တဖွဖွ ပြောနေတာပါ၊ ကိုလေး အမေကိုယ်တိုင်ကတောင် ဘာမှသိပ်မပြောဘူး ...

ဒါကို သူ့စိတ်ထဲမှာ လိုက်လျောလိုက်တဲ့နည်းနဲ့ ကျေးဇူးဆပ်ချင်တယ် ဖြစ်လိမ့်မယ်၊ ဒါပဲ ဖြစ်ဖို့ရှိတယ်၊ ဒါပေမဲ့ ပိပိ သေချာယုံနော်၊ စကားအဖြစ် ကောင်းအောင် ပြောတာ မဟုတ်ဘူး၊ ရင်ထဲရှိတာ ပြောတာ၊ ကိုလေး အပေါ် မောင်လိုပဲ၊ ဆန်းကျယ်ဖို့ သိပ်ဝေးတယ်၊ ကိုလေးကလည်း တို့ကို အစ်မလိုပါပဲ"





သွယ့်စကားတို့မှာ ထိန်ချန်မှု ပါကောင်းပါနေမည်ဖြစ်သော်လည်း ပြောသွားသလောက်ကတော့ဖြင့် အမှန်စကားတွေ ဖြစ်ပါသည်။ သွယ်တို့ဘက်အပိုင်း အကုန်မှန်သည်။ ပိပိကိုဖြတ်လိုက်တာသည်သာ ဘာကြောင့်ရယ်လို့ အတိအလင်း မပြောနိုင်တာ။

သွယ် ပြောမထွက်သလို သွယ့်၌ ပြောပိုင်ခွင့်လည်း မရှိပါ။

❦



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

ပိတုန်းသည် မသွယ်ထံမှ သိခဲ့ရသည့် မြတ်လေး ထင်နှင့် မသွယ် မိတ်ဆွေတွေ အဖြစ်ကလွဲလို့ ဘယ်လိုမှမပတ်သက်ဘူး ဆိုသည့် အကြောင်းကို ဘယ်လိုမှ မျိုသိပ်ခံစားနိုင်စွမ်း မရှိဘဲ မမကို ပြောပြလိုက်ပါသည်။

ပိတုန်းနှင့် မြစိမ်းရောင်ဟာ အခန်းကျယ်တစ်ခန်းထဲမှာ ခုတင်နှစ်လုံး ဟိုဘက်ဒီဘက်ကပ်လျက် အိပ်ကြတာဖြစ်သည်။ ဤအိမ်မှာ အိပ်ခန်းသုံးခန်း ပါပေမဲ့ အိပ်ခန်းတစ်ခန်းကို သူတို့က စာအုပ်ဗီရို စာအုပ်စင်များနှင့် စာကြည့်တိုက်အသေးကလေးလို လုပ်ထားပါသည်။





ပိတုန်းရဲ့ စကားတွေကို နားထောင်ပြီးလျှင် မြစိမ်းရောင်က မျက်ခုံးများကို တွန့်ချိုးကာ အလေးအနက် စဉ်းစားခန်းဝင်နေပုံ ရပါသည်။ ပိတုန်းက မမကိုကြည့်ကာ မမရဲ့ အယူအဆကို နားစွင့်မျှော်လင့်နေပါသည်။

"ငါတော့ ဘဝင်မကျပါဘူး"

"ဘာကိုလဲဟင် မမ"

"ဥပမာဟယ် ... သူ့အမေက မသွယ်မှမသွယ် သူ မသေခင် အိမ်ထောင်ချသွားပေးချင်တယ် ဆိုတဲ့ ဆန္ဒမျိုးရှိလို့ ဆိုရင်လည်း တစ်မျိုးပေါ့"

"ကိုလေး အမေက သိပ်ဆန္ဒမရှိပါဘူးတဲ့"

"အင်းလေ ... ဒါကြောင့် ဘဝင်မကျစရာပေါ့၊ ဒါဟာ မသွယ်ရဲ့ စကားပဲ ဆိုပေမဲ့ ဒါ ဖြစ်နိုင်ချေ ရှိတယ်လေ၊ သူ့အမေဆန္ဒ ပြင်းပြလို့ သေရမဲ့ အမေကို လိုက်လျောလိုက်ချင်တာမျိုး ဆိုရင်လည်း ခုလောက်ရှိ ကိုလေးနဲ့ အဲဒီ မသွယ်ဟာ လက်ထပ်ပြီးပြီပေါ့"

ပိတုန်းက ငြိမ်၍ စဉ်းစားနေပါသည်။ မမ ပြောတာ မှန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုလေး အမေက ဒီလောက် အခြေအနေ ဆိုးနေတာ၊ သူ့စိတ်ချမ်းသာမှုအတွက် စိစဉ်ချင်တာဆိုရင် ကိုလေးဟာ နှင့်ကိုတောင် ဖြတ်ပြီးမှပဲ၊ သူ့အမေ သဘောကျတဲ့သူနဲ့ ယူလိုက်ရောပေါ့၊ အခု ဘာမှလဲ တစ်ဖက်မှာ ဖြစ်ဖြစ်မြောက်မြောက် စိစဉ်ကြတာ မဟုတ်ဘူး၊ ဒီတော့ ကိုလေးအမေဆန္ဒ သိပ်မပါလှပါဘူး ဆိုတာ အမှန်ပဲ ဖြစ်ရမယ်"

"မသွယ် အမေက ကိုလေးကို သိပ်ချစ် သိပ်လိုလားတာတဲ့"

"ဒါတစ်ခုနဲ့ပဲ သူက မသွယ်ကို လက်ခံလိုက်ဖို့ နှင့်ကို ဖြတ်ရောလား"

"မသွယ်က ဒီလိုပဲ ပြောတာပဲ"

"ထားပါတော့ ... သူတို့သားအမိက ကိုလေးတို့သားအမိအပေါ် သိပ်ကောင်းလို့ သူ့အမေကို ဖေးမပြုစုယုယကြတဲ့ သူတွေမို့ သူ ကျေးဇူးတင်တယ်၊ သူ့အမေ ဒီလောက် အသည်းအသန် မမာမကျန်းတာ နှင့်မှ မသိဘဲ၊ နှင့်ကိုသူ ဖွင့်ပြောရင် နှင်ကကော သူ့အမေအတွက် မကူညီမစောင့်ရှောက်မဲ့သူ မို့လို့လား"





မှန်ပါသည်။ ကိုလေးအမေ ခုလောက် ရောဂါကြီးမားပြင်းထန်ကာ မမာမကျန်းတာ သိရလျှင် ပိတုန်းလည်း ဆရာဝန်တစ်ယောက် မဟုတ်ပေမဲ့ တတ်နိုင်သည့်ဘက်က ကူညီစောင့်ရှောက်မှာပါပင်။

"ခုဆိုရင် အပေါ်ထပ် အောက်ထပ်တောင် လာဖြစ်နေတယ်၊ ပိုတောင် ကူညီစောင့်ရှောက်လို့ ရသေး၊ နှင်တို့ချင်း အရင်လို ပတ်သက်နေသေးတယ်၊ သူ့အမေလည်း သိထားတယ်၊ လူကြီးချင်း ဟျေနပ်လက်ခံထားကြတယ် ဆိုရင် ခုလိုအချိန်မှာ နှင်တစ်ယောက်တင် မကပါဘူး၊ နှင့်မိသားစုဖြစ်တဲ့ ငါတို့ပါ သူ့ကျန်းမာရေးကိစ္စကို ကူညီပေးနေဖြစ်ပါပဲ ...

မေမေဆိုရင် တစ်နေကုန် အိမ်မှာရှိတတ်တဲ့သူပဲ၊ ခမည်းခမက်လောင်းချင်း အမျိုးသမီးချင်း အပေါ်ထပ် အောက်ထပ် ဘယ်လောက် အားပေး အဖော်ပြုလို့ရလဲ"

"ဟုတ်တယ် မမ"

"ဒီတော့ သူ့အမေကို ပြုစုစောင့်ရှောက်ပေးတဲ့ သွယ့်ကို လက်ထပ်လိုက်မယ် ဆိုတဲ့ အတွေးနဲ့ နှင့်ကိုဖြတ်ပစ်တယ် ဆိုတာ လုံးဝအဓိပ္ပာယ်မရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ဘာဖြစ်မလဲ မမ၊ မသွယ် ပြောတာကတော့ တကယ်ဟုတ်ပုံ ရပါတယ်၊ သူနဲ့ ကိုလေး ရည်းစားလုံးဝ ဖြစ်ပုံမရဘူး"

"ဖြစ်နိုင်ပါတယ်၊ ငါလည်း ယုံပါတယ်၊ ဒီတော့ ဘာကြောင့်များ ဖြစ်မလဲ ဆိုတာကိုသာ စဉ်းစားလို့ မရတာ၊ တစ်မျိုးပဲဟ ... ဒီကိစ္စကြီးမှာ ကိုလေးဟာ မြစိစိနိုင်လွန်းနေတယ်၊ သူ ဘာတွေကို ဖုံးချင် ကွယ်ချင် ဖြစ်နေတာလဲ၊ သူ တစ်ခုခုကိုတော့ မပွင့်မလင်း မဖွင့်ဟဘဲ ထားထားတယ်လို့ ငါ ထင်တယ်"

"အဲဒါ ဘာဖြစ်နိုင်လဲဟင် မမ"

"မသိလို့ပေါ့ဟယ်၊ သိမှတော့ ပြီးပြီပေါ့"

ပိတုန်း ပုစ္ဆာပေးထား၍ မြစိမ်းရောင်ပါ ထိုညက အတော်နှင့် အိပ်မပျော်ဘဲ ရှိရပါသည်။ မြစိမ်းရောင် သိပြီးနောက်မှာတော့ မြစိမ်းရောင်က တစ်ဆင့် ထိုကိစ္စတွေကို မေမေ သိသွားရပြန်ပါသည်။ မေမေလည်း ဘယ်လိုမှ အဖြေမဖော်နိုင်။

မြတ်လေးထင်ဟာ ပိတုန်းကို ချစ်မြတ်နိုးပါလျက် လက်လွှတ်ဆုံးရှုံး ခံလိုက်ရခြင်းရဲ့ အကြောင်းရင်းဟာ ပျောက်ဆုံ





နေပါသည်။ စိတ်ပြေသွားတာနှင့်အမျှ မြတ်လေးထင် အပေါ် ချစ်ခင်မြတ်နိုးတဲ့ သံယောဇဉ် ပြန်လည်ရှင်သန် လန်းသစ်လာသော ပိတုန်းရဲ့ အပြုအမူ အနေအထိုင်တို့ကလည်း ပြောင်းလဲသွားပါသည်။

သူတို့ချင်းမှာ ခေါ်ရခက် မခေါ်ရခက်။ အာဃာတလည်း မရှိ၊ အမုန်းအငြိုးလည်း မရှိတော့ပါပဲလျက် ပိတုန်းမှာ မြတ်လေးထင်ကို ခေါ်ပြောနှုတ်ဆက်ဖို့ ခက်နေရပါသည်။ သူ့ကို ဘာကြောင့်မှန်းမသိ စွန့်လွှတ်နိုင်ရဲတဲ့ မြတ်လေးထင်ကို သူ့ဘက်က ဘယ်လိုများ စတင်ပြန်လည် ဆက်ဆံရပါအံ့။

မာနကလေး သိက္ခာကလေးကလည်း ကြားခံနေသေးရာ ပိတုန်းသည် အပြင်မှာ လှေကားအဆင်းအတက်တွေမှာ ဆုံလျှင်ဖြင့် မြတ်လေးထင်ကို မခေါ် နှုတ်မဆက်။ ခေါင်းလေး ငုံ့ငုံ့နှင့် ရှောင်လွှဲထွက်လာတတ်လျက်။

ညနေ ညနေ ဆိုရင်တော့ ပုံမှန်အချိန် ရုံးကပြန်ရောက်တတ်တဲ့ ပိတုန်းဟာ ရေချိုး အဝတ်အစားလဲပြီးသည်နှင့် ဝရန်တာထွက်ကာ တံတောင်ဆစ်ထောက်လျက် မြတ်လေးထင် အလုပ်က ပြန်အလာကို မျှော်ရှာတတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗင်ကားနက်နက်ကလေးကို အရိပ်အယောင် လှမ်းမြင်ရလျှင်တော့ လူလုံးပေါ်အောင် ရပ်မနေတော့ဘဲ ဝရန်တာအချိုးမှာ ခပ်ကွယ်ကွယ်ပြုလျက် ကားပေါ်ကအဆင်း လှေကားအိမ်ထဲမဝင်ခင်အထိကို ခိုးကြည့်ငေးမောနေတတ်ရှာပါသည်။

ကြာတော့ အမေဖြစ်သူမှာ ရိပ်မိကာ မျက်စိစပါးမွေးလည်းစူး၊ သနားလည်းသနား အမြင်လည်းကတ်ရသည်။

"ဟိုက မြင်သွားပါဦးမယ်အေ၊ ညည်းက မမြင်နိုင်ဘူးထင်ပေမဲ့ သူက မြင်ရင်လည်း မြင်မှာပဲ၊ သိရင်လည်း သိမှာပဲ"

"အာ... မေမေကလည်း၊ ပိပိ ဘာသာ ဝရန်တာမှာ အပြင်ကြည့်တဲ့ဟာကို၊ သူ ပြန်လာရင်သာ မြင်မှာစိုးလို့ ရှောင်ပြီး ပုန်းလိုက်တာ"

"အပြောအလွတ်ဆုံးက အဲဒီ ဝရန်တာမှာကို ရပ်မနေနဲ့၊ ဝရန်တာ ထွက်ရပ်တာ ညည်းအဖေ မကြိုက်ဘူး ဆိုတာလည်း သိသားနဲ့၊ တော်ကြာ ကိုလေး ပြန်လာတာနဲ့မကြုံဘဲ ညည်းအဖေ ရုံးကပြန်လာတာနဲ့ပဲ ကြုံပြီး သက်သက်မဲ့ အဆူခံနေရဦးမယ်"





"ပိပိဟာ ပိပိ ရပ်တဲ့ဟာကို၊ ပျင်းလို့ အပြင်ကိုကြည့်တာပဲဟာကို"

"တနင်္ဂနွေနေ့ မနက်ကလည်း သူလည်းဈေးသွား၊ မေမေလည်းဈေးသွား၊ ပြန်လာတော့လည်း ရှေ့ဆင့်နောက်ဆင့်၊ တနင်္ဂနွေ သူ ဈေးသွားမှန်း ညည်းလည်းသိတယ်၊ ညည်းအဲလိုသိမှန်းလည်း သူ သိတယ်၊ အပြန်ကျတော့ ငါ့သမီးခုလိုဝရန်တာကနေ မျှော်ပြီးကြည့်နေတာ၊ မေမေလည်းတွေ့တာပဲ၊ သူလည်းတွေ့တာပဲပေါ့၊ ဘယ်လိုပဲ ဖြစ်ဖြစ်လေသမီးရယ်၊ ဘာအကြောင်းကြောင့်ပဲ ဖြစ်ဖြစ်ပေါ့၊ အခုသိရတဲ့အတိုင်း ဒေါက်တာသွယ်နဲ့ သူ မပတ်သက်ဘူးဆိုရင်လည်း အဲလို မပတ်သက်တာသာ ရှိတာပဲ၊ သမီးနဲ့ကတော့ သူက ခုတ်လမ်းဖြတ်ပြီးသားပဲ မဟုတ်လား"

ပိတုန်းမှာ ရှက်လည်းရှက် ဝမ်းလည်းနည်းကာ မျက်ရည်ပင် ရစ်ဝဲရှာပါသည်။ ချစ်ပါလျက်နှင့် ဆိုလျှင်လည်း ဒီဖြတ်လေးထင်ဟာ ငါ့သမီးလေးကို ဘာကြောင့် ပြတ်တောက်စွန့်လွှတ်နိုင်ရပါသလဲ ဆိုသည့် အတွေးနှင့် ဒေါ်နန္ဒယ်လည်း တနုံ့နုံ့အတွေးရ ကျပ်သည်ပင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ခင်ပွန်းသည် ဖြစ်သူကိုပင် အကျဉ်းချုပ်မှု ဖွင့်ပြီး ပြောဖြစ်သည် အထိပါပင်။ မြတ်လေးထင်နှင့် ဆရာဝန်မလေး ဘာမှ မပတ်သက်ကြောင်း၊ သူ့ သစ္စာဖောက်တယ်ဆိုတဲ့ ဖြစ်မှုဟာလည်း တကယ်တော့ မဟုတ်ကြောင်း ...။

ဦးနေရောင်ပင် ဦးနှောက်ရှုပ်သွားပုံ ရပါသည်။

"မသိတော့ဘူးကွာ၊ ဘေးက မစဉ်းစားတတ်တော့ဘူး၊ သူတို့ဟာသူတို့ ညှိနှိုင်းဖြေရှင်းကြပစေ၊ အချိန်တန်ရင် ဖြစ်သင့်တာ တစ်ခုခုတော့ ဖြစ်သွားလိမ့်မယ်၊ မင်းလည်း ဘာမှ ဝင်ပါမနေနဲ့"

❦

"ပိပိ ... ဖုန်းလာတယ်"

ပိတုန်းသည် အတိုးထည့်ပေးသည့်ရက်ပိုင်း လူကျတတ်မြဲမို့ အလုပ်များနေသည်ဖြစ်ရာ ...

"ဘယ်သူတဲ့လဲ မေးထားလိုက်၊ နောက်မှပြန်ဆက်ရင် ဆက်မယ်လို့"





"နင့်အိမ်က နင့်အမေဟုတ်၊ အရေးကြီးတယ်တဲ့"

မေမေက ဘာဏ်ကို ခုထိ ဖုန်းဆက်ဖူးလို့ မရှိ၍ တုန်း အံ့အားတသင့် ခပ်ရှုံ့ရှုံ့လေး ထ,လာကာ ...

"ဟယ် ... မင်းခန့်ရယ်၊ ငါ့နေရာ ခဏထိုင်ပေးစမ်းပါ"

တစ်ယောက်ကို လွှဲခဲ့ရပါသည်။

"ဟယ်လို ... မေမေလား"

"သမီးလေး ... ပိပိလား"

"ဟုတ်ကဲ့၊ မေမေ ဘာဖြစ်လို့လဲ"

"မေမေ ဘာမှမဖြစ်ဘူး သမီး၊ ကိုလေးအမေရယ်လေ အတော်ဖောက်နေလို့ ကိုလေးဆီ အကြောင်းကြားဖို့ ဒေါ်ညိုကလည်း ကိုလေး အလုပ်ခွင်ကဖုန်း မသိဘူးပြောတယ်၊ အဲဒါ သမီးသိလား"

"ဟင် ... ကိုလေးအမေ၊ ဟာ ... ဒုက္ခပဲ၊ ကိုလေး ဖုန်း ပိပိသိတယ်၊ အပြင်ထွက်နေရင်တော့ မသိဘူး၊ ရုံးခန်းမှာဆိုရင်တော့ ဆက်သွယ်လို့ ရမယ်၊ ပိပိ ဆက်လိုက်မယ်လေ မေမေ"

"အေး ... ဆက်လိုက် ဆက်လိုက် ... အခု အိမ်မှာ ဘယ်သူမှလဲ မရှိဘူး၊ လူနာကလည်းကွယ် ဆိုးနေ ဖောက်နေတဲ့



www.burmeseclassic.com

www.burmeseclassic.com



ကြားက အနားကို ကပ်လို့မရဘူး၊ မောကြီးပန်းကြီး အော်ထုတ်တာပဲ၊ သွေးလည်း နည်းနည်းအန်တယ်၊ မျက်ဖြူလန်လန်နေပြီ”

“ဟာ ... ဒုက္ခပါပဲ မေမေရယ်”

“ဒေါက်တာသွယ့် ဖုန်းတော့ အိမ်မှာ အသင့်ရေးထားလို့ ဆက်လိုက်ပြီ၊ ခုပဲ လာမယ်တဲ့၊ ကိုလေးကို မြန်မြန်လာဖို့ ချက်ချင်းလာဖို့ သမီး ပြောလိုက်တော့ ... ဒါပဲ ... ဒါပဲ”

“ဟုတ်ကဲ့ မေမေ”

ပိတုန်းသည် ကတုန်ကယင် ဖြစ်နေကာ ဓာချွေးတွေပင် ပြန်လာပါသည်။ ကြောရိုးတစ်လျှောက် ကြက်သီးမွေးညင်းထလျက် ယောင်မှားကာ နေသည်။ ကိုလေး ဖုန်းကို မှားယွင်းနှိပ်နေမိကာ သုံးခါမြောက်မှ အမှန်နှိပ်မိသည်။ ဖုန်းခေါ်နေရင်းပင် ...

“ဟော့ ... ငါ ဒီနေ့ နေ့ဝက်ခွင့်ယူချင်တယ်ဟယ်၊ မနယ်လီကို တစ်ယောက် သွားပြောပေးပါဟယ်၊ ငါလည်း လာပြောမယ်၊ ဒီမှာ တအားအရေးကြီးလို့ပါ”

ပိတုန်း ပုံကိုကြည့်ကာ စိုးရိမ်ကြပြီးလျှင် ...

“နင့်အမေ ဘာဖြစ်လို့လဲ”





“ငါ့အမေ ဘာမှမဖြစ်ပါဘူး၊ အဒေါ် တစ်ယောက်ပါ၊ သေတော့မယ် ထင်တယ်၊ နေ့ဝက်ခွင့်စာရွက် မြန်မြန်ရှာပေးပါဟဲ့၊ ဟယ်လို ... သြော် ... ကိုမြတ်လေးသင်နဲ့ပြောချင်လို့ပါ”

“ကိုင်ထားပါ”

သိပ်မကြာလှခင်ပင် မြတ်လေးထင် လာကိုင်သည်။ ခဓာင့်နေစဉ်အတွင်း တဒိတ်ဒိတ်ခုန်သော ရင်က အောင့်ကျိန်းလို့ပင်နေပြီ။ ကိုယ်တိုင်ပါ တုန်လှုပ်ခြောက်ခြားနေမိကာ လည်ချောင်းဝ၌ အလုံးကြီး ဆို့နင့်နေပါသည်။

“ဟယ်လို”

ပိတုန်း ရင် ဒိန်းခနဲ တုန်သွားပြီး ...

“ကိုလေးလား”

“ဟင် ... ပိပိ”

“ဟိုလေ ... ကိုလေး၊ အိမ်မှာ ကိုလေးအမေ နေမကောင်းလို့၊ အဲဒါ ကိုလေး အိမ်ပြန်လိုက်ပါ”

“ဟင် ... ပိပိက ဘယ်မှာလဲ”

“ပိပိ ရုံးမှာ၊ ကိုလေး ဖုန်းမသိလို့ မေမေက လှမ်းမေးလို့၊ ကိုလေး ချက်ချင်းပြန်လိုက်နော်၊ မသွယ်ကိုလည်း ဖုန်းဆက်ခေါ်ထားတယ်”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ပိပိ၊ ကိုယ် ခုပြန်ပြီ၊ ဒါပဲနော်"

ပိတုန်းသည် ဖုန်းချပြီးလျှင် နေ့ဝက် ခွင့်တင်ဖို့ ကမန်းကတန်း လုပ်ကိုင်သည်။ သူ့နေရာ အစားဝင်ပေးဖို့ကိုလည်း မင်းခန့် ဆိုသည့် ကောင်လေးကို အကူအညီတောင်းကာ အော်ဟစ်ပြေးလွှားရင်းပင် ပစ္စည်းတွေလည်းသိမ်း။ ကိုလေးရဲ့မေမေ နောက်ဆုံးအချိန် ဖြစ်နိုင်သည့် အချိန်မျိုးမှာ ပူဆွေးယူကျုံးမရ ဖြစ်နေမည့် ကိုလေး အနား သူ ရှိချင်ပါသည်။

ဘဏ်ထဲမှ အပြေးအလွှား ထွက်လာသော ပိတုန်းသည် ဘတ်စ်ကား စောင့်မနေတော့ဘဲ ကမန်းကတန်း ကားငှားဖို့ ဟိုမျှော်ဒီမျှော် လုပ်ဆဲ ကားတစ်စီးက ပိတုန်းရှေ့ လျှောခနဲဆိုက်ရပ်ကာ ...

"ပိပိ ... ဘယ်လဲ"

"ဟာ ... ကိုကိုကြီး၊ ပိပိ ကားငှားမလို့"

"ဘယ်သွားမလို့လဲ"

"အိမ်ပြန်မလို့"

"ဩော် ... နီးနီးလေး၊ လာ ... လိုက်ပို့မယ်"

"ကျေးဇူးပဲ ကိုကိုကြီး"





ပိတုန်းကလည်း အိမ်ကို ဘယ်နည်းနှင့်ရောက်ရောက် အမြန်ဆုံး ရောက်ဖို့သာ စိတ်စောနေကာ ကိုကိုကြီးကလည်း တစ်ခါမှ သူ့ကားနှင့် မလိုက်ပါဖူးတဲ့ ပိတုန်း အသာတကြည်ပါလာ၍ ဘယ်ကို လမ်းကြောင်းချော်တော့ရမလဲ အကြံယူနေပါသည်။

"နေ့လယ်ကြီး ဘာလုပ်ဖို့ အိမ်ပြန်တာလဲ"

"ကိစ္စလေးတစ်ခု ရှိလို့ပါ"

"အစောကြီးပဲ ... အချိန်ရတယ် မဟုတ်လား၊ အင်းလျား မှာ တစ်ခုခု သွားစားရအောင်"

"အာ ... အချိန်မရပါဘူး၊ ဘယ်မှသွားလို့ မရဘူး"

"ဩော် ... ခဏလေးပဲဟာကွာ၊ နာရီဝက်ပေါ့၊ အတော် အဖြစ်သည်းတဲ့ ကောင်မလေး"

ကိုကိုကြီး လက်တစ်ဖက်က ပိတုန်းခေါင်းကို လှမ်းကိုင်ကာ ဆံပင်စ,များကို ဆွဲဖွလိုက်ပါသည်။

"အာ ... ကိုကိုကြီးကလည်း၊ ကဲပါ ... မြန်မြန်မောင်းပါ၊ အရေးကြီးတယ်"

"နေးနေးပဲ မောင်းမယ် ... ဟဲ ဟဲ ..."

"ဟာကွာ၊ ကိုကိုကြီး ပို့မယ်ဆိုလို့ တက်လိုက်လာတာနော်၊ ကားကို ဘာလို့ လိပ်လို ရွေ့နေတာလဲ၊ ရပ်ရင်လည်းရပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ပိပိ ဆင်းမယ်၊ မပို့လည်းရတယ်၊ အစကတည်းက ကားပဲငှားလိုက်မိ ပြီးရော"

"ဟား ဟား ... အဖြစ်သည်းတဲ့ ကောင်မလေးကို စိတ်ညစ်အောင် လုပ်ရမယ်၊ အိမ်မပို့ဘူးကွာ၊ တစ်ခါမှမလိုက်စဖူး လိုက်လာတာ၊ မုန့်အတူသွားစားပြီးမှ အိမ်ကိုပို့မယ်"

"ဟာ ... မရဘူး၊ အိမ်ကို အခုရောက်မှ ဖြစ်မယ်"

"ဖြည်းဖြည်းပေါ့၊ စိတ်မတိုပါနဲ့ အစ်မကြီးရဲ့၊ ဒေါသချည်းပဲ၊ ရုပ်ကလည်း စုပုပ်နေလိုက်တာကွာ၊ မရဘူး၊ ကားနဲ့ပါလာမှတော့ ကိုယ်သွားချင်တာ အရင်သွားပြီးမှ ပိပိသွားချင်တာ ပို့မယ်၊ အင်းလျားမှာ မုန့်စားရုံလေး၊ ဘာမှမလုပ်ဘူး၊ ဘယ်မှမခေါ်ဘူး စိတ်ချ"

"ခေါ်လည်း မရပါဘူး၊ အင်းလျားလည်း မလိုက်ဘူး ကားရပ်ပေးပါ ကိုကိုကြီး၊ ပိပိ ဆင်းမယ်"

"ဟာ ... ဒီယာဉ်ကြောကြီးထဲ ဘယ်လိုရပ်မလဲ"

"ရပ်နော်၊ ကိုကိုကြီးနော်၊ ဟာ ... ဒါ ဘယ်သွားမလို့လဲ ပိပိတို့အိမ်ဆီ သွားဖို့ ဒီဘက်ယာဉ်ကြောလိုင်းထဲ ဝင်ရမှာ ကိုကိုကြီးနော်၊ ခုရပ်"

"ဟာ ... မာလှချည်လား ပိပိရ၊ မရပ်ရင်ကောကွာ"

"မရပ်ရင် ခုန်ဆင်းမယ်"





ပိတုန်းက သူ့ဘက်တံခါးကို တကယ်ပင် သော့မတင်၍ ဖွင့်ဖို့ကြိုးစားသည်။ ပိတုန်း လက်ကို လိုက်ထိန်းရင်း ဆွဲကိုင်ရင်း ကိုကိုကြီးက တကယ် ဒေါပွလာကာ ...

"ဟာ ... ဒီလောက်လေးနဲ့ ကားပေါ်က ခုန်ဆင်းရအောင်မင်း ဘာတွေ သည်းနေကဲနေတာလဲ ... ဟင်၊ မင်းက ဒါဆိုဒါပဲ ဆိုသလို၊ ငါလည်း ဒါဆိုဒါပဲကွ၊ အင်းလျားပဲ အရင်သွားမယ်"

ကိုကိုကြီးက ကားကို အင်းလျားဘက် ရည်ရွယ်သောယာဉ်ကြောပေါ်သာ မရမက ဝင်လိုက်ပါသည်။ ကားကို တစ်ဖက်က ထိန်းကာ ယာဉ်ကြောပြောင်းရင်း ပိပိ မဆင်းရအောင်လည်း အရှိန်ကိုမြှင့်၊ တံခါးသော့ ဖွတ်ဖွင့်နေသည့် ပိပိ လက်တွေကိုလည်း ခါးကိုင်းကာ အတင်းလိုက်ဖြည် ဆွဲဖယ်ရင်း ကားက လမ်းပေါ် မြွေလိမ်မြွေကောက်လို ဖြစ်သွားပါသည်။

ပိတုန်းကို တစ်ဖက်ဆွဲ၊ စတီယာရင်တစ်ဖက်ထိန်းရင်း လိမ်ကွေ့သွားသောကားကို ဆွဲအတည့် ရှေ့ဘက်ကို ကျော်ဖြတ်ဝင်လာသော ကားတစ်စီးက ဟွန်းသံရှည်နှင့် ဝင်လာရာ ထိုကားကိုလည်းရှောင်၊ ရုန်းရင်းဆန်ခတ် ပိတုန်းကိုလည်းချုပ်ရင်း ကိုကိုကြီးကားက ပလက်ဖောင်းပေါ် တက်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



စတီယာရင်ကို ဆွဲတည့်ပေမဲ့ မရတော့ဘဲ ပလက်ဖောင်းပေါ်က သံဓာတ်တိုင်ကို အရှိန်ခပ်ပြင်းပြင်းနှင့် ဝင်ဆောင့်လိုက်ပါတော့သည်။

ပိတုန်းရဲ့ ခေါင်းဟာ ကားတံခါးဘောင်ကို ဒုတ်ခနဲ ပြေးဆောင့်၍ နဖူး၌လည်း သွေးစို့။ ဓာတ်တိုင်ဆီ ကားပြေးဝင်စဉ်က ကြောက်အားလန့်အား ကားထဲမှာ ရုန်းကန်မိရင်း ဘာနှင့် ဘယ်လိုငြိချိတ်ပွန်းတိုက်သည် မသိ၊ ဘဏ်ယူနီဖောင်းကုတ်အင်္ကျီလက်ရှည်လေးပင် လက်ဖျံမှာ ကွဲစုတ်သွားပါသည်။

ကားရှေ့ဦးက အတော်ပိန်ရှုံ့ တွန့်လိမ်ကာ ကားရပ်သွားလျှင် နှစ်ယောက်လုံး တစ်ခဏ နှာကျင်မူးဝေလျက်ရှိသည်။

“မင်း အတော်ရိုင်းတာပဲ”

“ရိုင်းတာ ရှင် ... ရှင်”

ပိတုန်းသည် မူးဝေသောခေါင်းကို နှိပ်နယ်ကာ အင်္ကျီလက်ကို ကြည့်မိသည်။ ကုတ်အင်္ကျီလက်ပေါ် သွေးစွန်းပေလာ၍ အပေါ်ကုတ်အင်္ကျီကို ချွတ်လိုက်ပါသည်။ ပိတုန်းရဲ့လက်ဖျံမှာ ခြစ်ရာစင်းကြောင်းကြီးတစ်ခုက ကွဲရှဒဏ်ရာရလျက် သွေးတွေထွက်နေသည်။





လွယ်တဲ့အိတ်၊ ခြင်းတောင်းနှင့် ကုတ်အင်္ကျီပါ လုံးထွေးကိုင်ရင်း ကားတံခါးဖွင့် ဆင်းသည်။ ကားတံခါးက အတော်နှင့် ဖွင့်မရ။ အပြင်ကို ယာဉ်ထိန်းရဲ ရောက်လာကာ ကူညီဖွင့်ပေးမှ ပွင့်သွားပါသည်။

“တောက် ... အမိပွာယ် မရှိဘူးကွာ”

ကိုကိုကြီးသည် ဒေါသတကြီးဖြစ်လျက် သူ့ဒဏ်ရာ ဒဏ်ချက်တွေနှင့်သူ ရှုပ်နေသည်။ ရဲက ငုံ့ကြည့်ရင်း ...

“ကဲ ... အစ်ကို ... ဘယ်လိုဖြစ်တာလဲ”

“ဒီဟာမလေး ရှုပ်လို့ဗျာ”

“မဟုတ်ဘူးရှင့်၊ ကျွန်မကို အိမ်ပြန်ပို့မလို့နဲ့ ခေါ်လာပြီး တခြားလမ်းကို မောင်းနေပါတယ်၊ ကျွန်မ အတင်းတံခါးဖွင့်ဆင်းမယ် လုပ်တာပါ၊ သူ့ဟာသူ ကျွန်မကို ဆွဲလွဲရင်း ကားကို အတင်းဆွဲကွေ့တာ၊ ကျွန်မ ဒီမှာ ဒဏ်ရာတွေ ရကုန်ပြီ၊ ကျွန်မ (---)ဘဏ်က ဝန်ထမ်းပါ၊ ကျွန်မအဖေက (---)ရုံးက ဒုညွှန်ချုပ်ပါရှင်၊ အိမ်မှာ လူနာတစ်ယောက် အသည်းအသန် ဖြစ်လို့ဆိုပြီး မေမေ ဖုန်းဆက်ခေါ်လို့ ... ကျွန်မ ...”



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းသည် မျက်ရည်လည်ကာ ပလုံးပထွေး ဒေါသတကြီး အစီအစဉ်မကျ လျှောက်ပြောနေမိသည်။

❖

လှေကားမှ တံဒိုင်းဒိုင်း ပြေးတက်လာသော ပိတုန်းသည် အိတ်၊ ခြင်း၊ ကုတ်အင်္ကျီတို့ကို ဖွင့်ဟထားသော မိမိတို့အခန်းတံခါးဝမှ ဒေါ်ရီ့ လက်ထဲ စုပုံထိုးထည့် ပစ်ခဲ့ပြီး ဆက်ပြေးတက်လာသည်။

အပေါ်ထပ် မြတ်လေးထင်တို့ အခန်းတံခါးဟာလည်း ပွင့်နေပြီး မေမေကာ ဒေ့သို့ခန့်ဟွင်းရပ်လျက် အိမ်အတွင်းဘက်ကို ကြည့်နေပါသည်။ အောက်မှာ ကိုလေးရဲ့ကားရော ရံဖန်ရံခါ တွေ့ဖူးသော မသွယ်ရဲ့ကားပါ တွေ့ခဲ့သည်။ လူစုံတော့ရောက်နေပြီ။

"မေမေ ... ဘယ် ... ဘယ်လိုနေလဲ"





"ဟောတော် ... ပိပိ ... သွေးတွေနဲ့၊ ဘယ်လိုဖြစ်လာတာလဲ"

"လက်ပွန်းလာတာပါ မေမေ၊ နောက်မှ ပြောမယ်"

"နဖူးမှာရောပဲလေ"

"ကားပေါ်မှာ ဆောင့်မိတာ မေမေ၊ ဘာမှ မဖြစ်ဘူး"

ပိတုန်းသည် မေမေ့ကို ကျော်ကာ အိမ်အတွင်းဘက်သို့ လှရင်းကဲ့သို့ အတင်းတိုးဝင်သွားပါသည်။ ကိုလေးအမေရဲ့အိပ်ခန်းတံခါး ဟင်းလင်းဖွင့်ထားကာ အဝမှာ ဒေါ်ညို၊ အတွင်းမှာ ခုတင်ပေါ်မှာ ကိုလေး အမေ၊ အနီးမှာ ကိုလေးနှင့် မသွယ်။

ဟင် ... ကိုလေး အမေ ဆုံးသွားပြီလား။ ပိတုန်းမမီလိုက်ဘူးလား။ ချစ်ရတဲ့ ကိုလေး အပူဆွေးဆုံး အခြေအနေမှာ ပိတုန်း ကြင်နာအားပေးခွင့်ရအောင် အပြေးပြန်လာခဲ့ကာမှ ...။

"အန်တီ ... အန်တီ ...၊ ဘယ်လိုနေသလဲဟင် ... ကြီးကြီးညို"

ပိတုန်း အသံကြောင့် မြတ်လေးထင်ရော မသွယ်ပါ လှည့်ကြည့်ကြပါသည်။ ပိတုန်း နဖူးပြင်နှင့် လက်ဖျံက သွေးစတို့ကို မြင်ကာ ညှိုးချုံးပူဆွေးနေသည့် သူတို့မျက်နှာတွေဟာ အလန့်တကြား ဖြစ်သွားကြပုံပင်။



www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းက ရှေ့ကိုပဲ တိုးသွားကာ ဒေါ်ခင်နှင်းဆီကို အနီးကပ်ကြည့်ရင်း ...

"မသွယ် ... အန် ... အန်တီ"

"ပိပိ ... အပြင်ထွက် ... ပိပိ ဘာဖြစ်လာလဲ၊ သွေးတွေနဲ့"

ပိတုန်းသည် မသွယ် အမေးကို ဂရုမထားဘဲ ခုတင်ပေါ် ငြိမ်သက်နေသော ဒေါ်ခင်နှင်းဆီရဲ့ ရုပ်ခန္ဓာကို ပြူးကြယ်စွာ စိုက်ကြည့်နေမိသည်။ ကြီးညိုက ငိုချလိုက်ရင်း ...

"ခင်ခင် ... ဆုံးပြီကွယ့်၊ သမီးရဲ့"

"ဟယ်"

ဒေါ်ခင်နှင်းဆီ ရင်ဘတ်ပေါ်တွင်ရော မျက်နှာအောက်ပိုင်း၊ ပါးစပ်တစ်ဝိုက်မှာရော အန်ထားပုံရသည့် သွေးစသွေးနတို့ စွန်းပေနေသည်။ ပိတုန်းသည် ဒေါ်ခင်နှင်းဆီ မေးဖျားကလေးဆီ ဝမ်းနည်းကြေကွဲစွာ လက်ဖျားလေးနှင့် ထိကိုင်မိမည်အပြု ...

"ပိပိ"

ကိုလေး အသံကြီးက အကျယ်ကြီး အလန့်တကြား ကျုံးအော်လိုက်သလို ကြောက်စရာ လန့်စရာ ဟိန်းထွက်လာ၍ ပိတုန်း တုန်ကာ လှည့်ကြည့်မိသည်။





"မထိနဲ့ ... လုံးဝမကိုင်နဲ့၊ မင်း အပြင်ထွ ိ ပိပိ၊ သွား ... သွား"

"ကို ... ကိုလေး ... ပိပိ အသက်မီချင်လို့ ပြေးလာခဲ့တဲ့သူပါ၊ ခုတော့ ..."

"သွား ... သွား၊ ပိပိ ... အခု အခန်းထဲကထွက်၊ လုံးဝအနားမကပ်နဲ့"

ကိုလေးရဲ့ စိမ်းကားခဲ့ခြားတဲ့ စကားကြောင့် ပိတုန်းရင်ထဲ ဝမ်းနည်းနာကျင် သွားရပါသည်။

"ဟာ ... ထွက်ဆိုတာကွာ၊ မင်းမှာ ဒဏ်ရာတွေနဲ့၊ သွားကွာ၊ အခုထွက်သွား"

ပြောလည်းပြော မြတ်လေးထင်ဟာ သူ့ပခုံးစွန်းတဲ့တောင်ဆစ်တို့နှင့် ပိတုန်းကို အတင်းဆောင့်တွန်း ထုတ်လိုက်ပါသည်။ ထင်မှတ်မထားမိ၍ ကိုယ်ကို ဘယ်လိုမှ တောင့်၍ဆည်မထားနိုင်။ ပိတုန်းသည် ယိုင်တိုင်တိုင် ငိုက်စိုက်စိုက်နှင့် လွင့်ထွက်သွားကာ အိပ်ခန်းတံခါးဝသို့ ဒုန်းခနဲ ဝင်ဆောင့်လိုက်မိပါသည်။

"ကိုလေး"

မယုံနိုင်သလို နှုတ်က တိုးတိုးကလေး ရေရွတ်ကာ မြတ်လေးထင်ကို မျက်လုံးဝိုင်းကြီး၌ မျက်ရည်ဝိုင်းလျက် ပြူးစိုက်ကြည့်နေမိသော ပိတုန်းသည် ...



www.burmeseclassic.com

www.burmeseclassic.com



"သွားလို့ ပ်ြောနေတာ မင်းမကြားဘူးလား ပိပိ၊ ဒီအခန်းထဲကို ဝင်မလာနဲ့၊ သွား ... အိမ်ပြန်၊ သွားတော့"

မျက်နှာကြီး တင်းမာရဲတွတ်ကာ ကျုံ့အော်နေသော မြတ်လေးထင်ကို နာနာကျင်ကျင် ငေးကြည့်ရင်း ချာခနဲလှည့်ထွက်ခဲ့ပါသည်။ လက်အိတ်ကိုယ်စီ စွပ်ထားကြသော သွယ်နှင့် မြတ်လေးထင် အကြည့်ချင်း ဆုံမိကာ သွယ်က ...

"မလာစေချင်လို့ ထင်သွားပါဦးမယ် ကိုလေးရယ်၊ ကောင်းကောင်း ရှင်းပြောပြလည်း ရသားနဲ့"

"ဟာ ... သူက ဒီကို လှမ်းထိလှမ်းကိုင်တော့မယ်လေ မသွယ်၊ သူ့လက်မှာက ဘာဒဏ်ရာ ရလာလဲ မသိဘူး၊ ပေါက်ပြဲလာတာ၊ ကျွန်တော်သာ အဲလို ကျုံ့မအော်လိုက်ရင် ပိပိ ကိုင်မိပြီ၊ သူ့ဒဏ်ရာနဲ့မျှား မတော်တဆ ထိမိရင် ..."

"ကဲ ... သွယ်တို့ ပြင်ဆင်ရအောင်၊ ခဏနေရင် ခေါ်ထားတဲ့ကား ရောက်လာတော့မှာ ကိုလေး"





အေအိုင်ဒီအက်စ် ... တဲ့။ လုံးဝကို မယုံကြည်နိုင်အောင် ဖြစ်ရပါသည်။ သိလိုက်ရတဲ့ အခါကျတော့ ကိုလေးဟာ ပိတုန်းကို ဘာကြောင့် စွန့်လွှတ်ဖြတ်တောက်နိုင်ခဲ့သလဲ ဆိုတာ ထင်ရှားလာပါပြီ။

ကိုလေး အဖြစ်ဟာ ယူကျုံးမရစရာပါပင်။ ကိုလေးတို့ ဖေဖေဟာ ကိုလေး ငယ်စဉ်ကတည်းက ရန်ကုန်မှာ အနေရနည်းကာ သင်္ဘောနှင့် ကမ္ဘာပတ်နေတဲ့သူ၊ နှစ်နှစ် သုံးနှစ် နေမှ တစ်ခေါက် ပြန်လာတော့လည်း ခဏတဖြုတ်။ ကိုလေးအဖေဟာ ရောက်ရာအရပ်မှာ အရလွယ်သော မူးယစ်ဆေးဝါးကို အပျော်သုံးရာမှ တစ်စစ စွဲခဲ့ရသူတဲ့။ နိုင်ငံရပ်ခြားမှာ ရဖို့လည်းလွယ်၊ သုံးစွဲဖို့လည်း မခက်ခဲ့၍ ဇနီးနှင့် သားထံကိုပင် ပြန်ခိုက်မှာကြာကြာမနေချင်တဲ့ ထိအောင်ပင်။ ဘယ်တုန်းကတည်းက အပ်သုံးစွဲသူဖြစ်ခဲ့သလဲကိုတော့ ကိုလေးအမေရော ကိုလေးပါ မသိခဲ့ကြ။ သုံးစွဲကြောင်းကိုသာ နည်းနည်းပါးပါး ရိပ်ဖမ်းသံဖမ်းမျှ ရိပ်မိခဲ့ရှိပါသည်။ ကိုလေး အဖေထံမှာ ဘယ်အချိန်ကစပြီး HIV ပိုး



www.burmeseclassic.com

www.burmeseclassic.com



တောင်ဝင်ရောက်ခဲ့မှန်းလည်း ကာမပိုင်ဇနီးမယားကဖြင့် မသိရှာပါ။ ဒီကိစ္စရောက်ခိုက် ကိုယ့်ထံ ရောဂါကူးစက်ကျန်ရစ်ခဲ့ရတာကိုလည်း မသိခဲ့ရှာပါ။ ရိုးသားအေးဆေးပြီး အကြောင်းကြီးငယ် မရှိလျှင် အပြင်ကိုတောင် ထွက်ခဲလှတဲ့ ကိုလေး အမေဟာ သူ့ထံမှာ ဤရောဂါပိုး ရှိလိမ့်မည်ရယ်လို့လည်း ဘယ်လိုမှ ထင်စရာမရှိပါ။

ဒါကြောင့်လည်း ရောဂါပိုး ကူးစက်ခံရတဲ့ ပထမဆုံးအဆင့် မအီမသာ လည်ချောင်းနာ ဖျားနာကိုက်ခဲပြီး တုပ်ကွေးဆန်ဆန် ဖြစ်စဉ်က ဆေးခန်းကိုပင် မသွားခဲ့ပိုက်ပါ။ အိမ်မှာသာ ရေနွေးပူပူနှင့် ပါရာစီတမောလေး သောက်လိုက်ရင်း ပြီးလိုက်တာပင်။

ကူးစက်ခံရပြီးနောက် ရောဂါလက္ခဏာများ မပြသေးသော အဆင့်မှာလည်း ဘာဆိုဘာမှ သူ့ကိုယ်သူ မရိပ်မိပါ။ ရောဂါလက္ခဏာများ စတင်ပြသလာတဲ့ အဆင့်၌ပင်လျှင် ရိုးရိုးနာဖျားမကျန်းဟုသာ သူ့ကိုယ်သူ ထင်ရှာသည်။

နဂိုက ခပ်ပိန်ပိန် ခပ်ဖျော့ဖျော့ သွေးအားနည်း၊ လူအားနည်းတတ်ခဲ့တဲ့ သူမျိုးမို့ ခံနိုင်ရည်က နဂိုကပင် နည်းကာ ခုခံအားစနစ် ပျက်စီးသော အဆင့်ကိုလည်း သူတကာထက် ခပ်မြန်မြန်စောကာ ရောက်လာပါသည်။





ရောဂါလက္ခဏာများ စတင်ပြသလာသည့် အဆင့်ကတည်းက ချောင်းဆိုးခြင်း၊ ဖျားခြင်း၊ မအီမသာဖြစ်ခြင်း၊ အကြိတ်ထွက်ခြင်း၊ ဝမ်းပျက်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း တို့ကို ဖိဖိစီးစီး ဆေးမသောက် မကုသခဲ့။ အအိပ်ပျက်ခြင်းနှင့် အစားပျက်ကာ အဟာရဓာတ် မပြည့်ဝခြင်းမှာ ဤရောဂါပိုး ရှိသူတွေအတွက် အဆိုးဝါးဆုံးသော ဆုတ်ယုတ်စေမှု ဖြစ်လေရာ ကိုလေးအမေအဖို့ လျှင်မြန်စွာ ဆုတ်ယုတ်သည့် အခြေအနေ ဖြစ်ခဲ့ပါသည်။

ဖြစ်ပျက်နေသမျှတို့ကို မသွယ် သတိပြုမိကာညဘက် ချွေးတွေထွက်၊ ဖျား၊ ဝမ်းတွေပျက်နေတတ်သော ကိုလေးအမေ ချောင်းအဆက်မပြတ် ဆိုးလာကာ တီဘီဆန်ဆန် ဖြစ်လာတဲ့အခါမှာတော့ သံသယ စတင်ဝင်ပြီး သွေးဖောက်စစ်ဆေးဖို့ တိုက်တွန်းရပါသည်။

စစ်ဆေးအဖြေထွက်လာ၍ သိရချိန်မှာ ကိုလေးအမေဟာ သွေးထဲက CD.4 လို့ခေါ်သော သွေးဖြူဥ အရေအတွက် နှစ်ရာအောက် ရောက်ကာ အေအိုင်ဒီအက်စ်လို့ အမည်တပ်ရသည့် ရောဂါအဆင့်ကို ရောက်ရှိပြီးနေခဲ့ပါပြီ။ အဲဒီတော့မှ ကိုလေးက ဖခင်ဖြစ်သူကို အကြောင်းကြားကာ ဖခင်ကိုပါ သွေးစစ်ဖို့တိုက်တွန်းခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုလေး ကိုယ်တိုင်လည်း သုံးလတစ်ကြိမ် နှစ်ခါပြန်၍ သွေးဖောက်စစ်ခဲ့ရပါသည်။ နှစ်ကြိမ်လုံးက နက်ဂတစ်ဖ်။ ကိုလေးအဖေထံမှတော့ သူ့မိုက်ပြစ်ဒြစ်ကြောင်း၊ သူ့၌လည်း ရောဂါ တွေ့ရကြောင်း၊ ဇနီးဖြစ်သူအတွက် စိတ်မကောင်းကြောင်း ဖုန်းရောက်လာခဲ့ပါသေးသည်။ အဲဒီနောက် အဆက်ပြတ်နေလိုက်ကြသည်မှာ ဆုံးသွားတဲ့အထိ ဆိုတော့ တစ်နှစ်နီးပါးပင်။

ကိုလေးက သူ့အမေမှာ ရောဂါရှိပြီ ဆိုကတည်းက အဖေမှာလည်း ရောဂါရှိပြီဟု တွက်မိခဲ့ပြီ။ မိဘနှစ်ပါးစလုံး အေအိုင်ဒီအက်စ်နှင့် ကွယ်လွန်ကြရမည့် အဖြစ်ဟာ ပတ်ဝန်းကျင်အလယ်မှာ မျက်နှာငယ် အရှက်ရစရာ ကိစ္စပင်။ နီးစပ်ရာ တချို့က ဖေဖေ့ကို ဆေးသုံးသူအဖြစ် နည်းနည်းပါးပါး သိကြသည်။ ဖေဖေ ရောဂါဖြစ်ရသည်မှာ မတော်တဆ ကိုယ့်အပြစ်မပါဘဲ ကူးစက်ရတာ မဟုတ်။ ကိုယ့်မိုက်ပြစ်ကြောင့် ကိုယ် ဖြစ်ရတာ။ အမေ ဖြစ်သူမှာတော့ အပြစ်မဲ့စွာ ကူးစက်ခံရတာပင်။

ဤရောဂါနှင့် မိဘတွေ ဆုံးရသည်ဆိုသည့် အဖြစ်မှာ ဖုံးဖိထားဖို့ လွယ်သည့်ကိစ္စ မဟုတ်။ လူတော်ဖြစ်ခြင်း၊ လူကောင်းဖြစ်ခြင်း၊ စာရိတ္တနှင့် ကိုယ်ကျင့်တရားကောင်းခြင်းတို့အပေါ် နှစ်သက်ဂုဏ်ယူတတ်သည့်၊ ကိုယ်တိုင်လည်း ထိန်းသည့်





ပိတုန်းရဲ့အဖေဟာ အေအိုင်ဒီအက်စ် ဝေဒနာသည်နှစ်ဦးရဲ့ သားဖြစ်သူကို သူ့သမီးနဲ့ ဘယ်လိုမှ သဘောတူမှာ မဟုတ်တဲ့အတွက် ကိုလေးက ဖွင့်လည်းမပြောတော့ချင်။ အယူခံလည်း မဝင်တော့ချင်။

ဒီမိသားစုမျိုးထဲက လူတစ်ယောက်အဖြစ် ပိတုန်းကို သူတို့ရဲ့ အမည်းစက်စွန်းသော နာမည်ပျက်မိသားစုဘဝထဲ ဆွဲမသွင်းချင်တော့တာဟာ ပိတုန်း အပေါ် ကိုလေး စိမ်းကားစွာ ဖြတ်တောက်ခဲ့ခြင်းရဲ့ အကြောင်းရင်းပဲ ဖြစ်ပါသည်။

❖ ❖



www.burmeseclassic.com

www.burmeseclassic.com



## ၁၃

အဖြစ်အပျက် အကျိုးအကြောင်း အားလုံးကို ဖေဖေ့ကို တင်ပြအသိပေးပြီးခဲ့ပြီ။ ဤအခြေအနေနှင့် လူရွယ်တစ်ယောက်ကို သမက်တစ်ယောက်အဖြစ် အထူးသဖြင့် ဖေဖေ လက်ခံနိုင်မည်မထင်၍ မြတ်လေးထင် နောက်ဆုတ်သွားခဲ့တာကိုလည်း ဖေဖေ သိပြီးပြီပင်။

ဒေါ်ခင်နှင်းဆီ ကွယ်လွန်ပြီး တစ်ပတ်အတွင်း ပိတုန်းတို့အိမ်ဝယ် အသီးသီး နှုတ်ဆိတ်နေကြလျက် ခြောက်ကပ်ကပ် ဖြစ်နေပါသည်။ ဖေဖေ့ကို မေမေ အသိပေး ရှင်းပြထားတာ ပိတုန်း အသိ။ ဖေဖေ့ထံမှ ဘာစကားမှ မကြားရ၍ ပိတုန်း ဝမ်းနည်းအားငယ်နေပါသည်။





မြတ်လေးထင်ကို ပိတုန်းရောင် ချစ်သည်။ ကိုလေးကို ပိပိ သိပ်ချစ်ပါသည်။ ဤအဖြစ်အပျက်တွေ အားလုံး ရှင်းလင်းစွာ သိရပြီးမှတော့ ကိုလေးမှာ ရောဂါကူးစက် ကပ်ငြိနေလျှင်ပင် လက်မတွဲရင်သာ နေရမည်၊ အချစ်ကတော့ လျော့ပါးသွားမည် မဟုတ်ပါ။

ဒေါ်ခင်နှင်းဆီ ကွယ်လွန်အပြီးမှာလည်း မြတ်လေးထင်ကို သွယ်က သွေးတစ်ကြိမ် ထပ်မံဖောက်စစ်စေပါသည်။ ဤတစ်ကြိမ်အဖြေဟာလည်း နက်ဂတစ်ဗ်(ပိုးမတွေ့ရ)ပါပင်။ ဒါကိုလည်းပဲ ဖေဖေ သိပြီးပြီ။

သို့တိုင်အောင် ရက်တွေ တရိပ်ရိပ် စွန်းလာသည်ထိ ဖေဖေ့ ထံမှ ဘာစကားမှ မကြားရ၍ ပိတုန်း ကြေကွဲရပါသည်။ ပိတုန်း သာမက မြစိမ်းသည်ပင် ရတက်မအေးပေ။

"ဖေဖေက ဘာမှလဲ ဆုံးဖြတ်ချက် မချဘူးဟယ်"

တဖျစ်တောက်တောက် ညည်းတွားနေပါသည်။ ရက်လည်မတိုင်ခင်ညကတော့ ပိတုန်း အိပ်မပျော်နိုင်ပေ။ ကိုလေးကို လွမ်းဆွတ်တမ်းတစိတ်နှင့် မျက်ရည်ကျရသည်။ အသုဘကလည်း ချက်ချင်းချလိုက်၍ ပိတုန်းတို့ လိုက်မပို့ရ။ ဒီကြားရက်ထဲလည်း အသုဘသတင်းမေး မသွားကြရ။ (မေမေ တစ်ယောက်သာ သွားဖြစ်ပါသည်)။



www.burmeseclassic.com

www.burmeseclassic.com



ခုလောက်ဆိုလျှင် ပိတုန်းတို့ မိသားစုဘက်မှ သူ့အပေါ် ပြန်လည်လက်ခံ ကြိုဆိုမည် မဟုတ်ဟု ကိုလေး တွက်လောက်ပြီ။ တစ်ညလုံး မျက်ရည်ကျ အိပ်မပျော်နိုင်ကာ ပိတုန်း တလူးလွန့်လွန့်။

နံနက်စောစောကြီးတွင် ပိတုန်း မေးခနဲ အိပ်ပျော်မလို ရှိမည်ကြံဆဲ ...

"ဒေါက် ... ဒေါက် ... ဒေါက်"

အိပ်ခန်းတံခါး ခေါက်သံကြောင့် ပိတုန်း မျက်စိကျယ်ကာ ...

"မေမေလား"

"ဖေဖေပါ ... ပိပိ"

ပိတုန်းသည် လူးလဲထကာ အခန်းတံခါးကို ဖွင့်သည်။ ဖေဖေက ဦးထုပ် တုတ်ကောက်တို့နှင့် သပ်ရပ်ကြော့မော့နေကာ ...

"မျက်လုံးတွေ နီနေပါလား ပိပိ"

"ပိပိ အိပ်မပျော်လို့ပါ ဖေဖေ"

"ဒါဖြင့်လည်း အိပ်မနေနဲ့တော့၊ ငါးနာရီတောင် ထိုးတော့မယ်လေ၊ ဖေဖေ လမ်းလျှောက်ဖို့ သွားမယ်၊ မြစိမ်းပါနိုး





ပြီး အပေါ်ထပ်က အရုဏ်ဆွမ်းကပ် တရားနာ ရေစက်ချဖို့ သွားကြချည်"

"ရှင် ... ဖေဖေ"

ပိတုန်း ရင်ထဲ လှိုက်ခနဲနေအောင် လှုပ်ရှားသွားပါသည်။ ဖေဖေက ပိတုန်းရဲ့ခေါင်းကို တစ်ချက်ပုတ်ရင်း ...

"ဖေဖေလည်း လမ်းလျှောက်ကအပြန် ဝင်ခဲ့မယ် ပြောလိုက်၊ ကြားလား"

"ဟုတ် ... ဟုတ်ကဲ့ပါ ဖေဖေ"

ပိတုန်း ခန္ဓာကိုယ်တစ်ခုလုံး ငှက်မွေးလေးလို ပေါ့ပါးသွားတော့တာပင်။ အိပ်ချင်စိတ်လည်းပျောက်။ မမကို အတင်းနှိုးသည်။ အိပ်ရာထဲကပင် ဆွဲထုတ်သည်။

"ဟုတ်ကော ဟုတ်ရဲ့လား ပိတုန်းရယ်"

မမက မယုံသင်္ကာသလို ညည်းတွားသော်လည်း တကယ်တမ်းတွင် ပြုံးစိစိ ကျေနပ်နေသည်။ ညီအစ်မနှစ်ယောက် မျက်နှာသစ် အဝတ်လဲကာ အပေါ်ထပ်သို့ တက်လာသည်။ တံခါးဝ၌ ရပ်လိုက်မိလျှင် ထိုင်နေရာမှ ဝုန်းခနဲ အံ့အားတသင့် ထရပ်ကာ မြတ်လေးထင်က ကြိုလေသည်။ မယုံကြည်သံနှင့် ...

"ပိပိ"



www.burmeseclassic.com

www.burmeseclassic.com



ညလာအိပ်ပုံရသော မြတ်လေးထင် သူငယ်ချင်းတချို့၊ အမျိုးတချို့၊ မသွယ်တို့ သားအမိတို့လည်း ရှိနေကြပါသည်။

"ဖေဖေက သူတော့ လမ်းလျှောက်ပြန်မှ ဝင်ခဲ့မယ်တဲ့"

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော မြတ်လေးထင်သည် ဤစကားသံတိုးတိုးကို ကြားလျှင်တော့ ဝမ်းနည်းဝမ်းသာ ကြည်နူးပြုံးလေး တစ်ခုကို ပြုံးကာ ပိတုန်းရဲ့ လက်ဖျားကလေးကို ဆွဲခေါ်၍ အိမ်ထဲ ဖိတ်ခေါ်သွင်းယူလိုက်ပါသည်။ ပိတုန်းကလည်း ကျေနပ်ကြည်နူးသော မျက်နှာနီမြန်းပြုံးလေးနှင့် ကိုမလေး လက်ဆွဲခေါ်ရာသို့ အလိုက်သင့်ကလေး ငင် နွဲ့ပါသွားရပါလေသည်။

လမင်းမိုမို



BURMESE CLASSIC
www.burmeseclassic.com